
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဇင်မောင်မောင်ထက်

မြန်မာပြန်

# 'နေပူထဲကသေခြင်း'

DEATH IN THE SUN

by

Stephen Coulter

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဦး (၁)

ဒမ်ဒမ်လေဆိပ်။

နေ့က ပူပြင်းလှသည်။ လေယာဉ်ဝမ်းခေါင်းထဲမှ ထွက်လာသူတွေမှာ အပူဒဏ်ကို ခံစားနေရသည်။

အက်မူရေးက လေယာဉ်ထဲမှ ထွက်လာသည်။ လက်မောင်းပေါ်တွင် အပေါ်အင်္ကျီကို ခေါက်၍တင်ထားသည်။ မိမိကို ကြိုဆိုမည့်သူက မိမိအား မည်သူတို့ စောင့်မျှော်နေမည်နည်းဟု လှမ်းကြည့်မိသည်။

စောင့်ဆိုင်းနေမည့်သူကို မတွေ့ရ။ ဆက်စောင့်မျှော်နေပါကလည်း စုံထောက်တစ်ယောက်နှင့် ကာကီယူနီဖောင်းဝတ် ရိုင်ဖယ်သေနတ်ကိုင် ရဲလေးဦးက လေယာဉ်ပေါ်မှာကျ် မိမိကို ဆိုင်ခံမှ ခေါ်ထုတ်ဖမ်းဆီးသွားမည်သာ ဖြစ်သည်။

ကိုက်သာစ်ရာမျှသာဝေးသော လေဆိပ်ဝန်ထမ်းအိမ်ရာ အိမ်

www.burmeseclassic.com

www.burmeseclassic.com



မြူမြူပုပုလေးများကို တွေ့ရသည်။ အိမ်များနောက်ဘက်ဝယ် အုန်းပင်များက ဝေဆာ၍ စိမ်းလန်းလှသည်။ အချိန်က ညနေ လေးနာရီခွဲ။

မူရေး လှေကားအတိုင်းဆင်းလာသည်။

သူ့အလျင် လေဆိပ်အဆောက်အဦးဘက်သို့ သွားနေကြသူ ခရီးသည်တွေမှာ နေပူရောင်ကို လက်ကာပြီး သွားနေကြသည်။ တစ်ခါတစ်ရံ သူတို့သွားနိုင်ဖို့ မူရေးကပင် နောက်ဆုတ်ပေးရသည်။

ကာလကတ္တားတွင် မမျှော်လင့်ဘဲ ခေတ္တဝင်လိုက်ရခြင်းမှာ သူ့အမုန်းဆုံးကိစ္စပင်ဖြစ်သည်။ ယခုတော့ လူအုပ်ကြားဝယ် လူလုံးမပေါ်စေရန် လုံးထွေးနေရတော့သည်။ လေမှုတ်စွဲချက်က ဒီဇယ်ဆီအနံ့တို့ကို သယ်ဆောင်လာသည်။

ဒမ်ဒမ်လေဆိပ်ဟု အမည်ပေးထားသည်မှာ လိုက်ဖက်၏။ ဒမ်ဒမ်ဆိုတာ အမေရိကန်ဝေါဟာရပျက် စကားလုံးဖြစ်၍ ရူးကူးသန့်လှသော ခဲတောင့်ပျော့ ကျည်ဆန်ဟူ အဓိပ္ပါယ်ရ၏။

ယခု လေဆိပ်က ဒမ်ဒမ်ကျည်ဆန်လို ညံ့ဖျင်းလှ၏။

ဝိတိုရိယခေတ် စစ်တန်းလျားများ၊ ဦးထုပ်မြင့်မြင့်များ ဖုန်မှုန့်၊ အုန်းပင်တို့က ကြည့်လိုက်လျှင် ငြီးငွေ့ဖွယ်ရာ။

လက်က ကုတ်အင်္ကျီအိတ်ထဲမှ အမေရိကန်နိုင်ငံကူး လက်မှတ်အစုန်းကို အသာထိမိသည်။ လက်မှတ်ထဲတွင်တော့ အက်ဒဝပ်မူရေး၊ မွေးရာဇာတိ အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ပြည်နယ်၊ ဒန်းလက်မြို့၊ မွေးသက္ကရာဇ်–မတ်လ(၁၅)ရက်၊



(၁၉၃၁) ခုနှစ်၊ အရပ် ၆–ပေ၊ ဆံပင်အညိုရောင်၊ မျက်လုံး မီးခိုးရောင်ဟူ၍ ဖော်ပြထားသည်။

သူက ရုပ်သွင်ကို ပြောင်းလဲရန် ကြိုးစားခဲ့သည်။ အချိန်က သိပ်မရ။ သို့သော် အလုပ်အကိုင် အရောင်းမန်နေဂျာ အဖြစ် ပြည်ဝင်ခွင့်ကိုတော့ ရနိုင်ခဲ့ပေသည်။

မူရေး ခြေလှမ်းကိုတုန့်၍ နောက်သို့မသိမသာလှည့်ကြည့်လိုက်သည်။ ဘန်ကောက်ကတည်းက လိုက်လာသူမှာ သူ့အားကျော်တက်သွားသည်။ ထိုသူ၏ ရင်ဘတ်ဝယ် ကင်မရာများ၊ အလင်းရောင်တိုင်းမီတာများ လွယ်ထားသောကြိုးများနှင့် ရှုပ်ယှက်ခတ်နေသည်။ ပုံကတော့ ပညာရှင် တစ်ယောက်နှယ် ရှိသည်။

လမ်းတွင် ထိုသူမှာ တစ်ချိန်လုံး သတင်းစာဖတ်လျက်ရှိသည်။ ထိုသူမှာ အကောင်းစားတစ်ကောင်ဖြစ်နိုင်သည်။ ဆိုင်းဂုံစခန်းမှ အက်(ဖ)ဘီ–အိုင် တစ်ယောက် ဖြစ်နိုင်သည်။

လေဆိပ် အဆောက်အဦးထဲဝယ် ယာဉ်မယ်အား ခရီးသည်များက စိုင်းအုံနေကြသည်။ ခရီးစဉ်က နှောင့်နှေးဦးမည်။ မျှော် ဆက်ရန်ခရီး မသေချာသေး။ ဘာဖြစ်လို့လည်း ဟူ မေးသံများကိုလည်း နောက်မှ မူရေး ကြားလိုက်ရသည်။

မူရေးက ကိုယ့်ဖာသာကိုယ် ကျိန်ဆဲလိုက်ပြီး လှည့်ထွက်လာသည်။ ယခု ဘာလုပ်မလဲ။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ စိမ်းဖျော့ဖျော့ နံရံများဝယ် ခရီးသွားလုပ်ငန်း ပိုစတာတစ်မျိုးက ဟော်တယ်စံ သည်တစ်ခု တွေ့ရသည်။ သံမံတလင်းကြမ်းပြင်၊ သစ်သားခုံတန်းများ၊ တံခါးရွက်မရှိ

www.burmeseclassic.com



သော ထွက်ပေါက်များ၊ မျက်နှာကြက်မှ တန်းလန်းကျနေသည့် တဝိုဝိုမြည်နေသော ပန်ကာနှစ်ခု။

ကြည့်ရသည်မှာ လေသဘော်သုံး ခေတ်ကဲ့သို့ပင် ရှိနေသေးသည်၊ စီးကရက်တစ်လိပ်ကို မီးညှိသည်။ မီးခြစ်အား ထောက်ခနဲ အဖုံးပိတ်လိုက်ပြီး ခုံဘန်းရှည်တစ်လုံးပေါ်သို့ ခြေတစ်ဖက် တင်ကာ ဝင်ပေါက်ဆီသို့ ကြည့်နေသည်။

မှုရေးက အရပ်ရှည် သူဖြစ်သည်၊ ကိုယ်လုံးကိုယ်ထည်ကသယ်လျှာန်ရှိသည်။ ပခုံးလျှောလျှောအောက်မှ လက်ပြင်ကခါးတို့က ချပ်ယပ်လှသည်။ ဘေးနှစ်ဘက်သို့ သပ်၍ ဖီးထားသည့် ဆည်းရောင်ဖျော့ဖျော့ဆံပင်၊ မီးခိုးရောင်မျက်လုံး၊ နေပူထဲဝယ် အလုပ်လုပ်လေ့ ရှိသူမျိုး၏ နေရောင်သန်းသော အသားအရေတို့ရှိသည်။

သူ့အားကြည့်လိုက်လျှင် ဆောက်လုပ်ရေးအင်ဂျင်နီယာလားဟု ထင်ရလောက်သည်။ မျက်နှာမှ အရေးကြောင်း အချို့နှင့် အာရုံစိုက်ကြည့်လိုက်လျှင် မျက်ခုံးအရေးတို့ တွန့်သွားတတ်ပုံကို အချို့ကသာ တွေ့မိပေလိမ့်မည်။

သူက စီးကရက်ကို ဖွာရင်း မျက်လုံးထဲ မီးခိုးဝင်သွားသည်နှယ် မျက်လုံးကို မှေးထားလိုက်သည်။ သူက အလျှင်စလိုမျိုးမဟုတ်ရန် လှုပ်ရှားရသည်။ လေယာဉ်ပေါက်ဘည်းက သတိပြုမိပြီးသော လေယာဉ်မယ်က မှုရေးအား ရှာနေပုံရသည်။

မျက်နှာအောက်မှ ပန်ကာတို့က တပီစီလည်နေစဉ်မှာပင် လေယာဉ်တစ်စင်းမျှပင် မရှိသော ခရီးသည်တို့မှာ ငြီးငွေ့



နေပုံဇဝေဇဝါဖြစ်နေမှုတို့ဖြင့် တစ်ဖန်ရှာသို့သွားနေကြသည်။ လေယာဉ်မယ်လေးက ပြောလာသည်။

'အိုင်–တီ–အေခရီးစဉ် ၂၂၁–ဖြင့်ပါလာလော ခရီးသည်အားလုံး....ရှေ့ခရီးဆက်ဖို့ အစီအစဉ်လုပ်နိုင်ရန်လူဝင်မှု ကြီးကြပ်ရေးကောင်တာကို ကြွကြပါ'

ခရီးသည်တို့မှာ ကိုယ့်အိတ်ကိုယ်ဆွဲ၍ လူဝင်မှု ကြီးကြပ်ရေးဌာနဘက်သို့ သွားကြသည်။ ပြဿနာပဲဟု မှုရေးတွေးလိုက်မိသည်။ စီးကရက်ကို ပစ်ချ၍ ဖိနပ်ဖြင့်နင်းခြေကာ လေယာဉ်မယ်ထံသို့ လျှောက်သွားသည်။

'ကျွန်တော်က ကရာချီကို ဆက်သွားဖို့ လက်မှတ်ယူထားတယ်ဗျ၊ အရေးတကြီး ရောက်ဖို့လဲ လိုနေတယ်'

သူမက လက်မှတ်ကိုကြည့်ပြီး ခေါင်းညိတ်သည်။

'လူဝင်မှုကြီးကြပ်ရေးဌာနကနေသွားပါရှင်'

'ကျွန်တော်က ကာလကတ္တားမှာ ဆင်းမှာမှမဟုတ်တဲ၊ လူဝင်မှုကြီးကြပ်ရေးကို သွားစရာမလိုဘူးလေဗျာ'

သူမက မှုရေးအား ကွက်ခနဲတစ်ချက်ကြည့်လိုက်ပြန်သည်။

'ခဏလောက် စောင့်ပါရှင်'

စိတ်ဝင်စားစရာတစ်ခုကို တွေ့လိုက်သည်။ သူ့နောက်မှ လိုက်လာသူမှာ ကင်မရာများဖြင့် အလုပ်ရှုပ်နေဟန် ရှိသည်။ ဧည့်ဝန်းကျင်တွင် ရှိနေနိုင်ရန် အချိန်ဆွဲနေခြင်း ဖြစ်သည်။ လေယာဉ်မယ်လေးက ခရီးစဉ် ကြီးကြပ်ရေးအရာရှိနှင့် ပြန်လာသည်။

www.burmeseclassic.com



'ခင်ဗျားဟာ ခရီးစဉ်(၂၂၁)နဲ့ လိုက်လာတာလား၊ လေယာဉ်လက်မှတ်ကလေး တဆိတ်လောက် မစ္စတာမူရေး၊ ဝမ်းနည်းပါတယ်ဗျာ...ခု ကျွန်တော်တို့မှာ အခက်အခဲလေး ဖြစ်နေတာ ခင်ဗျားသိပါတယ်၊ လေယာဉ်က ဆက်ထွက်လို့ မရတော့ဘူး....

'.......လေယာဉ်ကို ကျွန်တော်တို့က စက်ပိုင်းဆိုင်ရာကိစ္စ တချို့ကြောင့် တားထားရတယ်၊ ခင်ဗျားက ကရာချိကို ဆက်သွားဖို့ လက်မှတ်ယူထားတာ ခုခင်ဗျားက အလျင်စလို သွားချင်နေပေမယ့်လဲ အတော့ကို ဆိုးတာပေါ့ဗျာ'

'ကျွန်တော် ဘယ်တော့သွားလို့ရမလဲ'

'အင်း....ကျန်ခရီးသည်အားလုံးက ဒေလီကိုသွားမှာ ခင်ဗျားသာ သိပဲ'

'ခုညပဲ ကရာချိကို ကျွန်တော်သွားမှ ဖြစ်မယ်'

'ကျွန်တော်သိပါတယ်ဆရာ၊ ကျွန်တော် အကောင်းဆုံး ဖြစ်အောင် လုပ်နေတာလဲ မစ္စတာမူရေးသိပါတယ်'

'ခုည ဒေလီကိုလိုက်သွားရင် ဘယ်တော့ ခရီးဆက်နိုင်မလဲ'

'ခဏလေးဗျာ...ကျွန်တော် ကြည့်လိုက်ဦးမယ်'

မိနစ်နှစ်ဆယ်မျှ ကြာသွားပြီးနောက်တွင် နောက်[illegible] မှ ထွက်နိုင်မည်ကို သိကြရသည်။

မူရေးက အိတ်ကိုဆွဲ၍ လူဝင်မှုကြီးကြပ်ရေးဌာန ဘက်သို့ လျှောက်သွားရတော့သည်။ နိုင်ငံကူးလက်မှတ်ကို ကောင်တာပေါ်သို့ တင်လိုက်သည်။ သံဇကာကွယ်နောက်မှ အိန္ဒိယလူမျိုးမှာ မျက်နှာထည့်၍ နှုတ်ခမ်းမွေး သေးသေးမျှင်မျှင်လေးနှင့် ဖြစ်သည်။



ထိုသူက လက်မှတ်ကိုစစ်ဆေးနေစဉ် မူရေးမှာ ငြိမ်နေလိုက်သည်။ ထိုသူက ဘာမှမပြော။ စာလေးတစ်စောင် ရေးပြီး ကောင်တာရှိ စာထည့်သည့် အကန့်လေးတစ်ခုထဲသို့ ပစ်ထည့်လိုက်သည်။ တံဆိပ်ကိုရိုက်၍ လက်မှတ်ကို ပြန်ပစ်တင်ပေးသည်။ အပေါ်သို့ပြန်ငေးနေပြန်သည်။

မူရေးက အိတ်တစ်လုံးကိုသာ အကောက်ခွန်ဌာနမှယူ၍ ကျန်အိတ်များကို ထားရစ်ခဲ့သည်။ လူအုံ နေသည့် ပင်မခန်းမကြီးထဲ အရောက်တွင် မိမိအား တစ်ယောက်ယောက်က စောင့်ကြည့်နေကြောင်း ခံစားလိုက်မိသည်။ အကျီအဖြူ [illegible] ဘီးအသီးနှင့် လူတစ်ယောက်က ပို့စကတ်များရောင်းရာဆိုင်မှ ချာခနဲလှည့်ထွက်သွားသည်။ သေချာ ရိုးသားရိုးပင်လော....

မူရေးက လူအုပ်ကြားသို့ တိုးဝင်လိုက်သည်။ မိမိဆီသို့ တစ်ယောက်ယောက်၊ နယူးဒေလှီမှ တစ်ယောက်ယောက်၊ လန်ဒန်ရေး[illegible]ယောက်ယောက်.... ဘန်ကောက်မှ လိုက်လာသူတို့ကို ရှာကြည့်သည်။

ခန်းမထဲဝယ် လူများ၊ အသံများဖြင့် ပြည့်နှက်နေသည်။ အိန္ဒိယလူမျိုး သူနာပြုဆရာမများမှာ နှခေါင်းတွင် နှာကွင်းတပ်၊ [illegible] အိမ်ထောင်ရှင်မများကြား [illegible] သားသမီးများ [illegible] လူးလာခေါက်တုံ့ ရှိနေကြသည်။ အညိုရောင်ပိုးဟပ်မျှ ပမာ သန့်ရှင်းရေးဆရာများကလည်း ကြမ်းပြင်ကို တံမြက်စည်းရှည်ကြီးများနှင့် လှဲကျင်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝအရောက်ဝယ် ကောင်လေးများက ပြေးလာကြသည်။ အငှားကားယူမလားဆိုကာ အဝါနှင့်အနက်ရောင် မောရစ် ကားစုတ်တစ်စီးကို ခေါ်လာပေးသည်။

သေယာဉ်ကွင်း ဂိတ်ပေါက်ဝကို ကျော်ကာမှ မှုရေးက ဂရင်းဟိုတယ်သို့ မောင်းစေသည်။ မှုရေးက စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ အခြေအနေက တစ်ညတာ အိပ်စက်ရမှာန်ရှိနေသည်။ ဟိုတယ်ဘွစ် သူ့အား ဖမ်းနိုင်သည်။ တည်းခိုနိုင်လောက်သည့် ဟိုတယ်ကလည်း သုံး-လေးခုသာရှိသည်။ ဂရင်းဟိုတယ်တွင် စွဲမည်မှာ သေချာလှသည်။

လေဆိပ်တွင် ဆက်နေခြင်းထက် ဟိုတယ်တွင် တည်းခိုခြင်းက ပို၍ စွန့်စားရာရောက်သည်။ မိမိ ရှေ့ဆက်ဘာလုပ်နိုင်မည်နည်းဆိုသည်မှာ မသေချာ။ အလွန်သတိထား၍ လှုပ်ရှားရပေတော့မည်။

ကားက ဂရင်းဟိုတယ် တံခါးပေါက်ရှေ့တွင် ရပ်လိုက်သည်။ ဆစ်လူမျိုး ဟိုတယ်ဝန်ထမ်းတစ်ဦးက ကားတံခါးကို ဖွင့်ပေးသည်။ မှုရေးက ဆင်းလျှောက်သွားသည်။ ဧည့်ကြိုကောင်တာတွင် လူများ အုံနေသော်လည်း မှုရေးအတွက် အခန်းတစ်ခန်းတော့ ရလိုက်သည်။ မှုရေးက ဟိုတယ်ဝန်ထမ်းအား ကားဆီသို့ ကားခကို သွားပေးစေသည်။

မှုရေးက ပုံစံကိုဖြည့်၍ စာရေးကိုပေးပြီး ဝင်ပေါက်ဝသို့ လှည့်ကြည့်လိုက်သည် သတိပြုခဲ့မိပြီးသော အနက်ရောင်ဝတ်စုံနှင့် အိန္ဒိယလူမျိုးက အထဲသို့ဝင်လာသည်။ အဲလှပြမှန်ဗီရိုအတွင်းရှိ ပန်းပုရုပ်များကို အချိန်ဆွဲ၍ ကြည့်ရှုနေသည်။



မှုရေး၏အခန်းမှာ တတိယထပ်တွင်ဖြစ်သည်။ သူကတံခါး ပွန်ပိတ်လိုက်သည်။ ရေချိုးသည်။ မျက်နှာသစ် ကြေဇလုံ သက်ဝယ် စ-တန်းတစ်တန်း ရှိနေသည်။

‘ဤရေပိုက်ခေါင်းမှ ရေကို သောက်ရေအဖြစ် အသုံး နိုင်’

သူက အပါးစား အညိုရောင်ဝတ်စုံကိုလဲပြီး စီးကရက်ကို ညှိသည်။ မီးခြစ်ကို မြှောက်လိုက် ဖမ်းလိုက်လုပ်ရင်း ရှေ့ အစဉ်ကို စဉ်းစားရသည်။ တယ်လီဖုန်းကို လှမ်းကြည့်မိ သည်။ မပြစ်သေး။ ဖုန်းမဆက်ခြင်းက အကောင်းဆုံးဖြစ် သည်။

ပိုက်ဆံကို ရေတွက်ကြည့်လိုက်သည်။ ဒေါ်လာသုံး ဆယ် သားသည်။ သူ့ာ ခရီးကိုသာ ထွက်ခဲ့သည်။ ယခုအတိုင်း ချင် ပိုက်ဆံကို မှောင်ခိုမလဲပါက လုံလောက်တော့မည် တ်။ ဤကိစ္စမှာ စွန့်စားရာရောက်သော်လည်း ထိုသို့ လုပ် သာရှိတော့သည်။

အခန်းသော့ကိုယူ၍၊ ဓာတ်လှေခါးထဲ ဝင်သည်။ ထို က် စိုစွတ်ထိုင်းမှိုင်းလှသော လေထုရှိရာ၊ အပြင်ဘက်သို့ ်လာသည်။ ဝင်ပေါက်တစ်ဘက်တွင် စာအုပ်ဆိုင်တစ်ဆိုင် ည်။ လူထစ်ယောက်က မတ်တတ်ရပ်ကာ ပလေးဘွိုင်း င်းအား လှန်လှောကြည့်နေသည်။ ခပ်လှမ်းလှမ်းတွင် ကောက်မှ ပုဂ္ဂိုလ်က လျှောက်လာလျက်ရှိသည်။

မှုရေးက လမ်းမသို့ ခပ်မှန်မှန်လျှောက်သွားသည်။ ဟို ဝန်ထမ်း၏ အငှားကား ယူဦးမလားဟူသော အမေး

www.burmeseclassic.com



ကို ခေါင်းခါလိုက်သည်။ ရမ်ထားသော အငှားကားမှ ဟွန်းတီးမေးသံ၊ ပျော်ပါးရန် လာဆွယ်သော 'အဆွယ်' နှစ်ဦးနှင့် သူတောင်းစားနှစ်ဦးကိုသည်း ခေါင်းခါပြကာ ဆက်လျှောက်သွားသည်။

သူတောင်းစားဟာ နောက်ခေါက်သင်း လိုက်လာသည်။ လုမ်းဆွဲမည်ပြုရာ မှုခရးက စီးကရက်တစ်လိပ်ကို ပစ်ချပေးလိုက်သည်။

မီးများထွန်းထားကြပြီဖြစ်သည်။ လမ်းပေါ်ဝယ်ဟောင်းနွမ်းနေသော ကားသံများ၊ ခေါက်ရထားနှင့် လူသံများက ဆူညံလျက်ရှိသည်။ မှုခရးမှာ ချွေးပြန်လာသည်။ အထိမ်းအမှတ်ပစ္စည်းရောင်းရာ ဆိုင်လေးတစ်ဆိုင်သို့ မှုခရးကဝင်လိုက်သည်။

ဆင်စွယ်နှင့် ကြေးထည်ပစ္စည်းများနောက်မှ၊ ခပ်ပိန်ပိန်အိန္ဒိယလူမျိုး တစ်ယောက် ခေါင်းမော့ကြည့်လာသည်။

'ဂွတ် ဆ ိုးဗ ်းနင်း...မစ္စတာဘက်နာရှိသလား'

'ဘာလိုချင်လို့လဲဆရာ...ကျွန်တော့်တာဝန်မို့ ဘာများအကူအညီပေးနိုင်မလဲလို့ပါ'

'မစ္စတာမှုခရး လာတယ်လို့သာ သူ့ကိုပြောလိုက်ပါ'

နောက်ဘက်ခန်းမှ စကားပြောသံကြားရပြီးနောက်၊ ထိပ်ပြောင်ပြောင်လူရွယ် တစ်ယောက်ထွက်လာသည်။ အင်္ကျီရင်ဘတ်ကိုဖွင့်ထားသည်။ သူက မှုခရးအားခေါင်းက ... အကဲခတ်ကြည့်ယင်း၊ အခန်းထဲသို့ လိုက်လာရန် ... ပြကာ ဝင်သွားသည်။ မှုခရးက နောက်က လိုက်သွားသည်။





ခုံရှည်တစ်လုံးရှေ့ဝယ်၊ အလှပြုပြီးရိုတစ်လုံးကဲ ရှိသည်။ သက် (၅)မီး၏ ပုံပါသော ရောင်စုံပြက္ခဒိန်အောက်ဝယ်၊ ကြိမ်ကုလားထိုင် တစ်လုံးချထားသည်။ ဘက်နာသည မှုခရးနောက်မှ ခန်းဆီးကို ကုပိတ်ပြီး၊ ကြိမ်ကုလားထိုင်အားပြ၍ ခုံရှည်ပေါ်သို့ ဝင်ထိုင်သည်။

'ခင်ဗျားကို ကျွန်တော် မျှော်လင့်မထားဘူး...ကာလကတ္တားမှာ ခင်ဗျားကို တွေ့ရတာ အံ့ဩစရာပဲ'

မှုခရးက ဘက်နာ၏ ပုခုံးကိုသာ ပုတ်၍ပြုံးနှုတ်ဆက်သည်။ ဘက်နာ၏ မျက်နှာဖြူဖြူမှာ အဆီပြောင်လျက်ရှိသည်။ မျက်လုံးများက လန့်ပြီးငွေ့ နေဟုရသည်။

'ကျွန်တော်ကိုယ်တိုင် အံ့သြနေတာပဲ ... ဒီကိုရောက်လာ မိမယ်လို့ ကျွန်တော်မမျှော်လင့်ခဲ့ဘူး'

ဘက်နာက မှုခရးအား အကဲခတ်သည်။

'အရှေ့ပါကစ္စတန်ကို အလုပ်တစ်ခုနဲ့ သွားတယ်လို့ ကျွန်တော်ကြားထားတာ'

'အင်း...နှစ်လလောက်ရှိပါပြီ'

'အဆင်ပြေရဲ့လား'

'ပြေပါတယ်'

မှုခရးက စီးရက်ဘူးသစ်ကို ဖောက်၍၊ စီးကရက်ထုတ်သည်။ ဘက်နာ တစ်လိပ်ယူ၍ မီးညှိပေးသည်။ သူကိုယ်တိုင်လက်ချောင်း တုတ်တုတ်ကြီးများကြားဝယ် စီးရက်ညှပ်ထား ... နေပြန်သည်။

www.burmeseclassic.com



'ဆိုင်ကို ကျွန်တော်တကယ်မလာချင်ဘူး ဘက်နာ ခင်ဗျား အတွက် ပြဿနာ မရှိနိုင်ပါဘူးနော်'

ဘက်နာက ပုခုံးတွန့်သည်။

'ခုရောက်နေပြီပဲဗျာ'

'ဒေါ်လာနဲ့ ငွေလဲချင်လို့ပါ'

'ငွေသားလား...ခရီးသွား ချက်လက်မှတ်လား'

မူရေးက မီးခိုးငွေ့ကို မှုတ်ထုတ်လိုက်သည်။

'ပြောဖို့လိုသေးလို့လား'

'ကောင်းပါပြီဗျာ...လူတွေမှာက ခရီးသွား ချက်လက်မှတ်တွေ သိပ်ဆောင်နေကြတာ...သူတို့ကိုလဲ ကျွန်တော်က နှုန်းကောင်းကောင်း ပေးပါတယ်'

'ငွေသားအတွက် ဘယ်လိုပေးမလဲ'

'ဘယ်လောက်များသလဲ'

'ဒေါ်လာသုံးဆယ်'

ဘက်နာက မူရေးအား ငြိမ်၍ကြည့်နေသည်။ ဤမျှလောက် ပဲလားဟု အကြည့်မျိုးဖြစ်သည်။

'ငွေသားဆိုယင်တော့ အကောင်းဆုံးနှုန်း ပေးပါမယ်'

မူရေးက စီးကရက်ကိုခဲ၍ ငွေစက္ကူများကို ထုတ်ကာ ဗီရို ပေါ်တင်ပေးလိုက်သည်။ ဘက်နာက ခပ်သွက်သွက်ရေတွက် ၍ အိတ်ထဲထည့်ကာ ဆိုင်ထဲသို့ ထွက်သွားသည်။ အိန္ဒိယ နိုင်ငံသုံး ရူပီးငွေများကိုယူလာပြီး မူရေးအားပေးသည်။

မူရေးကရေတွက်ကြည့်သည်။ အိတ်ထဲတွင် တန်းစီချိတ် ထားသောရောင်စုံ ဘောပင်အပေါစားများထဲမှ တစ်ချောင်း



ကိုထုတ်ကာ ချတွက်ကြည့်ပြန်သည်။ ထို့နောက်မှခေါင်းညိတ် သည်။

မူရေးက ကုလားထိုင်နောက်မှီသို့ မှီချလိုက်ပြီး စီးကရက် ကိုဖွာနေသည်။

'အလုပ်အကိုင် ဘယ်လိုနေသလဲ ဘက်နာ'

'အလုပ်က ဘယ်လိုလဲဆိုတာ ခင်ဗျားသိပါတယ်'

မူရေးက ဘက်နာအား ကြည့်သည်။ ဘက်နာမှာ အသက် (၂၈)နှစ်မျှ ရှိပုံရသည်။ ဘက်နာကို သူသဘောကျသည်။ လူကောင်းဖြစ်သည်။ သူတို့က အတန်ကြာမျှ စကားပြော နေပြီးနောက် ဆိုင်ထဲမှလူသံကိုကြားရသည်။ အင်္ဂလိပ်လူမျိုး တစ်ယောက်က ပိုးထည်များကိုမေးနေသည်။

မူရေးက ထိုသူ့ထံ အာရုံစိုက်ထားသည်။ ပစ္စည်းများကို ကြည့်ရင်း အခန်းလေးဘက်သို့ ရောက်လာပုံကိုကြားရသည်။ မူရေးက ငြိမ်၍ ထိုင်နေသည်။ ဘက်နာက ထရပ်ပြီး ပန်ကာ ဖွင့်သည်။ တောင်းပန်ဟန် ပခုံးတွန့်ပြသည်။

'ကျွန်တော့်မှာ လေအေးပေးစက် မရှိဘူးဗျာ'

မကြာမီ ဈေးဝယ်သူက ဘာမှ မဝယ်ဘဲ ပြန်ထွက်သွား သည်။

'ရဲက လာစုံစမ်းတာမျိုး ရှိသလား ဘက်နာ'

'ကျွန်တော်တို့မှာ သတင်းပေးမယ့်သူ တစ်ယောက် ရှိပါ တယ်'

'ဟုတ်လား'

ပန်ကာသံကြားမှ ချောင်းရင်ရှိး လမ်းပေါ်ရှိ ကားသံ

www.burmeseclassic.com

www.burmeseclassic.com



များကို ကြားနေရသည်။ ဘက်နာ စကားအဆက်ကို မူရေး စောင့်သည်။

'အဆင်ပြေပါတယ် ခင်ဗျား။ ကျွန်တော် သိန်းသန်းတော့ မရှိ မသိပါဘူး'

'ဒါက သဘောတော်ကပ်လား။'

'ဒီလူကို ကျွန်တော်က ကောင်းကောင်း ဂရုစိုက်သွားပါတယ်'

ဘက်နာသည် လာတင်ပေးသည့် ခနစ်ကိုတော့ ကောင်းကောင်း ကျွမ်းကျင်စွာ ပေးလိုက်သည်။

'ခင်ဗျားဘက်က လူတွေကော အဆင်ပြေကြရဲ့လား မူရေး'

'ပြေပါတယ်၊ ဟောင်ကောင်က ခင်ဗျား အဆက်ကော'

'ကိုမှာ သူ အတော်အဆင်ပြေနေတယ်၊ သူနဲ့ခင်ဗျား တွေ့တာ မကြာသေးဘူး မဟုတ်လား....သူ့ဘာမှ ဆင်ခြေ မပေးနိုင်ပါဘူး၊ အတော်လေး အလုပ်က ကောင်းနေတာပဲ'

'သူက ဘာများ လိုအပ်မှာမို့လဲ'

ဘက်နာက စီးကရက်အား အသုံးထွက်အောင် တစ်ချက် ရှိုက်လိုက်သည်။

'သူ့ဆီက စာတစ်စောင်ရတယ်၊ အဆင်ပြေကြောင်း လောလောဆယ် ဘာမှမလိုအပ်ကြောင်းပေါ့'

'ခင်ဗျားကကော'

မူရေး၏ အမေးအား ဘက်နာက မကြားဟန်ဖြင့်မေး



မူရေးက စီးကရက်မီးကို သတ်၍ ထရပ်လိုက်သည်။ ခန်းဆီးကို လက်လှမ်းသည်။

'ခင်ဗျားကကော ဘာလိုအပ်လို့လဲဘက်နာ'

ဘက်နာက မသက်မသာ ပြုံးပြသည်။

'ဘာမှ မလိုပါဘူးဗျာ၊ ခုတစ်ချိန်တော့ အဆင်ပြေပါ တယ်၊ ကျွန်တော်တို့ ထပ်တွေ့ကြဦးမယ် ထင်တယ်'

ဘက်နာမှာ မူရေးအား သွားစေချင်ကြောင်း မသိစေ ရန် ကြိုးစားနေရသည်။

'လိုအပ်ရင်တော့ တွေ့ရဦးမှာပေါ့'

မူရေးက ရင်းနှီးစွာဖြင့် ဘက်နာ၏ လက်မောင်းကို လက်သီးနှင့် အသာ ထိုးလိုက်သည်။ ခန်းဆီးကို ဆွဲဖယ်၍ခိုင် ထဲသို့ ဝင်သည်။ တံခါးပအရောက်တွင် ဘက်နာက ပြောပါ သည်။

'ကျွန်တော်သာ ခင်ဗျားဆိုရင်တော့ ဒီမြို့မှာ ရှိနေမှာ မဟုတ်ဘူး မစ္စတာ မူရေး'

'သိပ်ဟုတ်တာပေါ့ဗျာ'

မူရေးက စီးကရက် တစ်လိပ်ကို ထပ်မီးညှိသည်။

'အစ်ငွေတွေကော ခင်ဗျား ကိုင်သေးလား'

ဘက်နာက ပခုံး တွန့်သည်။ ပြုံး၍နှုတ်ဆက်ရန် လက်ကို သာ ဆန့်ပေးသည်။ မူရေးက နှုတ်ဆက်ကာ ဂေဟ်တိုကို ဘက်သို့ ပြန်လျှောက်လာသည်။ ဘက်နာကား သူသိပ်သဘော ကျနေကြောင်း ယင်မိသည်။

သူက တစ်ညတာ လုံခြုံမှုရရန် မိန်းကလေးအဖော် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ထိ ထွက်လာသည်။ သို့သော် လက်ခံသူ ရှိနေပြီ
ပြန်လာရသည်။ ထိုစဉ် အကျႌအစိမ်းနှင့် ဘောင်းဘီအဖြူ
ဝတ်ထားသူတစ်ဦးက သူ့ဘေးသို့ ကပ်လာသည်။

'ပန်းခြံလမ်းကို ရှာနေတာလား၊ ပိုလီဘားကို ရှာနေတာ
လား....'

မူဒရေးက မဟုတ်ကြောင်း ပြောရသည်။

ထိုသူ၏ မျက်နှာမှာ မှတ်မိသွားပုံဖြင့် တောက်ပသွား
သည်။

'ခင်ဗျားက ခုမှရောက်လာတာပဲ၊ ခင်ဗျားကို အကောက်
ခွန် ဌာနမှာ တွေ့လိုက်တယ်၊ ဘန်ကောက်က လေယာဉ်နဲ့လာ
တာ မဟုတ်လား'

'ဟုတ်တယ်'

မူဒရေးက ဆက်လျှောက်သည်။

ဓာတ်မှလူက ပါလာခဲ့ပြန်သည်။

'ခင်ဗျားကို မှတ်မိပြီလို့ ထင်သားပဲ၊ လေဆိပ်မှာအဆင်
ပြေရဲ့လား၊ အရေးကြီးတဲ့ အရာရှိတစ်ဦးနဲ့ ကျွန်တော်က အ
လုပ်ကလေးတွေ ရှိနေခဲ့လို့ ကျွန်တော်က ဒါဒါဟိုပါ၊ ကျွန်
တော့် အမျိုးသမီးကတော့ အမေရိကန်သူပဲ'

'ကျွန်တော်က အကောက်ခွန်ဌာနမှာ အလုပ်လုပ်တာ
နှစ်ဆယ့်လေးနှစ်ရှိပြီ၊ နောက်တစ်နှစ် လုပ်ဖို့ပဲ လိုတော့တယ်
အငြိမ်းစားယူပြီးရင် အမေရိကန် ပြန်မယ်၊ ခုလိုတွေ့ရတာ
ဝမ်းသာရာပဲဗျာ၊ လေဆိပ် အကောက်ခွန်ဌာနမှာတော့ ခင်ဗျား



ကို အကူအညီမပေးနိုင်ခဲ့ဘူး၊ ကျွန်တော်က တစ်ဒါပူမှာ
နေတယ်'

'ဒီနေ့ ကျွန်တော့်သားလေးရဲ့ မွေးနေ့ဗျ၊ ကျွန်တော်တို့
သားစုချည်းပဲ ပါတီလေး တစ်ခုလုပ်နေတာ ခင်ဗျားလိုက်
ခဲ့ပါလား'

ဒါဒါဟိုရဲ့ စကားပြောသံက ပိုသွက်လာသည်။

'ခုပဲ ကျွန်တော် အိမ်ကို ပြန်နေတာ၊ ကျွန်တော်တို့
နည်းနည်းပါးပါး သောက်ကြတာပေါ့၊ အကောက်ခွန်ဌာန
ကနေ လူကြီးဖတ်စာအုပ်လေး တစ်အုပ်ရထားတယ်ဗျ၊ ပြီးတော့
ကျွန်တော် ချိန်ထားတာ ရှိသေးတယ်....ဟော့....တက္ကစီ....
တက္ကစီ....'

'ခင်ဗျားမှာ ကလေး ဘယ်နှစ်ယောက် ရှိသလဲ၊ ကျွန်
တော့်မှာ သမီးသုံးယောက်နဲ့ သားနှစ်ယောက်ရှိတယ်၊ ကျွန်
တော်က အတွေလန်တစ်မြို့သူနဲ့လက်ထပ် ခဲ့တာလေ'

ဂရင်းဟိုတယ်၏ဘောင်ပေါက်အား ခပ်လှမ်းလှမ်းတွင်တွေ့ရ
သည်။

'ခင်ဗျားမှာ ချိန်းထားတာ ရှိသလား'

'သိပ်ဟုတ်တာပေါ့ဗျာ ရှိတာပေါ့'

'ဒီမှာ မစ္စတာ....'

မူဒရေးက ရပ်လိုက်သည်။ ဒါဒါဟိုအား မျက်နှာချင်းဆိုင်
သည်။

'ဒီမှာကိုယ့်လူ ကျုပ်ကို ခင်ဗျား အနှောင့်အယှက်ပေး
ပြီ၊ ထွက်သွားစမ်းဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဒါဒါပိုဟိုမှာ ပြုံးလျက်ရှိသည်။ သူ၏အသင်က ဖြောင်းလို့ နေသည်။ လက်ကိုအောက်ချ၍ တစ်ဝိုက်တစ်ခုအား ပြုလျက်ရှိ သည်။ မှုရေးက ငုံ့ကြည့် လိုက်သည်။ ဒါဒါပိုဟိုက တံဆိပ် တစ်ခုကို ပြနေသည်။

‘လုံခြုံရေးကပါ’

ဒါဒါပိုဟိုက ခပ်တိုးတိုးပြောလာသည်။

မှုရေးက ဒါဒါပိုဟို၏ မျက်နှာကို မော့ကြည့်သည်။ ရှင်း တံဆိပ်ကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်သည်။ ရှင်း၏မျက်နှာ ရိပ် မျက်နှာကဲကြောင့် မှုရေးက နောက်သို့လှည့်ကြည့်သည်။

ဒိုတီဝတ် အိန္ဒိယလူမျိုးတစ်ယောက်က မလှမ်းမကမ်းဝယ် ပေါင်ကိုကုတ်ရင်းရပ်နေသည်။ နောက်တစ်ယောက်ကိုပါ မနေဝေး လှသောနေရာဝယ် တွေ့ရသည်။ အကဲခတ်နေဟန်တူသည့် ဆစ်လူမျိုး အငှါးကားမောင်းသမားက ကားထွက်ရန် ဂီယာကိုထိုးသည်။ မှုရေး သဘောပေါက်လိုက်သည်။ ထွက်ပြေးရန် ကြိုးစားသော စိတ်ကို မျိုသိပ်ရသည်။

‘ဘာသဘောလဲ’

မှုရေးက မေးလိုက်သည်။ ပိုက်ဆံ မှောင်ခိုလဲသည့် ကိစ္စ အတွက်လော၊ အခြား ကြီးမားသော ကိစ္စအတွက်လော ဆို သည်ကို အမြန်ဆုံး စဉ်းစားရသည်။ ဘက်နှာ ထံသို့သွား ခဲ့ခြင်းမှာ အတော်ပင် ရူးမိုက်ကြောင်း သဘောပေါက်မိ သည်။

ဒါဒါပိုဟို၏ မျက်နှာက ပြုံးနေသည်။



‘ကျွန်တော်တို့ စကားလေး နည်းနည်းလောက် ပြောကြရ အောင်ဗျာ၊ ကျွန်တော့် ကားဆရာ ရှိနေပါတယ်’

အဝါရောင် ဖို့(ဒ်)ကားစုတ်တစ်စီးက ထွက် သွားသည့် အ ငှားကားနေရာဝယ် ဝင်ရပ်ပါသည်။ ဒိုတီဝယ် ပုဂ္ဂိုလ်ထံဝယ် သေနတ်တော့ ရှိလိမ့်မည်ဟု မှုရေး ဆုံးဖြတ်မိသည်။

‘ဘာကိစ္စကို ပြောချင်တာလဲ မစ္စတာ’

‘မေ-အက်(စ)ဒါဒါပိုဟိုပါ၊ ဘာကိစ္စလဲဆိုတာတော့ခင်ဗျား သိလိမ့်မယ်ထင်တယ် မစ္စတာ၊ အင်း...မစ္စတာမှုရေး’

‘ခင်ဗျား ဘာတွေပြောနေသလဲဆိုတာ ကျွန်တော် ဘာမှ သိပါလွှား’

‘ကျွန်တော်တို့ သိရမှာပေါ့ဗျာ၊ ကြည့် တဆိတ်လောက်’

ဒါဒါပိုဟိုက မှုရေးထံသို့ လက်လှမ်းလိုက်သည်။

‘ကျွန်တော့်ကို လာမထိနဲ့’

မှုရေးက ခပ်သွက်သွက် အကြံထုတ်သည်။ အခွင့်အရေးရှိ သလျှင်လည်း ယခုရှိတော့မည် မဟုတ်ကြောင်း သိသည်။ သူ့ အတွက် ဘာမှလုပ်၍ မရတော့။

ကားဆီသို့ လမ်းသွားလမ်းလာ များကြားမှ ဖြတ်ကာသွား သည်။ မှုရေးက ဘောင်းဘီနောက်အိတ်ကို နှိုက်၍ငွေ စက္ကူများကို ထုတ်သည်။ ငွေစက္ကူများကို ပစ်ချသည်။ သုံး လှမ်းမျှ လှမ်းအပြီးဝယ် လမ်းသွားလမ်းလာတို့က လူသား ဝပ်စက်များနှင့် ငွေစက္ကူတို့ကို ရှင်းပြီးပြီးသည်။

www.burmeseclassic.com



သူတို့ ကားထဲသို့ရောက်သည်နှင့် ဒိုတီဝတ်က ကားသမား ခုံတွင် ဝင်ထိုင်လိုက်သည်။ လမ်းပေါ်သို့ဝင်ရဉ်ကားတံခါး ကို တဝုန်းဝုန်းထုသည်။ ဟွန်းက ပျက်နေသည်။

‘ခင်ဗျားတို့ လုံခြုံရေးတပ်ဖွဲ့ကိုတော့ အတော်ကောင်းတဲ့ ကားတွေ ပေးထားတာပဲနော်’

မှုရေး၏စကားကြောင့် ဒါဒါဟိုက ရယ်သည်။

‘ဒီကားကို ကျွန်တော် အကြီးအကဲဆီ ခင်ဗျားပြောစေ ချင်လိုက်တာဗျာ၊ ဒီကားက သုံးဆယ့်ငါးမိုင်နှုန်းထက် ပို မောင်းလို့ မရဘူး၊ ကျွန်တော့်ဆရာက နေရူးရဲ့စကားကို လက်ကိုင်ထားတယ်လေ၊ ဖြစ်နိုင်ဖွယ် မရှိဆိုသောစကားကို မကြားလိုပါ ဆိုတာလေ’

ဒါဒါဟို၏လေသံက ရှုရှသည်။ ဖော်ရွေမှုမရှိ။ သူကရယ် နေသည်၊ ဆူပြိုးသောဗိုက်က အသံထွက်နေသည်။ မေးစေ့တွင် အရေပါးက တွဲလျက်ရှိသည်။ ပေါင်ပေါ်တွင် တင်ထားသော လက်က အမွှေးများက ထူပျစ်လှသည်။ သို့သော် ဒါဒါဟို၏ သွက်လက်စွာလှုပ်ရှားနိုင်သည်ကိုတော့ မှုရေး သံသယမရှိပါ။

ကားက ယမ်းခါသွားသည်။ ရှေ့မှ မျက်နှာသုံးသွယ်နှင့် လူက နောက်မှ မှုရေးတို့အား အကဲခတ်သည်။ မှုရေးကမူ လမ်းကြောင်းကို မှတ်နေသည်။

သူတို့အဘယ်မျှ သိထားကြသနည်း။ ဇင်းတို့ ဂရင်းဟို တယ်သို့ ရောက်ခဲ့သည်မှာ ထင်ရှားသည်။ သူအပြင် ထွက် သွားကြောင်း သိသည့်အခါ စောင့်နေကြသည်။ သို့မဟုတ် ဘက်နာထံမှ အပြန့်ဝယ် နောက်ယောင်ခံလိုက်လာကြမည်။



ဘက်နာ၏ စိတ်ကျဉ်းကျပ်ပုံကို သတိရမိသည်။ ဤကိစ္စ ဝယ် ဘက်နာ မပါရန် မျှော်လင့်မိသည်။ ယခုသူ၏ လေဆိပ် ရှိ အိတ်နှင့် ဟိုတယ်ရှိအိတ်တို့ကို သူတို့ရပြီးကြပြီဖြစ်သည်။

အယောင်ဆောင်ပြကွက်များဖြစ်သော အရောင်းအဝယ် စာများ၊ အမည်များ၊ ကိန်းဂဏန်းများကို သတိရသည်။ မှုရေး အာရုံစိုက်ထားရသည်။ နယူးယောက်အထိတော့ သူတို့ခြေရာ ခံ စုံစမ်းရေးမှာ လွယ်လိမ့်မည်မထင်။

လမ်းပေါ်မှ ချိုင့်များကို ကျော်ဖြတ်ရင်း လန်ချားများ၊ နွားလှည်းများ ထူပြောရာ ဈေးကွက်ထဲသို့ ကားကရောက်လာ သည်၊ ဆင်ခြေဖုံးလမ်းအတိုင်း တောက်ပနေသည့် ဗိတိုရိယ ခေတ်ပုံစံအိမ်များ၊ ရုပ်ရှင်ရုံများကို ဖြတ်ကျော်သည်။ ကားက ရပ်သွားသည်။

‘ကဲ…ရောက်ပြီ’

ဒါဒါဟိုကပြောရင်း တံခါးကိုဖွင့်သည်။ မှုရေးရှိရာဘက် သို့ ဒိုတီဝတ်က ရောက်နှင့်ပြီးဖြစ်သည်။

မှုရေးက ကားထဲမှဆင်းသည်။ အဆောက်အအုံကို အကဲ ခတ်ကြည့်သည်။ (၁၈၇၁)ခုနှစ်နှင့် သိုးကျောင်းသားဟိုတယ် ဆိုသော စာတန်းကို တွေ့ရသည်။ ဟိုတယ်အမည်နှင့် ဒါဒါဟို တို့ လိုက်လျောလှသည်။

ဒါဒါဟိုက မှန်တံခါးကို တွန်းဖွင့်လိုက်သည်။ နေရာက တိတ်ခြောလှသည်။ ကောင်တာနောက်မှ စာရေးနေသည့် အိန္ဒိယ လူငယ်တစ်ဦးက မော့ကြည့်သည်။ ခေါင်းအသာငြိမ့်ပြီး စာကို ဆက်ရေးသည်။ ဒါဒါဟိုက နောက်ဘက်သို့သွားရာ အပေါက်

www.burmeseclassic.com

www.burmeseclassic.com



အား မူရေးကိုပြသည်။ သူက ရှေ့မှသွားသည်။ မူရေးနောက်တွင် ဒိုတီဝေတ်ကပါလာသည်။

မြတင်းပေါက်မရှိသော အခန်းကျယ်ကြီးအတွင်းထဲသို့ရောက်လာသည်။ လှပ်ကုလားထိုင်များနှင့် မျက်နှာကြက်တွင်အလင်းဝင်ရန် ပြန်ကာအပေါက်ကိုတွေ့ရသည်။ နံရံမှာ အစိမ်းရောင်ဆေးသုတ်ထားသည်။ ကြမ်းပြင် အခင်းတို့က ကျောလျက်ရှိသည်။ မှအောက်သိုးသိုးအနံ့ ကို ရသည်။

ဒါဒါဟိုက လက်ခုပ်တီး၍ ကုလားထိုင်တစ်လုံးသို့ ညွှန်ပြသည်။ သူ၏ဖော်ရွေမှုက ပြန်လည်ရောက်ရှိလာသည်။ ဖိနပ်စီးမထားသော အစေခံတစ်ဦးအား ဒါဒါဟိုက ဘီယာနှစ်လုံးယူစေသည်။

ကုလားထိုင်ပေါ် ဒါဒါဟို ဝင်ထိုင်လိုက်သည့်အခါ တကျိုကျိုမြည်သံက ထွက်လာသည်။ ဒိုတီဝေတ်မှာ အခန်းတွင်းသို့ ဝင်လိုက်မလာခဲ့။ မူရေးက စီးကရက်တစ်လိပ် မီးညှိသည်။ မီးခြစ်အဖုံးအား ဖျပ်ခနဲပိတ်လိုက်ပြီး ဒါဒါဟိုအား အကဲခတ်သည်။ မည်သည့်ကိစ္စကြောင့် ဤနေရာသို့ သူတို့ ရောက်လာခြင်းကို မူရေး မတွက်နိုင်သေး။

'ကျွန်တော်တို့ ဘယ်မှာများ ဆုံမိခဲ့ကြသလဲမသိဘူး'

ဒါဒါဟိုက စကား စလာသည်။

'ဘယ်မှာလဲ... စစ်တက္ကသိုလ်မှာလား၊ ဒက္ကာမှာလား၊ ဒက္ကာကို ခင်ဗျားရောက်ဖူးတယ်နော်၊ ဘာကိစ္စလဲဗျ... ကျွန်တော်က အရိုးခံအတိုင်း ပြောနေတာနော် မစ္စတာမူရေး'

'ခု ဘာကိစ္စလဲဆိုတာ ကျွန်တော်သိချင်တယ်'



မူရေးက စီးကရက်ခဲရင်း မေးသည်။

'ကျွန်တော်မေးတာကို ခင်ဗျား မဖြေသေးဘူးနော်'

ဒါဒါဟိုက ပြုံး လိုက်သည်။

'စစ်တက္ကသိုလ်ကို ကျွန်တော် တစ်ခါမှ မရောက်ဖူးဘူး၊ ခင်ဗျားကိုလဲ တစ်ခါမှ မတွေ့ဖူးဘူး ဒါဒါချွန်ဂျို'

'ကျွန်တော့် နာမည်က ဒါဒါဟိုပါ၊ ဂေါ-အက်(စ) ဒါဒါဟိုပါ'

'အင်း...ကဲ ကျွန်တော်မေးတာကိုတော့ ဖြေစမ်းပါဦး'

'ကျွန်တော်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် တစ်သက်တည်း မဟုတ်ကြဘူးနော်'

'ဖြစ်နိုင်ပါတယ်၊ ခု မေးမြန်းနေတာက တာရားဝင်ဆိုရင်တော့ ကျွန်တော် အတွက် ရှေ့နေတစ်ယောက်ရခွင့် အမေရိကန် သံရုံးကို အကြောင်းကြားခွင့်ရှိပါတယ်'

'မှန်တာပေါ့ဗျာ'

'ဒီလိုဆိုရင်လဲ သင့်တော်တဲ့ ရုံးခန်းတစ်ခန်းမှာ ကျွန်တော်တို့ တွေ့ကြရအောင်'

'ဒီအခန်းက မသင့်တော်ဘူးလား'

'ဒါဟာ တရားဝင်အစိုးရ ခဆောက်အအုံမှ မဟုတ်တာ'

'မစ္စတာမူရေးရေ... နိုင်ငံတိုင်းမှာ ကိုယ့်နည်း ကိုယ့်ဟန်တော့ ရှိကြတာချည်းပဲ၊ ခင်ဗျား သိပါတယ်၊ ဒါမျိုးကို နယူးယောက်မှာလဲ ခင်ဗျားတွေမှာပဲ၊ အိန္ဒိယနိုင်ငံဟာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်အုပ်ချုပ်ရေးရတာဟာ ခင်ဗျားတို့ထက် နောက်ကျတော့ ခင်ဗျားတို့ဆီက အတုခတွေ ယူရဦးမှာပဲ၊ ဟော–ဘီယာလာပြီ

အခစခံက ပုလင်းများကိုဖွင့်သည်။ ဒါဒါပါဟိုး၏ ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးသည်။

'နေပါစေ ... ကျွန်တော့် ဆတွက် မထည့်နဲ့'

မူရေးက တားလိုက်သည်။

ဒါဒါပါဟိုကမူ မသောက်ရသည်မှာ တစ်လမျှ ကြာပြီဖြစ်သည့်အလား ဖန်ခွက်ကို ဆွဲယူလိုက်သည်။ မူရေးက ကျောမှီ၍ အသာထိုင်နေသည်။

ဤကဲ့သို့ ထူးခြားသော တွေ့ဆုံမှုက သူ၏ စိတ်အား အနှောင့်အယှက် ဖြစ်စေသည်။ အခန်းမှာ ပူအိုက်၍ တိတ်ဆိတ်လှသည်။ ဒါဒါပါဟိုမှာလည်း ဘီယာ သောက်ရင်း ချွေးပျံလျက်ရှိသည်။

မိမိတို့ မည်မျှ ကြာဦးမည်ကိုမသိ။ ဒါဒါပါဟိုတို့မှာ ရေးရချက်ရသည့်ကိစ္စများ လုပ်နေခြင်းဖြစ်မည်။ ဝရန်း ရအောင် လုပ်နေကြမည်။ ထောင်သို့ ဖုန်းဆက်နေကြမည်။ အမြန်ဆုံး မထွက်နိုင်လျှင်မူ အတော်ပင် စိတ်မသက်သာစရာ ဖြစ်မည်။

'ကျွန်တော့်ကို ဘာအမှုနဲ့ခေါ်တာလဲ ဒါဒါပါဟို'

ဒါဒါပါဟိုက ဖန်ခွက်ကို မော့ချလိုက်သည်။ လေဘာစ်ချက်တက်ပြီး ဘီယာထပ်ဖြည့်သည်။

'ခုထိတော့ ဘာကိစ္စနဲ့မှ အမှည့် မတပ်ရသေးပါဘူး'

'ဟုတ်ပြီ၊ ဒီလိုဆို ဒီမိုကရေစီနိုင်ငံမျိုးမှာ ကျွန်တော် ဘာကို ရင်ဆိုင်နေရတယ်ဆိုတာ သိခွင့်ရှိပါတယ်'



'ဒါကို ကျွန်တော် မငြင်းပါဘူး'

'ဒီမှာ ဒါဒါပါဟို...နိုင်ငံရေးအရ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေကို ခင်ဗျားတို့ စွဲချက်မတင်ဘဲ ဖမ်းလို့ရပါတယ်၊ ဒါပေမယ့် ကျွန်တော်က အမေရိကန်နိုင်ငံသားပါ'

'ခင်ဗျားတို့သံရုံးကို အကြောင်းကြားချင်လား မစ္စတာမူရေး'

မူရေးက ဒါဒါပါဟိုအား ကြည့်လိုက်သည်။ ကိုယ်ကို ရှေ့သို့ ကုန်း၍ စီးကရက်ကို ဆိုးခြေလိုက်သည်။ ဘီယာပုလင်းကိုယူ၍ အနည်းငယ်ငှဲ့၍သောက်သည်။ မျက်နှာက ရှုံ့မဲ့သွားသည်။ သူက မတ်တတ်ထရပ်၍ နံရံတစ်ဘက်သို့ လျှောက်သွားပြီး ပြန်လာကာ စီးကရက်တစ်လိပ်ကို မီးညှိပြန်သည်။

'ခုကျွန်တော်တို့ ဘာလုပ်နေကြတာလဲ ဘာကိစ္စလဲ'

'ထိုင်ပြီးဘီယာ သောက်နေပါလားဗျာ ဒီကျားတံဆိပ်ဘီယာက သိပ်ကောင်းတာ ရေ့ဒ်–တစ်ခွက်လောက် လုပ်လိုက်'

ဒါဒါပါဟိုက ဘီယာအကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း ခရီးသွား လုပ်ငန်းအကြောင်း၊ စသည်တို့ကို ပြောနေပြန်သည်။ အခစခံက တစ်ခါနှစ်ခါမျှ ရောက်လာသည်။ ဒိုတီဝတ်အား ခေတ္တမျှ တွေ့ရပြီး ပျောက်သွားသည်။ ဒါဒါပါဟိုမှာ မစောက်လာ သေးသူတစ်ဦးအား စောင့်မျှော်နေပုံရသည်။

မူရေးက ခေါက်တုန့် ခေါက်ပြန်လျှောက်ကာ ဤသည်မှာ သူတို့၏ နည်းစနစ်လော ထို့နောက်မှ သံးလေးနာရီကြာ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းချုပ်မည်လောဟု တွေးနေမိသည်။ ဒါဒါပါဟိုက နာရီကြည့်လိုက်၊ သူတို့ရောက်နေခဲ့သည်မှာ (၁၅) မိနစ်မျှ ရှိပြီ
သည်။

'ခင်ဗျားရဲ့ အစီ စဉ်က ဘယ်လိုလဲ မစ္စတာမှုခရေး'

'ခင်ဗျားတို့ အစီအစဉ်ကို ပြောပြရင်တော့ ကျွန်တော် အစီအစဉ်လည်း ပြောပြနိုင်တာပေါ့'

'ဟုတ်ပြီလေ ခင်ဗျား (၂၄)နာရီအတွင်း ကလကတ္တား က ထွက်သွားလို့ မရဘူးနော်၊ ဟုတ်လား၊ မနက်ဖန်မှ ကျွန် တော်တို့ ထပ်တွေ့ကြမယ်'

မှုခရေးသဘောမပေါက်ချေ။ စီးကရက်ကို မီးမညှိသေး ပါးစပ်တွင်ခဲကာ ဒါဒါပါဟို၏ နဖူးပြင်ကိုသာ စိုက်ကြည့်နေ မိသည်။

အသေးအယူသည် မည်သို့နည်း။ ခေါ်လာပြီးမှ အဘယ် ကြောင့်ပြန်လွှတ်သနည်း။ ဒါဒါပါဟိုပဲ မိမိအား တစ်နာရီမျှ ထိန်းထားရန်အမိန့်ကိုသာ ရထားပါသလော။ လုပ်ရပ်တို့က လွယ်လှသည်။

'ထွက်ပြေးဖို့ တော့ မကြိုးစားနဲ့နော် မစ္စတာမှုခရေး ကျွန် တော့် အားသမားက ဟိုတယ်ကိုလိုက်ပို့လိမ့်မယ် ညအထိ ဝင်ချင်တယ်ဆိုရင်တော့ သဘောပဲ ပိုလိုအပ်ကာ မိနစ် က သ သစ်တစ်ယောက်ကိုတော့ ကျွန်တော် ထောက်ခံချက် ပေးလိုက် ပါ့မယ်'

'ဟိုတယ်ကို ပြန်ရတာပဲ ကောင်းပါတယ်ဗျာ'



ဒိုတီဝက်နှင့် ငနဲမှာ အပေါက်ဝတွင် စောင့်နေသည်။ ကားအထိ ဒါဒါပါဟိုက လိုက်ပို့သည်။ အပြန်လမ်းဝယ် မှုခရေးမှာငြိမ်၍ အတွေးကြွယ်ပါသည်။ သူ့အား မေးမြန်း ရန်အစပျိုးပုံ။ ရောက်ခဲ့သည့် နေရာတွင်၊ ပြင်ပမှ အဆက် အသွယ်မရှိပုံတို့က စဉ်းစားစရာဖြစ်သည်။ ရှင်းတို့ တစ်ခုခုသိ ထားသည်က သေချာလှသည်။

မှုခရေးက ဟိုတယ်သို့ ဝင်လာသည်။ စာအုပ်ဆိုင်တွင်ပင် ဟောက်(၈) မဂ္ဂဇင်းအား ထုံးမိုးစိမ့် လှန်လှောကြည့်နေ သေးသည်။ ထို့နောက် အပေါက်ဝသို့ ပြန်လျှောက်လာ သည်။

ရထားနားဆိုင်မှာ ပေါ်က်ထား။ မှုခရေးဝင်သွားသည့် အခါ ကိုကိုင်ဟပ်အရပ်ရှည်ရှည် အရောင်းစွာစရေးက ဦးညွှတ်နှုတ် ဆက်သည်။ မှုခရေးက သူ၏ အိုဗာဒိုနာရီကို ချွတ်လိုက်သည်။

'ရွတ်အခါ ဖြန့်င်း ကျွန်တော့်နာရီက တစ်ခုခုဖြစ်နေပုံ ရတယ် အပူချိန်ကြောင့်ပဲဖြစ်တယ် ဒီနာရီကို ဝယ်ယူဘူ များ မရှိဘူးလား'

'ကျွန်တော့် ကိုး ပြပါဦးဆရာ'

မှုခရေးကလှမ်းပေးလိုက်သည်။

'ကျွန်တော့်နာရီက အပိုးတန်ပါတယ် ဘယ်လိုပဲဖြစ်ဖြစ် ဒါကို ကျွန်တော်မလိုတော့ဘူး ခင်ဗျား ဝယ်ယူဆိုရင်လည်း ယူထားလိုက်ပါ'

စာရေးက နာရီကိုင်၍ ကြည့်ပြီး တွေနေပုံသည်။ ထို့နောက် မော့ကြည့်ပြီး ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့က တစ်ပါတ်ရစ်တွေကို မကိုင်ဘူးဆိုတာ ဆရာတွေ့ပါတယ် နာရီကလည်း ကျွန်တော်တို့ လိုင်းမဟုတ်ဘူး'

'ဟုတ်ပါတယ် ကြည့်လုပ်ဘာပေါ့ နာရီကို ကျွန်တော် ထားခဲ့မယ် ကျွန်တော့် အခန်းက (၃၂၆)ပဲ'

မှူးရေးက သော့မှန်ပါတ်ကို ပြလိုက်သည်။

နာဒမည်က မှုရေးပါ အမြန်ဆုံးသာ ကြိုက်သလိုလုပ်ပေတော့ ကျွန်တော့်မှာ အချိန်သိပ်မရဘူး'

မှုရေးက ထွက်လာသည်။ ဓာတ်လှေကားဖြင့် အပေါ်ထပ်သို့တက်သည်။ စကြံလမ်းထောင့်ဝယ် ရေဒီယိုသံနှင့် အခန်း ၀.စ်ခန်းမှ အမျိုးသမီးတစ်ဦး၏ ရယ်သံကိုကြားရသည်။

သူက သော့အိမ်ထဲသို့ သော့ကိုထည့်ပြီး အမျိုးသမီးရယ်သံကိုနားစွင့်နေသေးသည်။ စွဲဆောင်မှုရှိပေစွ။ တံခါးကိုဖွင့်၍ ဝင်လိုက်သည်။ အချိန်ကရှစ်နာရီကျော်ရုံသာ ရှိသေးသည်။ လက်ဆွဲသေတ္တာကိုဖွင့်သည်။ ရှပ်အင်္ကျီနှစ်ထည်နှင့် ဘောင်းဘီနှစ်ထည်ကို ကျစ်ကျစ်လစ်လစ်ကာ လက်ဆွဲအိတ်ကလေးတစ်လုံးသို့ ပြောင်းထည့်သည်။ မုတ်ဆိတ်ရိတ်ကိရိယာနှင့် သွားပွတ်တန်ဆောသည်တို့ကိုလည်း ထည့်သည်။

ထိုအချိန်ဝယ်၊ တံခါးခေါက်သံ ပေါ်လာသည်။

'ဝင်ခဲ့ပါ'

အသက် (၅၀)မျှရှိ၊ အိန္ဒိယအမျိုးသား တစ်ယောက်ဝင်လာသည်။ သူက တံခါးကို ပြန်ပိတ်သည်။



'ခင်ဗျားရဲ့နာရီကို ရောင်းချင်တယ်လို့ ကျွန်တော့်မိတ်ဆွေက ပြောပါတယ်'

'ဟုတ်ပါတယ်'

မိမိမျှော်လင့်သည်ထက် မြန်လှကြောင်း၊ မှုရေးတွေးလိုက်မိသည်။

'ခင်ဗျားအတွက် ဝယ်မယ့်သူကို ကျွန်တော် ရှာနေပါတယ်'

'အင်း....သိပ်အပင်ပန်းမခံပါနဲ့ဗျာ ဒီကိစ္စ ခင်ဗျားနဲ့ဆိုင်တော့ ရှုပ်းဘာစ်ထောင်နဲ့သာ ယူလိုက်ပါ၊ မြန်ဖို့ပဲလိုတယ်'

အိန္ဒိယလူမျိုးကပြုံးသည်။' ကျွမ်းမျှဇွေကို သုံးလိုဟန်မတူ။

'ကျွန်တော် ဒီလောက် မချမ်းသာပါဘူးဗျာ'

သူက အိတ်ထဲမှ နာရီကို ထုတ်လိုက်သည်။

၁၅ မိနစ်မျှ ကြာသောအခါ မှုရေးတို့မှာ ၆၅၀ နှင့် တည့်သွားကြသည်။ ဝယ်သူက တခဏမျှထွက်သွားပြီး၊ စောင့်ပေနေသည့် ငွေစက္ကူတစ်ထပ်ကို ယူလာပြီးရေတွက်၍ပေးသည်။

မှုရေးက အချိန်ဖြုန်းနေသေးသည်။ ထို့နောက်မှ သော့အင်္ကျီအိတ်ထဲထည့်၍လက်ဆွဲအိတ်ကလေးကို ဆွဲကာအောက်ဆင်းခဲ့သည်။ သူက ဟိုတယ်မှ ကိုက်နှစ်ရာမျှအထိ လျှောက်ပြီး အငှားကားကို ခေါ်သည်။ သူ ဝင်ထိုင်လိုက်သည် ကားက တစ်ရှိန်ထိုးမောင်းတော့သည်။

www.burmeseclassic.com



မိုင်ဝက်မျှ ရောက်ပြီးမှ ကားသမားက နောက်သို့လှည့်မကြည့်ဘဲ မေးသည်။

'ဘယ်ကို သွားမှာလဲ ဆရာ'

'လေဆိပ်'

ကားသမားက ဘာမှမပြော၊ ကားဘရိတ်ကို နင်းသည်။ အလှန် ပျင်းရိစွာဖြင့် ကားကို ပြန်ကွေ့သည်။ အမှောင်ထဲသို့ မူရေးက ငေးကြည့်နေသည်။ လေဆိပ်၏ ပစ်မ ခန်းမမှာ တစ်ဝက်မျှပင် လူမရှိ။ မှိန်ပျပျ မီးရောင်အောက်ဝယ် စိတ်ရှင်လန်းစရာ မတွေ့ရ။

'စင်းလုံးငှား ခရီးစဉ် ဟုတ်လား'

စုံစမ်းရေးဌာနမှ လူက မေးသည်။

'ဟိုသာဘက်ကို ကွေ့သွားပြီး အိန္ဒိယလေကြောင်းမှာမေးကြည့်ပါ'

အိန္ဒိယလေကြောင်းမှ တာဝန်ကျမှာ စားပွဲတွင် ရှိမနေ။ အခြားအိန္ဒိယလူမျိုး ခရီးသည် နှစ်ယောက်နှင့်အတူ မူရေးက စောင့်ရသည်။ ဒါဒါဟိုထံသို့ သတင်းရောက်မသွားပါက သူ့အတွက် အခွင့်အလမ်း ရှိနိုင်သည်။

'ဪ... မစ္စတာ မူရေးပါလား'

ခရီးစဉ် ကြီးကြပ်ရေးမှူးက သူ့ထံသို့ လျှောက်လာသည်။

'ဘယ်လို ကိစ္စလဲဗျ မြို့ထဲကို ရောက်သွားပြီးမဟုတ်လား ဟိုတယ် တစ်ခုမှာ တည်းနေပြီလို့ အောက်မေ့မိတာ'

'ကျွန်တော်က စင်းလုံးငှား ခရီးစဉ်တစ်ခု လိုချင်လို့ပါ



'ဟုတ်လား၊ မနက်ဖြန်မနက် ရှစ်နာရီအထိ မရှိသေးတာ ဆိုးတာပဲ၊ ဒီခရီးစဉ် တွက ညရှစ်နာရီနဲ့ မနက်ရှစ်နာရီကြား မရှိဘူး'

'ကိုယ်ပိုင်လေယာဉ်နဲ့ လိုက်ပို့တာမျိုးကော'

'ဒီအချိန်မှာတော့ မရှိဘူး'

'မနက်ဖြန် မနက် ရှစ်နာရီမှာ ကျွန်တော့်အတွက် စီစဉ်ပေးနိုင်မလား'

'ဘယ်ကိုလဲ၊ ကရာချီကိုလား... ကျွန်တော် ကြည့်လိုက်ဦးမယ် မစ္စတာမူရေး ခဏ ဒီကစောင့်ဗျာ'

မူရေးက ခေါင်းတာမှ ခွာကာ ပတ်ဝန်းကျင်အား အကဲခတ်သည်။ ဆယ်မိနစ်မျှကြာသောအခါ အိန္ဒိယလေကြောင်း နီးဖောင်းဝတ် တစ်ဦး ရောက်လာသည်။

ယူ

မစ္စတာမူရေး ဆိုတာလား ဒီဘက်ကို ကြွပါ'

ထိုသူ လမ်းညွှန်ရာအတိုင်း မူရေးကအခန်းတစ်ခုထဲသို့ ဝင်လိုက်သည်။ ခရီးသည်များ နားနေခန်း ဖြစ်ပုံရသည်။ ဥရောပဝတ်စုံနှင့် အိန္ဒိယ လူမျိုး တစ်ယောက်သာ ထိုင်နေသည်။ ၎င်း၏ ခြေရင်းတွင် လက်ဆွဲအိတ်တစ်လုံးရှိသည်။ ပေါင်ပေါ်ဝယ် မဂ္ဂဇင်းနှင့် သတင်းစာများ ရှိနေသည်။

တိုပုဂ္ဂိုလ်မှာ ကြည့်ကောင်းသူ တစ်ဦးဖြစ်သည်။ မည်းနက်သော ဆံပင်လှိုင်းတွန့်တို့က သိပ်သည်းလှသည်။ ခေါ်ထားရသော မေရိုးကား ကား၊ မျက်နှာပိုင်ရှင်ဖြစ်သည်။ မူရေး အခန်းထဲ ဝင်လာစဉ် ထိုသူက မော့ကြည့်ကာ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဂွတ်အာ ီးဗီးနင်း'

'အာ ီးဗီးနင်း'

မူရေးက တွန့်ဆုတ်ဆုတ်ဖြင့် ပြန်နှုတ်ဆက်မိသည်။

'ကျွန်တော့်ကိုယ် ကျွန်တော်ပဲ နှုတ်ဆက်တော့မယ်ဗျာ၊ ကျွန်တော့်နာမည်က ဝိယာနဂ္ဂပါ၊ ဒီည ခင်ဗျားနဲ့ ဒါဒါဟို တို့ စကားပြောနေတာ တွေ့မိလိုက်ဘယ်ထင်တယ်၊ ဂရင်းဟိုတယ် ရှေ့မှာလေ၊ ခင်ဗျားလို့ပဲ ထင်တာပဲ'

'သူက ကျွန်တော် မိတ်ဆွေဟောင်းကြီးပဲ၊ လူကောင်းတစ်ယောက်ပါ၊ ခုညဒီကို ကျွန်တော်လာမယ်ဆိုတာ သူသိလို့ ဖုန်းလှမ်းဆက်တယ်၊ ခင်ဗျား ပုံပန်းကိုပြောပြပြီး ခင်ဗျားနဲ့ တွေ့ခဲ့လို့ရှိရင် ခင်ဗျား ထွက်သွားမှာကို မလိုလားကြောင်း လုံးဝမလိုလားကြောင်း ပြောပေးဖို့မှာတယ်'

'ခင်ဗျားကို သူသိပ်တွေ့ချင်နေပုံပဲ၊ ခင်ဗျားနဲ့မနက်ဖြန်တွေ့ဖို့ ချိန်းထားတယ်လို့တောင် ပြောခဲ့သေးတယ်'

'အဲဒီလိုလား'

'ဟုတ်ပါတယ်'

'ခင်ဗျားက ဘယ်သူလဲ'

'ဒါဒါဟို့ရဲ့ မိတ်ဆွေရင်း တစ်ယောက်ပဲ'

'ဟုတ်လား....ဘယ်လောက်ရင်းသလဲ'

'သိပ်ကို ရင်းနှီးတယ်လို့ ပြောလို့ရပါတယ်'

'သွားသေလိုက်ပါလား မစ္စတာဝိယာနဂ္ဂ'

မူရေးက လှည့်ကာ ဒီ-သရီး အမှတ်အသားပြထားသည့် တံခါးပေါက်ရှိရာသို့ ခြေလှမ်းကျဲကျဲလှမ်းလိုက်သည်။



'ကျွန်တော့်မှာ သေနတ် ရှိနေတယ် မစ္စတာမူရေး ဒါကို အသုံးပြုရရင်လဲ ဝမ်းနည်းမှာမဟုတ်ဘူး၊ သေနတ်က ကာယီဘာခြောက်လုံးပြူးဆိုတော့ ကြီးတယ်၊ ဒါပေမယ့် ကျွန်တော်က ကျွမ်းကျင်ပါတယ်'

မူရေးက ခြေနှစ်လှမ်းမျှ ဆက်လှမ်းပြီး လှည့်ကြည့်သည်၊ ဝိယာနဂ္ဂမှာ ပြုံးကြည့်နေ သည်။ လက်တစ်ဘက်က မဂ္ဂဇင်း တစ်အုပ်အောက်ဝယ် ရှိသည်။

'ဒီကိစ္စက သိပ်တော့မကောင်းပါဘူးဗျာ၊ ဝမ်းနည်းစရာပဲ'

မူရေးက ရပ်ကာကြည့်သည်။

'ဒီဓတာ့ ခင်ဗျားဟာ သေနတ်သမား ဝိယာနဂ္ဂပဲပေါ့'

'ဟုတ်ပါတယ်.... ခင်ဗျားနဲ့ ဒါဒါဟိုတို့ ချိန်းထားတာ ...ျက်ဖို့ သတိပေးပါရဲ့ဗျာ'

'တကယ်လား'

'ကျွန်တော် တကယ်ပြောနေတာဗျ'

မူရေးက ထိုသူထံသို့ ခပ်ဖြည်းဖြည်းပြန်လျှောက်လာသည်။ ...နှင့် လေးပေမျှအကွာတွင် ရပ်လိုက်သည်။

'ကဲ....ခု ဒီမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဆီကို ကျွန်တော် ...ဘာဖြစ်... မသွားကြတာလဲ၊ ခု သွားတွေ့ကြမယ်လေ... ...ျားနဲ့ကျွန်တော် သွားတွေ့ကြမယ်'

...ိယာနဂ္ဂက ရယ်လိုက်သည်။

...ရှိတာဆီသွားတာ ပိုမကောင်းဘူးလား၊ သူတို့ကို ရှာရ ... သွယ်ပါတယ်၊ ဟိုတံခါးပေါက်က ထွက်သွားကြရုံပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဩော်....စကားမစပ်ဗျာ၊ ကျွန်တော်က သေနတ်ကို လိုင်စင်နဲ့ ကိုင်တာနော်'

'ကဲ....လာလမ်းအတိုင်း ပြန်ထွက်ပြီး ကားတစ်စီးငှား၊ နောက် ဟိုတယ်ပြန်ပြီး ဒါဒါ ဟို ယာဉ်တွေကဲ့အထိ စောင့်နေပါလား၊ ကျွန်တော်ကတော့ မလှမ်းမကမ်းက လိုက်လာမယ်၊ ဗယုတ်ဗယာတွေတော့ မလုပ်လေနဲ့'

မူရေးက စီးကရက်ကို ထုတ်သည်။ နှုတ်ခမ်းထောင့်တွင် ချိတ်၍ မီးညှိသည်။ မီးခိုးငွေ့များကြားမှ ဝိဇယာနန္ဒအား ကြည့်သည်။ ပန်ကာကမလည်သဖြင့် မီးခိုးငွေ့တို့မှာ အပေါ်သို့ တန်းကာ တက်နေသည်။

'သေနတ်နဲ့ပြေးလွှားနေတဲ့ လူတစ်ယောက်ကို ပစ်ဖို့ဆိုတာ သိပ်မလွယ်ဘူးနော်၊ သူ့ကို ဒဏ်ရာရရုံလောက်သာ ပစ်လို့ထိမယ်၊ သေအောင်တော့ မထားနိုင်ဘူး၊ အထူးသဖြင့် ကာယီကာ အမျိုးအစားလို သေနတ်ပြေးနဲ့ အတိအကျ ချိန်ပစ်နိုင်ဖို့က လွယ်မယ်ထင်သလား'

'ကျွန်တော့်အဖို့ လွယ်ပါတယ်၊ ခင်ဗျားအံ့သြသွားမယ်၊ ကျွန်တော် ဘယ်လောက် တည့်တယ်ဆိုတာ ခင်ဗျားတွေ့မယ်၊ သေနတ်ကို ကျွန်တော်သုံးလိုက်ရင် ဒီလေဆိပ်ထဲက ခင်ဗျား မထွက်နိုင်ဘူးလို့ ကတိပေးပါရဲ့ဗျာ၊ သေနတ်နှစ်ချက်လောက် ပစ်လိုက်ရင် ခင်ဗျားအဖို့ ဖြေရှင်းစရာတွေ ရောက်လာလိမ့်မယ်'

'ခင်ဗျားဆီက သေနတ်ကို ကျွန်တော် ယူနိုင်မယ် ဆိုရင်ကောဗျာ'



သေနတ်သမားက ပြုံးလိုက်သည်။

'ခင်ဗျား အတွက်မှားတာပဲ၊ ကျွန်တော်က လှည့်စားတတ်တဲ့လူ မဟုတ်ပါဘူး၊ ခင်ဗျား ထွက်မသွားနိုင်တာကို တံခါးပေါက်ကလူက တွေ့ပါလိမ့်မယ်'

မူရေးက တံခါးဆီသို့ မျက်ခုံးဆန့်ကြည့်လိုက်သည်။ ဒီတက်တစ် မက်ဂိုလ်က ရှိနေသည်။

မူရေး ငြိမ်ရပ်ကာ ဝိဇယာနန္ဒအားကြည့်သည်။ စီးကရက်အား အတန်ကြာ ရှိုက်ဖွာလိုက်သည်။ ဆောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ဒီတက်တစ်ကိုကြည့်ကာ ဝိဇယာနန္ဒအား ပြန်ကြည့်သည်။ ဝိဇယာနန္ဒက တကယ် လုပ်တော့မည့်ပုံဖြင့် ကြည့်နေသည်။

'ကောင်းပြီလေ ...ကျွန်တော့်အစီအစဉ်ကို ပြောင်းလိုက်ပါပြီ'

မူရေးကလှည့်ကာ ထွက်လာသည်။ နောက်မှ ဝိဇယာနန္ဒ လိုက်လာသံကို ကြားရသည်။ (၄၅) မိနစ်မျှ အကြာဝယ် ဝရင်ဟိုတယ်သို့ ပြန်ရောက်သည်။

× ×

www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်လမ်းစဉ် (၂)

သူက အပြင်တွင် တစ်နာရီမျှ အချိန်ဖြုန်းခဲ့သည်။ ချမ်းအေးလှစွာပင် မြောက်ဘက်သို့ လမ်းလျှောက်ခဲ့သည်။ ဟိုရာတာဘားပေါ်မှနေ၍ ပတ်ဝန်းကျင်သို့ ငေးကြည့်နေမိသည်။

သူက အတန်ကြာမျှ လျှောက်သွားနေပြန်သည်။ ဟိုတယ်တွင် ဒါဒါဟို စောင့်နေပြီလော။ သို့မဟုတ် မှာစရာရှိသည်ကို မှာထားသလောဟု တွေးမိသည်။ အငှားကားတစ်စီးကိုတား၍ ဟိုတယ်သို့ ပြန်လာခဲ့သည်။

ကယ်သီဖုန်းက ညနေလေးနာရီတွင် မြည်လာသည်။ ဖုန်းသံကြောင့် အိပ်ရာမှနိုးလာသည်၊ မူရေးမှာ အာခေါင်များခြောက်နေသည်။ နေ့လယ် အိပ်ရာမှနိုးလျှင် ကြုံရတတ်သော မကြည်မသာစိတ်ဖြင့် အခန်းအား ကြည့်နေမိသည်။

ဖုန်းကမြည်လာပြန်သည်။ သူက လှမ်းယူလိုက်သည်။

'ဟယ်လို'



'ဟဲလို… မစ္စတာမူရေးလား၊ ဒါဒါဟိုပါ၊ အခုနှောင့်အယှက်ပေးမိသလိုတော့ မဖြစ်ပါဘူးနော် သေချာရဲ့လား၊ လက်ဖက်ရည်သောက်နေတာ ထင်တယ်၊ ကျွန်တော်တို့ရဲ့မြို့မှာ နေတုန်း အားလုံး အဆင်ပြေစေချင်ပါတယ်ဗျာ'

မူရေးက ဖုန်းကို နားမှခွာလိုက်သည်။ အသံကို မကြားရဘော့။ တံတွေးမျိုချပြီး ဘေးစားပွဲပေါ်မှ ဓာတ်ဘူးကို လှမ်းယူသည်။ ဖုန်းကို ဘေးတွင် ချထားလိုက်သည်။ ဒါဒါဟိုက စကားပြောနေဆဲဖြစ်သည်။ ဓာတ်ဘူးထဲမှ ရေခဲရည်ကိုဖန်ခွက်ထဲထည့်သည်။

'ဟယ်လို….ဟယ်လို….ဟယ်လို'

'ရှိပါတယ် ဘာလဲဗျ'

'လိုင်းပြတ်သွားပြီ အောက်မေ့တာ၊ ကျွန်တော် ကဆရာ ခင်ဗျားဆီလာနေပြီလို့ ပြောမလို့ပါ၊ ဆယ်မိနစ်လောက်ဆိုရင် သူရောက်ပြီ၊ ခင်ဗျားကို ဒီခေါ်လာဖို့ သူ့ပြောထားတယ်'

'ဘယ်ကိုလဲ'

'ဒီကိုလေ…ဒီ အာခ-အိုင်ကိုပါ၊ ညနေတော့ ကျွန်တော်တို့အပြင်ထွက်ပြီး ဟိုနားသည်နားသွားပြီး တစ်ခုခုစားမယ် ဒါမှမဟုတ် ဇီအိုင်အာကိုပဲသွားမယ်'

'ကလေးကစားစရာ အေနတ်နဲ့ ခင်ဗျားမိတ်ဆွေတော့ အဲဒီမှာရှိဦးမှာလား'

ဒါဒါဟိုက ရယ်လိုက်သည်။

'ရှိမနေပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သူကဖုံးကိုချက်ချင်း အဆက်အသွယ် ဖြတ်လိုက်သည်။

ဒါဒါဟို ပြောသည့်နေရာမှာ အဘယ်နည်း။ ဒေသခံ ထောက်လှမ်းရေးတပ်ဖွဲ့ခလား။ မူရေးက ကုအင်စောင်းတွင် ထထိုင်ကာ ဖုံးလမ်းညွှန်စာအုပ်တွင်ရှာကြည့်သည်။ မတွေ့ရ။ မတွေ့ရသည့်မှာလည်း မဆန်းချေ။ သူကခရေချိုးရ၍ အဝတ် အစားကို ခပ်ဖြည်းဖြည်းလဲသည်။ ရှပ်အကျီအပြာလက်တို၊ ဘောင်းဘီရှည်အညိုနှင့် ဘိနပ်အညိုကိုစီးသည်။

အဝတ်အစားဟောင်းမှ ဘောပင်အပါအဝင် ပစ္စည်း များကို ပြောင်းထည့်သည်။ ကားရောက်နေပြီကို အောက် ထပ်ညွှန်ကြီး စားပွဲမှ အကြောင်းမကြား။ ငါးမိနစ်မျှနေပြီးမှ ဂျာကင်ကို ပုခုံးပေါ်တင်၍ ဆင်းလာခဲ့သည်။

ခြံဝန်းထဲဝယ် ဒီတီဝတ်ပုဂ္ဂိုလ်အား ရှပ်အကျီ၊ ဘောင်း ဘီရှည်တို့ဖြင့် ကြွက်တူရွှေးလှောင်အိမ်များ အနားတွင်တွေ့ သည်။ ကားသမားက ကားပေါ်မှ ဆင်း၍ တံခါးဖွင့်ပေးရ သည်။ မူရေးက ကားပေါ်တက်လိုက်သည်။ ကြွက်တူရွှေး လှောင်အိမ်ဘေးမှ ပုဂ္ဂိုလ်ကလည်း ရှေ့ခန်းတွင် ဝင်ထိုင် သည်။

(၁၅) မိနစ်မျှ ကားမောင်းသွားပြီးနောက်၊ ရပ်လိုက် သည်။ ရှေ့ခန်းမှလူက တံခါးလာဖွင့်ပေးသည်။ အဆောက် အဦးဝင်ပေါက်ဘေးရှိ ဆိုင်းဘုတ်ကို ဖတ်ကြည့်သည်။ 'ဝီ- အချာယာ ကော်ပိုရေးရှင်း' ငွေကြေးတ…နှုန်းခံများ၊ ဘဏ် လုပ်ငန်းရှင်များ၊ စာရေးကိရိယာနှင့် ဘီယာခွက်ကုန်သည် များ။ သိပ်မနိုပ်လှသေး။

အ…ဘုက်သို့ ဝင်သွားသည်။ အခြားဆိုင်းဘုတ် လေး …ခုကိုတွေ့ရပြန်သည်။ 'ဇီဝန်ဝါးလား သုတေသ…လုပ်ငန်း …တိယထပ်၊ ဒီ-အာ-အိုင်ဆိုသော စာလုံးနှင့် ဤအရာကမှ …ညီသည်။ မူရေးကမဲ့ပြုံးလေးပြုံးမိသည်။

အောက်ထပ်များတွင် လူမတွေ့ရသော်လည်း၊ တတိယထပ် …င် အစောင့်ကို တွေ့ရသည်။ သို့သော်ကားနှင့်ပါလာ သူက …မှ ဦးဆောင်ကာ အခန်းတံခါးတစ်ခုကို ဆွဲဖွင့်ပေးလိုက် …။ …ထဲမှ ဒါဒါဟိုက ထိုင်ရာမှထလာကာ ဆီးကြိုသည်။

[illegible]

မူရေးက စီးကရက်တစ်လိပ်အား မီးညှိသောပဲ နှုတ်ခမ်း …င် ချိတ်ကာ အခန်းအား အကဲခတ်သည်။ စားပွဲကြီးတစ် …းနှင့် ကုလားထိုင်များ၊ သစ်သား/ဗီရိုများ၊ နံရံတွင် …ပွားရေး ကြော်ငြာပြက္ခဒိန်တစ်ခု / ခန်းဆည်းများ မရှိ၊ …နောက်စားပွဲတွင် ဖန်ကာတစ်လုံး။

အခန်းကိုကြည့်ရသည်မှာ ဇိမ်ခံပုံစံရာမရှိ။ မူရေးကထိုင်ချ လိုက်ပြီး စီးကရက်ကို မီးညှိသည်။ ဒါဒါဟိုက စားပွဲနောက်ရှိ ကုလားထိုင်တွင် ပြန်ထိုင်သည်။

'နောက်ပိုင်းမှာ ပေါ် (လ်) ရိုင်ဘာကို ခင်ဗျားတွေ့သေး သလား မစ္စတာမူရေး'

'တွေ့…ယ်… လွန်ခဲ့တဲ့ သုံးပတ်လောက်ကပဲ'

ဤသို့…င် စကားက လျှင်မြန်စွာ စလိုက်ကြသည်။

'ဘာဖြစ်လို့ မေးတာလဲ ဒါဒါဟို'

'စိတ်ဝင်စားလို့ပါ…ခင်ဗျား မိတ်ဆွေပုံ မ…တ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ'

'သူဘာလုပ်နေသလဲ'

'သူဘာလုပ်နေတယ်ဆိုတာ ခင်ဗျား မသိဘူးလား'

'ခင်ဗျားဆီက ကြားချင်လို့ပါ'

'ဒါဆိုရင်လဲ ပြောရတာပေါ့ဗျာ ခုအချိန်ဆိုရင် သူ... ဖဒလာ်ဖီဒါ ပြည်နယ်က ကေးယက်ကီးမြို့မှာ ဒါမှမဟု... အခြားတစ်နေရာရာမှာ စားသောက်နေပြီ သူကအစား... တယ်ဗျ သူ့ကို ဂျူရီအဖွဲ့ကိုလာဘ်ထိုးဖို့ လုပ်လို့ ဖမ်းဖို့... သေးတယ် ကျွန်တော်သိသလောက်ကတော့ ဒဏ်ငွေပဲအ... ခံလိုက်ရတယ်'

'ကားတစ်လိပ်(ခ)ကကော'

မူရေးက ရယ်ကြဲကြဲ လုပ်ပြသည်။

'ခင်ဗျားက နာမည်အစုံသိနေတော့တာပဲနော် သူ့... ကခကော ဘယ်လိုလဲ သူကရှေ့နေကောင်း တစ်ယောက်ပဲ... သူ့လိုတော်တဲ့ ရှေ့နေဘဲ့ ဒီနိုင်ငံမှာ ခင်ဗျား သုံးလို့ရ... တယ် ဒါဒါပါဟို'

'ကျွန်တော်တို့ ရန်စကား မပါဘဲပြောလို့ ဖြစ်ပါတ... မူရေး'

မူရေးက ဆတ်ကနဲဖော့ကာ၊ ဒါဒါပါဟို၏ မျက်နှာ... ကြည့်လိုက်သည်။ သဲ့သဲ့လေးပြုံးပြသည်။

'ကျွန်တော် မိန်းမက အတ္တလန်တစ်မြို့သူပါဆိုတဲ့ ဇာ... လမ်းဟောင်းကြီး ဒီနေ့မပါတော့ပါလား ကိုယ့်ကိုကို... စိတ်အလုပ်ရှာ မခံစမ်းပါနဲ့ ဒါဒါပါဟိုလိုရယ်'



...ဒါဒါပါဟိုမှာ စိတ်ကိုပြန်ထိန်းလိုက်သည်။

'ယိ(ခ)နဲ့ တွေ့တာ ဘယ်တုံးကလဲ'

'နေဦး—စဉ်းစားဦးမယ် အင်း (၇) လလောက်ရှိပြီထင်...'

'ဘာကိစ္စ ဆွေးနွေးကြတာလဲ'

'ကျွန်တော့် ကိုလွှဲပေးဖို့ရှိတဲ့ မေါက်ကရချစားမှုတစ်ခု... ကဲပါ ဒါနဲ့ ကျွန်တော်လဲ ယိ(ခ) ကို သွားတွေ့ရ... ပေါ့သူကစီစဉ်ပေးပါတယ်'

'ကိစ္စက နှစ်ပါတ်အတွင်း ပြတ်သွားမယ် တရားစွဲဘဲ... ယောက် ရှေ့နေချုပ်ဖစ်ရှာက ရာထူးရပြီး အုတ်အော်... ...င်းနင်းဖြစ်အောင် သူ့ကိုယ်သူ ကြော်ညာချင်လို့ ပါ... ...)က ဆော်လိုက်တော့ အော်သွားတာပေါ့'

'အဲဒီကိစ္စပြီးပြီးခြင်း ခင်ဗျားနဲ့ အာနိုးမက်ကင်ဖဲ့တို့ ငါး... ...ဆိုပြီး ခရီးထွက်တာကော မှန်သလား'

မူရေး၏မျက်လုံးများကကျဉ်းမြောင်းသွားသည်။ ပါး... ...ဝီးကရက်ကိုချွတ်၍ ဒါဒါပါဟိုအား အတန်ကြာ စိုက်ကြည့်... ...သည်။

'ဘယ်သူနဲ့လို့ ခင်ဗျားပြောလိုက်သလဲ'

'ကျွန်တော်ပြောတာ ခင်ဗျားကြားပါတယ်၊ အာနိုးမက်... ...နဲ့လေ'

'...ါက ဘာသဘောလဲ ဒါဒါပါဟို'

'...မေးတာကို ဖြေစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'မက်ကင်ဖဲလေတော ဆယ့်ရှစ်လရှိပြီ၊ ခိုးမှုကြီးတစ်ခုနဲ့ ဖမ်းခံရပြီး စီရင်ချက်ချ ထောင်ဒဏ်ခံနေရတာ ဒါကို ခင်ဗျားမသိဘူးလား၊ ဘာသဘောလဲ ဒါဒါပိုတို့ သဘောလဲ၊ ကိုယ်အလုပ်နေတယ် ဆိုတာကော ကိုယ်သိ လား'

ဒါဒါပိုက စားပွဲပေါ်မှ လက်ဖက်ခွက်ကို ဆောက် ရှေ့သို့ ကိုယ်ကိုကုန်းကာ မှုရေးအား စူးရဲစွာ ကြည့်လိုက်သည်။ တဖြည်းဖြည်းချင်း စိတ်လျော့သွားကာ ကုလားထိုင် နောက်မှီသို့ သက်သက်သာသာ မှီထိုင်လိုက်သည်။ ကုလားထိုင်မှ ကျွီခနဲ အသံက ထွက်လာသည်။

'ဒါဆိုရင်တော့ အာနိုးကို ရဲက မိသွားတယ်ပေါ့'

'ခင်ဗျားမရလိုက်တဲ့ သတင်းတစ်ခုပဲ ထင်တယ်၊ သနား ပါရဲ့ဗျာ၊ ဘယ်လိုလုပ် ဒီသတင်းကို ခင်ဗျားမရခဲ့တာလဲ၊ အာနိုးဟာ လူကောင်းတစ်ယောက်ပဲ၊ သူ့ကို ခင်ဗျား သဘောကျ ခဲ့တယ် မဟုတ်လား'

'ကမ္ဘာပေါ်မှာ အတော်ဆုံး လူတစ်ယောက်ပဲလို့ ကျွန် တော်ယုံတယ်'

စကားက ပြတ်သွားကြသည်။ ဒါဒါပိုက ဘယ်လက်ဖြင့် ပန်ကာ၏ အလည်ခေါင်သို့ ရွှေ့သည်။

'ခင်ဗျားဟာ ညီးမညာပိုင်းအရ ဖြစ်မဆားကျက်ရေ မေရိကန်နိုင်ငံကူးလက်မှတ်ကို ကြာရှည်ကိုင်နိုင်တော့မယ် ဘူး မှုရေး'



'ဒါကို ဖျက်ဆီးပစ်လိုက်လို့ ရပါတယ် ပါဒမောကျကြီး ခင်ဗျား'

'ခင်ဗျားရဲ့ နိုင်ငံကူးလက်မှတ်ဟာ ကာရာကာ(ခ) သံရုံးမှာ အာသစ်လဲတုန်းက အသိမ်းခံခဲ့ရတာပဲ။ အမေရိကန်ပြည် ထောင်စုကို ပြန်နိုင်ဖို့အတွက်ပဲ ယာယီထောက်ခံစာ ရခဲ့တယ်'

'ခင်ဗျားတို့ရဲ့တွေဟာ ဘယ်လိုလုပ် သတင်းကို ရှုပ်ရှုပ် တွေ့ထွေး ရသလဲမသိဘူး၊ ကျွန်တော်လက်မှတ် အသိမ်းခံရ တာ မှန်တယ်၊ ဒါပေမယ့် ပြည်နှင်ဒဏ်ကြောင့် ကျွန်တော် မကျူး လွန်ခဲ့ရတဲ့ ပြစ်မှုစွပ်စွဲချက်ကို စုံစမ်းပြီး လွတ်တော်ကစစ် ဆေး ချက်အရ ရုပ်သိမ်းခဲ့တယ်ဗျ၊ ဒါက ခင်ဗျားတို့ မှတ်တမ်း တွေထဲမှာ တွေ့ရပါလိမ့်မယ်'

ဒါဒါပိုက မထမဦးဆုံးအကြိမ် ပြုံးလာသည်။

'ခင်ဗျား အခုပြောတဲ့ စည်းရုံး [illegible] တဲ့ လွှတ်တော်အမတ်ကို သွဲ့သွင်းပြီး ကိုစ္စရှင်းခိုင်းလိုက်တာလို့ပဲ'

'ခင်ဗျားတို့ဆီက လူတွေထက် အမေရိကန် လွှတ်တော်အ မတ်နဲ့ ပြည်နယ်အရာရှိတွေကို လာဘ်ထိုးရတာ ပိုခက်တယ်ဗျ ဒါဒါပို'

ဒါဒါပိုက ရေးမှတ်နေစဉ် တံခါးပွင့်သွားပြီး အရပ် ရှည်ရှည် အသားအနည်းငယ်ဖြူ၍ ဆံပင်မျိုင်းမျိုင်းနှင့် လူတစ် ဦးဝင်လာသည်။ ဒါဒါပိုက ဖျတ်ခနဲ ထရပ်ပြီး သူ့အား [illegible] နှုတ် ဆက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂွတ်အာဖတာနန်းဆရာ....ကျွန်တော်တို့စနေတာ အတော်ကြာသွားပြီ၊ ဟော့....ခုံတစ်လုံး ယူခဲ့ပါ၊ ဒါက ကျွန်တော်တို့ ညွန်ကြားရေးမှူး မင်္ဂတာ ချန်ဒါပါ'

'ဘာညွှန်ကြားရေးမှူးလဲဗျ၊ ဒီသုံတေသနဌာနဆိုတာလဲ ဘာလဲ'

မူရေး၏အမေးကြောင့် ချန်ဒါက ခပ်ယွဲ့ယွဲ့လေးသာ ပြုံးရှာသည်။

'ကျွန်တော်က ပြည်နယ်လုံခြုံရေး ညွှန်ကြားရေးမှူးပါ၊ နိုင်ငံတော်ရဲ့တော့ မဆိုင်ဂါဘူး၊ အနောက်ဘင်္ဂလားပြည်နယ် အတွက်ပါ၊ ကျွန်တော်တို့ရဲ့ ဒီဌာနနဲ့ပြဋ္ဌာန်းချက်တွေ သိပ် မနိုပ်တာအမှန်ပါပဲ'

ချန်ဒါမှာ အထက်တန်းစား အိန္ဒိယလူမျိုးဟန်ပန်ရှိသည်၊ သူက ဝင်ထိုင်ပြီး ဒါဒါပိုနှင့် ဘင်္ဂါလီစကားဖြင့်ပြောသည်၊ ထို့နောက် မူရေးဘက်သို့ လှည့်ကြည့်သည်။

'ခင်ဗျားဟာ နီပေါနိုင်ငံကိုသွားနေတာပဲ မင်္ဂတာမူရေး ကျွန်တော်က ကရာချီကို သွားနေတာပါ၊ ကျွန်တော် ပြောချင်တာက....'

'ခင်ဗျားက ကရာချီကတဆင့် နီပေါကိုသွားမှာပဲ'

မူရေးက ချန်ဒါအားကြည့်လိုက်သည်။ သူက ဘာမှတော့ မပြော။

ချန်ဒါက အပေါ်အင်္ကျီလက်မှ ထွက်နေသည့် ချည်စလေးတစ်စကို ဆွဲဖြုတ်လိုက်သည်။



'ခင်ဗျားရဲ့ လှုပ်ရှားမှုတွေကို ကျွန်တော်တို့ ဂရုစိုက်ခဲ့ပါတယ် မူရေး၊ ခင်ဗျားရဲ့အတိတ်၊ ခင်ဗျားရဲ့မှတ်တမ်း၊ ခင်ဗျားရဲ့...အင်း....မိတ်ဆွေကောင်းတွေကိုပေါ့ဗျာ'

'ဒီနိုင်ငံမှာ ခင်ဗျား အဖမ်းခံဖို့အရေးက ခင်ဗျားရဲ့ ပါးနပ်မှုနဲ့ ကျွန်တော်တို့ဘက်က ချို့ယွင်းမှုကြောင့် လွတ်သွားခဲ့တယ်၊ ကျွန်တော်တို့မှာ ခင်ဗျားနဲ့ပတ်သက်တဲ့ သက်သေခံသာကေ အချက်အလက်တွေ အများကြီးရှိပါတယ်'

ဒါဒါပိုက ပန်းရောင် ဖိုင်တွဲ ထူထူကြီးကို လက်ညှိုးနှင့် ထောက်ပြလိုက်သည်၊

'ဒေလီက ဗဟိုအစိုးရရဲ့ အဖွဲ့အစည်းတွေဟာ ခင်ဗျားကို သိပ်ကို စစ်ဆေးမေးမြန်းချင်နေကြတယ်၊ ဒါကိုခင်ဗျားသိမှာပါ၊ ဒါကြောင့်မို့ အိန္ဒိယနယ်မြေပေါ်မှာ အနည်းဆုံးတော့ ကာလကတ္တားမြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ကလေးထဲမှာတောင် ခင်ဗျားကိုခင်ဗျား မတွေ့ချင်တာ ကျွန်တော် မအံ့သြပါဘူး၊ ကျွန်တော်ပြောတာကို သဘောပေါက်ပါတယ်နော် မူရေး'

'ပြောဖို့ လိုသေးလား'

မူရေးနှင့် ဒါဒါပိုတို့ အကြည့်ချင်း ဆုံကြသည်။ ခေတ္တ တိတ်ဆိတ်သွားသည်။ လွန်ခဲ့တဲ့နှစ်လွှာက အရှေ့ပါကစ္စတန်မှာ ရှေ့ချောင်းတွေနဲ့ ခင်ဗျားရောက်လာတာ အိန္ဒိယနိုင်ငံထဲ ...နှာရိ နှစ်နာရီလောက် ဝင်ခဲ့တာ ကျွန်တော်တို့ သိပါ...

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်တို့ ခေတ်ပုံနှစ်ပုံရထားတယ်၊ ခင်ဗျား သွင်းလာတဲ့ ရွှေချောင်းတွေက ဩစတြေးလျတိုက်က မဟုတ်လား’

မူရေးက ဒါဒါကိုအား ကြည့်နေသည်။ ပန်ကာမှာ အသံပေးနေသော်လည်း လေကသိပ်မရ။

‘ခင်ဗျားလုပ်နေတာတွေက နိုင်ငံခြားငွေတွေ၊ ဆေးဝါးတွေ စတဲ့ စိုးရိမ်စရာကိစ္စတွေပဲ ဆိုတာ ကျွန်တော်တို့ သိထားတယ်၊ တခြားနည်းတွေနဲ့ မူးယစ်ဆေးဝါး သယ်ပို့နေတာတွေကို ကျွန်တော်မပြောသေးဘူး၊ ဒါက အမေရိကန်ရဲ့ ဘဏ္ဍာပိုင်တွေရဲ့ ကိစ္စပဲ’

‘ကာလကတ္တားမှာ ခင်ဗျားကို ကျွန်တော်တို့ချည်းပဲမထိန်းချုပ်နိုင်တာ ခင်ဗျားသိပါတယ်၊ လုပ်နိုင်တဲ့ ဒေလီကလဲ သိပ်နှေးကွေးတယ်၊ ပြည်ထဲရေးဌာနက စုံစမ်းမှုတွေ လုပ်နေတယ်။

‘ခင်ဗျားကိစ္စက ကိုင်ရမှာနှစ်တွေကြာသွားလိမ့်မယ် အိန္ဒိယထောင်ဟာ ဥရောပတိုက်သား တစ်ယောက်၊ အမေရိကန် တစ်ယောက်အတွက် သိပ်နိုပ်မှာ မဟုတ်ဘူး၊ ဟိုပြဿနာက ဒေလီအတွက် ပူပူနွေးနွေးကိစ္စပဲ ရှိနေသေးတော့ ခင်ဗျားကို ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ဘူး၊ အမေရိကန်တွေတောင်’

‘ပြောစမ်းပါဦးဗျ’

မူရေးက စကားကိုဖြတ်၍ပြောသည်။

‘ကျွန်တော်တို့ ပြောပြဖို့ စကား ရှိပါသလား’

‘တတ်နိုင်ရင်တော့ ပြောပြရတာပေါ့’

ချန်ဒါ၏စကားကြောင့် မူရေးက ပြောင်ခမ်းနေတော့သည်။



‘ခင်ဗျားတို့ အချို ဖြန့်နေတာဆို ဘာဖြစ်လို့ မရပ်သေးတာလဲ’

ချန်ဒါက အနည်းငယ်ဝေခွဲမရဟန်ဖြင့် မူရေးအား စူးစိုက်ကာကြည့်သည်။

‘ကျွန်တော်က ဇစ်ရှူးရဲ့ ယောက်ဖတော် မဖြစ်နိုင်တာ သိတာကို ခင်ဗျားတို့နှစ်ယောက်လဲ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ ဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ဟာ ဘာကိုယ်ဖို့ လုပ်နေကြတာလဲ၊ ခင်ဗျားတို့ဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ကို မတူဘူး’

ချန်ဒါက မူရေးအား အတန်ကြာမျှ ကြည့်နေသည်။ ထို့နောက် ပြုံးစိစိဖြစ်လာသည်။

‘ကောင်းပြီလေ၊ ကျွန်တော်တို့ဆက်ဆံရေးကို သင့်တော်အတိုင်း လုပ်ကြတာပေါ့၊ ခင်ဗျားအကြောင်း အလုံးစုံကို ကျွန်တော်တို့သိထားတယ်၊ ကျွန်တော်တို့ အကြောင်းကိုတော့ ခင်ဗျားနဲ့သိထားတာထက် ပိုမသိဘူး’

‘ခင်ဗျားကိစ္စကြောင့် ကျွန်တော်တို့ဟာ ခင်ဗျား လုံခြုံရေးကို ကျွန်တော်တို့ ကိုယ်စားပြုနေတာပါ၊ ကျွန်တော်တို့ ကာလကတ္တားရာဇဝတ်မှု စုံစမ်းဖော်ထုတ်ရေးတပ်ဖွဲ့ကြီးအကဲ မစ္စတာ ဂျေ-ဘီ-ဒတ်(စ်)ကို သတင်းပေး လိုက်

‘ဒါဆိုရင် ခင်ဗျားကို နာရီဝက်အတွင်း ဖမ်းမိမှာ သေချာတယ်၊ ဒီက စီ-အိုင်-ဒီဟာ သိပ်မညံ့ပါဘူး၊ ကျွန်တော်တို့ နေတဲ့ ဒေလီက ပုဂ္ဂိုလ်တွေကလဲ စိတ်ဆိုးမှာ မဟုတ် သဘောပေါက်ပါတယ်နော်’

www.burmeseclassic.com



‘ကျွန်တော်နားထောင်နေပါတယ်’

‘ခင်ဗျားဟာ နီးပေါကို သွားမလို့ပဲ မစ္စတာ ဒါဒါပါဟို၊ ကျွန်တော်နဲ့ ကျွန်တော်တို့ အပေါင်းအသင်းတွေဟာ နီးပေါက် ပစ္စည်းတစ်ခုကို စိတ်ဝင်စားနေကြတယ်....

‘ခင်ဗျားမှာ ရှိထားတဲ့ အရည်အချင်းတွေကို ဘယ်လို ကောင်းကောင်းသုံးတတ်တယ်ဆိုတာ ကျွန်တော်တို့ သိထားကြတယ်၊ ဒီပစ္စည်းကို ကျွန်တော်တို့အတွက် ခင်ဗျား ယူလာပေးဖို့ပဲ၊ လွယ်ပါတယ်နော်’

မှူးရေးက ချန်ဒါနှင့် ဒါဒါပါဟိုတို့အား တစ်လှည့်စီ ကြည့်လိုက်သည်။ ချန်ဒါ၏ မျက်လုံးများမှာ စိတ်လှုပ်ရှားပုံကို မဖော်ပြ။ အန္တရာယ်ရှိလှသည်။ ဒါဒါပါဟိုကမူ အလင်းရောင်ကို ကျောခေး၍ ကျောက်ရုပ်နှယ် မတုန်မလှုပ် ထိုင်နေသည်။

စုံထောက်ဘဝမှ တစ်ဖြစ်လဲလာသူ နှစ်ဦးတို့မှာ ရောမလူသတ်မှုကြီးကို ဖန်တီးနေကြသလော။ သူမသိပါ။ ၎င်းတို့မှာ အစိုးရအဖွဲ့အစည်း တစ်ခုခုမှ ထွက်လာသူများ ဖြစ်နိုင်သည်။ မိမိ၏မှတ်တမ်းကို သူတို့ သိသွားခြင်း၊ ဒါဒါပါဟို ထုတ်ဖော်ပြောလာသည့် အမည်များကြောင့် သူ၏ထင်မြင်ချက်မှာ ဖြစ်နိုင်သည်။ ချန်ဒါသည်လည်း အစိုးရအဖွဲ့နှင့် ထိတွေ့ပုံရှိသည်။

‘ကျွန်တော် ရှင်းရှင်းသိချင်သေးတယ်၊ ခင်ဗျားတို့က ကျွန်တော့်ကို နီးပေါက ခိုးရာပါပစ္စည်းတစ်ခုခုကို ခိုးထုတ်ပေးဖို့ပြောနေတယ်၊ ကျွန်တော်က လက်မခံရင် ဒီမြို့မှာ ကျွန်တော်ရောက်နေတာ ရဲကို သတင်းပို့မယ်ပေါ့ ဟုတ်လား’



‘မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကို လုပ်ပေးဖို့တောင်းဆိုနေတာ မဟုတ်ဘူးနော်၊ လုပ်ပေးရမယ်လို့ ပြောနေတာ’

‘ခင်ဗျားတို့ပြောတာကို လက်ခံရင် ကုန်ကျစရိတ် အရင်းအနှီးကို ဘယ်လိုပေးမလဲ၊ နောက်နယ်စပ်ကို ကျွန်တော် ဖြတ်သွားပြီးရင် ဘာလုပ်မယ်ဆိုတာကော ခင်ဗျားတို့ဘယ်လို လုပ် သိမလဲ’

‘ဟိုမှာ ကျွန်တော်တို့လူ ရှိပါတယ်၊ သူက ခင်ဗျားကို လာတွေ့လိမ့်မယ်၊ နောက် တခြား အပေါင်းအသင်းတွေလဲ ရှိပါသေးတယ်’

ချန်ဒါ၏အပြုံးက ပျောက်ကွယ်သွားသည်။ မျက်နှာတွင် မည်သည့်အရိပ်အကဲမှ မရှိတော့။

‘ကျွန်တော်က ဘာကိုလုပ်ပေးရမှာလဲ’

‘ဒါကို နောက်မှ ပြောပြပါ့မယ်’

‘ကျွန်တော် အတွက် အာမခံချက်ကကော၊ ခင်ဗျားတို့ လက်ထဲ လိုချင်တာကိုအပ်ပြီးမှ ကျွန်တော့်ကို ရဲလက်မအပ်ဘူး ဆိုတာ ဘယ်လိုလုပ်သိနိုင်မလဲ’

‘ဘယ်လိုမှ မသိနိုင်ဘူး၊ ခင်ဗျားမှာ ရွေးစရာလမ်းမှ မရှိတော့ဘူး၊ ကျွန်တော်တို့ ပြောသမျှကို ယုံရတော့မှာပဲ၊ ဒါပေမယ့် ကျွန်တော်တို့ဘက်ကလည်း ကျွန်တော်တို့စီစဉ်ထားသမျှကို ခင်ဗျားက ရဲပြောလိုက်ရင် ခံရမယ့်ကိစ္စလဲ ရှိနေသေးတယ်’

အပြင်ဘက်မှ အသံများက ဝင်လာသည်။ လမ်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်များ၊ လှည်းသမားများ၊ ကားဟွန်းသံများ ဖြစ်သည်။ အခန်းထဲဝယ် အတန်ကြာမျှ ငြိမ်သက်နေကြသည်။

ချန်ဒါတို့မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပုံမပေါက်ဟု မှုရေး ပြောခဲ့ခြင်းမှာ မမှန်ပါ။ သူတို့ကြားဖြတ်၍ ဗာရာဏသီ မြို့ထဲတွင် လှုပ်ရှားမှုနှုန်းသမျှကို မျက်စေ့ဒေါက်ထောက်ကြည့် နိုင်ခြင်း ဧည့်သည်တို့မှာကျွဲအလုပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုသူများပမာ ရှိလှသည်။ ၎င်းတို့သည် အစိုးရပိုင်းနှင့် ဆက်သွယ်မှုရှိ၍သည်း လေယာဉ်ပုံမှန် မဟုတ်ဘဲ ဆိုက်ချိန်ကို သိခဲ့ကြသည်။

'မနက်ဖန် မနက်မှာ လေယာဉ်ထွက်မယ် မှုရေး'

ဒါဒါပြိုက ပြော လိုက်သည်။

x x +

ဇာတ်လမ်းစဉ် (၃)

ဗော်လာဖရင်းရှစ်ခ်လေယာဉ်၏ ရှေ့မ ဘဲဥပုံပြတင်းပေါက်မှ နေ၍ မီးခိုးနှင့် ခပ်မှိုင်းမှိုင်း တောင်တန်းများနောက်ခံ၌ တောင်ထိပ်ဖြူဖြူများကို လှမ်းမြင်နေရသည်။



လေယာဉ်၏ မျက်နှာမူရာတွင် ဂါနက်(ခ်)ဟိမယ်တောင်က ရှိသည်။ ဘယ်ဘက်အခြမ်းဝယ် မာနာစလူမှ အင်္နပူနာ တောင်ကြောတို့ ရှိသည်။ ၎င်းသည်ကို ကောင်မှေါ်ကို လှမ်း ညွှန်ပြစောင်လေးကို ဖတ်ပြီး မှုရေးသိရခြင်း ဖြစ်သည်။

အောက်ဘက်တွင် တိမ်က ခပ်ပါးပါးရှိသည်။ တောင်ကြားမှဆိုလျှင် တောင်များကိုမမြင်နိုင် သူက တောင်များကို ထိုင်၍ငေးကြည့်နေစဉ်မှာပင် ခါးပတ်ပတ်ရန် အချက်ပေးစာတန်းပေါ်လာသည်။ လေယာဉ်က ချိုးကွေ့ကာ ဆင်းသက်ရန် အောက်သို့ စိုက်ကျသွားသည်။

မှုရေးအပြင် ခရီးသည်(၇)ဦးသာ ပါသည်။ ထဲမှ ရှက်ရှီ ရှီ အိန္ဒိယအမျိုးသမီး ကား တစ်သမီးလုံး ပုံနှုန်း စကား ပြောလာသည်။ အင်္ဂလိပ်မကာစ်ယောက်မှလွဲလျှင် အားလုံးမှာ အိန္ဒိယ သို့မဟုတ် နီပေါလူမျိုးများသာ ဖြစ်ကြသည်။

လေယာဉ်ရပ်ပြီး နောက် မှုရေးက နောက်ဆုံးမှ ဆင်းသည်။ လန်းဆန်းသော လေကောင်းလေသန့်ကို ရှူရှိုက်မိသည်။ အမေရိကန်ပြည်ထောင်စု မိန်းပြည်နယ်မှ နွေရာသီနှင့် ရာသီဥတုက ကြည်လင်သန့်ရှင်းလှသည်။ လေပြည်လေညှင်း တသွင်သွင်တိုက်ခတ်လျက်ရှိသည်။

အိန္ဒိယသို့သွားမည့် အမေရိကန် ကမ္ဘာလှည့် ခရီးသည် တစ်စုမှာ ကျောပိုးအိတ်အဆောက်အအုံလေးသေးလေးထဲဝယ် ပြည့်နှက်နေသည်။ ၎င်းတို့ကြားမှ အချိန်ယူ ဖြတ်ကျော်ရသည်။ အမျိုးသမီး အကောက်ခွန်အရာရှိက အိတ်တစ်လုံးကိုသာ ဖွင့်ကြည့်ပြီး ကျန်အိတ်များကို လက်မှတ် ထိုးပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆယ်မိနစ်မျှအကြာဝယ် ခေတ္တမန္တာဒူသွားရာ ဂျစ်ကား တစ်စီးပေါ်သို့ မှုရေးလိုက်ပါသွားပြီး ဖြစ်သည်။

× + ×

နန်းတော် ဟိုတယ်မှာ ဇာဘုချင်ခေတ် ရှရှားကျေးလက်မှ အိပ်ကြီးတစ်လုံးနှယ် ဖြစ်သည်။ ချုံပုတ်များ သစ်ပင်မြင့်မြင့်များကြားမှ ထိုးထွက်နေသည်၊ အဖြူနှင့် အစိမ်း ရောင်ခြယ်သထားသည့် ကျောက်တုံးအိမ်ကြီး ဖြစ်သည်။

မနက်ခင်းများဝယ် တိမ်ဆိုင်များက ပြတင်းပေါက်ဆီသို့ ရောက်လာတတ်သည်၊ သစ်ပင်မြင့်မြင့်ကြီးများကိုလည်း မြေကြီးမှ ကင်းလွတ်နေသော ဘီလူးကြီးများသဖွယ် တွေ့ရသည်။ တစ်နေ့လုံး မိုးသည်းတော့မည့်နှယ် မြင်ရသည်။ သို့သော် ကိုးနာရီ ထိုးချိန်ဝယ် အားလုံးကင်းရှင်းသွားတတ်သည်။

သစ်ပင်များပေါ်မှ အော်မြည်နေသည့် သတ္တဝါတို့မှာ ငှက်များမဟုတ်ဘဲ လင်းဆွဲများ ဖြစ်ကြောင်း နှစ်ရက်ကြာမှ မှုရေးသိရသည်၊

ဟိုတယ်မှာ တစ်ချိန်ကဆိုလျှင် အစာသွပ်ထားသည့် မိကျောင်းများကို မျက်နှာကြက်တွင်လည်းကောင်း၊ ခုံပေါ်တွင်လည်းကောင်း၊ ပရိဘောဂများကြားဝယ်၊ တောဝက်နှင့်ကျားများ ရှိခဲ့ကြသည်။ ယခုတော့ ဝင်ပေါက်တစ်ဘက်



တစ်ချက်တွင် ကြံ့ခေါင်းပြတ် တစ်ခုစီနှင့် ညွှန်းခန်း၌ သွား ...နေသည့် ကျားတစ်ကောင်သာ ရှိတော့သည်။

ပထမနေ့ဝယ် မှုရေးမှာ မည်သူနှင့်မှ မတွေ့ခဲ့ရ။ မန်နေဂျာ ...င်မယားမှာ ဥရောပတိုက်သို့ ရောက်နေကြောင်း ၎င်းတို့မရှိ ...၌ မစ္စက်ပါပါဂိုတစ် သို့မဟုတ် ကိုယ့်ကိုယ်ကို 'ပင်လယ်ပြင် ...ဒုက္ခသည်' ဟုခေါ်သော အမျိုးသမီးကြီးတစ်ဦး တာဝန်ယူ ...ကြောင်း၊ ဆွေ့ဘ်ကိုစားရေး နီပေါ်အမျိုးသား အုပ်ဘာကာ အ ...သိပေးခဲ့သည်။

မစ္စက်ပါပါဂိုတစ်မှာ အသက်ငါးဆယ်အရွယ် ပုပုဝဝဖြစ်သည်။ ဆေးဆိုးထားသည့်အနီရောင် ဆံပင်ရှိသည်။ နှာခေါင်း ...ပြားသည်။ နော်ဝေးနိုင်ငံသူ ဖြစ်သည်။ လွန်ခဲ့သော ... နှစ် ...းဆယ်က အင်္ဂလိပ်ရေကြောင်းကုမ္ပဏီမှ ဂရိ မာလိန်မှူး ...တစ်ဦးနှင့် လက်ထပ်ခဲ့သည်။

ထို့နောက် ခင်ပွန်းသည်ကား အခြားအမျိုးသမီးတစ်ဦး ...နှင့်ပါသွားကြောင်း သူမက ပြောပြသည်။ သူမသည် ကြင် ...နာတတ်ပြီး စေတနာရှိကြောင်း၊ နောက်ပိုင်းတွင် မှုရေးသိ ...လာရသည်။

ဟိုတယ်တွင် အခြားဧည့်သည် ဆယ့်နှစ်ဦးမျှ ရှိသည်။ ...တိယနေ့ မနက်ခင်းဝယ် မှုရေးက ဟိုတယ်မှ ဆင်းလာသည်။ ...ရှကန်လေးဘေးရှိ ကျောက်တုံးခုံတန်းပေါ်ဝယ် အမျိုးသမီး ...တစ်ယောက် ထိုင်နေကြောင်း တွေ့ရသည်၊

သူမက အမေရိကန်လေသံဝဲဝဲနှင့် လှမ်းနှုတ်ဆက်သည်။ ...တစ်ခါတည်းပင် သူမကိုယ်သူမ မိတ်ဆက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကော်နီအလွန်ပါ၊ ရှင်ခုမှ ရောက်ခါစထင်တယ်'

'ဟုတ်ပါတယ်၊ ကျွန်တော် မှုံရေး ပါ၊ ခင်ဗျားရောက်တာ ကြာပြီလား'

'နှစ်ပတ်ရှိပြီ'

ထိုကာလကိုပင် နှစ်နှစ်မျှကြာပြီဟု ဘူမထင်နေပုံရှိသည် ထို့နောက် ပြုံးလိုက်သည်။

'လေးရက်လောက်နေပြီး ခရီးဆက်ဖို့ပဲ၊ ကျွန်မအစီအစဉ်တွေ ပျက်ခဲ့ရတယ်၊ ဒီနေရာမှာပဲ ချောင်ပိတ်မိနေတယ်၊ ဒီဒီရောက်ပြီးပြီလား'

'မရောက်သေးပါဘူးဗျာ'

'နေရာကတော့ သိပ်ကို ထူးခြားပြီး လှပတာပဲ'

ကော်နီမှာ အသက် နှစ်ဆယ် လေးနှစ်မျှသာ ရှိသေးသည် အသားအရေမှာ စိုပြေသည်။ နီမြန်းသော နှုတ်ခမ်းနှင့်ဖြူစင်သော သွားများ ရှိသည်။ ခါးက သွယ်သည်၊ တင်ပါးက အနည်းငယ် ပိုကြီးဟန်ရှိသည်။

သူမက တစ်ကိုယ်တည်းခရီးထွက်ခဲ့သည်။ နှောင်ကြိုးမဲ့ ရှိသည်ကို သိဉာဏ်ရှိသည်၊ ယခုလော(ခ်)အိန်ဂျယ်လီ ခ) ရှိ သူ၏ တူဖေဒသုတေသီ အလုပ်ကို ပြန်ဝင်လိုနေသည်။

'ကျွန်မက အိန္ဒိယမှာ နေရာလေးငါး ခြောက်နေရာလောက် သွားလယ်မယ် စိတ်ကူးခဲ့တာ၊ ခုတော့ အချိန်မရတော့ဘူး ခုလ ကုန်ရင် ပြန်ရတော့မယ်'

ကောင်တာတွင် အလုပ်ရှိပုံမရသော အုပ်ဘာက ရေကန်



ဘေးသို့ ရောက်လာသည်။ သူတို့အား စကားမပြောသော် သည်း ရပ်မြဲကိုင်းရပ်နေသည်။ မှုံရေး ဘာဝါသပေါက်မိသည်။

'ကဲ...ခွင့်ပြုပါဦးဗျာ၊ နောက်မှတွေ့သေးတာပေါ့'

မှုံရေးက ကော်နီအား နှုတ်ဆက်၍ ထွက်ခဲ့သည်။

ညနေခင်းတွင်မူ အိတ်များ၊ မှန်ပြောင်းများ ကင်မရာ များ ကင်မရာဒေါင်များနှင့် အမျိုးသမီးခြောက်ယောက်၊ အမျိုးသား နှစ်ယောက်ပါ အမေရိကန် လူမျိုးတစ်ဖွဲ့ ရောက် လာကြသည်။ ၎င်းတို့မှာ ခတ္တမန္ဒူ အနောက်ဘက် ပေါ့ ရာ တောင်တန်းမှ ပြန်လာသည့် ငှက်လေ့လာရေးသမား များ ဖြစ်ပုံရသည်။

မှုံရေးက ရေချိုးပြီးနောက် ဘားခန်းသို့ ဆင်းလာသည်။ အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီး နှစ်ယောက်မှာ ပေါင် တွင် ကျမ်းကိုး စာအုပ်ထူကြီး တစ်အုပ်ဟင်ရင်း ဆွေး နွေးနေကြသည်။

မှုံရေးက နီပေါလူမျိုး အရက်ထည့်ပေးသူအား ဝီစကီမှာ စီးကာရက် တစ်လိပ်ကိုမီးညှိသည်။ နောက်သို့ လှည့်ကြည့် လိုက်ဝယ် ကော်နီရောက်နေသည်ကို တွေ့လိုက်သည်။

'တယ်လို...တစ်ခုခု သောက်ပါဦးလား'

'ကောင်း...ကျေးဇူးပဲ'

သူမက ဂျင်နှင့်ဒကာနစ်ကို မှာသည်။ ငှက်လေ့လာရေး သမားများဘက် လှည့်ကြည့်ပြီး မှုံရေးအား ပြုံးပြသည်။ သူ စီးကာရက်နှင့် သူမ၏စီးကာရက်ကို မီးညှိရင်း ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ဟာ ညဘက်ရောက်ရင် လက်နှိပ်ဓာတ်မီးတွေကိုပြီး တဲ့တွေကို လိုက်ချောင်းတာပဲဖြစ်မယ်'

'ထင်တာပါပဲဗျာ'

'ဒီနေ့ ဘယ်နေရာက်သေးသလဲ'

'မြို့ထဲ လမ်းလျှောက်ပြီး ပြန်လာတာပဲ'

သူမမှာ အပြင်ထွက်ရန် အဝတ်အစားလဲထားသည်ကို ပြီသည်။

ရှင်သန်နေတဲ့ နတ်ဘုရားမဆိုတဲ့ကုမ္မာရီကိုရှင်တွေ့ပြီးပြီလား တွေ့ပြီးပြီ

သူမအံ့သြသွားပုံရသည် ။

ရှင်ဒီကိုအယင်ကရောက်ဘူးမယ်လို့ကျွန်မမထင်ခဲ့ဘူး....ရှင် ဘာလုပ်သလဲ

ဒီမှာကျွန်တော်ကအရောင်းအဝယ်ကိစ္စလေးတွေလုပ်ဖူးတယ် သွင်းကုန်လုပ်ငန်းမျိုးပေါ့

ရှင်က တောင်ပေါ်နွားရိုင်း မွေးတွေကိုဝယ်တာလား

သူမက ပေါ့ပေါ့တင်တင်ပင်စိတ်ဝင်စားဟန်ကိုပြလျက် သည်။ သူမ၏အုပ်ဘာနှင့် ကောင်တာနောက်တွင် ညနေက တွေ့ခဲ့သည်။ဤကိစ္စမျိုးကြောင့် သူမတစ်ယောက်တည်း ခရီး သွားခြင်းလောဟု တွေးမိသည်။

'ရှင် မစ္စတာ ပင်ချာနဲ့တွေ့ပြီးပြီလား'

'ဟင့်အင်း.... သူကဘယ်သူလဲ

'သူကကျွန်မတို့ရဲ့အထူးနံပါတ်ပဲ.... ဟေးဟယ်လို'....

သူကဝင်လာသူအမျိုးသားနှစ်ယောက်အား ပြုံး၍လှမ်း



ဆက်လိုက်သည်။ထိုနှစ်ယောက်စလုံးမှာ၊ညဝတ်စား ဝတ်စုံ ထားကြသည်။တစ်ယောက်မှာရင်အုပ်ကျယ်သည်။ အလော အရပ်ရှိသည်။ဆံပင်ကိုသပ်ယပ်စွာဖြီးထားသည့်အင်္ဂလိပ် နှာ ပေါက်ရှိသူဖြစ်သည်။

'မင်းဂျွန်ဖိယိမိုး ကိုသိသလားဟင်'

ထိုသူက ကော်နီအား မေးလိုက်သည်။

'ဂျွန်.... သူက လော့(ခ)အိဂျယ်လီ(ခ)ကကော်နီအလုန်မဲ ဟား....ဂျွန်ကဲ့ ကျွန်တော်တို့နဲ့ညစာမစားပါဘူး....ဖဲယား တို့နဲ့သွားတွေမှာ....ဖဲယားယိတို့ကို တွေ့ပြီးပြီနော် ကော်နီ သားပဲ'

ဖိယိမိုးမှာ အသက်(၄၅) နှစ်ခန့်ရှိသည်။ လူကောင်က ခိုင်သည်။ မေးစေ့ချွန်သည်။ နှုတ်ခမ်းမွေးသဲ့သဲ့ထား သည်။အသားအရေမှာ အပူပိုင်း ဒေသများ တွင်ကြာမြင့်ခဲ့ပုံ ဖြစ်သည်။

'တွေ့ရတာဝမ်းသာပါတယ်'

ဖိယိမိုးက ကော်နီအား နှုတ်ဆက်သည်။

ကော်နီက မူရေးဘက်ကိုလှည့်ကာ

'သူက အက်မူရေး....သူကမစ္စတာဂျော်ဖရီ ....သူကမစီတာ မိုး'

မူရေးတို့က အပြန် အလှန်နှုတ်ဆက်လိုက်ကြသည်။

ရင်းတို့တွင်အချိန်မရှိတော့သော်လည်း၊ ဝိစကီတစ်ခွက်မျှ သောက်ရန်သဘောတူကြသည်။ ဂျော်ဖရီက ကော်နီဘက်သို့ လှည့်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂျွန်ကဟောင်ကောင်ကပဲ...ကျွန်တော်တို့နဲ့တစ်ရက်နှစ်ရက် လောက်ပဲနေမှာ'

'အို...ဟုတ်လား...ကျွန်မတောင် လွန်ခဲ့တဲ့အရက် နှပ် သယ် လောက်က ဟောင်ကောင်မှာရှိနေတာ'

သူမကာ စကားဆက်မည်ပြု၏။ သို့သော် ဂျော်ဖရီကသူတို့အစီ အစဉ်ကိုဝင်ပြော၍၊ စကားပြတ်သွားရသည်။ ဖ ီယ ီမိုးကမူရေး ရေးအားကြည့်သည်။

'ဒါပထမဦးဆုံး ရောက်ဖူးတာပဲလား'

'အရင်က ကျွန်တော်ရောက်ဖူးပါတယ် ... ခင်ဗျားကကော ပထမအကြိမ်လား'

ဖ ီယ ီမိုးသည် အင်္ဂလိပ်ရဲတစ်ဦး နှင့်တူသည်ဟု မူရေးတွေး မိသည်။

'ဟုတ်တယ်...ခုမှရောက်ဖူးတာ... အခုတော့ဆွဲဆောင်နိုင်တဲ့ ဒေသပဲဗျ... ပတ်ဝန်းကျင်က သက်ပါနဲ့တို့ ပါတာနဲ့တို့ကို ရောက်ပြီးပြီမဟုတ်လား'

'ဟုတ်ကဲ့'

'အလုပ်ကိစ္စပဲလား'

ဖ ီယ ီမိုး၏မျက်လုံးပြာ မူရေးအား စူးစိုက်၍ကြည့်နေ သည်။

'ဟုတ်ကဲ့'

'ဘာလုပ်ငန်းမျိုးလဲဗျာ'

'ပြောရယင်တော့ကျွန်တော်ကအထွေထွေကုန် စွည်းရောင်း ဝယ်ရေးသမားပဲ...အခုတော့ တင်ဖို့အလုပ်ပေးပါတယ်



ဒီမှာ သစ်တော်များများ စားစားမှ မရှိတာ.... နဲ့မည်က ယ်သူအကြောင်းဝပ်ရှုနေရော'

'ဟုတ်ပါတယ်'

ဂျော်ဖရီသည် ကော်နီနှင့်စကားပြောနေသော်လည်း မိမိတို့ ရှုစိုက်နေကြောင်း သတိပြုမိသည်။ ဖ ီယ ီမိုးက မူရေး၏ အကျီရင်ဘက်အိတ်ရှိ ဘောပင်များကိုမျက်လုံး ရောက်သွား

ခင်ဗျားကဘောပင်တွေကို စုတတ်ပါလား.... အကုန်လုံး သို့ကောရလို့လား'

ုတ မပေါ့ဗျာ'

ရေးက တစ်ချောင်းကိုထုတ်၍၊ အရက်မှာသည့် စာရွက် ယ်ခြစ်ပြလိုက်သည်။ ဖ ီယ ီမိုးက ရယ်သည်။

ဟောင်ကောင်မှာဘာလုပ်သလဲ မစ္စတာဖ ီယ ီမိုး'

ယ ီမိုးက ခေတ္တမျှတုန့်ဆိုင်းသွားပြီး၊ အရက်ခွက်ကို ကိုင်သည်။ တစ်ကျိုက်မျှသောက်ပြီး၊ ဖန်ခွက်ထဲသို့စိုက် နေသည်။

ရက်က အတော်ကောင်းတာပဲ...ဘယ်ကမျှားရသလဲမသိ ကျွန်တော်ကပြန်ကြားရေးဌာနမှာ အလုပ်လုပ်ပါတယ်' ဘာ နဲ့ ကော ဘယ်လိုနေသလဲဗျ'

ကြီး ရစ် အဖိုးတန်းလေး၊ ကျွန်တော်ပြောတဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....သိတာပေါ့မစ္စတာမူရေး' သူ့အဆင်ပြေပါတယ်၊ ခင်ဗျားက ဘယ်ပြည်နယ်က လာတာလဲ'

မူရေး တွေးမိသည်။ ဖိုယီမိုးသည် ဟွန်းအားမသိ၊ ပြန်ကြားရေး ဌာနမှ မဖြစ်နိုင်၊ ဟောင်ကောင်တွင် သတင်းစာတစ်စောင်ကို ယူလျှင် ဟွန်းအား သိပေရမည်။

'ကျွန်တော် နယူးယောက်ကပါ'

ဖိုယီမိုးက နောက်တစ်ကျိုက်မျှ အရက်ကိုသောက်လိုက် ဂျော်ဖရီက သွားကြရန် အဖော်စပ်သည်။ မူရေးအား နှုတ်ဆက်သည်။

ဖိုယီမိုးက နှုတ်ခမ်းမွေးကိုသပ်ကာ မူရေးအားခေါင်းဆတ်ပြသည်။

'ဒီမှာ ကြာဦးမှာလား'

'နေချင်သလောက်တော့ နေနိုင်မှာ မဟုတ်ပါဘူးဗျာ'

'ဂွတ်နိုက် မစ္စတာမူရေး'

သုံးယောက်သား ထွက်သွားကြသည်။

× + +

ယမန်နေ့ည ဆယ်နာရီက မူရေးအား လူတစ်ယောက်လာတွေ့ကြောင်း မက္ကာပါပါဂိုတစ်က နောက်မနက်ဝယ်ပြောပြသည်။ မူရေး အပြင်သွားသည်ထင်၍ မရှိကြောင်း သူမက ပြောခဲ့သည်။



'အိန္ဒိယ လူမျိုးပဲ၊ ထိပ်ပြောင်နေတာမှ ရှင်တွေ့ရင် မရယ်နိုင်ဘဲနေနိုင်မှာ မဟုတ်ဘူး'

'နံမည်ကကော'

'ပြောမသွားဘူး၊ ထပ်လာတွေ့မယ်လို့ ပြောသွားတယ်'

'ကျေးဇူးပဲဗျာ'

အချိန်မှာ မွန်းတည့်ချိန်ဖြစ်သည်။ အဝေးမှ နာရီခေါက်သံကို ကြားရသည်။ အဝေးသို့ လှမ်းကြည့်လိုက်သည်။ မိုင်ဝက်မျှအကွာဝယ် အမိုးစိမ်းနှင့် ရာနာနန်းတော်ကို တွေ့ရသည်။ အနီးတွင် အမေရိကန် ခရီးသည်များ တည်းခိုသည့် မီးခိုးရောင်ခေါင်မိုးနှင့် မွန်ကာ အင်နာပူနာ ဟိုတယ်က ရှိသည်။ သူ့ ရှေ့ရှိ သစ်ပင်ပေါ်ဝယ် လင်းဆွဲများ တွဲရွဲခိုနေကြသည်။

ဖန်ဖန်ချင်း ထိခိုက်မိသံကြား၍ လှည့်ကြည့်လိုက်သည်။ လင်ပန်းတစ်ချပ်ကို ဝန်ထမ်းတစ်ယောက်ကကိုင်၍ ခေါင်မိုး တစ်ဘက်သို့ လျှောက်သွားနေသည်၊ ထိုနေရာဝယ် လှပစွာ တည်ဆောက်ထားသည့် အဝတ်တဲလေး တစ်လုံးရှိသည်။

အောက်သို့ ဆင်းရန်ပြင်စဉ် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

'ကိုလူစိမ်း'

မမက အော်ခေါ်သည်။

'ဒီက မြူဆိုင်းနေတဲ့ ရေလက်ကြားထဲ ဘယ်သင်္ဘောနဲ့ပါလာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူမက တံခါးဝတွင် မှီချပ်နေသည်။ အပြာရောင် ခြုံထည် တစ်ခုကို ပတ်ထားသည်။ ဆံပင်များက ဖားလျားကျနေသည်။ သူမသည် အရက်မူးနေသလော၊ မူရေးက တွေးလိုက်သည်။ ဖြစ်နိုင်သည်။ သူမမှာ ယိမ်းယိုင်မနေသော်လည်း တုန်လှုပ်နေပုံတော့ရသည်။

သူမက အသားဖြူသည်။ ရွှေရောင်ဆံပင် အတွေးလိုက်ရှိသည်။ လက်က သေးသွယ်သည်။ အသက်က ၃၂ နှစ်မျှ ရှိပုံရသည်။ မျက်ခုံးမွေး တို့က ဆံပင်ထက် အရောင်ရင့်သည်။

'ဂွတ်မောနင်း၊ ကျွန်တော် မှားများမှားနေမလားမသိဘူး ဒီမှာ ဘယ်မြူဒိုးတွေမှ မတွေ့ရပါလား'

'ဒါမျိုးက မကြာခဏဖြစ်....'

သူမက ရယ်လိုက်သည်။

'အစောကြီး ရှိသေးတယ်ထင်တယ်'

'ဆယ့်နှစ်နာရီနှစ်ဆယ် ရှိသွားပြီ'

သူမ၏အခန်းမှ အငွေ့တိုင်အနံ့ ကို ရမိသည်။

'ဒီမှာ ခင်ဗျား နေတာလား'

'ဟုတ်တယ်၊ ဝင်ရိုးစွန်းကြယ်အောက်ဒေသကနေ ဒီကို ရွှေ့လာခဲ့တာလေ၊ ကြယ်တွေဟာ ဘယ်လောက် နိမ့်တယ်ဆိုတာ ရှင် မြင်ဖူးလား၊ အို....တစ်ခွက်လောက် သောက်ချင်လိုက်တာ....ကျွန်မမှာမရှိ....'

ကျွန်တော် ယူပေးရမလား'

'ဟင့်အင်း....ရောက်လာပါလိမ့်မယ်'



သူမက အတွင်းသို့ ဝင်သွားသည်။ မူရေးက တံခါးဆီသို့ ခေတ္တမျှ စောင့်ကြည့်နေသည်။ မကြာမီ သီချင်းသံကိုကြားရသည်။ သူမှတ်မိလိုက်သည်။ လွမ်းဆွတ်မင်းဟုခေါ်သော လူစိမ်းတစ်ယောက်မင် ဖြစ်သည်။

သူမသည် ဓာတ်စက် အဟောင်းကြီး တစ်လုံးကို ဖွင့်နေတန်းတူသည်။ မူရေးက လှည့်ထွက်ခဲ့သည်။ တေးသီချင်းမှာ အစိပ္ပါယ်တော့ ရှိလှသည်။

'ကြေကွဲဖွယ် အသွင်ရှိသောဂျူး တစ်မြို့လုံးအနှံ့ ကိုယ့်နောက်ကိုလိုက်နေသောဂျူး....'

သီချင်းသံကို မူရေးကြားမိသည်။ သူ သတိရလိုက်သည်။ မှတ်မိစရာ ကောင်းသည့် အရာမဟုတ်သော်လည်း မှတ်မိနေသည်။ အံဝင်ခွင်ကျပင်ဖြစ်သည်။

မူရေး အရက်ခန်းထဲသို့ ရောက်၍ ဆယ်မိနစ်မျှ အကြာ စယ် မစ္စက်ပါပါဂိုတစ်ယောက်လာသည်။ မူရေးက သူတွေ့ခဲ့သည့် အမျိုးသမီးအကြောင်း မေးကြည့်သည်။

'သူလား၊ သူက တစ်ခါတလေ မစ္စစပင်ဆာလို့ ခေါ်တယ်၊ တစ်ခါတလေကျတော့လဲ သူ့ကိုယ်သူ မစ္စက်စပင်ဆာတဲ သူနဲ့ ရှင် စကားပြောခဲ့သလား၊ သူရောက်နေတာ ၆-လရှိပြီ....'

'သူ့ကို ထွက်သွားဖို့ ကျွန်မပြောတာမနည်းဘူး၊ မသွားဘူးလေ၊ တစ်ပတ်ပြီးတစ်ပတ်အရက်သောက်နေတာ၊ နောက်ဆူညံနေတဲ့ ဓာတ်စက်ကြီးကိုလဲ ဖွင့်သေးရဲ့၊ ဖွင့်လိုက်ရင်လဲ သီချင်းက တစ်ပုဒ်ထဲ၊ ရှင်ဦးနှောက်ခြောက်သွားသလား'

www.burmeseclassic.com



'သူက ကြောင်မနေပြီ၊ အစားအိမ်သောက်ဆိုလဲ အခုပါမှသာ စားတယ်၊ ဝန်ထမ်းတွေက သွားပို့ရတယ်'

သူမက စကြံမှ အသိတစ်ဦးကိုတွေ့ဟန် လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး မူရေးဘက်သို့ ပြန်လှည့်သည်။

'သူ့မှာ ချစ်သူတွေ သိပ်များတာရှင့်၊ အတော့်ကို များတယ်၊ သူ့ငယ်တုန်းကတော့ တွဲတဲ့လူ တချို့ဟာ အခြေအနေကောင်းတဲ့လူတွေ ကာလကတ္တားမှာသူနေခဲ့ဖူးတယ်၊ ငယ်ငယ်ကတည်းက အဖေရှေ့တိုင်းအနှံ့ နေခဲ့တာ။

'သူ့မှာစိတ်ကူးယဉ်တာတွေ များနေတယ်၊ ဒါပေမယ့် သူ့ကို ညှန်မခံပါတယ်၊ သူက ဦးနှောက်ရှိတယ်၊ ရက်ရောတယ်၊ ဟုတ်တယ်၊ အပေးအကမ်းတော့ရက်ရောတယ်။

'မနေ့ကလာတဲ့ မစ္စတာဂျော်ဖရီဆိုရင် ဩော်.... ဟုတ်သားပဲ၊ ရှင်နဲ့တွေ့တာပဲ၊ မစ္စစပင်ဆာနဲ့ ပတ်သက်ပြီး သည်းမခံနိုင်ဘူးလို့ ပြောခဲ့တာလွန်ခဲ့တဲ့တစ်လလောက်က အဖြစ်ပဲ'

မူရေး တွေးမိသည်။ ဖြစ်နိုင်ပါ့မလား၊ ဂျော်ဖရီသည် ကော်နီအား အသုံးချပုံရှိသည်။ မစ္စစပင်ဆာကိုမုအကြောင်း အချို့ကြောင့် ဘော ဖယ်ခဲ့ခြင်းလော။

'အို....မစ္စကွန်တန်ပါလား'

မစ္စစ်ပါပါဂိုဘစ်က မမျှော်လင့်ဘဲ တွေ့ရသလို ပြောလိုက်သည်။

ညှို့ခန်းအဝင်ဝယ် ပြတ်သားစွာ မျက်နှာပေး ရဲနေသည့် အမျိုးသမီးတစ်ယောက်က သူတို့ထံသို့ လျှောက်လာသည်။ သူမသည် ဒေလီရှိ အစ်လိပ်ကုန်ဆည် မိသားစု၏ အလေးထိန်း



ဖြစ်ကြောင်းခေတ္တမန်ဒုသို့ ခွင့်ဖြင့်အလည်လာကြောင်း မစ္စက်ပါပါဂိုဘစ်က မူရေးအား ပြောပြသည်။

'ခွင့်ပြုပါဦး'

မူရေးက ကောင်တာမှ လှည့်ထွက်ခဲ့သည်။

× + ×

ဇာတ်လမ်းစဉ် (၄)

ဟိုတယ်မှ မူရေးထွက်လာသည့်အခါ ခြံဝရှိ မြေနုဝင်းလန် ခြားကဟွန်းတီး၍ လှမ်းခေါ်သည်။ မူရေးက ခေါင်းခါလိုက်သည်။ လန်ခြားသမားက ဘေးမှ ဟွန်းတီးရင်း အတန်ကြာ လိုက်လာသေးသည်။ ထို့နောက်မှ ဟိုတယ်ဘက်သို့ပြန်သွားသည်။

လမ်းဘေးတွင် မှာလကာသီး ဝါဝါကြီးတစ်ပုံ ဘေးဝယ် ရောင်းသည့် အမျိုးသမီးများက ထိုင်နေကြသည် ကောင်လေး တစ်အုပ်ကမူ မူရေးထံသို့ ပြေးလာကြသည်။

'ဟယ်လို မစ္စတာ၊ ပိုက်ဆံသိမလား'

'ဟယ်လို မစ္စတာ၊ ခင်ဗျားဘယ်က လာသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အော်စလိုကကွ'

'ဟုတ်လား…အဲဒီမှာ ကျွန်တော့် သူငယ်ချင်း တစ်ယောက်ရှိတယ်ဗျ'

'ဟုတ်မှာပေါ့ကွာ'

'ဟယ်သိုမစ္စတာ ကျွန်တော် အဘိဓာန်စာအုပ် တစ်အုပ်လောက်လိုချင်တယ်'

မှုရေးက ရယ်လိုက်သည်။ မကြာမီ ကလေးများက ထွက်သွားသည်။

ဖုန်ထူသော လမ်းဝယ် နေပူရှိန်က ပြင်းစွာကျရောက်လျက်ရှိသည်။ ဂျုပ်ဒါဆာက်လမ်းမကြီးကို ဖြတ်ကျော်သည်။ ကိုက်နှစ်ရာမျှသွားပြီး လူရှုပ်နေသည့် လမ်းကျဉ်းလေးထဲသို့ ချိုးဝင်လိုက်သည်။

မှုရေးက ခြေလှမ်းကို နှေးလိုက်သည်။ ပန်းရောင် အုတ်အဆောက်အဦးများကို မော့ကြည့်လာသည်။ ဒုတိယလမ်းတွင် ညာဘက်သို့ ချိုးဝင်ပြန်သည်၊ သံချေးတက်နေသည့် ဆိုင်းဘုတ်အဲလေးက သစ်ခွဲစက်ဟူ၍ ရေးထားသည်။

မြင့်မားသော အဆောက်အဦးများ၏ ဘေးသုံးဘက်ဝယ် မြေကွက်လပ်က ရှိသည်။ ညာဘက်အခြမ်းတွင် သစ်သား လှေခါးနှင့် တံခါးပေါက်တစ်ခုကို တွေ့ရသည်။ မှုရေးကအပေါ်သို့ တက်လာပြီး တတိယထပ်ရှိ တစ်ခုတည်းသော တံခါးကို ခေါက်လိုက်သည်။

ကော်လာကတုံး ရှပ်အင်္ကျီပေါ်ဝယ် အပေါ်အင်္ကျီခါးပြတ် ဝတ်ထားသော အသက်လေးဆယ်အရွယ်လူတစ်ယောက်



က တံခါးလုံးဖွင့်သည်။ ချောမွေ့၍ ညိုရောင်ပြေးနေသည့် နီပေါလူမျိုး၏ မျက်နှာပြင်ဝယ် စိတ်လှုပ်ရှားပုံ မရှိ။

'မစ္စတာခါလီလား၊ ကျွန်တော်အက်မှုရေးပါ'

ခါလီ၏ မျက်နှာရိပ်က မပြောင်းလဲ၊ မှုရေးအား အချိန်ယူ၍ အကဲခတ်သည်။ အတန်ကြာမှ…

'ဝင်ပါ'

မှုရေးက ရှေ့သို့ တိုးဝင်လိုက်သည်။ ခေါင်းနှင့်တံခါးဘောင် ဆောင့်မိသည်။ ခါလီ၏ မျက်နှာထားကမူ ပြောင်းလဲခြင်းမရှိ။ သူက တံခါးကို ပြန်ပိတ်သည်။ အတွင်းဘက် အခန်းသို့ ခေါ်သွားသည်။ မှုရေးက ခေါင်းကိုပွတ်ရင်း လိုက်သွားသည်။

အခန်းထဲဝယ် အလုပ်လုပ်ရာ ခုံတန်းရှည် နှစ်ခု ရှိသည်။ လက်သမားပစ္စည်းများ၊ ကြမ်းပေါ်မှ ရွှေဘော်စများနှင့် သစ်သားနံ့တို့ ဖုံးလွှမ်းနေသည်။ ရှည်မျော့မျော့ ပြူတင်းပေါက်မှသာ အလင်းရောင်က ဝင်လျက်ရှိသည်။

ဘေးမှ ထိုလျက်အခန်းမှ ခုံတစ်လုံးကို ခါလီက ယူလာပေးသည်။ ခါလီမှာ ဂင်တိုတိုဖြစ်သည်။ ဆံပင်နက်နက်တို့က ပါးသည်။ ပြည့်ဖြိုးသော မျက်နှာဝယ် မိန်းမဆန်လေးနှယ်လေးထိုင်းသဏ္ဍာန် နှုတ်ခမ်းအစုံ ရှိသည်။ လည်ပင်းတွင် ပုတီးစေ့များကို ဆွဲထားသည်။ သူက သက်တောင့်သက်သာထိုင် လှုပ်ရှားရင်း မှုရေးအား ထိုင်ခုံသို့ ညွှန်ပြသည်။

'စီးကရက် သောက်ပါဦးလား'

www.burmeseclassic.com

www.burmeseclassic.com



ခါလီက တစ်လိပ် လှမ်းယူသည်။ မူရေး၏ မီးခြစ်ဖြင့်ပင် မီးညှိကာ ခုံတန်းလျားပေါ်တွင် ထိုင်ချသည်။ မူရေးအား အကဲခတ်နေသည်။ မူရေးက စီးကရက်ခဲရင်း....

'ကျွန်တော် ကရာချိကနေ လာခဲ့တာပဲ၊ လေယာဉ်က ကာသက္ကတ္တားမှာ ကြာနေလို့ ဒီမှာက လာခဲ့ရတာ'

ခါလီက ခေါင်းသာ ညိတ်သည်။ မူရေး၏ တစ်ကိုယ်လုံးအား အကဲခတ်နေသည်။ မိမိတွင် သေနတ် ပါသလောဟု ခါလီ ထင်နေကြောင်း မူရေးရိပ်မိသည်။

'ပေါ(လ်)ရိုင်ဘာက မှာလိုက်တယ်၊ ခင်ဗျားကို ကော်မရှင်ခ ပေးစရာရှိတယ်တဲ့၊ ကျွန်တော်ကို ပေးလိုက်ဖို့မှာလိုက်တယ်၊ ဒေါ်လာ(၁၅၀၀)ပဲ၊ ငွေကိုတော့ ဘဏ်က မနေ့က ပဲ ထုတ်ပြီးပြီ'

'ဒေါ်လာ လိုချင်ရင်တော့ နယူးယော့၊ ဘော့စတွန် ဒါမှမဟုတ် တစ်နေရာရာမှာ ခင်ဗျားယူလို့ ရတယ်၊ ဒါမှမဟုတ် ရူပီးယူပေါ့၊ ဒီမှာတော့ ကျွန်တော် ဒေါ်လာနဲ့ ပေးလို့မရဘူး၊ ဟုတ်ပြီနော်'

ခါလီ၏မျက်နှာက ပြောင်းလဲမှုမရှိ။ နားပင်းနေပုံ ဖြစ်သည်။ မူရေးက ပါးစပ်မှ စီးကရက်ကို ချွတ်၍ မီးခိုးကို မှုတ်ထုတ်သည်။

'ကျွန်တော်ကို အရင်က ခင်ဗျားမမြင်ဖူးဘူး မှတ်တယ်'

မူရေးက နိုင်ငံကူး လက်မှတ်ကို ထုတ်ပြသည်။



'ကျွန်တော် မှာနိုင်ငံဝင်ခွင့် ဗီဇာလက်မှတ်အတု ခြောက်ခုရှိတယ်၊ ထုတ်ပေးတဲ့ နေ့စွဲနဲ့ သက်တမ်းကုန်တဲ့ရက်တွေသာ တော့ အတူတူပဲ'

ခါလီက မူရေးထံမှ ယူကြည့်သည်၊ ဓာတ်ပုံနှင့်မူရေးအား တိုက်ကြည့်သည်။

'နယူးယော့မြည်နယ် ကားလိုင်စင်ကော ကြည့်ဦးမလား ခါလီက ယူ၍စစ်ဆေးကြည့်သည်'

'ခင်ဗျားမှာ အမှတ်အသားတစ်ခုရှိတယ်၊ ဆေးမင်ကြောင် ထိုးထားတာလေ'

မူရေးက ရယ်ပြသည်။ညာဘက် အင်္ကျီလက်ကို ဆွဲတင်၍ လက်ဖျံမှ အမှတ်အသားကိုပြသည်။ ခါလီက ခေါင်းညိတ်၍ နိုင်ငံကူးလက်မှတ်ကော ကားလိုင်စင်ပါ ပြန်ပေးသည်။

'ခင်ဗျားအတွက်ငွေကို၊ မှော်ခိုလဲနှုန်းနဲ့ ကျွန်တော်ပေးလို့ရပါတယ်'

မူရေးက ရူပီးငွေစက္ကူအလိပ်လိုက်ကိုပြသည်

ခါလီ၏ မျက်နှာကရွှင်ပျသွားသည်။

'ကောင်းပြီ ကျွန်တော်ယူမယ် မနက်ဖန်ဆိုယင် နှုန်းကတက်ချင်ဖြစ်သွားလိမ့်မယ်'

ခါလီက ငွေစက္ကူများကိုယူ၍၊ နှုတ်ခမ်း တပ်ဆုပ်ဖြင့် ရေတွက်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲ သို့ ထိုးထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားဟာ အရှေ့ပါကစ္စတန်မှာ ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေ အတော်များများနဲ့ ဖြတ်ဝင်ခဲ့တယ်လို့ ကြားမိတယ် လွန်ခဲ့တဲ့ (၆၇)ပါတ်ကပဲ'

'ဟုတ်တယ်'

'အဲဒီလူဟာ ပေါ(လ်) ရှိင်ဘာရဲ့ လူတစ်ယောက်လို့ ပြောတယ် သူ့နာမည်က မစ္စတာမူရေးတဲ့'

'တစ်ယောက်ယောက် ကတော့ သိပ်အာချောင်နေပြီထင်တယ်ဒါကို ကျွန်တော်လဲ ကလကတ္တားမှာ ကြားခဲ့ရတယ် ဒေါ်လာတချို့လဲဖို့ လူတော်တစ်ယောက်ဆီ သွားတော့ ခင်ဗျားအရှေ့ပါကစ္စတန်မှာရှိနေတယ်လို့ ကြားတယ်ဆိုပြီး ပြောတာပဲ ဒီစကားတွေဘယ်လိုလုပ်ပျံ့နေရတာလဲဗျ'

'ကျွန်တော် မသိပါဘူး'

'ဒါဆိုယင် ဘယ်သူပြောနေတာလဲဗျ'

'ကျွန်တော်ကတော့ အာချောင်တဲ့လူ မဟုတ်ပါဘူးမစ္စတာမူရေး ဒီပါတ်ဝန်းကျင်မှာ ခင်ဗျားမရှိဘူးလို့ပဲ ကြားတယ် ခင်ဗျားဟာ အမေရိကန် ပြည်ထောင်စုမှာပဲ ရှိနေတယ်တဲ့'

'ဒီစကားကို ဘယ်ကကြားတာလဲ ခါလီ'

'မေ့သွားပြီဗျာ'

ခါလီက မူရေးအား မကြည့်။ စိတ်ကျဉ်းကြပ်နေပုံရှိသည်။

'ခင်ဗျားလုပ်လို့ အောင်မြင်ခဲ့ရဲ့လား'

'အောင်မြင်တာပေါ့ အက်(စ)ဆမ်က တစ်နေ့ရာမှာ ကျွန်တော်တို့ချထားခဲ့တယ်'

'မစ္စတာရှိင်ဘားကော သူနဲ့တွေ့တယ်မဟုတ်လား'

'တွေ့တာပေါ့ ဘာဖြစ်လို့မတွေ့ရမှာလဲ သူကဖယောင်းဒါမှာရှိတယ် သူသိပ်စွဲလန်းတဲ့ ရှက်လှေတစ်စီး ဝယ်ထားပြီ ခင်ဗျား အမေရိကန်ကိုသွားပြီး အဖွဲ့သားတွေနဲ့တွေ့ဖို့ ဆောင်းတယ်'

'ဒါကို လွန်ခဲ့တဲ့ သုံး-လေးနှစ်က မစ္စတာရှိင်ဘား တစ်ခါပြောဖူးတယ် တစ်နေ့တော့ ကျွန်တော်သွားဖြစ်မှာပါ'

ခါလီက စီးကရက်ပြာကို ခြွေလိုက်သည်။

'မစ္စတာ မိုသာနဲ့ကောဗျ'

'ဟယ်ရီကို ပြောတာလား အင်း - သူကတော့ ခရီးထွက်နေတယ် သူတစ်ခါ ခံလိုက်ရတာပေါ့လေ ရိုအန်နိုက်မှာ တစ်နှစ်က ဆယ်နှစ်အထိ နေစရာရှိတယ် ခံဝန်ချက်နဲ့တောင် သုံးနှစ် [illegible]

'ကျွန်တော် နားမလည်ဘူးဗျာ'

'သူက အချိန်ကို အကုန်ခံနေရတာလဲ...အစိုးရ ညွှန်သည် တစ်ယောက်အဖြစ်ပေါ့...သဘောပေါက်ပြီလားခါလီ'

'ဩော်...ခင်ဗျားကော အလုပ်ကိစ္စနဲ့ လာခဲ့တာလား မစ္စတာမူရေး'

'ဟာ ဒီလိုဘာဖြစ်လို့ တွေးမိတာလဲ ခါလီ ကျွန်တော် ဘယ်ဘာမှ အလုပ်ကိုမရပ်ဘူး အမေရိကန်ကနေ့ညီရောပကိုက် နောက် အရှေ့အလယ်ပိုင်းကို သွားနေတာပဲ လက်ဖြတ်သူ့တာတ်ကို အလုပ်လုပ်နေခဲ့ကာ'

www.burmeseclassic.com

www.burmeseclassic.com



ခါလိဒ်က ခေါင်းကို အသာလေး မော့ထားလိုက်သည်။

'ခင်ဗျားဘာစ်ခုခုကိုတော့ သိထားတယ်မဟုတ်လား မစ္စတာမူရေး နောက်ဆုံးအခေါက်ပြီးတော့ လေယာဉ်မောင်း သမားဟာ လုံးဝပြန်မရောက်လာတော့ဘူး ဒီကို ရောက်လာတယ် ပန်ချစ်မှာ သေတ္တာတွေချတယ် အဲဒီနောက် လေယာဉ်မောင်း သမားကို မတွေ့ရတော့ဘူး'

'ဒါကို ကျွန်မကြားမိဘူး သူ့ကို ဖမ်းမိသွားတာလား'

ခါလိဒ်က ပုခုံးတွန့်သည်။ သူ့အား ကြည့်ရသည်မှာ စိတ် ကောင်းပုံမရပါ။ မျက်မှောင်ကြုံ့နေခြင်း၊ မျက်လုံးများဝေ့ဝယ် ခံစားချက် အရိပ်ပေါ်ခြင်းတို့ကသာလျှင် သူ၏စိတ်လှုပ် ရှားမှုကို ပြသောအရာများသာ ဖြစ်သည်။

'ဘာမှ မဖြစ်ဘူးလို့ ထင်ပါတယ် နို့မဟုတ်လို့ရှိယင် ကျွန်တော်တို့ ကြားရမှာပေါ့ ခါလိဒ်'

မူရေးက စီးကရက်အား ပစ်ချပြီး တက်နင်းလိုက်သည်။

'ဒီမှာခါလိဒ် အလုပ်ကိစ္စ ပြောကြရအောင် ပန်ချစ်ကို နောက်တစ်ကြိမ် ကျွန်တော့်ပစ္စည်းပို့ဖို့ရှိနေတယ် ဒါကြောင့် မို့ ဒီကိုရောက်လာရတာပဲ ရွှေချောင်းချည်းပဲ လေး - ငါး သေတ္တာရှိမယ်'

'သြစတြေးလျ ရွှေချောင်းတွေပဲလား'

'ဟုတ်တယ် လေယာဉ်က ရန်ကုန်နဲ့ အရှေ့ပါကစ္စတန်ကို ဖြတ်ပြီးလာနေမြဲ ဒီမှာ ကျွန်တော်လက်ခံယူပြီး ပန်ချစ်မှာ ချပေးရမယ် နောက် အနောက်ပါကစ္စတန်က ပစ္စည်းတချို့ ယူပြီး ဘေရွတ်ကို ပို့ပေးရဦးမယ်'



'ဒါက လေဆိပ်မှာ အားလုံး အဆင်ပြေဖို့ အရေးကြီး တယ် ကျွန်တော်တို့ ဘာပြဿနာမှ ရှိလို့ မဖြစ်ဘူး လေဆိပ်က လူတွေနဲ့ အဆင်ပြေတုန်းပဲ မဟုတ်လားခါလိဒ်'

'ပြောမယ်ဆိုတယ် ဒီကိုလေယာဉ် ဘယ်တော့ရောက်မှာလဲ'

'ခင်ဗျားကို ကြိုပြောထားမယ်၊ ခင်ဗျားကြားကြားချင်း ကျွန်တော့်ကို ပြောပါ၊ ကျွန်တော် နန်းတော် ဟိုတယ်မှာ ရှိတယ်'

ခါလိဒ်က ခေါင်းညိတ်သည်။

'ဟို လေယာဉ်မောင်းဘယ်လိုဖြစ်သွားတယ်ဆိုတာ ခင်ဗျား ဆက်စုံစမ်းဦးမှာလားခါလိဒ်၊ ကျွန်တော်တော့ သဘောမကျ ဘူး'

ခါလိဒ်က စိတ်မချမ်းသာစွာ ပခုံးတွန့်သည်။

'ဘာမှ ကျွန်တော် ရှာတွေ့နိုင်မှာ မဟုတ်ပါဘူးဗျာ'

အောမှ အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၍ မူရေးက အံ့ဩစမ်းသလို ကြည့်လိုက်သည်။ ခါလိဒ်က ခေါင်းခါသည်။

'ကျွန်တော့်ဆီမှာ လာအလုပ်လုပ်တာပါ'

နှုတ်ဆိတ်သွားကြပြီး၍ အတန်ကြာ ထိုင်နေကြသည်။

'မစ္စတာမူရေး၊ ခင်ဗျားမိန့်မှာတော့ ခင်ဗျား လုပ်ရတာ လွယ်ပါတယ်'

'လွယ်အောင် လုပ်ဖို့ကတော့ ခင်ဗျားတာဝန်ပဲ ခါလိဒ်'

'ဒီရွှေလုပ်ငန်းဟာ ပြဿနာ အတော်များသွားပဲ၊ အိန္ဒိယ တွေကတော့ မိရင်သတ်မစ်ကြတာပဲ၊ ဒုက္ခ တော်တော်များ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပန်ချပ်ပြည် ပါတ်ယားလင်းမှာ အိန္ဒိယရဲက ဆယ်[…]
လေးယောက် မိသွားတယ်လို့ ကြားတယ်'

'ကျွန်တော်နဲ့ ပတ်သက်တဲ့လူ ပါသွားသေးသလား'

'တချို့တော့ ပါသွားတယ်'

'ဒီကောင်တွေဟာ တစ်ချိန်လုံးလုပ်နေတာပဲ၊ ကျွန်တော်[…] ကတော့ အဆင်ပြေပါတယ်၊ လူတွေကို အစီအစဉ်တကျ [...] ထားတာပဲ၊ စိတ်မောတ်မကျစမ်းပါနဲ့၊ ဒီမှာ ခါလိ ဒီ[…] ခေါက် ကျွန်တော်တို့ ခြောက်သေတ္တာ လုပ်ကြမှာဗျ'

'အိန္ဒိယသားတွေတင်မကဘဲ တခြားလူတွေကပါ ခင်ဗျ[ား] ကို ပြသနာ လုပ်စရာရှိသေးတယ်'

'ဟုတ်လား...ချိုင်၊ ဂိုက နေ့တစ်အုပ်ကို ခင်ဗျားသ[…] သေးတယ် မဟုတ်လား၊ ကျုပ်ဘယ်လို လုပ်ခဲ့သလဲဆိုတာ[…]

ခါလိက ပခုံးတွန့်လိုက်သည်။

'ခင်ဗျား ခြေလှမ်းကို ကြည့်လှမ်းပါ မစ္စတာမူရေး'

မူရေးက ခါလိအား အတန်ကြာ စိုက်ကြည့်နေမိသ[ည်] ပြီးမှ...

'အင်း...အေးလေ၊ ဟို လေယာဉ်အကြောင်းကြား [ကြ…] ချင်း ကျွန်တော် ခင်ဗျားဆီက စကားလိုချင်တယ်ဗျ'



သူပြန်ထွက်လာချိန်၌ လမ်းပေါ်ရှိ လူအုပ်မှာ ပို၍များ[…] […]ကျရှိသည်။ ညနေစောင်းနေရောင်ခြည်က လမ်းပေါ်သို့ […]စောင်းစွာ ကျနေသည်။

နွားတစ်ကောင်က လူအုပ်အား နှာတ်သီးဖြင့် တိုးဝှေ့ကာ […]သွားနေသည်။ မူရေးက ဟိုဘယ်ရှိရာဘက်သို့ ဦးတည်လိုက် […]သည်။ စက်ဘီးခေါင်းလောင်းသံက နောက်မှ ဆူညံစွာ ထွက် […]ါလာသည်။ နောက်သို့ လှည့်ကြည့်ကာ ဘေးသို့ရှောင် […]သည်။ လမ်းဘေးမှ လူတစ်ယောက်နှင့် ဝင်တိုက်မိသည်။

'ဟယ်လို...'

မစ္စကွန်ကန်ဆိုသည့် အင်္ဂလိပ် အမျိုးသမီးပင် ဖြစ်သည်။ […]က်ဘီးပေါ်မှ သူ့ကို ပြုံး၍ ကြည့်နေသည်။ လူအုပ်ကြား […]င် သူမက စက်ဘီးကိုကိုင်၍ ရပ်လျက်ရှိသည်။ လူတစ် […]ာက် ခွဖြင့် စက်ဘီး၏ နောက်ဘရိတ်ကို ညှိပေးနေသည်။

'ဆောရီးပဲဗျာ၊ တောင်းပန်ပါတယ်၊ နောက်က စက်ဘီး […] ရှောင်ရင်းဝင်တိုက်မိတာပါ'

မူရေးက တောင်းပန်သည်။ စကားဆက်ပြောလိုစိတ်က […]း ဖြစ်လာသည်။

'ဪ...ဒီစက်ဘီးကို ခင်ဗျား ဝယ်မလို့လား'

'မဟုတ်ပါဘူးရှင်...ရှင်လဲ ငှားလို့ရပါတယ်၊ တစ်ရက်လုံး […]းရှိပြီး ပေးရတာ၊ ရှင်လဲ ငှါးစီးကြည့်ပါလား'

မူရေးက ပြုံးလိုက်သည်။

'ရပါစေတော့ဗျာ၊ ဒီဟိမဝန္တာဒေသမှာ စက်ဘီးစီးဖို့ […] တစ်ခါမှ စိတ်မကူးမိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကာဂါနိုဟက်သို့ သွားကြည့်ပါလား၊ နာရီဝက် လောက်ပဲကြာမယ်၊ အဲ့ဒီကို စက်ဘီးနဲ့ သွားကာပါမျိုးတာ

သူမက အဖြူရောင် ဘလောက်(စ) အင်္ကျီနှင့် အမည် ရောင် စကတ်အရှည်ကို ဝတ်ထားသည်။ ဆံပင်ကို နောက် လှန်ချကာ ကလစ်များ ညှပ်ထားသည်။

'ဒီဒေသကို ရှင်ကြိုက်တယ်နော်'

သူမက အဖြေရလိုခြင်းထက် မိမိအမြင်ကို ပြောလိုက် လို့နှယ် ရှိသည်။

'ဟုတ်ကဲ့...ကြိုက်ပါတယ်'

သူမက ဤဒေသနှင့် ပတ်သက်သည်များကို ပြောနေပြ သည်။ မူရေးက စီးကရက်ကို ဖွာရင်း နားထောင်သည်။

'ရှင်ဒီမှာ ကြာဦးမှာလား'

သူမက စိတ်အားထက်သန်စွာ မေးလာသည်။

'သိပ်မကြာဘူးလို့ ထင်တယ်'

'ကျွန်မတော့ နိုင်ငံကာ(လိ)ဒေသကို ခဏလောက် သွား လည်မယ် စိတ်ကူးတယ်၊ အိန္ဒိယနိုင်ငံ အကြောင်း ရှင်သိ လား၊ ကျွန်မ သွားပြီးလေ့လာမယ်လို့ မိတ်ဆွေကိုကတိပေး ထားတယ်၊ ဒီနေရာကိုတော့သွားရင် ကောင်းမယ်လို့ အကြံ ပေးကြလို့ ရောက်ခဲ့တာပဲ၊ ဟိုတယ်က ကောင်းတယ်နော် ရွက်ပကဲ့ အင်း... မစ္စက်ပါပါဂိုတစ်ကို ကျွန်မကမစ္စက်ပ ခေါ်တယ်၊ သူက သဘောကောင်းတယ်ရှင်၊ အို့...ပြီးပြီလား'



နီပေါလူမျိုးက ဘာရိတ်ကိုပြင်ပြီး သွားပြီဖြစ်သည်။

မူရေးကရသည့် အခွင့်အရေး ယူလိုက်ရသည်။ သူမအား နှုတ်ဆက်သည်။

'ဂွတ်ဘိုင်...စက်ဘီးတစ်စီးတော့ ရှင်ငှားစီးဦးမယ်လို့ ထင် နေတုန်းပဲ'

မူရေးက ဟိုတယ်သို့ ပြန်လာသည်။ ဟိုတယ်ထဲသို့ ဝင် လာစဉ်၊ လှေခါးမှ မစ္စက်ပါပါဂိုတစ်ကလည်း အမေရိကန် လူမျိုးဟုထင်ရသော ပိန်ပိန်ရှည်ရှည် လူရွယ်တစ်ယောက်နှင့် ဆင်းလာသည်။

'သြော်...မစ္စတာမူရေး ရှင့်ကို ကျွန်မဘာပြောခဲ့သလဲ... တစ်ခုခုပြောခဲ့ နေပါဦး ဘာပါလိမ့်'

လူရွယ်က မူရေးအား ခေါင်းအစခြေအဆုံး ခပ်သွက်သွက် ကြည့်လိုက်သည်။

'သြော်...ရှင်တို့နှစ်ယောက် သိပြီးကြပြီလား မစ္စတာ... အော့ဒမ်'

'ချက်စတာအော့ဒမ်ပါ'

ချက်စတာက မူရေးအား ဦးညွှတ်နှုတ်ဆက်ကာ မျက်မှန် ပေါ်မှ ကျော်ကာကြည့်သည်။ လက်ကိုဆန့်ပေးကာ—

'တွေ့ရတာ ဝမ်းသာပါတယ်'

'သူကမစ္စတာမူရေးပါ'

မစ္စက်ပါပါဂိုတင်က ဝင်ပြောသည်။ မူရေးကလက်ဆွဲနှုတ် ဆက်လိုက်သည်။

'မစ္စတာအော့ဒမ်က သံရုံးကပဲရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

မူရေးက စီးကရက်တစ်လိပ်ကို ထုတ်သည်။ အောဒမ်မှာ ပါနုပ်ပုံရသည်။ ခေါင်းကလုံးသည်။ သဲရောင်ဆံပင်ကို ခပ်တိုတိုညှပ်ထားသည်။

'ခင်ဗျားကကော မစ္စတာမူရေး'

'ကျွန်တော်က အလုပ်ကိစ္စနဲ့ လာခဲ့တာပါ'

အောဒမ်က မူရေးစကားဆက်လာမည်ကို စိတ်အားထက်သန်စွာ အသာ ကိုယ်ညွှတ်၍ နားစွင့်သည်။ မူရေးက စကားမဆက်သည့်အခါ၊ ကျေနပ်ပုံရ။

'ဟုတ်ကဲ့... အကူအညီလိုယင်ပြောပါ... သိရှင်းကျွန်တော်တို့ စီးပွားရေးဌာနခွဲက တော်ပါတယ် ဒီမြို့မှာပဲရှိတယ် ကပ်လျက်ပါပဲ လာခဲ့ပါ။ ဝမ်းပန်းတသာ ကူညီပါမယ်၊ ကျွန်တော်တို့က တတ်နိုင်သလောက် အရောင်းအဝယ် လုပ်ကြပါတယ်'

'ခင်ဗျားက ကုန်သွယ်ရေးဌာနကလား'

'အတိအကျတော့ မဟုတ်ဘူး... အကြံပေးတဲ့ဘက်ကပိုပါတယ်။ ယဉ်ကျေးမှုဌာနကပါ... ခင်ဗျားကို တွေ့ရရင် ကုန်သွယ်ရေးက လူတွေ သိပ်ဝမ်းသာမှာ သိပါတယ်'

'ကျေးဇူးပါပဲဗျာ'

မူရေးက ခေါင်းညိတ်နှုတ်ဆက်၍ လှေခါးအတိုင်း တက်သည်။ 'ရှင်လာတယ်ဆိုတာ ကောင်နီကို ပြောလိုက်ဦးမယ်' ဟူသော မစ္စက်ပါပါဂိုဘာ၏ အသံကို ကြားလိုက်မိသည်။



အခန်းထဲသို့ ပြန်ရောက်သည့်အခါ၊ တသီးတခြားဖြစ်မှုကို ခံစားရပြန်သည်။

တံခါးခေါက်သံကြားလိုက်ရသည်။ အားရပါးရ ပြုံးနေတတ်သော၊ အခန်းတာဝန်ကျဝန်ထမ်းလေး(စ)မန်းပင်ဖြစ်သည်။ သူက အိနိုပ်မပါ။ အဖြူရောင် ခါးစည်းပါအင်္ကျီ၊ ဘောင်းဘီရှည်အဖြူနှင့် သိုးမွှေးဦးထုပ်ကို ဆောင်းထားသည်။

မူရေးကရင်းအား၊ အရက်ခန်းမှ ဝီစကီတစ်လုံးသွားယူစေသည်။ အရက်ရောက်လာပြီးနောက်၊ မူရေးက တစ်ခွက်ငှဲ့ထည့်ကာ လသာဆောင်သို့ ထွက်ခဲ့သည်။ မြူများကျလာပြီဖြစ်သည်။ လင်းဆွဲများပျံသန်းယင်း သစ်ပင်များ၌ အသံပေးလျက်ရှိသည်။

မူရေးက သံလှေခါးအတိုင်း ခေါင်မိုးပေါ်သို့ တက်ခဲ့သည်။ ဝင်လုဆဲနေရောင်ဖြင့် တောင်တန်းကြီးများကို တွေ့ရသည်။ လင်းဆွဲများပျံလာလိုက် ပျံသွားလိုက်ဖြင့်၊ သစ်ပင်များ လှုပ်ယိမ်းကာ အသံပေးလျက်ရှိသည်။ လေပြေက ညည်းညှင်းစွာ တိုက်ခတ်နေသည်။

ခဏကြာမှ သီချင်းသံကို ကြားရသည်။ ကြားနေကျ သီချင်းသံပင်ဖြစ်သည်။ သူက ထိုင်နေရာဘက်သို့ လျှောက်သွားသည်။ မစ္စဖပင်ဆာ၏ အခန်းတံခါးကို ခေါက်သည်။ တံခါးခေါက်သံကို သူမမကြားသော်လည်း၊ လူအလှည့်ဝယ် တွေ့သွားသည်။

'ဝင်ခဲ့လေ ကိုလူစိမ်း'

သူမက ယမန်နေ့ကနှင့်ပင်ဝတ်ထားသည်။ အဖြူနှင့်

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်တရုတ်မီးအိမ်ကြီးမှ ဖြာကျသောအလင်းရောင်ထဲ ဝယ် ရပ်နေသည်။

'ဒီသီချင်းထဲက လူဟာ ကျွန်တော်ပဲလား'

'အို...မဟုတ်ပါဘူး'

သူမကစိတ်ထဲတွင် ရှိသည့်အတိုင်း ဖြေရသည်။

'အင်း....ကျွန်တော်ကတော့ အနာဂါတ်ကိုပဲ ကိုင်နေ တာပဲ ဒီညတော့ သဘောကဘယ်လိုဖြစ်မယ်မသိဘူး'

'ရှင့်မှာ အရက်ရှိနေပြီနော် ကျွန်မမှာ မရှိသေးဘူး ကျွန်မ ကို ထည့်ပေးပါဦး ဟောဟိုမှာရှိတယ်'

သူမက စားပွဲဆီသို့ ညွှန်ပြသည်။ ပုလင်းများမှာ အချို့က အပြည့်၊ အချို့ကတစ်ဝက်၊ အချို့က ပြောင်းသလင်းခါနေ သည်။ မှုခရေးကသူ၏ဖန်ခွက်ကိုချ၍၊ သူမအတွက် အရက်တစ် ခွက်ငှဲကာယူပေးသည်။

'ရှင်ကဘယ်သူလဲ'

'အဲဒ်ဒဝပ်မှုခရေးပါ....အောက်ထပ်မှာနေတယ်'

'ငရဲပြည်က ခရီးသည်တစ်ယောက်လား'

စပင်ဆာက ကိုယ့်စကားကိုယ် သဘောကျ၍ ဟက်ဟက် ပက်ပက်ရယ်တော့သည်။ အရက်များ ဖိတ်စဉ်ကုန်သည်ကို ရှေ မှ လက်ကို ဘေးသို့ဖယ်သည်။ သူမက ပြုံးလိုက်သည်။

'ရှင်လာတဲ့အတွက် ဝမ်းသာပါတယ်'

မှုခရေးက စီးကရက် ပေးသည်ကို ခေါင်းခါသည်။

'ကျွန်မကို အက်(စ)တယ်လီလို့ပဲ ခေါ်ပါ၊ ကျွန်မဆီကို အ ခန်းတာဝန်ကျ မိုဟန်ကလွဲရင် ဘယ်သူမှ မလာကြဘူး၊ ကျွန်မ



အတွက် ပင်လယ် ခရီးရှည်ကြီးကို မာလိန်မှူးမပါ၊ ရေ ကြောင်းပြမပါဘဲ သွားနေရသလို ဖြစ်မိတယ်'

သူမ စကားပြောနေပုံမှာ အခန်းထဲတွင် သူမသာ တွေ့ မြင်ရသူ တစ်ဦးအား ပြောပြနေပုံမျိုးဖြစ်သည်။

မှုခရေးက အခန်းအား အကဲခတ်လိုက်သည်။ လေးထောင့် စပ်စပ် အခန်းကျယ်ကြီးတစ်ခု ဖြစ်သည်။ မန်တင်ခိုဝယ် အလှ မြင်ပစ္စည်းမျိုးစုံက ပြန့်ကြဲနေသည်။ သဘောသား သုံးသတ္တု သေတ္တာကဲ့သို့ သေတ္တာများကလည်း ပွင့်သည့်သေတ္တာပွင့်လျက် သည်။ အဝတ်အစားတို့မှာ ကြမ်းပြင်ပေါ် နေရာအနှံ့ ဖြစ် သည်။

ဓာတ်စက်မှ သီချင်းက ဆုံးသွားသည်။ သူမက ဓာတ်စက် လက်ဘန်ကို လှည့်၍ ဓာတ်ပြားကို ပြန်တင်သည်။ ယခင် သီ ချင်းပင် ထွက်ပေါ်လာသည်။

သူမက မှုခရေးဘက်သို့ မျက်နှာချင်းပြန်ဆိုင်သည်။

'ဒီကို လူတွေ လာရင် ကျွန်မစိတ်တွေ ဂဏာမငြိမ်တော့ ဘူး၊ အင်းလေ ...ဒါက တစ်ခါတလေပါ၊ ဒါပေမယ့် ရှင်လာ တာကိုတော့ ဝမ်းသာမိပါတယ်'

'ခင်ဗျားက ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ'

သူမက သူ့အား ကြည့်လိုက်သည်။ သူမ၏မျက်နှာတွင် အလေးအယူ ပြုဟန်မျိုး ပေါ်လာသည်။ ထို့နောက်ခပ်ပြည်း ပြည်း ပြုံးလာကာ ပြောသည်။

'အင်း....ဒါတော့ ပြောရမှာ အတော်ကို ခက်တယ်'

သူမက ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါဦး'

မူရေးက ထိုင်စရာကို ရှာသည်။ ခွေးခြေမြင့်တစ်လုံး ပေါ်ရှိ အဝတ်အစားများကို ဖယ်ကာထိုင်ရသည်။

'ခုတော့ ခင်ဗျားစိတ်တွေ ဂဏာမငြိမ် မဖြစ်ဘူး မဟုတ်လား'

သူမက ရယ်လိုက်သည်။

'အင်း...လောကကြီးမှာ အတက်အကျဆိုတာ ရှိတယ်။ တစ်ယောက်ရှိတာက ကျနေတုန်း တစ်ယောက်ရှိတာက အသက်ဝင်နေပြီ၊ ဒါပေမယ့် တစ်ခါတလေ ဒီနှစ်မျိုးစလုံးဟာ ရောယှက်နေတတ်တယ်'

သူမသည် ဆေးတစ်ခုခု မူးယစ်နေသလားဟု မူရေးတွေးမိသည်။

'ဂျင်ရှိသေးသလားဟင်၊ ရှိရင်ရှာပေးစမ်းပါဦး၊ ဒီမှာ ဂျင်ကို ထားလို့မရဘူး၊ မိုဟန်က ယူအောက်စ်ဖို့က ကျွန်မ ငယ်ငယ်တုန်းကဆိုရင် အိမ်ဖော်တွေဟာ ဂျင်ကိုပဲ သောက်တာ ကျွန်မသိတယ်'

'အဲဒါ ဘယ်တုန်းကလဲ'

သူမက သူမ၏အိမ် ကြီးကျယ်ခမ်းနားပုံကို ပြောပြသည်။ သူက သူမအား အရက်တစ်ခွက် ယူပေးသည်။ မကြာမီ မူရေးက ပြန်ရန်ပြင်သည်။ သူမက တားသည်။ မိမိကို စကားပြောနေစေလိုကြောင်း တောင်းပန်သည်။

သူမက သူမဘဝကို မမေးဘဲပြောလာသည်။ အင်္ဂလန်ရှိ နော့(ဖ)ဖော့(က) အရပ်တွင် နေထိုင်ခဲ့သည်။ အသက် နှစ်



ဆယ်အရွယ်တွင် အိန္ဒိယသို့ရောက်ခဲ့သည်။ ထို့နောက် မလေးယား၊ ကမ္ဘောဒီးယားတို့တွင် နေခဲ့သည်။

သူမ စကား ပြောနေစဉ် စိတ်အားတက်ကြွပုံ၊ ညှိုးငယ်ပုံ၊ စိတ်ပျက်သွားပုံတို့ကို အမျိုးမျိုးတွေ့နေရသည်။ သူမက မူရေးအား အမေရိကန်ပြည်ထောင်စုအကြောင်း ပြောပြစေသည်။

မူရေးက ပြောပြသည်။

'ဒီမှာ ခင်ဗျားနေလာတာ အတော်ကြာပြီလို့ ပြောကြတယ်'

'ဟုတ်တယ်'

'ဆက်နေဦးမှာလား'

'မသိသေးဘူး၊ နေဖြစ်မယ်လို့ ထင်တာပဲ'

'တစ်သက်လုံး နေတော့မှာလား'

မူရေးက မယုံကြည်နိုင်စွာ မေးလိုက်သည်။

သူမက မဖြေ၊ ခေါင်းသာ ယမ်းပြသည်။

တံခါးခေါက်သံကို ကြားရသည်။ အခန်းတာဝန်ကျ ဝန်ထမ်း မိုဟန်ပင် ဖြစ်သည်။ ဆယ်နာရီကျော်နေပြီကိုသိ၍ မူရေးက ထရပ်လိုက်သည်။

'ခွင့်လွှတ်ပါဦး...ကျွန်တော် အတော် ကြာသွားတယ် ဂွတ်နိုက်'

သူမက ငြိမ်နေပြီးမှ...

'ဂွတ်နိုက်'

www.burmeseclassic.com

www.burmeseclassic.com



သူက ထွက်လာသည်။ သူမက ခုတ်ပြားကို ထပ်ဖွင့်သည်။ ဆူးရှသော သီချင်းသံက အမှောင်ထုထဲ၌ပင် သူ့အပါးသို့လိုက်ပါလာသည်။

× × ×

ခုတ်လမ်းစဉ် (၅)

အိန္ဒိယလူမျိုးက နောက်တစ်ရက်တွင် ပြန်ပေါ်လာသည်။ မြို့လည်ရှိ ဘောလုံးကစားနေသူများရှိရာ ကွက်လပ်ကိုဖြတ်စဉ်၌ တွေ့လိုက်ရသည်။ ထိုသူက အငှားကား တစ်စီး၏ ပြူတင်းပေါက်မှ ခေါင်းပြူကာ မှုရေးဘက်သို့လှည့်ကြည့်နေသည်။

ကားက မှုရေးရှေ့ဘက်နားတွင် ထိုးဆိုက်လာသည်။ ကားဘေးသို့ မှုရေးအရောက်၌ ထိုသူက လှမ်းနှုတ်ဆက်သည်။



'ဂွတ်မောနင်း မစ္စတာမှုရေး မဟုတ်လား....ကျွန်တော်တို့ ...ဘူးကြုံပေမယ့် မိတ်ဆွေဟောင်းတွေပါပဲလေ.... မနေ့က ...ဗျားဟိုတယ်ကိုဘောင် လာခဲ့သေးတယ် စကားလေးဘာ ...သားပြောကြဖို့ပါ'

မှုရေးက မတ်တတ်ရပ်ရင်း ထိုသူအားကြည့်လိုက်သည်။

'ဘာအကြောင်းပြောမှာလဲ'

'ကျွန်တော်တို့ထိုင်ပြီး ပြောတာ ပိုကောင်းမယ်ထင်တယ်'

သူက ကားတံခါးကို ဖွင့်ပေးသည်။ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ကေ–အက်(ခ) ဒါဒါပဲ'

ထိုသူမှာ ကိုယ်လုံးကိုယ်ထည် အနေတော်ပင်ရှိသည်။ ဘဲဥပုံ ...ကနှာနှင့် ဆံပင်ကမရှိ။ ရှေ့သွားက ဟောင်းလောင်း ...နေသည်။ မှုရေးကတွန့်ဆုတ်ဆုတ်ဖြင့် ကားထဲဝင်လိုက်သည်။ ...အချိန်မှာပင် လမ်းမဘားမှလူတစ်ယောက်က ကားသမား၏ ...ဘားတွင် ဝင်ထိုင်သည်။

'ဘာသဘောလဲဗျ'

အိန္ဒိယလူမျိုးက ရယ်လိုက်သည်။

'သြော်....ကားသမားရဲ့ မိတ်ဆွေပါ'

ကားက ခပ်ဖြည်းဖြည်းထွက်သည်။

'ကျွန်တော်ဖာသာ ကျွန်တော် မိတ်ဆက် ပါရစေဦး... ...ယ်တို့ (စ)ပါ....တွေ့ရတာဝမ်းသာပါတယ်။ ဟိုတယ်မှာ ...ဗျားနေရတာ အဆင်ပြေလိမ့်မယ်လို့ ယုံကြည်ပါရဲ့ဗျာ'

ဘို့(စ)က ရယ်ပြုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်...ကျေးဇူးပဲ'

'အိမ်မှာနေရသလို နေလို့ကောင်းတဲ့ ဟိုတယ်ပဲဗျ ... ကက္ကတ္တားက ကျွန်တော်တို့ မိတ်ဆွေတွေလည်း ခင်ဗျား ... သတင်းမေးလိုက်ပါတယ်တဲ့'

'ခင်ဗျားရဲ့ မိတ်ဆွေတွေပါလေ။ ခုကျွန်တော်တို့ ဘယ် ... သွားမှာလဲ'

'ခုလား ... ဘယ်ကိုမှမသွားပါဘူး ကားထဲမှာနေတာ ... ပိုကောင်းပါလိမ့်မယ် ခုဟာက အဆက်အသွယ် လုပ်တဲ့သဘော ... ပါ ကျွန်တော်တို့ အလုပ်အတူတူ တွဲလုပ်ကြရမှာ မဟုတ် ... လား'

'ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ဗျာ ခင်ဗျားဘာလိုခ ... သလဲဆိုတာကိုသာပြော'

ဘို(စ)က စီးကရက်တစ်လိပ်ကို မီးညှိသည်။ အ ... နိကြ ... ရှိုက်သောက်ပြီးမှ စကားစသည်။

'ကျွန်တော်တို့မိတ်ဆွေ ချန်ဒါပြောခဲ့သလိုပဲ ခုအင်အ ... ဖြည့်ရဘဲ့အချိန်ပဲ။ ဒီကအိန္ဒိယသားတွေဟာ သိပ်စည်းရုံးကြ ... အ ... ဘာပိုင်တွေနဲ့ သိပ်နီးစပ်ကြတယ် ဒါကိုခင်ဗျား ယုံချ ... ယုံမယ်'

'ခင်ဗျားဘက်ကို ခေါင်းဆောင်ပြုလိုက်ရုံနဲ့ ကိစ္စပြတ်သွား ... ဒီမှာ သံသယဖြစ်နိုင်စရာမှန်သမျှ ရှောင်ချင်တယ်။ ... အနေကို ခင်ဗျား အမြင်မလွဲဖို့ အရေးကို ကျွန်တော် ... အမြဲတမ်းစိုးရိမ်နေရတယ်'

ကားမှာ လမ်းမကြီး၏ တစ်ဘက်ထိပ်သို့ ရောက်ကာနီး ...



... သည်။ ပွဲတော်တစ်ခုသို့ သွားနေသည့်လူအုပ်အား ကျော် ... တ်လာသည်။

'ကြွ ... ခင်ဗျားလေယာဉ်ဘယ်နေ့ ရောက်မှာလဲ မူရုံး' မူရေးက ဘို(စ)အား ကြည့်လိုက်သည်။

'ကျွန်တော်ဟာ အရှုံးတစ်ယောက်လို လျှောက်လုပ်နေ ... တယ်လို့ ခင်ဗျားပြောဆိုနေတာပဲ ကျွန်တော်အရှုံး လုပ်ခံ ... နေရတယ်လို့ ထင်ရင်ဖြင့် မှားမှန်း ခင်ဗျားသိလိမ့်မယ်'

'ကျွန်တော် သဘောမပေါက်ဘူး'

'ဒီ ... ရာကို ကျွန်တော့်နေရာက ... ဉ်လိုက်လာ ... အောင် လုပ်မယ်လို့ ထင်သလားဗျ'

'အစီအစဉ်မရှိဘာတွေ မပြောစမ်းနဲ့'

'ခင်ဗျားတို့သာ အစီအစဉ်မဲ့နေတာ'

'ဒီမှာမူရေး ကျွန်တော့် အချည်အချင်းကို စပ် သပ်ဖို့ လို ... တယ်လို့ ထင်နေသလား ခင်ဗျားအဖမ်းခံရရင် မ ... ကြည့် ... သဲ'

'အေး ... ဒါဆိုရင် ခင်ဗျားတို့ လိုချင်တာတောရမလား'

'အဲဒီတော့ ကျွန်တော်တို့ဘက်ကော ဘာသုံးရှုံးစရာရှိမလဲ ... မှာ အ ... ကား ရလောက်တဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေရှိတယ် ... ခင်ဗျ ... ကို (၄၈) နာရီအတွင်း အိန္ဒိယပြန်ပို့ပစ်နိုင်တယ်'

'ခင်ဗျားအတွက်လဲ အခြေအနေကောင်းမှာ မဟုတ် ... တော့ဘူးပေါ့ ဘို(စ)ရယ် အစီအစဉ်တွေကို ကျွန်တော်ဖျက် ... လိုက်လို့ရတယ် ဒီကိုဘာမှ ရောက်မလာတော့ဘူး'

ကားမှာ ဘုရိတ်သံတကျွီကျွီနှင့် ရပ်သွားသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မှာ လမ်းကျဉ်းကလေးတစ်ခုထဲသို့ ရောက်နေသည်။ မှုရေးက ရှေ့သို့လှမ်းကြည့်လိုက်သည်။ ရှေ့တွင် နွားလှည်းတစ်စီးခံနေသည်။ ရှောင်စရာနေရာမရှိ။ ကားက နောက်ပြန်ဆုတ်ရန်ပြသည်။ မှုရေးက ကားတံခါးကို ဖွင့်လိုက်သည်။

'ခေတ္တမန်ဒူက ထွက်ဖို့ကြိုးစားတာဟာအမှားပဲဖြစ်လာလိမ့်မယ် မစ္စတာမှုရေး'

ကားထဲမှ မှုရေးဆင်းချိန်ဝယ် ကားသမားဘေးမှ လူက လိုက်ဆင်းရန် ပြောသည်၊ ဘို(စ)က အင်္ဂလိပ်ဘာသာ စကားဖြင့် ပြောလိုက်မှ ပြန်ထိုင်သည်။

'ခင်ဗျားကို ကျွန်တော်သာတွေ့ရဦးမယ် မှုရေး'

မှုရေးက ကားတံခါးကိုဆောင့်ပိတ်ပြီး လမ်းကျဉ်းလေးထဲမှ ထွက်ခဲ့သည်၊ ပထမတွေ့သည့်လမ်းကို ချိုးကွေ့သည်။

ဘာသာရေး ပွဲတစ်ပွဲဆင်နွှဲနေသည့် လူအုပ်ကိုတွေ့ရသည်။ သူက ပွဲကြည့်ပရိသတ်များကြားမှ တိုးဝှေ့ထွက်သည်။

ဘို(စ)သည် ခါလီနှင့် အဆက်အသွယ်ရှိသလားဟု တွေးမိသည်။ဖြစ်နိုင်သည်။ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရသည်။ ပျော့ပျောင်းသည့်အသံဟာသစကားများနောက်ဝယ် ဘို(စ)မှာ လင်းတ တစ်ကောင်သာ ဖြစ်သည်။

လမ်းမှာ လူသံများအပြင် စက်ဘီးခေါင်းလောင်းသံများဖြင့် ဆူညံလျက်ရှိသည်။ ပန်းရောင် အုတ်သား သစ်သား လသာဆောင်အောက်ဝယ် စပါးအိတ်လေးများ ချိတ်ဆွဲထားသည်။ ကုန်စုံဆိုင်လေးများ ရှိနေသည်။

ပုလင်းစိမ်းစိမ်းများ အတန်းလိုက်အပေါ်ဝယ် နီပေါ



လုပ် ငှက်ပျောဖိုင် ဆိုသော ဆိုင်းဘုတ်ကလည်း ရှိသေးသည်။ ထို့နောက် တိုးဆိုင်၏ အပေါက်ဝဝယ် အက်(စ)တယ်လ်ပင်ဆာအား တွေ့လိုက်ရသည်။

သူမက လည်ဟိုက်အဖြူရောင်ဝတ်စုံ၊ အဖြူရောင် လည်ရှည်ပ် အစိမ်းရောင် ခေါင်းစည်းတို့ကို ဝတ်ဆင်ထားသည်။ သူ အနီးသို့ မှုရေးရောက်သွားချိန်ဝယ် လှည့်ကြည့်၍ တွေ့လိုက်သည်။

'ဟယ် လို'

သူမက ပြုံး၍နှုတ်ဆက်သည်။ မိတ်ကပ် အတော်များများ မ်းထားသည်ဟု သူက ထင်မိသည်။

မှုရေးကလည်း နှုတ်ဆက်လိုက်သည်။ သူမက ဆိုင်အတွင်းက် လှမ်းကြည့်သည်။ထို့နောက် တစ်စုံတစ်ခုကို မသေချာဖြင့် အောက်သို့ ငုံ့ကြည့်ပြန်သည်။ ဆိုင်အတွင်းဘက်ဝယ် ယောက်ယောက်ကို မှုရေးလှမ်းမြင်ရသည်။ မူးယစ်ဆေးဝါး ဝယ်သလောဟု ထင်မိသည်။ သို့သော် သူမက ဆက်မနေ

'ဒီလောက် ဝေးတဲ့ အပြင်တစ်နေရာမှာ တွေ့ရတာ အံ့ဩပဲဗျ'

ဟုတ်တယ် မြို့ထဲကို ခြောက်ကြိမ်လောက်ပဲ ကျွန်မရောက်တာ၊ ခြောက်လမှာ ခြောက်ကြိမ်ပေါ့ရှင်'

'ဪ....ကျွန်တော် ဟိုတယ်ပြန်မလို့ပဲ ခင်ဗျား ကလော'

'ဟိုတယ်ပဲ ပြန်မှာပါ'

လမ်းမပေါ်သို့ နေရောင်ခြည်က တိုက်ရိုက်ကျမနေသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အသင်းရောင်အောက်ဝယ် သူမ၏ အသားအရေ ပျော့တော့လှသည်။ သူမ ကြိုက်သည့် သူမ ဇတ်စိုကလည်း ပြ လျော်သော သူမ၏လက်မောင်းကလေးကို ပိုသေးအောင်သူ ဟာပြနေသည်။

ဆိုင်တံခါးဝဘွင် တွန့်ဆုတ်ဆုတ်ဖြစ်ခဲ့သော သူမမှာ ကိုယ် ကိုယ်ကို ယုံကြည်စိတ် ပြန်ရပုံရှိသည်။ လက်ဆွဲအိတ်ကလေး ယမ်းရင်း မှုခရာနှင့်အတူ လိုက်ပါလာသည်။

'ခင်ဗျားက မှန်အိုင်းစနေတဲ့ ကုန်းပတ်ပေါ်က မမွ ဘောလည်း ခုလို တွေ့တုန်း ကြုံတုန်း ပျော်ပွဲလေးတစ်ခု လု ပေးဖို့လိုတယ်ဗျ'

သူမက ရယ်လိုက်သည်။

'နယူးအော်လင်းတို့ ပါရီတို့ဆိုရင်တော့ ဆိုင်တစ်ဆိုင်ဝ ပြီး ရှန်ပိန် သောက်လို့ရတယ်၊ ခုဒီမှာကော ရှန်ပိန် ရှိရဲ့လား'

'မသိဘူး....ဆိုင်တွေမှာ ရှန်ပိန်ရခဲ့တယ်'

မှုရေးက သူမအား ကြည့်လိုက်သည်။ သူမ ဝေဝေ ဖြစ်မှုကို တွေ့မိသည်။

'ရှင် ပါရီကို ရောက်ဖူးသလား'

'ရောက်ဖူးပါတယ်'

'ပါရီကို ရောက်ဖူးချင်လိုက်တာ၊ အဲဒီဘော်ပျော်စရာကောင်း သလားဟင်'

'အင်း....အမြင်က ပျော်စရာကောင်းသလောက် နေပျော် လွယ်ဘူး၊ အထီးကျန်လာနိုင်တယ်'

'ဟုတ်ရဲ့လား....ပါရီက ပျော်စရာ'



'ခင်ဗျား အကြိုက်လိုက်ပြောအောင် မလုပ်စမ်းပါနဲ့ဗျာ' သူတို့က အတန်ကြာမျှ စကားမပြောဘဲ ဆက်လျှောက်ကြ သည်။

'ဒီမြို့မှာ ခင်ဗျား ဘာဖြစ်လို့ နေတာလဲ'

သူမက ခေါင်းသော ခါပြသည်။ ပါးစပ်မှ အဖြေမပေး။

'ဒီနေရာဟာ ခင်ဗျားရဲ့ အိမ်မဟာလို သဘောက ဖြစ်စေတာ လားဟင်'

'ရှင်က ခက်ခဲတဲ့ မေးခွန်းတွေ မေးနေတာကိုး'

သူတို့ လမ်းထိပ်သို့ ရောက်လာကြသည်။ ၎င်းတို့ရှေ့ဝယ် ဘုရားကျောင်းကြီး တစ်ကျောင်းက ရှိနေသည်။ အမိုး ပ မြက်များ ချုံပုတ်ကလေးများ ပေါက်နေသည်။ အုတ် သား အချို့ ကျိုးပဲ့နေသလို အလှဆင်ထားသော အင်္ဂတေ တ်ရာ အချို့မှာလည်း ပျက်စီးလျက်ရှိသည်။

ဂါနုပ်(ချ်)ဘုရားရုပ်ထု ရှေ့သို့ ရောက်လာသည်။ သူမက ခနဲ ပြန်လှည့်၍ ကျောင်းဝေါင်းထဲ သွားသည်။ အိတ်ထဲမှ ကြွအစေ့ကို ထုတ်ပေးသည်။ ရုပ်တု၏ဘေးခေါင်းလောင်း ထိုးတံကို ယူသည်။ ခေါင်းလောင်းကို ထိုးလိုက်သည်။ နောက် မှုရေးဘက်သို့ လှည့်သည်။

'ရှင်လဲ ခေါင်းလောင်းထိုးမှ ကောင်းမယ်'

'ဘာဖြစ်လို့လဲ'

'လုပ်မှာသာ လုပ်စမ်းပါရှင်'

သူက နောက် ပြန်ဆုတ်ပြီး ပိုက်ဆံနိုက်ကာ ကျောင်းဝေါင် ပေးသည်။ ခေါင်းလောင်းကို ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ အဓိပ္ပာယ်လဲဗျာ'

'ဝါနက်( )ကို ရှင် ကျေးဇူးတင်ကြောင်း ပြောသ
တာပဲ၊ သူက စောင့်ရှောက်သူပါ'

သူတို့က လျှောက်ကြည့်ကြသည်။ ကျောင်း၏ ခေါင်
ကို ထောက်ထားသည့် တန်ဆာအကွေးများကို မော့ကြည့်လိုက်
သည်။ တန်ဆာတိုင် အခြေတိုင်းဝယ်ပုံများ တွေ့ရသည်
လိင်ဆက်ဆံနေပုံများဖြစ်သည်။

နှုတ်ခမ်းမွေးနှင့် ပန်းအိုးပုံ ဦးထုပ်ဆောင်းထားသူ၊
ကောင် သေးသေး၊ တစ်ယောက်က မှုရေးအား ပြုံး၍ ကြ
နေသည်။

'အဲဒီ ပုံတွေက ဘာ သဘောလဲ ဆရာကြီး'

မှုရေး၏ အမေးကို ထိုသူက ပခုံးတွန့်ပြပြီး၊ ပို၍
လာသည်။ ထိုသူက ထွက်သွားပြီး၊ အခြား လူတစ်ယောက်
ခေါ်လာသည်။ နောက်လူက နှုတ်ဆက်သည်။

'ဟယ်လို... အင်္ဂလိပ် စကားတတ်သလား၊ ဒီပုံတွေ
ဟို ရှေးရှေးတုန်းကတည်းကပဲ'

'နေပါဦးဗျာ၊ ဘာဖြစ်လို့ ဘုရားကျောင်းမှာမှ ထား
သလဲ'

'မိုးကြိုး နတ်သမီးကြောင့်ပဲ၊ သူက အပျိုစင်လေ၊ မိုးကြ
ပစ်လိုက်တဲ့အခါ၊ သူက 'ကမ္ဘာမြေပေါ် ဆင်းလာတယ်
မျက်လုံးပွင့်လာတယ်... ယောကျ်ား မိန်းမတွေရဲ့ လိင်က
တွေကို ကြိမ်ဖန်များစွာ တွေ့ရတယ်... ဒါနဲ့ သူလည်း ထွ



ပြေးတော့တာပဲ... အဲဒီတော့ ဘုရားကျောင်းက အန္တရာယ်
ရှိတော့ဘူး၊ မိုးကြိုး ပစ်မခံရတော့ဘူး'

'အင်း... ဖြေရှင်းချက်ကောင်း တစ်ခုပဲ'

မှုရေးက ပြုံးလိုက်သည်။ အက်(စ) တယ်လီအား ချက်
ချင်း သတိရလာသည်။ အဝေးသို့ ထွက်သွားနေသည့် သူမ
အား ကိုက်ငါးဆယ်မျှ အကွာတွင် တွေ့ရသည်။

'အက်(စ)တယ်လီ'

အော်ခေါ်သံကြောင့်၊ သူမက ချာကနဲ လှည့်ကြည့်သည်။
ကောက်ကလေး ဝဲကနဲ ဖြစ်သွားသည်ကို တွေ့ရသည်။ မှုရေး
ကို မြင်၍ စိတ်သက်သာရာ ရသွားပုံရှိသည်။

'ရှင့်ကို လိုက်ရှာနေတာ၊ ရှင် ပျောက်သွားလို့'

မှုရေး ရောက်လာသည့်အခါ၊ သူမက ပြောသည်။

'ခင်ဗျား တစ်ခုခု သောက်ဦးမလား'

'အင်း'

သူမက ဖြေပြီး ရယ်လိုက်သည်။ ဘုရားကျောင်းကို ကျေ
ာတ်သွားပြီးနောက်၊ သူမ၏ မျက်နှာရိပ်က ပြောင်းလဲသွား
သည်ကို မှုရေး တွေ့ရသည်။ ရှေ့ရှိ ကျောက်ရုပ်မည်းကြီး
တစ်ခုအား ကြည့်မိသည်။ သွပ်မိုးအောက်ရှိ၊ လက်ခြောက်
ဘက်ပါ မျက်နှာနှင့် ကိုယ်မည်းနေသော နတ်ရုပ် တစ်ရုပ်
ဖြစ်သည်။

လူဦးခွံများနှင့် ပြုလုပ်ထားသည့် အဝါရောင် ဆွဲပုကို
ဆောင်းထားသည်။ လည်ပင်းတွင် လူခေါင်းများကို ကြိုးသီ
၍ ထားသည်။ နောက်ခံ အနီနှင့် ဆေးတို့မှာ သုတ်ထား

www.burmeseclassic.com



သည့်က လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသည်။ လက်များတွင် ဓားရှည်များ၊ ဆူးသုံးခုပါ မှိန်းဘစ်ချောင်း၊ လူခေါင်းများကို ကိုင်ထားသည်။ အလောင်း တစ်လောင်းကိုလည်း ခြေထောက်နှင့် နင်းလျက်ရှိသည်။

'ဒီအရုပ်က ဘာလဲဟင်'

'ဘဟာအီရက်.... သေမင်းနတ်ဘုရား ခိုလာဘဟာအီရက်ပါ'

ရုပ်တုရှေ့ဝယ်၊ လူနှစ်ယောက် သုံးယောက်ရှိသည်။ တစ်ဦးမှာ ပန်းများ ဆည်းထားသည့် ကြေးလင်ပန်းကို ကိုင်ထားသော အမျိုးသမီး တစ်ယောက် ဖြစ်သည်။ အကီ(စ) တယ်လီက ထိုမြင်ကွင်းကို မျက်စေ့လွှဲ၍ ဆက်လျှောက်သွားသည်။

အမျိုးသမီးသည်၊ သေမင်းနတ်ဘုရားကို အဘယ်ကြောင့် ပန်းဆက်သနည်း။ သူတွေ အဘယ်ကြောင့် လာပူဇော်ကြသနည်း။ ထိုမေးခွန်းများကို သူက မေးချင်သော်လည်း သူမက တွေ့မြင်လိုပုံ မရှိသည်မှာ ထင်ရှား၍ မမေးဖြစ်တော့။

ကျောင်းကွက်လပ်ထိပ်တွင်၊ အငှါးကား တစ်စီးကို တွေ့လိုက်သော်လည်း လူပါလာသည်။ သူတို့က ဆက်လျှောက်သည်။ မိုးသားများ တက်လာပြီး၊ မိုးတစ်စက်နှစ်စက် ကျလာသည်။

'ဟောဟိုမှာ မိုးခိုရအောင်'

မှုရေးက ပြောပြီး ဝင်ပေါက် ကြီးလမ်း အမိုးတန်းအောက်သို့ ဝင်ကြသည်။ သူမက ပတ်ဝန်းကျင်သို့ လှည့်ကြည့်သည်။



ဒါကုမ္မာရီဂါပဲ.... ကုမ္မာရီရဲ့ အိမ်တော်ပေါ့'

သူမက ပြောပြသည်။

ၚင်းတို့မှာ အဖြူနှင့် အမည်းရောင် အိမ်ကြီးတစ်လုံး၏ ခေါင်မိုး အမြင့်ကြီးအောက်တွင် ရောက်နေခြင်း ဖြစ်သည်။ ပြင်ဆင်ရန် အလွန် လိုအပ်သော နေရာတစ်ခုသာဖြစ်သည်။

မိုးတိတ်သွားပြီးနောက်၊ သူတို့က လမ်းမကြီးဆီသို့ လျှောက်ခဲ့သည်။ လမ်းတွင် မည်သည့် ဆိုင်မှ ရှုန်ပိန်ကို မတွေ့ရ။ ဂျင်အရက်ကိုသာ ဝယ်၍ ဟိုတယ်သို့ပြန်လာခဲ့ကြသည်။ အခန်းသို့ ရောက်သည်နှင့် သူမက ခါးစက်ကို ဖွင့်တော့သည်။

မှုရေးက ဂျင်ကိုငှဲ့သည်။ သူမက ခေါင်းစည်းကို ဖြုတ်၍ ဆံပင်ကို လက်ချောင်းများဖြင့် ထိုးကာ ဖွလိုက်သည်။ သူမဆီသို့ လျှောက်သွားပြီး၊ ဖန်ခွက်များကို စားပွဲပေါ်သို့ တင်သည်။

'ဒီသီချင်းက ခင်ဗျားအတွက် သိပ်ကြိုက်စရာ ဖြစ်နေသလား'

'ဒီသီချင်းနဲ့ ကျွန်မနေခဲ့ရတာ အနှစ်တော်ကြာခဲ့တယ်'

သူမက သူ့အား ကျောခိုင်းလိုက်ပြီးမှ၊ ပြန်လှည့်ကြည့်သည်။

'အခါကောင်း တစ်ရပ်ဟာ ရဖို့ ခက်ခဲတယ်ဆိုတာ ရှင်သိပါတယ်လေ'

သူက သူမအား ကြည့်လိုက်သည်။ အပြင်ဘက် ခေါင်မိုးပေါ်ဝယ် ကျီးတစ်ကောင်က သာနေသည်။ မှုရေးက သူမ၏ မျက်နှာလေးကို ဆွဲမော့ပြီး နမ်းလိုက်သည်။ သူမက လက်

www.burmeseclassic.com

www.burmeseclassic.com



ကလေး နှစ်ဘက်ကို ဘေးချ၍ မျက်နှာလေးကို ထိုးပေးထား သည်။ ထို့နောက် မှူးရေးအား ဖက်ထားလိုက်သည်။

✦ × +

ညဘက် သူနိုးလာစဉ် သူမက သူ့အား ဖက်ထားဆဲဖြစ် သည်။ အပြင်ဘက် လေတိုက်သံထဲဝယ် အသံတစ်သံကို ကြား ရသည်။ မှူးရေးက သူ၏လက်အား မနိုးစေဘဲ ဖယ်ကာ ကုတင်ပေါ်မှ ဆင်းသည်။

မည်သည့်အသံမှန်း သူမသိ၊ မတ်တတ်ရပ်ရင်းဖွင့်ထားသည့် တချက်ကပ်များမှအရိပ်နှင့် အလင်းရောင် မှိန်ပျပျတို့ကိုသာ ကြည့်နေမိသည်။

သူက အခန်းကိုဖြတ်၍ မီးအိမ်လေးတစ်လုံးကို မှန်တင်ခုံ ဘေး ကြမ်းပြင်ပေါ် ချကာ ခလုတ်ဖွင့်လိုက်သည်။ မီးရောင် က မှိန်လှသည်။ သူက အဝတ်အစားကိုဝတ်၍ သူမ အိပ်နေ ပုံကို ကြည့်သည်။

သူမမှာ ညက အတိုင်းသို့ တစ်ကြိမ် ပြန်ရောက်သွားဖို့ သည်။ ဖြစ်နိုင်စရာ မရှိသော ထူးဆန်းသော ထိုင်းဘာသာ



စကားတစ်မျိုးကို ခပ်တိုးတိုးပြောနေခဲ့သည်။ သူက မီးကိုပိတ် ၍ အပြင်သို့ ထွက်ခဲ့သည်။

အဝေးမှ နာရီထိုးသံ ဂ လွင့်ပျံ့လာသည်။ သုံးနာရီထိုးပြီ ဖြစ်သည်။ အသံက ပီသလှသည်။ သူနင်းလာသည့် သံလှေ ခါးက တကျွီကျွီ မြည်သံ တိုးတိုးထွက်ပေါ်နေသည်။ သူ့ အခန်းသွားရာ စင်္ကြံ လမ်းအရောက်ဝယ် အရိပ်ထဲ၌ လူတစ် ယောက် ရပ်နေသည်ကို တွေ့ရသည်။

ထိုသူက အရိပ်ထဲမှ ထွက်လာသည်။ ခါလီဖြစ်သည်။ ခါလီ မှာ ကုတ်အင်္ကျီအိတ်များထဲ ဝယ် လက်ကိုနှိုက် ထားသည်။ ချမ်း နေပုံရသည်။

'ခါလီ....ဘာကိစ္စလဲ'

'ခင်ဗျားကို စောင့်နေရတာ ကြာလှပြီ'

'စောင့်နေတာ....ဟုတ်လား ...အထဲလာလေ'

မှူးရေးက ပန်းအိုးထဲ၌ လက်(စ)မင်း ထားခဲ့သော သော့ ကိုရှာ၍ တံခါးကို ဖွင့်သည်။ ခါလီက ဝင်လာသည်၊ မှူးရေး က မီးကို ဖွင့်သည်။ ခါလီမှာ ကိုယ်ကိုကုန်း၍ လက်နှစ်ဖက်ကို ပွတ်နေသည်။ သူ့တွင် ဦးထုပ်မပါ။ အညိုရောင် အပေါ် အင်္ကျီအဟောင်း၊ အဖြူရောင် ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီကို လည်စည်းမပါဘဲ ဝတ်ထားသည်။

'ဘာအတွက် ခင်ဗျား လာစောင့်နေတာလဲ၊ ကျွန်တော့် အခန်း တာဝန်ကျတော့ ခင်ဗျားကို တွေ့သွားပြီထင်တယ်'

'ကိစ္စမရှိပါဘူး၊ သူ့ကို ကျွန်တော် သိပါတယ်၊ ကျွန်တော်

www.burmeseclassic.com



စောင့်နေရတာ နာရီ အတော်ကြာပြီ၊ မိုးမချုပ်ခင်ကတည်းကပဲ'

'ဆောရီးပဲဗျာ၊ ဘာဖြစ်လို့သလဲ ခါလီ'

မှူးရဲက စီးကရက်ဘူးကို လှမ်းပေးသည်။

'လေယာဉ်လာနေပြီဆိုတဲ့ သတင်းရောက်လာတယ်'

ခါလီက ပြောရင်း စီးကရက်တစ်လိပ်ကို လှမ်းယူသည်။

'ဘယ်အချိန် ရောက်မှာလဲ'

'ခြောက်နာရီ၊ ခင်ဗျားကို ကျွန်တော် စောင့်နေတာပဲ၊ ပထမ ခင်ဗျားဆီ ဖုန်းဆက်ပြီး မာထားတယ်၊ နောက် ကျွန်တော် လိုက်လာတာပဲ၊ ခင်ဗျားက ရှိမနေဘူး'

'ခြောက်နာရီဆိုတော့ မိုးလင်းနေပြီ'

မှူးရဲက ရယ်ရင်း စဉ်းစားနေမိသည်။ ခါလီ၏ စီးကရက်ကို မီးညှိပေးပြီး သူ့စီးကရက်ကို မီးညှိသည်။ စီးကရက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်သည်။

'ထိုင်ဗျ'

မှူးရဲက ဝီစကီကို သွားငှဲ့သည်။ ခါလီက တစ်ကျိုက်သောက်လိုက်သည်။

'ဘယ်သူ့ဆီက သတင်းက ရောက်လာတာလဲ'

'ရန်ကုန်က ဟူဆိယာဆီကပဲ၊ ပုံမှန် ဆက်သွယ်ရေးလမ်းကြောင်းက ပို့တာပေါ့၊ လေယာဉ်ကရန်ကုန်က ထွက်လာပြီး ခေတ္တမနဲ့ဒူကို ခြောက်နာရီရောက်မယ်၊ သေတ္တာခြောက်လုံးပါလာတယ်'



'ခြောက်သေတ္တာဆိုတော့ ကောင်းတာပေါ့၊ လေယာဉ်မှူးက ဘယ်သူလဲ၊ ပြောသေးသလား'

'ဆောရီးဆိုသွား...ဆောအိုးကီး ဆိုလားပဲ'

ခါလီမှာ အမည်ကို အသံထွက်ရခက်နေသည်။

'ဆိုရက်ဇူကီးပေါ့၊ ပိုလန် လူမျိုးလေ၊ လူတော်ပဲ'

'ဒီလူကို ကျွန်တော်မသိဘူး'

'သိပါတယ်၊ သူက တခြားနာမည်သုံးခဲ့လို့ မသိတာပဲဖြစ်မယ်'

နှစ်ယောက်သားမှာ စကားပြတ်သွားသည်။ အခန်းထဲ ဝယ် မီးလုံးလေး တစ်လုံးသာ ရှိသည်။ ခါလီက ကုလားထိုင်ပေါ်ဝယ် မသက်မသာထိုင်ရင်း မီးခိုးကလေးဆန်သော ပါးစပ်ကလေးဖြင့် ဝီစကီကိုသာ သောက်နေသည်။

'ခင်ဗျား ဘာဖြစ်နေသလဲ ခါလီ၊ စိတ်တွေမငြိမ်ဘူးလား'

ခါလီက ပခုံးကို တွန့်သည်။ တစ်ခုခုကို ပြောလိုဟန် ရှိသော်လည်း အကြည့်ကို လွှဲထားသည်။

'လေဆိပ်ကလူတွေနဲ့ စီစဉ်ပြီးပြီလား'

'ပြီးပြီ...လေဆိပ်မှာ ဘာပြဿနာမှ မရှိဘူး၊ အားလုံး အိုကေပဲ၊ တစ်ခုခုဖြစ်ရင် ကားမောင်းတဲ့လူကိုသာပြောလိုက်ကိစ္စပြီးသွားလိမ့်မယ်'

'သွားဖို့လာဖို့ကော စီစဉ်ပြီးပြီလား'

'ပြီးပြီ၊ ဂျစ်ကားငါးစီး စီစဉ်ထားတယ်၊ ကားသမားက မစ္စတာဖိုင်ဘားနဲ့ တွဲဖူးတယ်'

'သူ့ကိုယ်သူ ဘယ်သူ ဘယ်ကလို့ ပြောသေးသလား'

www.burmeseclassic.com

www.burmeseclassic.com



'မပြောပါဘူး၊ နာမည်က အမားတဲ့၊ ခင်ဗျားကို အမား မာကာမီလို့ ပြောလိမ့်မယ်၊ လူကောင်းတစ်ယောက်ပဲ'

မူရေးက စီးကရက်ကိုဖွာသည်။ ထို့နောက် သူ့အတွက် အရက်တစ်ခွက်သွားငှဲ့သည်။

'ကျွန်တော့်ကို နှစ်နာရီအတွင်း လာခေါ်ဖို့ပြောလိုက် ဗျာ ရုပ်ရှင်ရုံဘေးနားမှာဆုံမယ် ဒါဆိုယင် ငါးနာရီကျော် လောက်ဆုံမိကြမယ်'

ခါလီက အရက်ကိုမော့ချလိုက်ပြီးမှ ခေါင်းညိတ်သည်။

မူရေးက အတွင်းအိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ် သည်။ ငွေအချို့ကိုယူသည်။

'ကျွန်တော်တို့ လေယာဉ်ဆင်းလာပြီးလို့ ကားသမားက လာပြောတဲ့အခါ လူတစ်ယောက်ကိုလွှတ်ပြီး ဟိုဘယ်အခန်း ခလာရှင်းပါစေ ဒီအတွက် လူကောင်းကောရှိရဲ့လား ကျွန် တော်ဟာ လုပ်ဖော်ကိုင်ဖက်တစ်ယောက်နဲ့ လေဆိပ်မှာတွေ့ ပြီး ကလက္ကတ္တား လိုက်သွားတယ်လို့ ပြောခိုင်း'

'ကျွန်တော်က နည်းနည်းမူးနေတော့ စိတ်ကူးရသလို ကောက်ကာငင်ကာ လိုက်သွားတာပဲလို့ ဟုတ်ပြီလား... ကျွန်တော်တို့နှစ်ယောက်စလုံး မူးနေတယ်ပေါ့ဗျာ ကလက္က တ္တားကနေ ကျွန်တော်ကငွေရှင်းပြီး သေတ္တာလာယူခိုင်းတယ် ပေါ့ အမေရိကန်တွေဟာဒီလိုပဲ ဘာညာဆိုပြီး ရယ်စရာလုပ် ပေါ့ဗျာ'

ခါလီက ခေါင်းညိတ်သည်။ မူရေးပေးသည့် ပိုက်ဆံအား ခါးပတ်အောက်ရှိ အိတ်ထဲသို့ ထည့်လိုက်သည်။



'လေဆိပ်ဘယ်နေရာမှာ စောင့်ရမယ်ဆိုတာ အဲဒီအမား ဆိုတဲ့လူသိသလား'

'သိပါတယ်... သူပြပါလိမ့်မယ် မသုံးတော့တဲ့ ဆောက်လုပ် ရေးကိုဒေါင်ဟောင်းတစ်လုံးပဲ ခင်ဗျားက အဲဒီမှာစောင့်ရမယ် နောက်ခါတ်ဆီထည့်ဖို့ ဓာတ်ဆီဘင်ကားကို သူသွားခေါ် မယ် ဓာတ်ဆီဘင်ကားကလူကို ငွေငါးရာ ပေးလိုက်ပါ'

မူရေးက အခန်းထဲဝယ် လမ်းလျှောက်နေသည်။

'ကြည့်ရတာတော့ အားလုံး အဆင်ချောနေပုံပဲ တခြား ဘာများမိဘာဘာရှိသေးသလဲ ခါလီ'

'ကားသမားကိုလဲ နည်းနည်းပါးပါး ပေးရလိမ့်မယ်'

'ပေးမှာပေါ့... တခြားဘာရှိသေးသလဲ'

'မစ္စတာရိုင်ဘာကို လောလောဆယ်ရှောင်နေဖို့ ပြောလိုက် ဗျာ'

'ရှောင်နေဖို့ဟုတ်လား'

'ဟုတ်တယ်... သတင်းကိုပေးလိုက်ဖို့ပဲ ကျွန်တော်ပြောနေ တာပါ မစ္စတာမူရေး အခြေအနေက တော်တော်ဆိုးနေတယ် ယရဲ့တပ်ဖွဲ့ဟာ တစ်ယောက်ယောက်ကို ဖမ်းလိမ့်မယ်'

မူရေးက ပိုက်ဆံကိုထုတ်ကာ၊ အရွက်ကြီးများကို သီးသန့် ထည့်၊ ရေတွက်ကြည့်သည်။

'ကျွန်တော်ပြောတာကို ပြောပေးမယ် မဟုတ်သား မစ္စတာ မူရေး'

'ဘာကိုလဲ... ဪ... ပြောပေးမှာပေါ့'

မူရေးက ခါလီအား ငွေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက တခွက်ပဲ ကော်မရှင်ခနဲ့ တစ်ဝက်ပေါ့ ကျ...
တစ်ယောက်ကို ကျွန်တော်မသွားခင် ကားသမားကို ပေး...
မယ် သူကခင်ဗျားကို ပေးလိမ့်မယ်'

ခါလီက ဖန်ခွက်ကို စားပွဲပေါ်တင်၍ ထရပ်သည်။

'ဒီကိစ္စအဆုံးသတ်ခါနီးတိုင်း ကျွန်တော် နေ့လို ...
မကောင်းဘူးဗျာ'

'ခင်ဗျားအချိန်မရွေး အနားယူလို့ရတယ်ပဲ ဒီအလုပ်...
မနားနိုင်သေးဘူးလား'

ခါလီက ဖျတ်ကနဲကြည့်လိုက်သည်။

'ကျွန်တော် မနားနိုင်သေးဘူးဆိုတာ ခင်ဗျားသိပါတ...
မစ္စတာမူရေး ကျွန်တော်က ဆင်းရဲပါတယ်'

'ခင်ဗျားအတွက် အပန်းဖြေခရီးထွက်ခဲ့တာ လိုနေပြီ...
တယ် ကာလကတ္တားသွားပြီး ပင်လယ်လေလေး ဘာ...
သွားရှူပါလား'

'မစ္စတာမူရေး ကျွန်တော်တစ်ခုတော့ ပြောချင်ပါတ...
ဒီက အလုပ်သမားတစ်ယောက်ဟာ အိန္ဒိယနိုင်ငံက အ...
သမားတစ်ယောက်ထက်ကို ဝင်ငွေနည်းလှပါတယ် အစိုးရ...
ငါးနှစ်စီမံကိန်းချထားတယ် အမျိုးသားဝင်ငွေကို တ...
တစ်ယောက်ကို ဒေါ်လာ (၅၃) ဒေါ်လာအထိ မြှင့်တင်နို...
မျှော်လင့်ထားပါတယ်ဗျာ'

'ကဲ...ခင်ဗျား မသွားခင် ထပ်သောက်ဦးမလား ခင်...
ကို ဖုလင်းပေးထားခဲ့ပါ့မယ်'

'ကျေးဇူးပဲမစ္စတာမူရေး ဝီစကီသောက်လိုတဲ့ စိတ်ချ...



...ပါဘူးဗျာ ပေါက်ကရစကားတွေ ကျွန်တော်ပြောခဲ့မိပြီ
...တယ်'

'ခင်ဗျားဟာ လူကောင်း တစ်ယောက်ပဲခါလီ ငွေဟာ
...ဗျားဇနီး ကို စိတ်ချမ်းသာစေဖို့ မျှော်လင့်ပါတယ်'

ခါလီမှ ရုတ်ခြည်းမင် လေးလံ၍ မောပန်းနွမ်းနယ်သွား
...သည်။

'ကျေးဇူးတင်ပါတယ် မစ္စတာမူရေး'

...နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။

'ခင်ဗျားနဲ့ကလေး တွေလည်း ပျော်ရွှင်ကြပါစေလို့ မျှော်
...ပါတယ်ဗျာ'

...ဟုတ်ကဲ့...ခင်ဗျားကလေးတွေကိုလည်း စောင့်ရှောက်ပါ
...တာမူရေး'

...သေချာတာပေါ့... ကလေးမရှိတော့ ကျွန်တော်
...ားရဦးမယ်'

ခါလီက သက်ပြင်းချလိုက်သည်။

...ဟုတ်တယ်... အဲဒါ အကောင်းဆုံးပဲ ဖြစ်မယ်
...ခါ။ဝ အခုရောက်မယ်၊ ခါလီက နောက်သို့ ပြန်လှည့်
...သည်။

...တစ်ခုခု ဖြစ်ရင် ကားသမားကို ခင်ဗျား စိတ်ချလို့ရပါ
... မစ္စတာမူရေး'

...အားပါဗျာ'

...ခါလီ ထွက်သွားပြီးနောက်၊ မူရေးက စီးကရက် တစ်
... မီးညှိသည်။ မီးခြစ်အားဖြင့်မြှောက်လိုက် ဖမ်းလိုက် လုပ်

www.burmeseclassic.com



ကာ စဉ်းစားနေသည်။ မိမိတွင် အခက်ကြုံနေရပုံ မ ရှိကြောင်း၊ ခါလီ သိခဲ့လေသလား။ ခါလီ နောက်သို့ ဘို့ ( လိုက်နိုက်သည်။ ခါလီကို သတိထားနေရန်။ ကားသမ သတိပေးလိုက်ရမည်။

သူက လသာဆောင်သို့ ထွက်ရပ်သည်။ အပြင်ဘက် အေးလှသည်။ တိမ်ထူလှသည်။ လေက တောင်များ တိုက်ခတ်လျက်ရှိသည်။ အောက်ဘက်တွင် သစ်ပင်များ ယိမ်းနေသည်။ ကားတစ်စီးက ကင်း(စ) ဝေးလမ်း များနှင့် တော်ဝင် နန်းတော်ကို ဖြတ်သွားနေသည်။ စော်စော နေ့ယာဉ်ပျံနှင့် ခရီးသွားရန် မကောင်း အချိန်ဟု တွေးမိသည်။ လေယာဉ်ပေါ်မှ ကြည့်လျှင် အော ဘက်သို့ မြင်ကွင်းက ကောင်းလိမ့်မည် မဟုတ်။

သူ မသွားလိုလှပါ။ ဤ အခေါက်သည် နောက် အခေါက် ဖြစ်လိမ့်မည်။ စီးကရက် သောက်ယင်း ဘက် တယ်လီကို သတိရမိသည်။ သူမသည် ထိုင်းတွင် နေ ဝန်ကြီးတစ်ယောက်နှင့် တွေ့ကြုံခဲ့ကြောင်း၊ သူမ၏ စကားအပေါ်၊ သူပဟေဠိ ဖြစ်နေသည်။

ဤကိစ္စနှင့် စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာနှင့် ပတ် နေသည်၊ သူက ဆက်မေးသည့် ခေါ်ဝယ်၊ သူမမှာ နှုတ် သွားခဲ့သည်။

သူက စီးကရက်ကို လက်စသတ်ပြီး လှေခါးဆီသို့ ဦး လိုက်သည်။ ထို့နောက် ရပ်ကာ အခန်းထဲသို့ လှည့်ဝ သည်။ သူက ထိုင်ကာ စာတစ်စောင်ကို ရေးသည်။



'ချစ်လှစွာသော ဘက်(စ)တယ်လီ....

မမျှော်လင့်ဘဲ ကျွန်တော်ခရီးထွက်သွားရပါတယ်။ နှုတ်ဆက်ချင်ပေမယ့် အိပ်နေတာကို မနှိုးရက်လို့၊ မနှုတ်ဆက်နိုင်ခဲ့ဘူး။ ခင်ဗျားရဲ့ မုန့်တိုင်းစတဲ့ သဘော ကုန်းပတ်ဟာ၊ တည်ငြိမ်ပြီး ခရီးစဉ် တစ်လျှောက် ပျော်ရွှင်ပါစေလို့ မျှော်လင့်ပါတယ်။ ဒီလို ညမျိုး တွေထဲက တစ်ညကို ကျွန်တော် ကြုံဖို့ ကြိုးစားပါ ဦးမယ်။

'....စကား နှစ်ခွန်းလောက်ကို ပြောချင်ပေမယ့် လည်း ကျွန်တော် ခု မမှတ်မိတော့ဘူး။ ကျွန်တော် တွေးမိသမျှကတော့ ကစ်ပလင်ရေးသလို၊ ကူးမြို့ရဲ့ အပြင်းထန်ဆုံး အိပ်မက် တွေဟာ၊ ခေတ္တဟန်ဒူမှာ တကယ် ဖြစ်နေလေရဲ့ ဆိုတာပါပဲ။ ဟိုသီချင်းကိုချည်း သိပ်နားထောင်မနေပါနဲ့။ ကျွန်တော့် အတွက်ပါ ဂျင်ကို ပိုပြီးသောက်လိုက်ပါ.... အက်'

သူက စာကို စာအိတ်ထဲ ထည့်ပြီး၊ အပေါ်မှ မဖွင့်ပင် ဟု ရေးလိုက်သည်။ မနက်ကျလျှင် အက်(စ)မင်း တွေ့ ပေလိမ့်မည်။ ထို့နောက် လိုအပ်သည့် ပစ္စည်းများကို က်ဆွဲအိတ်ကလေးထဲ ထည့်သည်။ ခရီးဆောင် နေ့စဉ် တမ်းစာအုပ်သေး၊ မှတ်စုစာအုပ်နှင့် ဘောပင်များကိုပါ ထည့်သည်။

ကျန် ပစ္စည်းများကိုမူ လက်ရှိ နေရာများ၌ပင် ထား သည်။ အလျင်စလို ထွက်သွားရသည့် ပုံမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချက်ကို ဇိမ်ဆွဲသောက်ယင်း၊ အက်(စ)တယ်လီအား ငြိုး
ကာ၊ သွားရမည့် အချိန်ကို စောင့်ဆိုင်းနေလိုက်သည်။
ငါးနာရီ ထိုးရန် ဆယ်မိနစ်အလိုတွင်၊ မီးကို ပိ
အပြင်သို့ ထွက်သည်။ အပြင်တွင် မြူများ ကျနေသ
သစ်ပင်ကြီးများကိုပင် မမြင်နိုင်။ ဟိုအယ် တစ်ခုလုံး
တိတ်ဆိတ်နေသည်။ လှေခါးရင်းရှိ ညစောင့် နေရာ
အစောင့်ကို မတွေ့ရ။
လမ်းမပေါ် ရောက်သည့်အခါ၊ မြူနှင်းများကြားမှ
တစ်ယောက် ထွက်လာသည်၊ ထိုသူမှာ အိတ်တစ်လုံ
ကျောပိုးလာသည်။ နဖူးတွင် ချွေးမကျရန် အဝတ်တစ်ခု
ထားသည်၊ ထိုသူ ကျော်သွားသည်အထိ သူက စောင့်နေသ
အပြေးတစ်ပိုင်းဖြင့် လာသော၊ မှန်ဝါးဝါး လူပုံသဏ္ဌ
နှစ်ခုကို တွေ့လိုက်ရပြန်သည်။ ထိုသူတို့မှာ ဟင်းသီးဟင်း
နှင့် သစ်သီးများကို ခြင်းကြီး တစ်လုံးတွင် ထည့်ကာ၊
လုံးဖြင့် ထမ်းလာကြသည်။ ခြင်းကြီးမှာ အပြေးတစ်
သွားနေမှုကြောင့်၊ ညွတ်ပဲ့ ညွတ်ပဲ့နှင့် ရှိနေသည်။ သူ
တစ်ညလုံးများ ထမ်းလာခဲ့ရသလားမသိ။
မှုရေးက ရုပ်ရှင်ရုံဘက်သို့ ခြေဦးလှည့်သည်။ ကား
ကို မတွေ့ရ။ နောက်သို့ လှည့်ကြည့်မိရာ၊ ဈေးရောင်းသ
လာနေကြသည်ကို တွေ့ရသည်။ မှောင်မှောင်မည်းမည်း၊
ရိကန် သံရုံးကို ဖြတ်၍၊ ရုပ်ရှင်ရုံ အနီးရှိ လမ်းဘေးတွင် မီ
ထားသည့် ဂျစ်ကား တစ်စီးကို တွေ့လိုက်ရသည်။
'ယခု အဆင်ပြေစွာ ပြီးသလျက် ရှိသည် တစ်မှု ထူး



သာ၊ အသောကျစွသ်ရာ၊ အလွန်ရှည်လျားသည့် ဘတ်ကား
ျုံး ရျန်တာ ဟူ သော ရုပ်ရှင်ရုံမှ၊ ပိစဘာကို မြင်ရပြန်သည်။
တံခါးပေါက်မှ လူတစ်ယောက်က ရှုတ်တရက် ထွက်လာ
သည်။
'ကျွန်တော် နာမည် အမားပါ'
မှုရေးက ထိုသူအား အနီးကပ် ကြည့်သည်။
'နောက် နာမည်ကကော'
အမာ မာကာမီပါ၊ ကျွန်တော် ရောက်လာပါပြီ ခစ္စတာ
ရေး'
အမားမှာ ဝါးလုံးတစ်ချောင်းနှယ် ပိန်လှသည်။ အသက်
၂) နှစ်ခန့် ရှိသည်။ နီပေါ ဦးထုပ် ပန်းအိုးပုံကို ဆောင်း၍
ညီးရောင် အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားသည်။
'ကဲ သွားကြစို့'

မှုရေးက ကားပေါ် သို့တက်သည်။ အမားက ကား
ောင်းရာအခြမ်းသို့ ကွေ့ကာ၊ တက်၍ စက်နှိုးလိုက်သည်။
ဘော်သွေးအေးသူပဲဟု မှုရေးတွေးထင်မိသည်။ အမားက
ားမီးလေးကိုသာဖွင့်ပြီး မောင်းသည်။ ဈေးသည်များ
ားမှ ဖြတ်သန်းမောင်းရသော်လည်း၊ သူက ဟွန်းကိုအသုံး

ဖြောင့်တန်းသောလမ်းအတိုင်း အရှေ့စူးစူးသို့ မောင်းခဲ့
ည်း ဘတ်ဂါဝန်နှင့် ဂေါ်ချာလေဆိပ်ဟူသော ဆိုင်းဘုတ်
ခုကို တွေ့ရသည်။ မကြာမီလေဆိပ်သို့ဟူသည့် ဘယ်ဘက်

www.burmeseclassic.com



အခြမ်းသို့ပြုသော ဆိုင်းဘုတ်တစ်ခုကိုတွေ့ရသည်။ အမား... ထိုလမ်းအတိုင်း မဝင်ပဲ ဆက်မောင်းသည်။

မိုင်ဝက်မျှမောင်းပြီးမှ လမ်းကျဉ်းလေးတစ်ခုသို့ ချိုး... သည်။ မြူနှင်းတို့မှာ သိပ်သည်းစွာဖြစ်သည်။ ငါးမိနစ်... မောင်းပြီး၊ ကားကရပ်သွားသည်။ ရှေ့တွင်ခပ်နိမ့်နိမ့်ကွန်... အဆောက်အအုံတစ်ခုကို မှုရေးတွေ့လိုက်သည်။

'ဒီနေရာလား'

'လေယာဉ်ကွင်းထဲက အဲ့ဒီအဆောက်အအုံပဲ'

အမားကပြန်ဖြေပြီး၊ စက်ကိုသတ်လိုက်သည်။ ခပ်လေ... လျော့ထိုင်သည်။ စောင့်နေရတော့မည့် သဘောဖြစ်သည်... မှုရေးက ကိုယ်ကိုညွှတ်၍ စီးကရက်တစ်လိပ်ကို မီးညှိသည်... ကိုယ်ပြန်မတ်သည့်အခါ၊ စီးကရက်အား လက်ဝါးကာ၍ အ... ထားသည်။

သူက အမားအား စီးကရက်ဗူးကိုတိုးပေးသည်။ အမ... ကတစ်လိပ်ယူသည်။ မှုရေး၏ စီးကရက်နှင့် မီးတို့သည်။ သူ... စကားတစ်ခွန်းမျှမပြော။

သူတို့ကထိုင်၍သာ စောင့်နေကြရသည်။ မြူနှင်းက... ပါးလာသည်။ အေးလာသည်။ သူတို့မှာ လေယာဉ်... လှမ်းနှင့် အပြိုင်လမ်းလေးပေါ်တွင် ရှိနေကြသည်၊ မြက်မျ... ပေါက်နေသည့် မြောင်းနှင့် တစ်ဘက်မှ ချုံပုတ်များက... ပိုင်းခြားထားသည်။ ခြံစည်းရိုးလည်းမရှိ။ ကွင်းပတ်လည်... မီးတိုင်များလည်းမရှိ။

ပြေးလမ်းနှင့် အတော်ဝေးသေးသည်ဟု၊ မှုရေးတွေ့...



သည်။ ရှေ့ဘက်တစ်နေရာရာမှ ဂျစ်ကားတစ်စီးလာနေသံ ကိုကြားလိုက်ရသည်။ ကားရပ်သွားသည်။ 'မည်သူမှမတွေ့ရ သေး။ မှုရေးက ကားပေါ်မှဆင်း၍၊ လျှောက်ကြည့်သည်။ ဘာကိုမှမတွေ့ရ၍ ပြန်လာခဲ့သည်။

မြူနှင်းတို့မှာ မနေရောင်ကြောင့် ပို၍ဖြူဖွေးလာသော် လည်း၊ အမြင်ကို မပိတ်ပင်သော။ မှုရေးက ရေမရှိသောမြောင်း ထဲသို့ဆင်းကာ မြူနှင်းထုထဲသို့ကြည့်သည်။ မည်သည့်အသံ ကိုမှ မကြားရ။

သူက အဆောက်အအုံရှိရာသို့ လျှောက်သွားကြည့်သည်။ (၁၅)ပေမျှအမြင့်ဝယ်၊ ကွန်ကရီအမိုးတစ်ချပ်ရှိသည်။ စာ များရေးထားသော်လည်း အင်္ဂလိပ်ဘာသာဖြင့် မဟုတ်၍၊ သူနားမလည်။

ဂျစ်ကားဆီသို့ ပြန်လျှောက်လာပြီး၊ ခြေနင်းခုံပေါ်သို့ ခြေထောက်တစ်ဘက်တင်ကာ ရပ်လိုက်သည်။

'ဓာတ်ဆီတင်ကားက ဘယ်မှာလဲ'

အမားက အဖြေမပေး။ နံနက်ခြောက်နာရီကျော်ပြီဖြစ်ရာ၊ အလင်းရောင်အားက ပိုများလာသည်။ မြက်များပေါ်ဝယ်၊ နှင်းများသီလျက်ရှိသည်။ မှုရေးက စီးကရက်အဆစ်တစ်လိပ် ကို မီးထပ်ညှိသည်။ အမားမှာခြေဆန့်ကာ တစ်နေ့လုံးစောင့် နေတော့မည့်နှယ်ရှိသော်လည်း၊ သတိလက်လွှတ်မဟုတ်။

အမားက စပိန်လူမျိုးတစ်ယောက်နှယ် ရုပ်ရည်ကျကြည့် ကောင်းသည်။ ဆံပင်မည်းမည်းကို ဖြီးသင်ထားသည်။ ပန်း ရောင်နှင့် အပြာရောင် ပန်းပေါ်ထားသည်၊ အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com

နီပေါဦးထုပ်အား ခပ်ရွဲ့ရွဲ့ကလေး ဆောင်းထားသည်။ စိမ်းပြာရောင် ကျောက်ကြီးကြီးတစ်လုံးပါသော လက်စွပ်ကို ဝတ်ထားသည်။ မိန်းကလေးများကို အကျကြီးကျစေမည့်သူဟု မူရေးခန့်မှန်းမိသည်။ စကားတော့မပြော။ ဘာသာစကားငါးမျိုးပင် ပြောတတ်လင့်ကစား၊ ပြောနည်းသူတော့ မဟုတ်ဟု ထင်မိသည်။

(၂) နာရီခွဲအချိန်ဝယ်၊ မြက်များကို တုတ်နှင့်ရိုက်ယင်း၊ ကောင်လေးတစ်ယောက် ရောက်လာသည်။ မူရေးတို့အား မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေသည်။ အမားကစကားသံသွက်သွက်ဖြင့်၊ ကောင်လေးအား နှင်ထုတ်သည်။ ကောင်းလေးက ရယ်ကြဲကြဲလုပ်ပြသည်။ ထို့နောက် မကျေနပ်ဟန်ဖြင့် ကျောက်တုံးတစ်တုံးကို ခြေထောက်နှင့် ပိတ်ကန်ကာ၊ မြူနှင်းထဲ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။

မူရေးမှာ စိတ်မရှည်တော့ဘဲ၊ ဆဲရေးလိုက်မိသည်။ နာရီဝက်မျှအကြာဝယ်၊ အမားကပြောလာသည်။

'ခဏစောင့်နေဦး'

မူရေးက ကားပေါ်မှ အိတ်ကိုယူ၍၊ ရပ်နေလိုက်သည်။ အမားက ကားမောင်းထွက်သွားသည်။ ချမ်းလည်း ချမ်းလာပြီဖြစ်၍၊ ကုတ်အင်္ကျီကော်လာကို ထောင်ထား လိုက်သည်။ အဆောက်အအုံထဲသို့ ဝင်ကာ၊ လမ်းလျှောက်နေမိသည်။ လေယာဉ်ဘယ်ရောက်နေသနည်း။ ကြည်ညိုဖြစ်ဖြစ်၊ နောက်ကျမှုသည် အန္တရာယ်ရှိသည်၊ အလွန်ဆိုးဝါးလှသည်။



လမ်းပေါ်မှဂျစ်ကားသံကို ကြားလိုက်သည်။ ကားကခပ်ဘဲ့ဆန့်ကျစ်ဘက်သို့ ဆက်မောင်းသွားသည်၊ မိနစ်အနည်းငယ်ကြာသည့်အခါ၊ နောက်ကားတစ်စီးသံကို ကြားရပြီး၊ အမားဂျစ်ကားကို တွေ့ရသည်။ ကားအရပ်ဝယ်၊ လမ်းပေါ်သို့ပြန်တက်သွားသည်။

'နောက်ဂျစ်ကားတစ်စီးက ဘယ်သူလဲ'

အမားက ခေါင်းယမ်းပြသည်။

'လေယာဉ်ကွင်းက ကားပါ....သွားပါပြီ....စိုးရိမ်စရာမလိုဘူး'

အမားက လေယာဉ်ကွင်းဘက်သို့ ခေါင်းဆက်ပြသည်။

'ဘာလဲကွ....လေယာဉ်လာနေပြီလား'

မူရေးက မေးလိုက်သံ။ လေယာဉ်သံကို သူမကြားမိ။

'ခတ်ဆီတင်ကားပါ'

'သြော်....ခတ်ဆီတင်ကားကိုး'

လေယာဉ်ကွင်းစပ်သို့ ခတ်ဆီတင်ကား ရောက်လာသည် တွေ့လိုက်ရသည်။ ချုံပုတ်များ အနီးတွင်ရပ်ကာ စက်သတ်သွားသည်။ မူရေးက စောင့်နေသေးသည်။ ထို့နောက်မှ လျှောက်သွားကာ ကားသမားအား ငွေငါးရာပေးလိုက်သည်။ ကားသမားက ခေါင်းဆတ်သည်။ မျက်နှာ ရိပ်က လေယာဉ်ဘယ်မှာလဲဟု မေးနေသယောင် ရှိသည်။ ခတ်ဆီတင်သည့် နှစ်နာရီမျှ နောက်ကျပြီး အဘယ်ကြောင့် နောက်ကျကြောင်း မူရေးက မေးလိုက်သည်။ သို့သော် အဖြေ ရှိမပေါ်။

www.burmeseclassic.com

www.burmeseclassic.com



မြူနွံက ကြဲ၍ပြုလာသည်။ ခပ်လှမ်းလှမ်းသို့ပင် မြင်နိုင်သည်။ မှူးရေးမှာ စိတ်ကောက်ယ်ပါ မကြည်တော့။ သူက ဂျစ်ဘားဆီသို့ ပြန်လျှောက်လာကာ အမားအား မေးကြည့်သည်။

'ဒီလိုမျိုး ဖြစ်ဖူးသလား'

ထိုအချိန်မှာပင် ဓာတ်ဆီဘင်ကား၏ စက်နှိုးသံကို ကြားရသည်။ မှူးရေးက လှည့်ကြည့်လိုက်သည်။ ကားကလာရာ လမ်းအတိုင်း ထွက်သွားတော့သည်။

'ဘာလုပ်တာလဲ၊ ဘာသဘောလဲကွ'

'လေယာဉ်က ခုမှရောက်မလာဘဲ'

'ဘုရားရေ....'

သူတို့က ကိုးနာရီအထိ စောင့်သည်။ ထို့နောက် မှူးရေးက 'ကဲ....ပြန်ကြစို့'

× + ×

ဓာတ်လမ်းစဉ် (၆)

ဟိုတယ်ရှေ့မှနေ၍ အက်(စ)မင်းက သူ၏အိတ်ကို ပြေးဆွဲကာ ဘိုသည်။ အဝင်ခန်းမဝယ် ဟိုတယ်ဝန်ထမ်းတစ်ဦးကို သေတ္တာတစ်လုံးနှင့် တွေ့ရသည်။

ဈေးခါးပေါ်မှ မစ္စကွန်တန် ဆင်းလာသည်ကို တွေ့ရသည်။ သူမမှာ ကလေးထိန်း ဝတ်စုံကို ဝတ်ထားသည်။ အသပါစားကုတ်အင်္ကျီနှင့် မဂ္ဂဇင်း အစောင်များများကို လက်မှ ကိုင်လာသည်။

'သွားတော့မလို့လား'

'ဟုတ်ကဲ့ ...ဒိုင်နီတား(လ်)ကို သွားမလို့ပဲ၊ တစ်ပတ်လောက်ကြာမှ ပြန်လာမှာ၊ ဆိပ်ကြာကြာ မနေနိုင်တာ ဆိုးတာပဲ'

'ကောင်းသော ခရီးဖြစ်ပါစေဗျာ'

'ကောင်းတဲ့ ဒေသပါပဲ၊ ဒီဇာတ်ရှင် မင်းသားဂုဝင်တွေလဲ ဒိုင်နီတား(လ်)ကိုသွားကြတာပဲ၊ ဟုတ်တယ်မဟုတ်လား၊ ကျွန်မကတော့ သွားတိုင်း မစ္စက်ဘားမွတ်ရှိတော်ဒါခဆောင်မှာတည်းတတ်တယ်၊ ခုတစ်ကြိမ်ပဲ မိတ်ဆွေတွေဆီမှာ နေမှာ'

'ရှင်လဲ သွားဖို့ကြိုးစားဦး၊ မစ္စက်ဘားမွတ်ဟာ သိပ်သဘောကောင်းတဲ့ အမျိုးသမီးကြီးပဲရှင့်၊ ရှင်ရောက်ရင် သဘောကျမှာပါ'

'ဟုတ်ကဲ့ပါ ပေါ့ဗျာ'

မှူးရေးက ခေါင်းညိတ်နှုတ်ဆက်ပြီးဆက်လျှောက်သွားသည်။

အခန်းထဲသို့ ရောက်သည့်အခါ စီးကရက်တစ်လိပ်ကို မီးညှိ၍ ပြူတင်းပေါက်ဘေး သွားရပ်သည်။ အောက်၌ စိမ်းပါးရင့် မြက်ခင်းပြင်နှင့် သစ်ပင်များကို ကြည့်နေမိသည်။

မည်သည့် အမှားအယွင်းများ ရှိပြီနည်း။ လေယာဉ်သည် ဘယ်သို့ ဖြစ်နေသနည်း။ နှောင့်နှေးခြင်းကြောင့် သူ့အား

www.burmeseclassic.com



ထိခိုက်လှသည်။ အစီအစဉ်များကို တက်သုတ်ရိုက် လုပ်ရတော့မည်။ ခါလီကတော့ သိနိုင်သည်။ မှုရေးမှာ အတော့်ကိုပင် ခရီးဆက်လိုလှသည်။

သူက စီးကရက်ကိုမီးသတ်လိုက်သည်။ လူက နေလို့ထိုင်လို့ မရတော့။

မွန်းတည့်ချိန်ဝယ် သူက အရက်ခန်းသို့ သွားသည်။ ငှက်လေ့လာရေးသမားများ မရှိတော့၍ ဟိုတယ်တွင် လူမကနိုင်တော့။ အရက်ထည့်ပေးသူ တစ်ယောက်တည်းသာ ရှိနေသည်။ အောက်ဘက်ရှိ ပန်းခြံထဲဝယ် ကော်နီက မစ္စကိုပါ ပါကိုဘစ်နှင့် စကားပြောနေသံကို သူကြားရသည်။

သူက ဝီစကီမှာ၍ ရပ်ကာသောက်သည်။ ခါလီသည် အဘယ်ကြောင့် မိမိအား အကြောင်း မကြားသနည်း။ အရက်ရှင်းပြီးနောက် လူသူ ကင်းမဲ့နေသော စားသောက်ခန်းမှ အစားအသောက် စာရင်းကိုယူ၍ ခေါင်မိုးပေါ်သို့ တက်ခဲ့သည်။

ဘုရားရေ…ရှင်မသွားသေးဘူးလား

အက်(စ)ထယ်လီက မှုရေးထံသို့လျှောက်လာကာ နှုတ်ဆက်လိုက်သည်။

'ရှင်ဘာဖြစ်လို့ မသွားတာလဲ'

သူမကရယ်၍ ဝတ်ရုံကို ပြန်တင်၍ထတ်သည်။

'ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့မိဘူး …. ကျွန်မဆီပြန်ရောက်လာခြင်းပဲ'

ကျွန်တော်ကတော့ ဒီအဖြစ်မျိုး မကြုံဖူးပါဘူးဗျာ'



'အင်း….အဖြစ်ကတော့မျက်နှာကြက်ကိုမော့ကြည့်နေရသလိုပဲ၊ အရာရာဟာဒီအတိုင်းချည်းပဲမဟုတ်လား၊ မျက်နှာကြက်ပေါ်ကဆေးရေးထားတာတွေဟာ တကယ့်ဟာတွေအတိုင်းပဲဒါပေမယ့် ခေါင်းကိုမော့ကြည့်နေတဲ့အခါ အမှန်ပဲတစ်ဝက် အမှားတစ်ဝက်ချည်းပါပဲလေ ကဲ – ကျွန်မကို အရက်ဖြူတစ်ခွက်လောက်ယူပေးပါဦး'

အခန်းထဲဝယ်၊ တစ်ဝက်တစ်ပျက် သောက်ထားသည့် ဖန်ခွက်နှစ်လုံး၊ သုံးလုံးမျှ ရှိနေသည်။ ဂျင်ပုလင်းကမူ သိပ်မလျော့သေး၊ သူက သူမအတွက် ဂျင်တစ်ခွက်ငှဲ့ပေးလိုက်သည်။

သူမက စီး…ရက်ဘစ်လိပ်ကို သောက်နေသည်။ သူမစီးသူရက်သောက်သည်ကို၊ ယခင်က မမြင်ဘူး။ ပြူတင်းပေါက်အနီးတွင် စီးကရက်သောက်နေ၍၊ သူမ၏ ပါတ်လည်ဝယ်၊ မီးခိုးတို့က နဝ ကာဝိုက်ကာ ရစ်ပါတ်နေသည်။ သူမမှာ၊ သူမနေခဲ့ရာ ကလကတ္တားမှ ဘဝကို ဖော်ပြနေသည့်နှယ်ရှိသည်။ အရက်ကို စွဲလမ်းစွာသောက်ခြင်း၊ စနေနေ့ညမျိုးဝယ်၊ ကြေးစားဘဝဖြင့် ပျော်မြူးခြင်း။ သို့သော် သူပကာလုပဲ၊ ကဗျာဆိတ်ရှိပါသည်။

'ကျွန်မတို့ဗီမှာပဲ နေ့လယ်စာ စားကြရအောင်'

အက်(စ)တယ်လီက အခန်းတာဝန်ကျကို ခေါ်သည်။ အရက်ခန်းထဲဝယ် ရှန်ပိန်ရှိကြောင်း တွေ့ခဲ့၍၊ ရှန်ပိန် ယူလာရန်လည်း မှုရေးကမှာသည်။

သူမက တိုက်နန်းဆိုတ်က နန်းသာစားသော်လည်း ရှန်ပိန်

www.burmeseclassic.com



ကိုတော့ ခပ်မျှားမျှား သောက်သည်။ နောက်ဆုံးတော့ ခက်ရင်းကို ပစ်ချလိုက်ပြီး၊ စီးကရက်ကို မီးညှိလိုက်သည်။ သူမလွတ်မြောက်ခဲ့ရ၊ အတိတ်အကြောင်းကို ဟိုဘစ်စ ဒီတစ်စ ပြောပြလာသည်။ သူမအား အယုံသည်းမှုကို ဖြစ်စေပါသည်၊ အိမ်ဖော်တစ်ယောက် အကြောင်းကိုလဲ ပြောသည်။

'တစ်ချက်မှာ အဲဒီ အိမ်ဖော်မလေးက အိမ်ထဲဖြတ်ပြီး ပေါက်ပြားတစ်လက် ယူသွားတယ်၊ ဒါနဲ့ သူသခင်လဲ သေရကော ကျွန်မကိုကလေးနဲ့အတူ ခေါင်းမဖြီးဖို့ ပြောတယ် အဲဒီလိုလုပ်ရင် မကြာခင် ကလေး သေတတ်တယ်တဲ့ နောက် လိမ်ပြာဖြူဖြူလေးတွေဟာ သတင်းဆောင်တွေ ဖြစ်တယ်'

သူမက ထိုစကားကိုပြောပြီး ရယ်လိုက်သည်။ သူမမှာ ကိုယ့်ကိုယ်ကို တွေးမိဟန်မတူ။ သူများပြောနေသည့် စကားအား နားထောင်နေပုံမျိုး ဖြစ်သည်။

အခန်းတာဝန်ကျက စားသောက်ဖွယ်ရာများကို ရှင်း၍ ပြန်သွားပြီးနောက်၊ သူတို့က အိပ်ရာပေါ်ဝယ် လှဲကြသည်။ သူမက သူ့အား ဖြစ်ကတာနီးဆန်း နမ်းသလို၊ အနမ်းကိုလည်း ထိုအတိုင်းပင် ခံယူသည်။

မှုခရေးက အိပ်ပျော်သွားပြီး နိုးမိသည်။ သူမက ကပ်လျက် ရှိသည်၊ တရုတ်ကပ်များ ပိတ်ထား၍ အလင်းရောင်က မှိန် လှသည်။ သူတို့က ချစ်ပွဲဝင်ကြသည်။ သူမ၏ အောက်ခံ အဝတ်အစားများ၊ အလှပြင်ပစ္စည်းများ ပွနေသည့် ရေချိုးခန်း သို့ မှုခရေးဝင်ချိန်ဝယ်သုံးနာရီခွဲသာရှိသေးကြောင်းသိရသည်။

သူမက ဒူးတစ်ချောင်း ကွေး၍ ဘေးတိုက်လှဲနေသည်။



တစ်ဖက်က သေးငယ်သောရင်အစုံ၌ အိပ်ရာပေါ်ဝယ် သည်။ ခေါင်းက နောက်သို့ ပစ်ထားသည်။ မျက်လုံးက ပွင့် သည်။ ပါးစပ်တွင် စီးကရက် တစ်လိပ်က ရှိသည်။ မီးခိုး က တလွန့်လွန့်လွင့်ပျံနေသည်။

သူက ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဟောကျူးမည်မျှ ကဲ့သို့ထိုင်ကာ သူမအား ကြည့်နေခဲ့ကြဖူးသနည်းဟု တွေး သည်။

'ထိုင်းမှာ ဘယ်လို အခြေအနေရှိခဲ့သလဲဟင်၊ သူတို့ကဘယ် ဆက်ဆံကြသလဲ၊ ဒီအကြောင်းတွေ ကိုယ့်ကို ပြောပြပါ '

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

'မပြောနိုင်လို့ပါ'

ထိုင်းတွင်နေခဲ့ရသော ဘဝကို မေးတိုင်း ငြင်းဆန်တတ် င့် မှုခရေးအံ့သြရသည်။ ထိုင်းမှ သူမ ထွက်ခွာလာသည့် လပိုင်းမျှသာ ရှိသေးသည်။ ဤအကြောင်းကို သူမ ာရန် စကားစသည့်အခါ အရေးကြီးသည့်ကိစ္စကို ပြော ာမည့်ပုံမျိုး ရှိသည်။ သူမကိုယ်သူမ ထိတ်လန့်နေကြောင်း ဘိပြုမိခဲ့သည်။

မှုခရေးက ထရကာ အခန်းတစ်ဘက်သို့ လျှောက်သွား သည်။ သူ့မှာ လေယာဉ်ကိစ္စဖြင့် စိတ်က ဂနာမငြိမ်။ ခေါ ထံမှ အဆက်အသွယ် မလုပ်ခြင်းကို သဘောမပေါက်။ မှုခင်မီ ခါလီထံသို့ သွားခြင်းမှာလည်း ဟောအမှား

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုသာ ဖြစ်သည်။ သူ ဘာမှ မလုပ်နိုင်ခြင်းအတွက် တိုမိသည်။

'အပြင် သွားကြရအောင်'

သူမက မကြည့်ဘဲ စီးကရက်ကို ဖွာသည်။

'ကောင်းပြီလေ'

သူမ၏ စိတ်နေ စိတ်ထား ပြောင်းလဲခြင်းကို တွေးလို သည်။

သူက ယမန်နေ့က ဝတ်သော အဖြူရောင်ဝတ်စုံ မဖတ်ရန် ပြောသည်။ ကြက်ဥနှစ်ရောင် အခံဝယ် အနီနှ နက် ပန်းပွင့်များပါသော ဝတ်စုံအား ကျစ်ဆံမြီးထိုး ပတ်အလုံးနှင့် ဝတ်သည်။ ကြိုးသိုင်း ဖိနပ်အဖြူကို စီးသည် ဖြူရောင် ပလတ်စတစ်လက်ဆွဲအိတ်ကို ကိုင်သည်။

အပြင်သို့ရောက်သည့်အခါ သူမက ပက်တန်သို့ သွား အောင်ဟု ပြောလာသည်။

'ကောင်းပြီလေ'

ဘတ်(စ)ကား မှတ်တိုင်ရှိ လူအုပ်ကြားဝယ် အငှားက တစ်စီးကို ဆယ်မိနစ်မျှ စောင့်ရသည်။

နို့နှစ်ရောင် ချက်ပလက် စဓောရှင်ဝက်ဂွန်း အစုတ်တ က ရပ်လာသည်၊ အငှားကား ယူမလားဟု ကားမောင်း မားက တံခါးဖွင့်ကာ မေးသည်။ မူရေးတို့က ကားပေါ် တက်လိုက်ကြသည်။

ကားရှေ့ခန်းဝယ် နီပေါ်အမျိုးသားနှစ်ယောက်ပါသည်



နောက်ခန်းဝယ် လူနှစ်ယောက်နှင့် သူတို့အား လက်ယမ်းခေါ် နေသော ကောင်လေး တစ်ယောက် ရှိနှင့်သည်။

မူရေးက နောက်ခန်းဝယ် ဆောင့်ကြောင့် ဝင်ထိုင်သည်။ ဖုန်ထူထူလမ်းဝယ် ကားက ဆောင့်လှသည်။ ကားပေါ်ပါ သူများက ထိုအချိန်မျိုးဝယ် ရယ်နေသလို သူကပါလိုက် ရယ်သည်။ ကားသမားကိုယ်တိုင်က မိမိပါ ရယ်ကြောင်းကို သွားအဖွေးသားဖြင့် နောက်သို့ လှည့်ကာပြသည်။

အက်(စ)တယ်လီက တစ်စုံတစ်ခုပြောလိုက်ရာ ၎င်းတို့၏ ရယ်သံက ပိုကျယ်လောင်သွားသည်။ ၎င်းတို့မှာ အဝတ်အ စားများ စုတ်ခြာ၍ သွားများက မကောင်းသော်လည်း တစ် ချိန်လုံး ရယ်မောနေကြသည်။ ကားသမားက ဘက်ဂါဝန်... ဘက်ဂါဝန် ဟု စတင်အော်တော့သည်။

'ကိုယ်တို့ ပက်တန်ကို သွားမယ်အကြောင်းမ တာ'

ခရီးသည်အဖော်များများက ဘက်ဂါဝန်ဟု တစ်ပြိုင် တည်း ပြောကြသည်၊ အက်(စ)တယ်လီကဘာမှမပြော၍ အ များမရှိဟု မူရေး တွေးမိသည်။

မိနစ်နှစ်ဆယ်မျှ အကြာဝယ် လမ်းကကွေ့၍ ဆင်ခြေ လျှောကျသွားသည်။ အောက်တွင် မြက်များပေါက်နေသည့် တောင်ကမ်းပါးရိုက ရှိနေကြသည်။

'ဟော... ရောက်ပြီ'

အက်(စ)တယ်လီက ပြောလိုက်သည်။ သူတို့က ဆင်း ကြသည်၊ ကားပေါ်ပါသူအားလုံးက ရယ်လိုက်ကြပြန်သည်။ မူရေးတို့မှာ ဘုရားကျောင်းများ ပြည့်နှက်နေသည့် ဖုန်ထူထူ

www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်ကြီးကို တွေ့ရသည်။ ညာဘက်တွင် တစ်ဝက်ဘ... ပျက်စီးနေသည့် နန်းတော်ဟောင်းသာရှိသည်။ မျက်နှာ... ဘောင်များပေါ်ဝယ် ဈေးသည်များက စပါးစေ့ အိတ်မျ... ရှေတ်ကောင်းစေ့ လင်ဗန်းများ တင်ထား၍ ကြည့်ရဆိုး... သည်။

ကျောက်ခြင်္သေ့ကြီးများ အောက်ဝယ် သစ်သီးမျ... ကား နှမ်းထားပုံယာပုံ၊ မြေကွက်လပ်တွင် ကလေးတစ်စု... တစ်စုံတစ်ခုကို ကန်နေကြသည်။ လူတစ်ယောက်က နံရံမှ ကြေ... ရုပ်အတိုအစအား ဆွဲခွာနေသည်။ အရုပ်တော်တော်များမျ... မှာကိုယ်လက်အင်္ဂါ မစုံတော့၊ ဤနေရာမှာ လုံးဝမပျက်... မီကပင် ပစ္စည်းများ ဖျက်ယူ ခံခဲ့ရသည့်နှယ် ရှိသည်ဟု မှူး... တွေးဘင်မိသည်။

အဆောက်အအုံများကြားဝယ်၊ နွားအချို့က လျှော... သွားနေကြသည်။ ထိုနောက်ဘက်ဝယ်၊ ကျောက်တိုင်တစ်တိ... ရှိသည်။ ထိုမျှားဝယ် ဝတ်ပြုနေသည့် လူရုပ် တစ်ရုပ်အာ... တောက်ပစွာ တွေ့ရသည်။ ခေါင်းလောင်းပုံ အမိုးတစ်ခု... မိုးပေးထားသည်။

'ဆရာ ကြည့်နေတာ ဘုရင်ပဲ၊ စော်ဘွား ဘုဝါတ... ဒရစ်မာလောခပါ'

ဘေးနောက်ဘက်မှ အသံက ထွက်ပေါ်လာသည်။ မှ... က ကြည့်လိုက်သည်။ အသား လတ်စာတ်နှင့် လူကောင် သေ... သေးဖြစ်သည်။ ဂျာကင်အင်္ကျီဟောင်း တစ်ထည်ကို ဝတ်ထား... သည်။ ရှပ်အင်္ကျီ နောက်စက တွဲလောင်းကျလျက် ရှိသည်။



'ဆရာက အမေရိကန်လား.... ဘုရင်ကို ကြည့်ရတာ ...တိုင် ထက်ခဲ့သလိုမျိုး ဖြစ်နေတယ် မဟုတ်ဘူးလား.... ...က ဆိုရတာလည်း အမှန်ပဲ၊ တိုင်ထိပ်ကို သူရောက်နေတာ ...နှစ် မနည်းတော့ဘူး။

'....ဟောဒီကာဆရာ ခွင့်ပြုရင် လိုက်ပြနိုင်တဲ့ နန်းတော်ဟာ ...၂၇ ခုနှစ်က ဆောက်ခဲ့တာ.... ခြင်္သေ့ မုခ်တံခါးကို ...ဖြ ခုမှာ တည်ပြီး.... ရွှေမုခ်တံခါးကို ...၁၇၅၆ ခုနှစ် ...တည်ဆောက်ခဲ့တာပဲ'

အင်္ကျီ(စ)တယ်လီကာ မှူးရေးအား မျက်မှောင်ကြုံကြည့်ကာ ...ဝင်းရှမ်းပြသည်။ မှူးရေးက ပြောလိုက်ရသည်။

ဆရာကြီး ပြောပြတာခတ္တအတွက် ကျေးဇူးပါပဲ'

ထိုသူမှာ နောက်တွန့်သွားသည်။ စိတ်ပျက်သွားပုံရသည်။ ...မြဲတမ်း စိတ်ပျက်နေသည့် ပုံမျိုးရှိသူ ဖြစ်သည်။ ပဆာမ... ...ဘုရားကျောင်း စုစုဏ် နောက်ဝယ်၊ လူသူကင်းမဲ့နေသည့် ...ကွက်လပ်ရှိသည်။ မှူးရေးတို့က ကြမ်းတုံးပြားပြားပေါ်မှ ခပ်... ...သည်းဖြည်း လျှောက်သွားကြသည်။

တိတ်ဆိတ် ငြိမ်သက်လှသည်။ ဤနေရာဝယ်၊ နောင်ဘ... ...ရေ၊ နှာကြည့်ဦးဖွယ်ရာများဖြင့်၊ ပြည့်နှက်လျက်ရှိသည်။ ဘာဝ... ...ဆုံးရပြီးသော ကြေကွဲစရာ လောက၏ တစ်ခု၊ သားကောင် ...တစ်ကောင်သာဖြစ်၍၊ အားလုံးက ပေလျက်ကံပြုထားပုံရသည်။ ...ကွက်လပ် တစ်ဘက်ခြမ်းဝယ်၊ ပန်းရောင် အုတ်သားနှင့် ...အဆောက်အအုံ များကြားမှ ခြောက်သွေ့သော လမ်းကလေး

www.burmeseclassic.com



မျှားရှိသည်။ မေ့လျော့ထားပြီးသော အတိတ်က၊ ဇင်းနှင့် မြို့နယ်ဖြစ်သည်။

အိပ်မှက်ဆန့်၍၊ ဆိတ်ငြိမ်သော ဉာဉ်နေ့ရာ၊ အက်(စ)တယ်လီ အတွက် အလွန်သင့်မြတ်ပုံရသည်။ မိမိတို့ အဘယ်ကြောင့်၊ ဤနေရာသို့ လာခဲ့ကြသနည်း။ သူဘာလာလုပ်ပါသနည်းဟု၊ မူရေး ရုတ်တရက် တွေးလိုက်မိသည်။

ဒုတိယ ကွက်လပ်ဝယ်၊ ရောမ ကျောက်တိုင်ကြီးပါ၊ ဘုရားကျောင်းကို တွေ့ရသည်။

'ဒါက အတော်ကို ထူးတဲ့ကျောင်းပဲ'

အက်(စ)တယ်လီက ပြောလိုက်သည်။

'ဒါက ညာကာပိုယဘုရားကျောင်းလေ'

ယခင်က ဒေသသမိုင်းကို ရှင်းပြခဲ့သူ ရောက်လာပြန်သည်။

'ဒီလူက အတော်နားပါးတာပဲ'

မူရေးက ပြောလိုက်မိသည်။

'ညာကာပိုယကျောင်းကို ခုနက ဆရာ စိတ်ဝင်စားခဲ့တဲ့ရုပ်ထုပိုင်ရှင် ဘုရင်ပတင်ဒရာမောယ်က တည်ဆောက်ခဲ့တာပဲ'

ထိုသူက စိတ်အား ထက်သန်စွာ ဘေးမှ လိုက်ပါလာသည်။

'ပထမဦးဆုံး ဘဟာအီရက်နတ်ရုပ် တစ်ခုကို အုပြီး ဟုးထပ်ကျောင်း ဆောက်ခဲ့တယ်၊ နိုင်ငံတော်ကို ဘယ်လောက် ကာကွယ်လိုစိတ် ရှိတယ်ဆိုတာ ဆရာ အမြင်ပဲ၊ ဒါပေမယ့် ဘဟာအီရက်ဟာ အလွန်ဒုက္ခပေးတယ်၊ ထိတ်လန့်စရာတွေကို ဖြစ်စေတယ် ကံအားလျော်စွာ ကျွန်တော်တို့ရဲ့ ဘဟာအီရက်ဟာ စိတ်ယုတ်မာတွေ မရှိတော့...'



'ဘဟာအီရက်ဟာ တစ်ယောက်မက ရှိတယ်လို့ ခင်ဗျား ဆိုတာလား'

မူရေးက မေးလိုက်သည်။

'ဟုတ်ကဲ့... ဒေသခံ လူတိုင်းဟာ ဘဟာအီရက် ကိုယ်စီ ရှိပါတယ်၊ သူတို့ဟာ တန်ခိုးအာဏာတွေမဲ့လေ ဘဟာအီရက် တစ်ယောက်ဟာ အလွန်အာဏာရှိပါတယ် ဆရာ... အလွန် တန်ခိုးရှိတဲ့ နတ်ဘစ်ပါးပဲ... သူတို့ဟာ တန်ခိုးအာဏာ ရှိတယ် အလွန်လည်း အန္တရာယ် ရှိနိုင်တယ်၊ လူတစ်ယောက် ကို ဂရုစိုက်သင့်တယ်'

'သူ့ကို အခုနေနှင့်ထုတ်လိုက်စမ်းပါရှင်'

အက်(စ)တယ်လီက ပြောပါသည်။

မူရေးက ထိုသူအား ပိုက်ဆံ အချို့ ပေးလိုက်သည်။

'ကျေးဇူးပဲ... ကျွန်တော်တို့ သွားတော့မယ်'

'ကျေးဇူးပါပဲ ဆရာ'

ထိုသူက ထွက်သွားတော့သည်။

'ကျွန်မတို့ ပြန်ကြမယ်'

'ဘာဖြစ်လို့လဲ'

'မိုးရွာတော့မယ်'

အလင်းရောင်က သိပ်မရှိတော့။ ကောင်းကင်ယံဝယ် တိမ်ထူလာသည်။ နောက်ရုတ်ခြည်း မှိုင်းမှုန်လာသည်။ သို့သော် စိတ်ပြောင်းလို့ သွားခြင်းမှာ ဤအချက်ကြောင့် မဟုတ်ကြောင်း မူရေးသိပါသည်။

'ပြန်ကြရအောင်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'မြန်လေ'

ကွက်လပ်ကို ဖြတ်၍ တိတ်ဆိတ်သော လမ်းကလေး တစ်ခုသို့ ချိုးဝင်သည်။ မိုးစက်ကလေးများ ကျလာပြီး လေပါ တိုက်ခတ်လာသည်။ လမ်းမှာ လူသူဟူ၍ မရှိ။ မြေလှမ်းကို သွက်နေစဉ်မှာ၊ အိမ်နှစ်လုံးနှင့် ကျောင်းပျက် တစ်ချပ်ကြားမှ ခွေးကျောက်ချပ် ဘာစ်စုံကို တွေ့လိုက်သည်။

'ခဏနေဦးကွာ'

မူရေးက အရုပ်များရှိရာသို့ လျှောက်သွားသည်။ ပြိုကျ ပျက်စီးနေသည့်အုတ်ခဲများ၊ ထုဘ်တန်းများ၊ ကျောက်ရုပ် ကလေးများနှင့် ပန်းပုလက်ရာများသာ ရှိနေသည်။ သူက ကုန်း၍ ဟိန္ဒူနတ်ဘုရားများပုံ သစ်ထွင်းကား တစ်ချပ်ကို အပျက် ကြားမှ ဆွဲယူလိုက်သည်။ လက်ရာ မြောက်လှသည့် သစ်ထွင်း ကားချပ်မှာ ညစ်ပေနေသည်။

'မကိုင်နဲ့'

မူရေး ဘေးသို့ အက်(စ်)တယ်လာ ရောက်လာသည်။ သူမ တစ်ကိုယ်လုံး တောင့်တင်းနေသည်။

'ဘာဖြစ်လို့လဲ၊ ဒီဟာကိုကြည့်....'

'ကျေးဇူးပြုပြီး မကိုင်စမ်းပါနဲ့ရှင်၊ ဒါဟာ ကံမကောင်းမှု ပဲ၊ ကျွန်မတော့ ကြောက်လာပြီ'

'ဘာဟာအ ရက်ဘာ....'

'မပြောနဲ့၊ ဒါကို မပြောနဲ့'

သူက သူမအား အံ့သြစွာကြည့်လိုက်သည်။ ထို့နောက် လှမ်းဖက်ဟန် ပြုသည့်အခါ သူမက နောက်သို့ ဆုတ်သွားသည်။



'ဆောရီးပဲကွာ'

မူရေးက အရုပ်ကို ပစ်ချလိုက်သည်။

'ကဲ....သွားကြစို့'

လမ်းပေါ်သို့ ရောက်လာချိန်ဝယ် သူမမှာ တုန်ယင်နေသည်။ မိုးစက်က ကြီးပါသော်လည်း ခပ်ကျဲကျဲသာ ရှိသေးသည်။ သူမက မူရေးထံသို့ တိုးဝင်သည်။ မူရေးက သူမကိုဖက်ရင်း ပြေးသည်။ သူမအား ဘုရားကျောင်းတစ်ခု၏ အမိုးအောက်ဝယ် ထားကာ မူရေးက ကားထွက်ငှားသည်။ ဆယ်မိနစ်မျှကြာမှ ဂျစ်ကားတစ်စီးကို ရသည်။

အပြန်လမ်းဝယ် မူရေးက သူမအား ဖက်ထားရှာသည်။ ဟိုတယ်အရောက်ဝယ် ကောင်တာတွင်ကော ပတ်ဝန်းကျင်တွင်ပါ မည်သူ့ကိုမှ မတွေ့ရ။ သူတို့က သူမအခန်းရှိရာသို့ တက်လာသည်။

အခန်းထဲဝယ် အလင်းရောင်က သိပ်မရှိ။ သူမက စီးကရက် မီးညှိ၍ မီးခလုတ်ကို ဖွင့်ကာ မှန်တင်ခုံရှေ့ဝယ် ထိုင်ပြီး ဆံပင်ကို ပြန်ပြည်နေသည်။ သူမက ငြိမ်၍ ဆံပင်ကို ဖီးရင်း စီးကရက်ခဲကာ ရှိသည်။ သူမအား ကြည့်ရသည်မှာ ပစ္စုပ္ပန်တွင် ရောက်လိုက်၊ အဝေးသို့ စိတ်ကရောက်လိုက် ဖြစ်နေပုံရသည်။

လေယာဉ်ကိစ္စကို သိလိုစိတ်က စိတ်မရှည်စွာ ခံစားလိုက်မိသည်။ ဂျင်နှစ်ခွက်ကိုစပ်၍ တစ်ခွက်ကို သူမအား သွားပေးသည်။ သူက ပြူတင်းပေါက်ဘေးတွင်ရပ်ကာ အပြင်သို့ကြည့်သည်။ မှိန်ပျသော အလင်းရောင်အောက်ရှိ မိုးစက်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မြူမှုန်များသဖွယ် ဖြစ်နေသည်။ မိုးမျှကြားမှ အဝေးသို့ကြည့်ရာ၏ ခေါင်မိုးပေါ်ရှိ ဤအခန်းမှ အလင်းရောင်ဖြင့် ရင်းတို့မှာ သီးခြားကမ္ဘာတစ်ခုသို့ ရောက်နေသည့်နှယ် ရှိသည်။

သူမက စီးကရက်ကို မီးသတ်၍ သူ့ထံသို့ လျှောက်လာသည်။ သူမနှင့် ရှိနေချိန်ဝယ် အရာရာသည် ပြောင်းလဲကုန်သည်ဟု မှုရေးထင်မိသည်။ သူမ၏ ခါးကလေးကို ဖက်လိုက်သည်။

'ယက်(၈)ထယ်ပါ၊ မင်းဟာ ချစ်စရာကောင်းလှတယ်'

သူမက နှုတ်ခမ်းလေးတွင့်လေး ကွေးရှုံ့မျှ ခပ်သဲ့သဲ့ ပြုံးပြလာသည်။ သူမက မှုရေးအား ဖက်ကာနမ်းလိုက်သည်။ ထို့နောက် ရုတ်သရက် ရှောင်ထွက်သည်။ သူက လှမ်းဖက်ထားလိုက်သည်။

BURMESE CLASSIC

'မြို့ထဲကို ကိုယ်သွားစရာရှိသေးတယ်'

'ခုလား'

'အင်း'

'ဒီကိုပဲ ပြန်လာနော်'

'ဘယ်လောက်ကြာမယ်ဆိုတာ ကိုယ်မသိဘူး'

'ဒီကိုသာ တန်းပြန်လာနော်'

သူမက မျက်နှာလွှဲထားလိုက်သည်။

'ကိစ္စပြီးပြီးခြင်း ပြန်လာပါမယ်ကွာ'

မှုရေးက သူမ၏ပါးကို မိုးကာ [illegible]သွားသည်။ သူက ကုတ်အင်္ကျီကောက်ယူကို ဆွဲဆောင်၍ သူ၏အခန်းသို့ဝင်သည်။



ယက်(၈)မင်ကို သူမတွေ့ရသေး။ ယခုမှမိုးချုပ်စပြုသော်လည်း ခါလီကို တွေ့ရန် သူကြာရှည်စွာ စောင့်မနေနိုင်တော့။

သူက မိုးကာယူကာ အောက်သို့ ဆင်းခဲ့သည်။ ကောင်တာမှနေ၍ အငှားကားကို ခေါ်ခိုင်းသည်။ စောင့်ရသည့် အချိန်က ရှည်ကြာလှသည်။ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ကားစောင့်နေစဉ်မှာပင် ကားတစ်စီးရောက်လာသည်။ ကားပေါ်မှ ဂျော်ဖရီဆင်း၍ ပြေးတက်လာသည်။မိမိအား ဂျော်ဖရီတွေ့သည့်မှာ သေချာသော်လည်း ဂျော်ဖရီက နှုတ်ဆက်ဘဲ အပေါ်သို့ တက်သွားသည်။

ဂျစ်ကားတစ်စီး ရောက်လာသည်။ မြို့ထဲသို့ မောင်းရန် သူက ပြောလိုက်သည်။ ဂျစ်ဒါါအာဒက် လမ်းတွင်ဆင်း၍ ခါလီ၏ ဆိုင်သို့ ဖြတ်လမ်းမှ သွားသည်။ မိုးက ပါးလာသော်လည်း လူသွားလူလာများ၍ လမ်းကြားလေးများ ကြားဝယ်၌ ထူလှသည်။ အလင်းရောင်ကလည်း ကောင်းစွာမရှိ။

× ×

ဇာတ်လမ်းစဉ် (၇)

ခါလီ၏ခြံရှေ့ဝယ် လှည်းတစ်စီးက ပိတ်နေသည်။ မှုရေးက ခေါ်းမှ ဘိုးဖြတ်ကျော်ကာ၊ လှေခါးအတိုင်း တက်ခဲ့သည်။ ခါလီက တံခါးလာဖွင့်ပေးသည်။

www.burmeseclassic.com



'ဘာဖြစ်ရတာလဲဗျ'

'မသိဘူးဗျာ .... ကိုယ့်ကိုယ်ကိုလည်း တစ်နေ့လုံးမေးနေတာပဲ ကျွန်တော်မသိဘူး မစ္စတာမှုရေး'

'ခင်ဗျား လှမ်းမေးသေးလား'

'မေးဖို့စိတ်မကူးဘူး....အန္တရာယ်ကြီးတယ်'

'ဆိုးလိုက်တာကွာ'

မှုခရေး အခန်းတစ်ဘက်သို့ လျှောက်သွားပြီး ပြန်လှည့်လာသည်။

BURMESE CLASSIC

'ဒါမျိုး အယင်က ဖြစ်ဖူးသလား'

'တစ်ခါမှမဖြစ်ဖူးဘူး....ဒါကြောင့်မို့ ခုဘယ်လိုလုပ်ရမှန်း ကျွန်တော်မသိပဲဖြစ်နေတာ'

'ဒီသောက်လေယာဉ်ဟာ မနက်ဖန်တော့ လာနိုင်တယ် အဲ့ရင်အချိန်ပဲ ကျွန်တော်သွားမယ်....ကားသမားကိုပြော'

'မစ္စတာမှုရေး....တစ်ခုခုမှားနေပြီလို့ ထင်မိတယ်'

မှုရေးကချာကနဲ လှည့်ကြည့်လိုက်သည်။

'ခင်ဗျား ကြောင်နေသလား....တစ်ခုခု မှားတယ်ဆိုတာ ဘာလဲ'

'ဘာလဲတော့ ကျွန်တော် မသိပါဘူး .... ဒါပေမယ် ခုဟာက ပုံမှန်မဟုတ်ဘူး'

'အခိုပ္ပါယ်မရှိပဲ ခင်ဗျား ကြောက်ချေး ပါနေတာပါ မနက်ဖန်မနက် ကျွန်တော် လာခေါ်ဖို့ ကားသမားကို ပြောလိုက်ပါ ခါလီ'

'မစ္စတာမှုရေး .... လေယာဉ်လာလို့ရှိယင် ဘာဖြစ်တယ်ဆိုတာသိရအောင် ကျွန်တော် လုပ်ပါ့မယ်....ကျွန်တော်ကိုယ်တိုင်ရင်လဲ သွားမယ်...ဒါမှမဟုတ် အမှားကိုပဲလွှတ်ချင်လွှတ် ခင်ဗျားကတော့ မသွားပါနဲ့'



မှုရေးက စီးကရက်ဖွာနေသည်။ ခါလီအား စိတ်မသက်သာစွာ အတန်ကြာမျှ စိုက်ကြည့်သည်။

'လေယာဉ်လာလို့ရှိရင် ကျွန်တော်ဟိုမှာ ရှိနေမှဖြစ်မှာ မဟုတ်လား ဘာဖြစ်တယ်ဆိုတာ ခင်ဗျားက အဖြေရှာပြီး ကျွန်တော်ပြန်လာချိန်မှာ ပစ္စည်းတွေနဲ့ လေယာဉ်ကွင်းထဲမှာ ရှိနေတာမလိုချင်ဘူးဗျ'

'ခင်ဗျားကိုချက်ခြင်း အကြောင်း ကြားမှာပါ....နောက်မကျစေရပါဘူး'

'ဘာမှမသိဘဲ နေရတာထက် လေယာဉ်ရောက် မရောက်ကို ကျွန်တော်မျက်မြင် တွေ့ချင်တယ်ဗျာ'

'မစ္စတာမှုရေး... မသွားဖို့ကို ကျွန်တော်ပြောချင်တယ်ဗျာ မေတ္တာရပ်ခံပါတယ်'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားကို စောင့်ကြည့်နေကြတယ် .... ကျွန်တော် ဒါမှမဟုတ် အမှားသွားတာက ပိုလွယ်လိမ့်မယ်'

'ဟုတ်လား'

သူက ခါလီအား မီးခိုးကြားမှကြည့်သည်။

'ကျွန်တော့်ကို ဘယ်သူတွေက စောင့်ကြည့်နေကြတာလဲ'

'ဒါတော့မသိသေးဘူး ... ဥပမာ ဒီနေ့ ခင်ဗျားတို့ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်သွားဆွဲတာကို နောက်ယောင်ခံလိုက်ကြတယ် ခုဗီကိုလဲ နောက်ကပါလာတဲ့လူ ရှိကောင်းရှိမယ်'

အပြင်ဘက် လမ်းမပေါ်ဝယ် မိုးရွာနေသံက ပြင်းထန်လှသည်။ အခန်းထဲမှ သစ်သားနံ့ကို ရှူရှိုက်ပြင်းစေသည်။

'ဘို(ခ)ဆိုတဲ့လူကို သိသလား...အိန္ဒိယလူမျိုးပဲ နံမည် ဘို(ခ)တဲ့'

'ဘို (ခ) တဲ့လား...ကျွန်တော် မသိဘူး သူက အစိုးရ ဖက်ကလား'

'ဖြစ်နိုင်တယ်'

ခါလီက အခြားအခန်း တစ်ခုထဲသို့ဝင်သွားပြီး၊ စာရွက် တစ်ရွက်ယူ၍ ပြန်လာသည်။

'အစိုးရလူတွေ စာရင်းထဲမှာ သူ့နာမည်မပါဘူးဗျ'

'စာရင်းပေမှာ မပါတဲ့လူတွေက အများကြီးရှိမှာပေါ့ ဗျာ'

ခါလီက ဘို (ခ) အကြောင်း မေးလိုဟန်ဖြင့် ကြည့်လိုက် သော်လည်း မမေးချေ။ မူရေးမှာ [illegible]နေပြန်သည်။ နောက် မိုးကာအင်္ကျီကိုယူသည်။ အစီအစဉ်ကို သူမကြိုက် သော်လည်း၊ ဘာများတတ်နိုင်အံ့နည်း။

'ခါလီ...ခင်ဗျား ပြောတဲ့အတိုင်းသာ လုပ်လိုက်ပါ ဒါပေမယ် လေယာဉ် ရောက်ရောက်ခြင်းတော့ ကျွန်တော် သိချင်တယ်'



'အဲဒါခင်ဗျားအတွက် အကောင်းဆုံး ဖြစ်မှာမဟုတ်လား ခါလီ ဟုတ်ပြီနော်'

'ကတိပေးပါတယ်ဗျာ'

'အမားကိုပဲသုံးပါ...ကျွန်တော် ကိုလာကြိုရမယ်. နေရာကို တော့ ပြောင်းလိုက်ပါ...ရုပ်ရှင်နားမှာ မဖြစ်စေတော့နဲ့'

'ဟုတ်ကဲ့...စိတ်လန်းသွားအောင် ဝိုင်ကလေး ဘာလေး သောက်ပါဦးလား'

မူရေးက တံခါးဆီသို့ လျှောက်သွားပြီးမှ ရပ်လိုက်သည်။ ခါလီ၏ဖိတ်ခေါ်ချက်ကို လက်ခံရန်လိုအပ်သည်။ ပြန်လှည့် လာပြီး ကုလားထိုင်ပေါ်သို့ မိုးကာကိုတင်သည်။

'ကျေးဇူးပဲဗျာ၊ လုပ်ကြတာပေါ့'

ခါလီက ထွက်သွားပြီး လင်ပန်းပေါ်ဝယ် ပုလင်း တစ်လုံးနှင့် ဖန်ခွက်များကို တင်ကာ ပြန်လာသည်။ ဝိုင်ကို သူက ငှဲ့ထည့်ပြီး မူရေး၏ ဖန်ခွက်ကို လှမ်းပေးသည်။

'ကျေးဇူးပဲ၊ ခင်ဗျားရဲ့ ကျန်းမာရေးအတွက်'

'ခင်ဗျား အတွက်လဲ ထို့အတူပါပဲ မစ္စတာမူရေး'

ဝိုင်ကို သောက်လိုက်ကြသည်။ ဝိုင်မှာ ပြစ်လှ၍၊ ခါလီက နှုတ်ခမ်းကို လျှာနှင့်ပင် ယက်လိုက်သေးသည်။ မူရေးက ခါလီ အား ကြည့်ယင်း ဤလူကိုတော့ သဘောကျမိကြောင်းတွေး မိသည်။

'ဘဟာ အရက်နတ်ကို ခင်ဗျား ယုံသလား ခါလီ'

www.burmeseclassic.com

www.burmeseclassic.com



ခါလီက မှူရေးအား ကွက်ခနဲ ကြည့်ကာ၊ မျက်လုံးချင်း လွှဲလိုက်သည်။

'အင်း.... လူတွေ အတော်များများကတော့ ယုံကြတာပဲ'

'သူတို့ဟာ အန္တရာယ်ရှိသလားဗျ'

'ဘဟာအီ ကိုတိုင်းဟာ အန္တရာယ် ရှိနိုင်ပါတယ်— ဒါ အမှန်ပဲ'

ခါလီက ကြမ်းပြင်ဆီသို့ စိတ်မသက်သာစွာ ကြည့်နေပြန်သည်။

'သူတို့က ခင်ဗျားကို အသက်ဆုံးရှုံးနိုင်စေသလား'

'သူတို့ဟာ တန်ခိုးထက်တဲ့ နတ်တွေပဲ၊ ခင်ဗျား သတိတော့ ထားပါ သူတို့ကို စိတ်ဆိုးအောင် မလုပ်မိဖို့ သတိထားပါဗျာ'

'သူတို့ ဒေါသ မထွက်အောင် ဘယ်လို လုပ်မလဲ'

'တစ်ခါတလေတော့ မလွယ်ဘူး၊ ဘယ်လို လုပ်ရမှန်းကို မသိဘူး'

ခါလီက ဖန်ခွက်ကို ကောက်မော့ လိုက်ပြန်သည်။

'ခုခေတ်မှာတော့ အသစ်အသစ်တွေ အများကြီး ပေါ်ပေါက်လာပြီပဲဗျာ၊ သိပ္ပံပညာဆိုတာ ရှိနေပြီ၊ တချို့ လူတွေကတော့ ဘဟာအီရက်ကို မယုံကြည်ကြပါဘူး'

'ခင်ဗျားကတော့ ယုံတယ် မဟုတ်လား'

'မမြင်နိုင်တဲ့ အားတွေဆိုတာရှိတယ်၊ ဒါကိုတော့ ခင်ဗျား ယုံတယ် မဟုတ်လား မစ္စတာမှူရေး'

'ခင်ဗျားကို ယုံကြည်တဲ့ လူတစ်ယောက်အဖြစ် ကျွန်တော် ပြောသလို ဖြစ်နေသလားပဲ'



'အင်း.... ပွင့်ပွင့်လင်းလင်း ပြောယင်တော့၊ မှန်ပါတယ်၊ ကို ဘယ်လိုမှ သဘော မထားဘူး မဟုတ်လား'

မှူရေးအား ခါလီအား ကြည့်ကာ ဟက်ကနဲ ရယ်လိုက်သည်။

'ဘယ်လိုမှ သဘော မထားပါဘူးဗျာ'

'ဒီကို လာနေတဲ့ လူတစ်ယောက် ရှိတယ်.... သူက ရှာပါ မျိုးပဲ၊ ခမ်ဘူးတောင်တန်းတွေက နေလာတဲ့ ဒီလူဟာ ကောင်းတစ်ယောက်ပဲ၊ နေ့ဝ်ပါလို့ ခေါ်တဲ့ တခြား ဆိုးတွေလည်း ရှိသေးတယ်လို့ သူက ပြောတယ်'

'...ဆမ်ဆိုတဲ့ မိန်းမ တစ္ဆေတွေ ရှိသေးတယ်လို့လဲ ဆိုပြန် ယ်.... ဒါတွေကို ယုံကြည့်ဖို့ မဟုတ်ပေမယ့် တောင်တန်း သရောက်ယင် ခင်ဗျား ယုံလာပါလိမ့်မယ်'

'အင်း....'

မှူရေးက ဖန်ခွက်ကို ချ၍ ထရပ်လိုက်သည်။

'ကျေးဇူးပဲ ခါလီ'

'ခဏစောင့်ပါဦးလား မစ္စတာမှူရေး— ဟိုတယ်ကို လိုက် ကျွန်တော် စီစဉ်ပေးမယ်.... မိုးက ရွာနေတုံးပဲ'

ဆိုင်ခုံများ စုတ်ပြတ်နေသည့် ဆော်စတင် ကားတစ်စီးပင် သည်။ ခါလီက ကားသမားအား မည်သည့် နေရာ ပို့ရ ကို ပြောပြလိုက်သည်။ ကားသမားမှာ သူတစ်ခါမျှ မမြင် ခဲ့သည့် အပြုံးအရယ်များသော လူကောင်းသေးသေးဖြစ် သည်။

လေက မတိုက်တော့။ မိုးကသာလျှင် ပြင်းထန်စွာ တည့်

www.burmeseclassic.com



တည့်မတ်မတ် ရှာသွန်းလျက် ရှိသည်။ ကားမှီး မကောင်း ခပ်ဖြည်းဖြည်းသာ မောင်းနေရသည်။ ကားသမားက လ မှားသွား၍၊ နောက်ကြောင်းပြန်လှည့်ကာ ဟိုတယ် စင်ပေ ကို ရှာရပြန်သည်။

'အထဲကို မဝင်တော့နဲ့... ဒီမှာပဲ ရပ်လိုက်'

မူရေးက ခေါင်းညိတ်ပြသည်။ ကားသမားက ပြုံးပြသည် မူရေးက ကားပေါ်မှ ဆင်း၍ ခပ်သုတ်သုတ် လျှောက်သွ တော့သည်။

ဆင်ဝင်အောက် ရောက်သည့်အခါ၊ မိုးကားကို ချ တက်ခဲ့သည်။ ဧည့်ခန်း ...င်ရောလမ်းမှ အားရပါးရ ရယ်မော သံကို ကြားလိုက်ရသည်။ တစ်ယောက်ယောက် အတွက် က နူးစရာ ခချိန်ဖြစ်နေပေလိမ့်မည်။ ဟိုတယ်ထဲဝယ် ဝန်ထ များမှ လွဲ၍ လူရှင်းနေသည်။ နောက်ဆုံး စားပွဲမှ ထ လိုက်သော ဂျော်ဖရီနှင့် ကော်နီအား တွေ့လိုက်ရသည်။

မူရေးက အရက်ခန်းသို့ လျှောက်သွားသည်။ အက်( တယ်လီမှာ ကောင်တာမှ ခုံးခြေရှည် တစ်လုံးပေါ်တွ ရှိသည်။ သူမ၏ ပတ်လည်ဝယ် သားသားနားနား ဝတ်ဆ ထားသည့် နိုင်ငံခြားလူမျိုး ...ဦး နှင့် ပွဲကျနေသည်။

သူမက လက်မပါသည့် နီနှစ်ရောင်ကိုယ်ကျပ် အင်္ကျီ ဝတ်ထားသည်။ ရင်ဘတ်က ဟိုက်လသည်။ မန်းပွားစေ့ ရင်ပတ်နှင့် လက်မောင်းတို့ဝယ် တွဲရှုကျနေသည်။ စကား ရှည်လှသော်လည်း ဒူးအထက် လွန်တင်ဘော ထိုင်သည်။



ကြယ်ပုံ ကလစ်တစ်ခုကို ဆံပင်တွင် ထိုးထားသည်၊ နားကွင်း ကြီးကြီးများကိုလည်း ပန်ထားသေးသည်။

အရက်ကို အတော်များများ သောက်ထားသော်လည်း၊ မူးပုံတော့ မရ။ မိမိ ဘာလုပ်နေသည်ကို သူမသိသည်။ အမျိုး သားများ အတွက်ကလည်း ပျော်ရွှင်ကြည်နူးစရာ ဖြစ်နေ သည်။ အမျိုးသားများမှာ၊ မိတ်ဆွေရင်းချာများ ပမာရှိ သည်။ ခါတ်စက်ဟောင်း တစ်လုံးက ဘားကောင်တာ အစွန်းဝယ် ပြန့်ကြဲနေသည့် ဓာတ်ပြားများနှင့် အတူ ရှိနေ သည်။

မူရေးက ကောင်တာ တစ်ဘက်စွန်းသို့သွားကာ စီးကရက်ကို မီးညှိသည်။ ပထမတော့ သူမက မမြင်သေး။ သူတို့က စကား ကို အားပါးတရ ပြောနေကြသည်။ အမျိုးသားများက စကားကို ကျယ်ကျယ်လောင်လောင် ပြောသည်။ သူမ ပြော လိုက်ချိန်မျိုးဝယ် ရယ်မောကတ်ကြသည်။

ကော်နီနှင့် ဂျော်ဖရီတို့ တံခါးဝသို့ ရောက်လာသည်ကို မူရေး တွေ့လိုက်သည်။ ကော်နီက ရွှင်ပျစွာ ပြုံးသော်လည်း၊ ဂျော်ဖရီဟမူ စိတ်မသက်သာစွာ ပြုံးပုံမျိုး ဖြစ်သည်။ သူက အက်(စ)တယ်လီအား မုန်းတီးစွာ ကြည့်နေသည်။

၎င်းတို့မှာ အရက်သောက်ရန် လာကြပုံမရှိ။ သက်သက် လာကြည့်သည့်နှယ် ဖြစ်သည်။ ဂျော်ဖရီက ကော်နီအား ခေါ်၍ လှည့်ထွက်သွားသည်။

'ဟယ်လို....'

ကော်နီက မူရေးအား အော်နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com



'ရှင်ဘာတွေ သောက်နေသလဲ ကိုလူစိမ်း.... ဗီကိုလာစမ်းပါဦးရှင်'

သူမက လက်ကိုဆန့်၍ ခေါ်သည်။

\+ × +

## ဇာတ်လမ်းစဉ် (၈)

မူရေးမှာ နောက်တစ်နေ့ မနက်တွင် နီပေါ်ရာစထရာဘတ်၌ ဂျော်ဖရီနှင့် တွေ့ပါသည်။ ဂျော်ဖရီက အဖြူရောင် အင်္ကျီလက်တို အစက်အပြောက်ကလေးများ ပါသော ဘိုးတိုင်းမီးခိုးရင့်ရောင် ဘောင်းဘီရှည်နှင့် နုပျိုလျက် ရှိသည်။ အသားအရေဝင်းနေသည့် မျက်နှာက ပြောင်လက်နေသည်။ စီးကရက်တစ်လိပ်ကို စွပ်တံနှင့် သောက်လျက်ရှိသည်။

'ဂွတ်မောနင်း'

'မောနင်း မစ္စတာမူရေး'

ဂျော်ဖရီက ပြုံးသည်။ မူရေးအား ကွက်ခနဲကြည့်သည်။

'အလုပ်အကိုင် ဘယ်လိုလဲဗျ'



အလုပ်အကိုင်ဆိုသည့် စကားလုံးကို ဂျော်ဖရီ သံသယရှိဟန်လေသံဖြင့် ပြောသည်။

'မဆိုးလှပါဘူးဗျာ၊ ခင်ဗျားကော'

'အဆင်ပြေပါတယ်။ ကျွန်တော်တို့က အလုပ်ချင်းမှ မတူကြတာ'

မူရေးအား သူကဟန်ဆောင်အပြုံးဖြင့်ပြုံးပြသည်။ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၍ ကိုယ်ကိုကုန်းကာ ကြမ်းပြင်ပေါ်သို့ စိုက်ကြည့်သည်။ သော့များကို တချင်ချင်လှုပ်ရင်း လေသံတိုးတိုးဖြင့် ပြောလာသည်။

'ဒီမှာ မူရေး၊ ခင်ဗျား ဒီက အလုပ်ဟာ ကျွန်တော့်အတွက် တရားဝင် အာရုံစိုက်စရာတော့ မဟုတ်ပေဘူးဆိုတာ ခင်ဗျာ၊ သဘောပေါက်ပါတယ်၊ ကျွန်တော်က တရားဝင် တာဝန်ရှိ ပုဂ္ဂိုလ်မျိုး လေသံနဲ့ မပြောပါဘူး၊ ဒါပေမယ့် ဒီကလူတွေဟာ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ရှိနေကြတယ်....

'....အကြောင်းဆိုတဲ့ ပုဂ္ဂိုလ်တွေကို ကြောက်ကြတယ်၊ အသားလွတ် ခံကြရမယ့် အဖြစ်ကို မလိုလားကြဘူး၊ ကျွန်တော် ဆိုလိုတာကို သိတယ်မဟုတ်လား'

ဂျော်ဖရီက ကိုယ့်ကိုယ်ကို ယုံကြည်စွာဖြင့် ပြုံးလိုက်သည်။

'မသိဘူးဗျ'

'ပြောရသေးတာပေါ့လေ၊ နောက်ကျောက ဓားနဲ့ထိုးခံရမယ့် အဖြစ်ကို ဒီက ပုဂ္ဂိုလ်တွေ မလိုကြဘူး၊ သူတို့မှာ နိုင်ငံခြားငွေ သိပ်မရှိတော့ဘူး၊ နောက်ပြီး မြောက်ပိုင်းက ပုဂ္ဂိုလ်တွေရဲ့ အန္တရာယ်ကလဲ ရှိနေသေးတယ်'

www.burmeseclassic.com



ဂျော်ဖရီက မှုခင်းရေးအား မလိုလားသလို ကြည့်လိုက်ပြီး—

'အထုပ်အပိုးပြင်ပြီး ဘာဖြစ်လို့မပြန်သေးတာလဲ ကိုယ့်လူ'

'ဘယ်လို...'

'ဒီမှာ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ ကျွန်တော်သိစရာ ရှိပါတယ် ကိုယ့်လူရာ'

ဖြစ်နိုင်သည်ဟု မှုခင်းရေး တွေးလိုက်သည်။ ဂျော်ဖရီ၏ မိတ်ဆွေ ဗီယီမိုမှ ဟောင်ကောင် နောက်ခံရှိသည်။ မိမိ၏ မှတ်တမ်းများကို ကြေးနန်းရိုက် မေးကြည့်၍ ရနိုင်ပေသည်။

'ခင်ဗျား ဘာတွေပြောနေတာလဲဗျ'

ဂျော်ဖရီက အပြုံးကို ဖန်တီးယူသည်။

'ဘယ်လိုလဲဗျ'

'အင်း....'

ဂျော်ဖရီက ကိုယ်ကိုမတ်မတ် ပြန်ရပ်လိုက်သည်။

'ခင်ဗျား သိပါတယ်လေ၊ ခင်ဗျားဟာ ဇာဒါ ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ အပေါင်းအသင်းဖြစ်ခဲ့တာ၊ ဒါမှမဟုတ် ဖြစ်နေသေးတာကို ကျွန်တော် သိပါတယ်'

'ဂျီးဇာဒါကို ကျွန်တော် သိပါတယ်'

'သူဟာ အင်ကာရာမှာ ရွှေနဲ့ဘိန်းဖြူကို မှောင်ခိုသွင်းလို့ အဖမ်းခံခဲ့ရတယ်။ သူ့ကို အိန္ဒိယ ပြင်သစ်နဲ့ ဟောင်ကောင် အစိုးရတွေက အလိုရှိနေတယ်၊ တခြား ဘယ်နိုင်ငံတွေက အလိုရှိနေသေးတယ်ဆိုတာ မသိဘူး'

'အတော်တော်တဲ့လူပဲ၊ အဲဒါ ဘာဖြစ်သလဲ'

ဂျော်ဖရီက စွပ်တံမှ စီးကရက်တိုကို ဆွဲဖြုတ်လိုက်သည်။



'ကျွန်တော် ရထားတဲ့ သတင်းကတော့ ခင်ဗျားလဲ ဒီလုပ်ငန်းမျိုး လုပ်တယ် ဆိုတာပဲ'

'ခင်ဗျား မိတ်ဆွေ ရဲကြီးဖရီလီမိုးက ပို့စကဒ်လေးတစ်ခု [illegible]ပို့လိုက်လို့လား'

ဂျော်ဖရီ၏ မျက်နှာက ရဲသွားသော်လည်း အပြုံးကတော့ မပျက်ချေ။

'ရယ်စရာပြောနေစရာ အချိန်မဟုတ်ပါဘူးလေ၊ အစိုးရ ဝန်ထမ်းတစ်ယောက်အနေနဲ့ ကိုယ့်အကောင်းဆုံး စွမ်းနိုင်သမျှကို ကိုယ်လုပ်တာပဲ'

'တရားဝင် မဟုတ်တဲ့ ပြောရရင်တော့ အခြေအနေက မဆိုးသေးပါဘူး'

'ခင်ဗျားကို ကျွန်တော် သတိပေးတယ်နော် ဒါပဲ'

ဂျော်ဖရီက လှည့်ထွက်သွားသည်။ မှုခင်းရေးလည်း ထွက်သွားခဲ့သည်။ ဖုံထူ၍ နေသာသော မနက်ခင်းပင်ဖြစ်သည်။ ဂျော်ဖရီ၏စကားများကို တွေးရင်း ဟိုတယ်သို့ ပြန်လာခဲ့သည်။ ဂျော်ဖရီနှင့် ဗီယီမိုးတို့ တစ်ဖွဲ့တည်းဖြစ်ပါမူ မိမိအကြောင်းကို အမေရိကန် သံရုံးသို့လည်း သတင်းပို့ထားနိုင်သည်။

ဟိုတယ် ဝင်ပေါက်အနီး ကျောက်တုံးတစ်တုံးပေါ်တွင် [illegible]ျုံးသည့်တစ်ဦးက တောင်းတစ်လုံးနှင့် ထိုင်နေသည်။ မှုခင်းရေးအား မြင်သည်နှင့် ထရပ်၍ တောင်းကို ကိုင်ထားသည်။ ဒိုတီအပေါ်မှ ကုတ်အင်္ကျီအဟောင်းကို ဝတ်ထားသည့် [illegible]လ ပိန်ပိန်က မှုခင်းရေးထံ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မူရေးက ဖြတ်လျှောက်သွားသည်။ ဈေးသည်က ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် အိုးလေးတစ်လုံးကို တောင် ယုတ်သည်။ မူရေးက ခေါင်းခါပြသည်။ ထိုသူကိုသ ကျမိ၍၊ တစ်ခုခုကိုတော့ သူကဝယ်လိုသည်။ ဈေးသ စကားမပြော၊ နွားရုပ်ကလေးတစ်ရုပ်ကို စက္ကူအပေါ် ပြသည်။

မူရေးကယူကြည့်သည်။လေးလံလှသည်။လက်ရာက အ မြောက်သည်။

'ဘယ်လောက်လဲ'

'လေးဆယ်ပါ'

မူရေးက အရုပ်ကိုလှည့်ပတ်ကြည့်သည်။

'သုံးဆယ့်ငါး ရူပီးပဲပေး'

မူရေးက အရုပ်ကို ကြည့်ပြန်သည်။ ဤလူကိုသူသိပ်သ ကျလှသည်၊ လူက အထင်သေးစရာပုံမျိုး မဟုတ်။ မူရေ ငွေလေးဆယ်ပေးလိုက်သည်။ ဈေးသည်ကပြုံး၍၊ သဘော စွာ ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။ မူရေးက ဟိုတယ် သို့ ဆက်လျှောက်သည်။

'အို....အဲဒါလေးက ဘာလေးလဲရှင့်'

လှေခါးထိပ်ဝယ် မစ္စက်ပါပါဂိုတစ် ရောက်လာသည်။

'အို...သိပ်လှတာပဲ'

သူမက အရုပ်ကိုကြည့်ပြီး၊ ပြန်ပေးလိုက်သည်။ သူမ စကားပြောလိုပုံရှိသည်။ မူရေး၏ လက်မောင်းကို အသာ



ိုက်သည်၊ ယမန်နေ့ ညမှာ ဘားခန်းရှိ အက်(ခ)တယ်လီ၏ ဘင်းကို ကော်နီထံမှကြားရပြီး ဖြစ်သည်။

'သူတို့က ရှင်ရောက်မလာခင်က နေကြတာရှင့် ခေတ်စက် တောင်းကြီးကို အပေါ်ကယူချလာပြီး ခေတ်ပြားဖွင့်ကကြ ာ သူတို့ကြောင့်ညစာစားပျက်ရတယ်လို့ မစ္စတာဂျော်ဖရီက ပြောတယ်။ သူက လာတာ ဆယ်ရတယ် ရှင်မလာခင် လူအတော် ျားများ ပြန်သွားကြတာ'

'မစ္စတာဂျော်ဖရီက မကြည့်လို့လား'

'မစ္စပေင်ချာကိုလား မဟုတ်ပါဘူး သိးမခံနိုင်တာပါ'

'ဘာဖြစ်လို့လဲ'

'အင်း....'

မစ္စက်ပါပါဂိုတစ်၏ လည်ပင်းက လိင်တစ်ကောင်နှယ် င်သွားသည်။ လက်နှစ်ဘက်ကို ပွတ်နေပြန်သည်။

'ကောလဟာလတစ်ခုတော့ရှိတယ်။ ဆိုင်ဂါမှာ မစ္စတာ ဂျော်ဖရီ တာဝန်ကျနေတုန်းက မစ္စပေင်ချာကို နှင်ထုတ်ခဲ့ တာတဲ့'

'ဘာဖြစ်လို့လဲ'

'မစ္စပေင်ချာမှာက ချစ်သူတွေ သိပ်များတယ်လေ'

မူရေးက နှာခေါင်းပြားပြားနှင့် မစ္စက်ပါပါဂိုတစ်အား ကြည့်လိုက်သည်။ ညနေကြိုစာရေးကတစ်စုံတစ်ခုလာပြော၍၊ သူမ ကလှည့်ထွက်သွားသည်။ မူရေးကအပေါ်ထပ်သို့တက်ခဲ့သည်။ ီးတရက်တစ်လိပ်ကို မီးညှိ၍ အပြင်ဘက်စင်္ကြံပေါ်သို့ ထွက် သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများပေါ်ဝယ်၊ တိမ်များ အုပ်ဆိုင်းလျက် သည်။ ပျံ့ဝဲနေသည့် စွန်တစ်ကောင်ကိုလည်း တွေ့ရသည်။ ဂျော်ဖရီနှင့် အင်(ခ) တယ်လီအား တွေးမိသည်။ သူ နှစ်ယောက် ဤဒေသတွင် လာဆုံခြင်းမှာ မတော်တဆ လော။

'ဆရာ'

လက်(စ)မင်းက စာလေးတစ်စောင်နှင့် ရောက်လာသည်။ မူရေးကယူလိုက်သည်။

'ဒီညနေ ခေတ္တမန်ဒုက္ကာ အမှတ်(၃၆)ခါမှာလာချိလမ်းကို လာခဲ့ပါ – ဘို(စ)'

မူရေးက စာကိုမီးရှို့လိုက်သည်၊ မီးကျွမ်းသွားသည့်အ ကို ပစ်ချ၍၊ ဖိနပ်နှင့် နင်းချေသည်။

× × ×

ညနေစောင်းသည်နှင့် မိုးကစသင်းရွာပါတော့သည်။ လေ မတိုက်၍၊ မိုးစက်မိုးပေါက်ကြီးကြီးတို့သာ ပြင်းစွာကျလျက် ရှိသည်။

မူရေးက လမ်းပေါ်သို့ ထွက်လာသည်။ ဖြတ်သွားသည့် ဂျစ်ကားများ၏ မီးရောင်ကိုရှောင်သည်။ အိမ်အများစုနှင့် ဆိုင်သေးများမှာ ပိတ်ကြပြီဖြစ်သည်။ လေထဲဝယ် ပန်းနံ့နှင့် စက်ဆီနံ့တို့ ရောထွေးနေသည်။ သစ်ရွက်များ ခေါင်မိုးများပေါ်သို့ မိုးစက်တို့က ဆူညံစွာကျဆင်းလျက်ရှိသည်။ မူရေးက မကြာခဏရပ်ရင်းနောက်နှင့် ပတ်ဝန်းကျင်သို့ အကဲခတ်ကာ ဆက်သွားသည်။

လမ်းကတဖြည်းဖြည်း မတ်စောက်လာသည်။ ကုန်စုံဆိုင် တစ်ဆိုင်က ရှိနေသည်။ ဆိုင်ရှေ့မှဖြတ်၍ ဘေးလမ်းလေးထဲသို့ဝင်သည်။ ကျယ်ပြန့်သော သီးနှံခြံခင်းတစ်ခုရှိသည်။ ထိုနောက် လမ်းမကြီး၏ အနိမ့်ပိုင်းတွင် သစ်သားနှစ်ထပ် အိမ်တစ်လုံး။

မိုးရေများကြားမှ ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်သည်။

'ပရစ်သဗ်နာရာယန်းအမျိုးသမီး အထက်တန်းကျောင်း။

ချာ့(ချ်)အော(ဖ)နယူး အင်္ဂလန်သာသနာပြုအဖွဲ့'

အောက်ထပ်ခန်း၏ အနီးရောင် ခန်းဆီး နောက်ကွယ်မှ မီးရောင်ကိုမြင်ရသည်။ လူခေါ်ခေါင်းလောင်း ခလုတ်နှိပ်လိုက်ပြီး မကြာမီ အမျိုးသမီးတစ်ဦးက တံခါးလာဖွင့်သည်။

'ဂွယ်အွန်းဗနင်း... ဒီနားက ဟုမ်းယင်းကားရုံကို ဘယ်လိုသွားရမှာလဲခင်ဗျာ'

အမျိုးသမီးက တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။

'ရှင်မှားနေပြီထင်တယ် ရှင်ပြောတာ၊ ရှန်ကားဘ(စ) ကားရုံလား'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ပေါ (လ်)တာ လမ်းညွှန်စာအုပ်ထဲက နာမည်ပဲလေ'

အထဲကိုဝင်ပါရှင်'

x x x

မှုရေးက ဝင်လိုက်ပြီးနောက် သူမက တံခါးကို ပြန်ပိတ်သည်။ အနန်းဆံကော်ဇောခင်းထားသည်။ အစင်လမ်းကျဉ်းတလေးဝယ် မှန်တစ်ချပ်နှင့် လှေခါးက ရှိနေသည်။ မီးရောင်က မှိန်လှသည်။ မှုရေးက စိုနေသော ကုတ်အင်္ကျီကို ချွတ်မည်ပြုစဉ် သူမက ပြောလာသည်။

'လှေခါးအတိုင်း လိုက်ခဲ့ပါရှင်'

သူက လှေခါးအတိုင်း အခန်းရှည်ကြီး တစ်ခုထဲသို့ လိုက်သွားရသည်။ စာရွက်များ ဗလာစာအုပ်များ တင်ထားသည့် တောက်ပြောင်နေသော ဝက်သစ်ချသား စားပွဲတစ်လုံးသည်၊ ကုပ်ပြစ်လေး တစ်ခုလည်း ရှိသည်။ နားနေခန်းနှင့် အလုပ်ခန်းကို တွဲထားပုံရသည်။

'ခေတ်အားပေးစက် ဒုက္ခကြောင့် မီးလုံးလေး တစ်လုံး



ပဲ ဖွင့်ထားရတာ ဆောရီးပဲရှင်....ကျွန်မက မာသာအက်ဂရမ်းပါ'

'တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က အက်မှုရေးပါ'

မာသာမှာ အသက် (၃၅)နှစ်မျှ ရှိပြီဖြစ်သည်။ ခေါင်းလျှော်ပြီးစနှယ် ဆံပင်ကို ဖားလျားချထားသည်၊ ပြတ်သားသော မျက်နှာသွယ်သွယ်ဝယ် မျက်လုံးတို့က အေးစက်စက်မီးခိုးရောင် ဖြစ်သည်။ အညိုရောင်ပြောင် ဝတ်စုံကို ခွာနီမှိန်နှင့် တွဲစီးထားသည်။

မှုရေးက ရေစိုကုတ်အင်္ကျီကို ချွတ်လိုက်သည်။ သူမက ကုတ်အင်္ကျီနှင့် ဦးထုပ်ကိုယူ၍ အပြင်ဘက် လှေခါးထိပ်တွင် သွားချိတ်သည်။ ထို့နောက် ပြန်လာပြီး ဇတ္တရား အတိုင်းပြုံးပြသည်။

'ထိုင်ပါ၊ ဒီအခန်းက ကျွန်မအခန်းမို့ အနှောင့်အယှက်မရှိပါဘူး'

'ဒီမှာ ကျောင်းသူတွေ တော်တော်များသလား'

'ရှစ်ရာရှိတယ်'

'ဒီကို ရောက်နေတာကြာပြီလား'

'၇ နှစ်ရှိပြီ'

သူမသည် ခန့်ငြားချောမောသူ တစ်ဦးဟု မှုရေးတွေးလိုက်သည်။

'မစ္စအက်ဂရမ်း၊ ကျွန်တော် အတတ်နိုင်ဆုံး တိုတိုပဲပြောပါမယ်...ဒီကို အရေးပေါ်မဟုတ်ရင် ကျွန်တော် မလာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါကိုတော့ ခင်ဗျား သဘောပေါက်မှာ သေချာပါတယ်'

သူမက ခေါင်းကို ဆတ်ပြသည်။ သူမက တပည့်တစ်ယောက် ရှင်းပြချက်အား နားထောင်နေသကဲ့သို့ လက်ပိုက်ကာ ထိုင်နေသည်။

'ကျွန်ုပ်တော် မျှော်လင့်ထားတဲ့ လေယာဉ်ဟာ ရောက်မလာခဲ့ဘူး၊ ဘာကြောင့်လဲဆိုတာလဲ ကျွန်တော် မသိဘူး၊ တစ်ခုခုတော့ ဖြစ်နေပြီ၊ လေယာဉ်ဟာ ပုံမှန် လမ်းကြောင်းအတိုင်း အရှေ့ဘက်စွန်းကို ဖြတ်ပြီး နီပေါကို ဝင်မယ်၊ ကျွန်တော့်ကို ဝင်ခေါ်ပြီး မြောက်ဘက်ခြောက်လုံးနဲ့ ခရီးဆက်မယ်၊

'...ဒါပေမယ့် လေယာဉ်က ရောက်မလာဘူး၊ လေယာဉ်ဘယ်ရောက်နေသလဲ၊ ဘယ်တော့ရောက်လာမလဲဆိုတာ သတင်းပို့ချင်ပါတယ်၊

ဒီက ဖုန်းလိုင်းကို ဘာဖြစ်လို့ မသုံးတာလဲ'

'ဒါလိုက်လို့လား၊ စည်းကမ်းက သူ့ဆီက သတင်းကိုပဲ ယူရပါတယ်၊ သူ့ဆီက သတင်းကို မပို့ရပါဘူး၊ ဟုတ်တယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ဒီလိုမျိုး တစ်ခါမှမဖြစ်ဖူးဘူးလို့ သူက ပြောတယ်'

'သဘောပေါက်ပါတယ်'

'ဒါဆိုရင် စီစဉ်ပေးနိုင်မလားဟင်'

ခေတ္တမျှ စကားပြတ်သွားသည်။ တစ်ခုခုတော့ဖြစ်နေပြီဆိုသည်ကိုသူမရှေ့တွင်ထိုင်ရင်း သတိပြုမိပါသည်။သူမက မူရေးအား ကြည့်နေသည်။ သူနှင့် ခြောက်ပေမျှအကွာရှိ သူမ၏မျက်



နာမှာ ဘားတိုက် အလင်းရောင် အောက်ဝယ် တည်ငြိမ်လှသည်။ သူမ နားစွင့်နေသည်ကို မူရေး သဘောပေါက်လိုက်သည်။

မိုးသံကြားမှ အခြားအသံကို မူရေး နားစွင့်ကြည့်သည်။ မိုးကပါး လာပြီဖြစ်သည်။ တစ်ယောက်ယောက်၏ တံခါးဖွင့်သံကို ကြားလိုက်မိသည်။

အမျိုးသမီးက ဆရပ်၍ အပြင်သို့ ထွက်သွားသည်။ လှေခါးအတိုင်း လျှောက်သွားသံကို ကြားရသည်။ သူက ထိုင်ရင်း စောင့်နေမိသည်။ မိုးက စဲသွားပြီဖြစ်သော်လည်း ပြန်ဝင်လာသော သူမ၏ အသံကို ကြားရသည်။ သူမက တံခါးကိုပြန်ပိတ် ဘာမှမဖြစ်သလို ထိုင်လိုက်သည်။

'ဘယ်လိုလဲ'

မူရေး၏ အမေးကို သူမက ခေါင်းခါပြသည်။ ကြမ်းပြင်ပေါ်သို့ လုံးလောက်သွားဟန် ရှိသည်။

'ဒီမှာ ခင်ဗျား တစ်ယောက်တည်း နေတာလား'

'ဟုတ်တယ်...ရှင့်မှာ ခြား ဘာပြောစရာရှိသေးသလဲ'

'ရှိမယ်မထင်ပါဘူးဗျာ'

'ဒါဆိုရင် ရှင်ပို့ချင်တဲ့ သတင်းကို ရေးပါ'

သူမက စားပွဲပေါ်တွင် စာရွက်များကို ချပေးသည်။ မူရေးက ထိုင်၍ ရေးသည်။ ပြီးသောအခါ သူမအား ပေးလိုက်သည်။

'ဖတ်လို့ ရရဲ့လား'

'ရပါတယ်၊ အတိုချုပ်ရေးလို့ မရဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မူရေးက သူမအား လှမ်းကြည့်လိုက်သည်။ စာရွက်ကို ပြန်ယူ၍ ထိုင်ရပြန်သည်။ စာလုံးငါးလုံးကို ဖြတ်လိုက်သည်။

'ကျေးဇူးပဲ'

'ဒါကို အမြန်ဆုံး ယူသွားနိုင်ရင် သိပ်ကောင်းမှာပဲ'

'ဟုတ်ကဲ့ပါ'

ထပ်၍ စကားပြောစရာ ရှိသေးဟန်မတူ။

'ဂွတ်နိုက်ပျာ'

သူမက တံခါးရှိရာသို့ လှည့်ထွက်သွားသည်။ အပြင်ဘက် လှေခါးထိပ်ဝယ် သူမက မူရေး၏ ကုတ်အင်္ကျီနှင့် ဦးထုပ်ကို ချိတ်မှ ဖြုတ်ကာ ပေးသည်။ သူက ယူဝတ်၍ ဆင်းခဲ့သည်။

'ဂွတ်နိုက်'

သူမက တံခါးကို ပြန်ပိတ်လိုက်သည်။ သူက လေး ငါး လှမ်းမျှ လောက်သွားပြီး မျက်လုံးကို အမှောင်ထုနှင့် ကျင့် သားရရန် လုပ်ရသည်။ မစ္စမာ့သာ အက်ဂရမ်းမှာမတူနိုင်လှ ရှိသော်လည်း အဆင်ပြေလိမ့်မည် ဟု တွေးမိသည်။

မိုးစိ မျှော်လင့်သည်ထက် အချိန်က တိုသည်။ စကားက တိုသည်။ လေးနက်မှုမရှိသော တွေ့ဆုံမှုမှာ ရည်ရွယ်ချက်တော့ ပြီးမြောက်ဖို့သာ အရေးကြီးပေသည်။

လမ်းမကြီးပေါ်သို့ ရောက်လာပြီး မြို့ဘက်သို့ ခြေဦးတည် လိုက်သည်။ မိုးကပါးသွားပြီ။ သစ်ရွက်တို့မှ ရေစက်တို့သာ ကြီးကြီးမားမား ကျနေသည် မြေပြင်မှ ရေစီးကျနေသံသာ ရှိ သည်။ ကားတစ်စီးကသာ ဖြတ်ကျော်သွားသည်။

မိုးချုပ်ပြီဖြစ်သည်။ သူက ဆက်လျှောက်ခဲ့သည်။ အိမ်များ



တစ်လုံးနှင့်တစ်လုံး ကျဲလာသည်။ ထို့နောက် အိမ်များ ဆိုင် များ ပြတ်သိပ်ရာသို့ ရောက်သည်။ မြို့ထဲသို့ ဝင်ပြီဖြစ်သည်။ အချို့ အိမ်များတွင် မီးလင်းနေဆဲရှိသည်။

ရှေ့တွင် လမ်းက နှစ်ခွ ဖြစ်နေသည်။ ရုတ်တရက်ပင် သူ မည်သည့်နေရာ ရောက်နေမှန်း မသိဖြစ်သွားသည်။ အပြန်လမ်း ကို ပြောင်းပြန်လာခဲ့မိသလို ဖြစ်သည်။ သူက ညာဘက်လမ်း ကို ရွေးလိုက်သည်။ ဤလမ်းက သူရောက်ရာအရပ်ကို ခန့်မှန်း နိုင်မည့် ကွက်လပ်ကြီး၏ မြောက်စွန်းသို့ ရောက်မည်ဟု ယုံကြည် ထားသည်။

သူက ကိုက်နှစ်ရာမျှ လျှောက်ပြီး ကွေ့လိုက်သည်။ သူ့ နောက်ဘက်ရှိ တဒင်ဒင်၊ တဒေါင်ဒေါင်အသံကို ခပ်သဲ့သဲ့ ကြားရသည်။ အမှောင်ရိပ် ကောင်းကောင်းသို့ တိုးဝင်ရ သည်။ နောက်သို့ လှမ်းကြည့်သည်။ ကိုက်ခြောက်ဆယ်မျှအကွာ ဝယ် လူနှစ်ယောက်ကို တွေ့ရသည်။

အိမ်ပြူတင်းပေါက်၏ မှိန်ပျသောအလင်းရောင်အောက် မှ ၎င်းတို့ ဖြတ်ကာ ပျောက်ကွယ်သွားသည်။ မူရေးက ငြိမ် ၍ စောင့်နေသေးသည်။ ဘာမှဖြစ်မလာ။ မည်သူမျှလည်း မလာ။ မည်သည့် လှုပ်ရှားမှုကိုမှလည်း မတွေ့ရချေ။

မစ္စအက်ဂရမ်း၏ ပါးလျသော နှုတ်ကို တွေးမိရင်း မီး ကရက် မီးညှိကာ ဆက်လျှောက်သည်။ ငါးမိနစ်မျှအကြာဝယ် ရှေ့လမ်းကွေ့မှ ဂျစ်ကား တစ်စီးမောင်းလာသည်။ ကားမီး ရောင်ကြောင့် ဒါဘာ ကွက်လပ်သို့ ရောက်နေကြောင်း သိ

www.burmeseclassic.com



ရသည်၊ ပင်မ လမ်းမကြီးထိပ်မှ ဘုရားကျောင်းများ ရှိရာ ပင်ဖြစ်သည်။

ကွက်လပ်ဆီသို့ သူက လျှောက်သွားသည်၊ အနောက် အဦးများကြားဝယ် ရပ်ကာ လက်ခုပ်ထဲဝယ် စီးကရက်ကို ဖွာသည်။ နောက်သို့ လှည့်ကြည့်သည်။ လှုပ်ရှားမှုကို မတွေ့ရ။ ထို့နောက် လူနှစ်ယောက်ကို ပီပီပြင်ပြင်မြင်လိုက်ရသည်။

တစ်ယောက်က လမ်း၏ ဟိုဘက်ထိပ်ဝယ်ဖြစ်သည်။ တစ်ယောက်က ဒီဘက်ထိပ်မှ ဖြစ်သည်။ နှစ်ယောက်စလုံး နီးလာပြီဖြစ်သည်။ မူရေး ရပ်နေသည်ကို သိလိုက်သည့်အလား နှစ်ယောက်စလုံးက မြုံးခုန် ကိုယ်ကိုညွတ်ကာ အရိပ်ထဲသို့ ခိုကြသည်။

မူရေးက စီးကရက်အား လက်ခုပ်နှင့် ဂရုတစိုက်ကွယ်ကာ မြေကြီးပေါ်သို့ ချကာ ဖိသတ်လိုက်သည်။ ရှိုးခနဲ ရေနှင့်ထိကာ မြည်၍ ငြိမ်းသွားသည်၊ ရှေ့ရှိ အလင်းရောင်မရှိသည့် ဘုရားကျောင်း ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားတော့သည်။

ကွက်လပ်၏ထိပ်ဖျားရှိ အလင်းရောင် ခပ်မှိန်မှိန်ကို ဖြတ်ကျော်ကာ အရိပ်ထဲသို့ အလျင်အမြန်သွားသည်။ ချောခနဲ လှမ်းအကြည့်ဝယ် နှစ်ဆယ့်ငါးကိုက် အကွာလောက်မှ လူနှစ်ယောက်ကို တွေ့ရသည်။ ၎င်းတို့မှာ သူ့ထံသို့ တန်းတန်းမတ်မတ်လာနေကြသည်။ မူရေးက ကုန်း၍ခဲလုံးတချို့ကို ကောက်သည်။

ဘယ်ဘက် အခြမ်း ဆယ့်ငါးကိုက်မျှ အကွာရှိ အရိပ်ထဲ



...သို့ ခဲလုံးများကို လွှမ်းပစ်လိုက်သည်။ ဘာမှမထူးခြား၊ လူ ...လျှောက်ကိုလည်း မမြင်ရ။ နောက်တစ်ကြိမ် ခဲနှင့် လှမ်းပစ် ...သည်။ စက္ကန့်ပိုင်းအတွင်း လူတစ်ယောက် က ထိုနေရာသို့ ခြေ ...ကာ ပြေးသွားသည်။

တစ်ချိန်တည်းမှာပင် နှစ်ယောက်အနက် လူဘောင်ယွားသူ ... သူ၏အနီးတွင် တွေ့လိုက်ရသည်။ ထိုသူမှာ အနေဖြင့်ဖြစ် ...ထံသို့ သာ၍ ဆောရိုစိုက်ယား၍ မူရေးအားတွေ့ရန် မမျှော် ...င့်။ မူရေးလှုပ်ရှားမှုကို ကာကွယ်ရန် အဆင်သင့်မရှိ။

မူရေးက ထိုသူ၏လည်ပင်းကို ဆွဲညှစ်သည်။ သန်မာသော ...က်သားစိုင်၏ လှုပ်ရှားမှုအောက်ဝယ် ထိုသူ၏ ဟန်ချက် ...ယိမ်းယိုင်လာသည်၊ ခေါင်းကိုဆွဲ၍ နောက်ရှိ ခြေသို့ ...ကျောက်ရုပ်နှင့် ရိုက်လိုက်သည်။

မူရေးမှာ ကိုယ်တိုင်ပင် လဲကျသွား/လုမတတ် ရှိသည်၊ ထိုသူ ...လက်လွှတ်လိုက်ပြီးမှ ပြန်ဆွဲယူသည်။ အရုတ်နှင့် နောက်တစ် ...ကြိမ် ခေါင်းကို ဆောင့်ပစ်လိုက်သည်၊ သူက ကားလျား ...ကျသွားသည်။

မူရေးက မော့ကြည့်လိုက်သည်။ ကိုယ်ကို ပြန်မတ်သည်။ ...ဝန်းကျင်ကို အကဲခတ်ကာ အမှောင်ထုအတွင်းသို့ အမြန် ... ပြေးရသည်။ ဒုတိယလူကို မတွေ့တော့ဘဲ ကွက်လပ်၏ ...ဘက်ဖက်သို့ ရောက်လာသည်။ ဂျပ်ဒါဆဒက်လမ်းထိပ် ...ရောက်ဝယ် ဟိုဘယ်ရှိရာသို့ ကန့်လန့်ဖြတ်လျှောက်သည်။

ထိုနေရာတွင် လိုအချို့က ရှိနေဆဲ ရှိသည်။ အလင်းရောင် ...ခုကို မမျှော်လင့်ပဲ တွေ့ရသည်။ အောက်လင်း မီးအိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ပတ်လည်တွင် တောင်တန်းသားတစ်စုက ဝိုင်း ဆောင့်ကြောင့် ထိုင်နေကြသည်။

ခုနက လူနှစ်ယောက်မှာ ဘို(စ်)၏ လူများလားဟု တွေး မိသည်။ သူတို့အဘယ်မျှအထိ ခြေရာခံမိကြသနည်း။ မစ္စ ဂရဲ၏ ကျောင်းအနီးသို့ပင် ရောက်နိုင်ခဲ့သလော။ ဘ လမ်းတွင် မိမိအား မျက်ခြေပြတ်သွားပြီး အပြန်ကို စော နေခြင်း ဖြစ်နိုင်၏။ ဤအတိုင်းသာ ဖြစ်ပါစေဟု ဆုတော မိသည်၊ ၎င်းတို့မှာ လမ်းတွင် ဖြတ်လုဘတ်သည့် လူဆိုးမျ ဖြစ်နိုင်ခရေးကမူ သိပ်မဖြစ်နိုင်။ ဤအတိုင်း ဖြစ်မည်ဟုလည် သူမတွေးပါ။

မိုးက ပြန်လည် ရွာစပြုလာသည်။ မိုးကာအင်္ကျီကောက်လာ ဆောင်၍ ဟိုဘယ်ဘက်သို့ ဆက်လျှောက်သည်။ ဟိုဘယ်၀ ရာ လမ်းပေါ်သို့ အရောက်၀ယ် အပေါ်ထပ် ညေ့ခန်း ၀ယ် ငြိမ်၍ ရပ်နေသည့် သဏ္ဍာန်တစ်ခုကို တွေ့ရသည်။

အက်(စ)တယ်လီပင် ဖြစ်သည်။ ထိုနေရာဘင် မီးရောင် ၍ သူမ၏နောက်ဘက် ခါလှမ်းလှမ်းတွင်သာ ရှိသည်။ သူမ ဖြည်းဖြည်းခြင်း လမ်းလျှောက်နေသည်၊ မှိန်ပျခသော အလင် ရောင်နှင့်မိုးရေစက်တို့ကြားမှ သူမအား ခပ်ရေးရေးသာ တွေ သည်။ သူမမှာ အိပ်မက်ဘစ်ခုနှယ်သို့ မဟုတ်တစ္ဆေတစ်ကော နှယ်ဖြစ်သည်။

ဖြူလွလွမြင်ရသည့် လက်မောင်းသား၊ ဆံပင်များ၊ ကရက်မီး ရဲရဲလေး သူမ၏ ရွှေလျှားပုံတို့မှာ အဖော်တင် သို့မဟုတ် အမျိုးသားတစ်ဦးအား စောင့်ဆိုင်းနေသကဲ့



ဖြစ်သည်။ မှုခရးက မိုးရေထဲမှာပင်ရပ်ကာ သူမအား ငေး ကြည့်နေမိသည်။

ထိုနောက် သူမက အတွင်းဘက်သို့ ရောက်သွားသည်။ လှေ ကားပေါ်သို့ တက်သွားသည့်နှယ် ဖြစ်သည်။ သူမအား ထပ် မမြင်ရတော့။ မှုရေးမှာ ရပ်ခနစဲ ဖြစ်သည်။ ငြိမ်နေစဲ ဖြစ်သည်။ မိမိပြန်အလာကို သူမ စောင့်နေသလော်ဟု မဝေ တတ်။ သူမအား ခုနက မြင်ခဲ့သလို ကြာနိုင်သမျှကြာကြာ မြင်တွေ့လိုစိတ်ရှိသည်ကတော့ သေချာလှလည်း။

ဟိုတယ်ထဲသို့ ၀င်လိုက်သည်။ အသံတစ်ကြိမ်သာ မြင်တွေ့ဖူး သော့ည အစောင့်တာဝန်ကျနှုတ်ခမ်းမွှေး ဖြူဖြူနှင့် အဘိုးကြီး စားပွဲမှ ထလာသည်။ မှုခရးအား အင်္ဂလိပ်စကားတစ်ဝက် အခြားဘာသာတစ်ဝက်ဖြင့် စကားပြောသည်။ အက်(စ) တယ်လီ၏ အ ရှိမဖြတ်နိုင်သေးသော မှုခရ်မှာ မကြား တစ်ချက်၊ ကြားတစ်ချက် ဖြစ်နေသည်။

'ဘာလဲဗျ'

အဘိုးကြီး၏စကားမှာ မိမိအား ညသည်တစ်ယောက် စောင့်နေကြောင်း ပြောခြင်းဟု မှုရေးထင်လိုက်သည်၊ မှုခရး က ညေ့ခန်းထဲသို့ ၀င်ကြည့်သည်။ အနက်ရောင်ဝတ်စုံနှင့် ဘို(စ)က ကုလားထိုင် နိမ့်နိမ့်တစ်လုံးပေါ်တွင် ထိုင်ကာ သောက်စားပွဲမှ အရက်ကို ယူသောက်လိုက်၊ ချထားလိုက် လုပ် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုရေးအား မြင်လိုက်ချိန်ဝယ် ဘို(စ)က ပြုံးပြသည်။ အပြုံးဟူသည် ဘို(စ)တွင်တွေ့ရခဲသော အရာဟု မှုရေးမှတ်မိသည်။ အခန်းထဲဝယ် မည်သူမျှ ရှိမနေကြ။

'ဂွတ်အီးဗနင်း'

ဘို(စ)မှာ နှုတ်ဆက်လိုက်သော်လည်း ကုလားထိုင်ပေါ်ဝယ် ခြေပစ်လက်ပစ်အနေအထားနှင့်ပင် ရှိသေးသည်။ နောက်မှီအားယူ၍ထားသည်။

'လမ်းကြုံရင်း မိုးခိုဖို့ ဝင်လာတာပဲ… စောင့်နေတုန်း ဝီစကီဘာစ်ခွက်မှာသောက်နေတာ'

ဘို(စ)က နဖူးအား လက်ဝါးနှင့် သပ်လိုက်သည်။

'နောက်တစ်ခွက်တောင် မှာထားသေးတယ်'

'ဘယ်သူ့ကို ခင်ဗျားစောင့်နေတာလဲ'

'ခင်ဗျားကို ကျွန်တော်စကားပြောချင်လို့ပါ၊ ကျွန်တော် စာပို့လိုက်တဲ့အတိုင်း ဘာဖြစ်လို့လာမတွေ့တာလဲ'

'ဘယ်လိုလဲဆိုတာ ခင်ဗျားသိပါတယ်လေ၊ ကျွန်တော် အချိန်မဖြုန်းချင်ဘူး'

ဘို(စ)က လက်တစ်လုံးမျှကျန်သည့် ဝီစကီကို လှုပ်၍ မော့ချလိုက်သည်။

'လေယာဉ်သတင်းက ဘယ်လိုလဲ'

'ကျွန်တော်ပြောခဲ့သားပဲ၊ အဲဒီလေယာဉ်မှ မလာပါဘူးဆိုတာ'

'ကျွန်တော် မယုံဘူး ဆိုတာလဲ ရှင်းနေတာပဲ၊ ခင်ဗျားကကော ဘာဖြစ်လို့ ဒီမှာဆက်နေသေးတာလဲ'



'ညနေက ကျွန်တော်တွေ့ခဲ့တဲ့ လူစိမ်းနှစ်ယောက်က ခင်ဗျားလူတွေလား'

'ကျွန်တော်ရဲ့ပါ… ခင်ဗျားပြောတာကို ကျွန်တော်နားမလည်ဘူး'

ညဝန်ထမ်းက လင်ပန်းပေါ်ဝယ်၊ ဝီစကီဘာစ်ပုလင်းနှင့် ရေကရားကိုတင်ကာ ရောက်လာသည်။

'ဒါမှ စတိုင်ကျတာဗျ၊ အမြင်ကောင်းတာပေါ့၊ ထားသာထားခဲ့၊ ထားသာထားခဲ့…သွားလို့ရပြီ'

ဘို(စ)က ဝီစကီပုလင်းကို ဖွင့်သည်။ ဖန်ခွက်ထဲသို့ ပါများများထည့်ကာ ရေနည်းနည်းရောလိုက်သည်။ တစ်ကျိုက် မော့ကာထိုင်ချသည်။

'ခင်ဗျားကို ညွှန်ကြားစရာတွေရှိလို့၊ ကျွန်တော်နဲ့ လာတွေ့ခိုင်းတာ၊ ခင်ဗျား လေယာဉ်ရောက်ဖို့ မကြာတော့ဘူးဆိုတာ ကျွန်တော်တို့သိတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ ဆက်သွယ်ရေး အဆင်သင့်ဖြစ်နေဖို့က အရေးကြီးတယ်၊ လေယာဉ်ရောက်ချိန်သိတာနဲ့ ဖုန်းဆက်ပြီး ကျွန်တော့်ကို အကြောင်းကြားပါ'

ဘို(စ)က ကိုယ်ကို ပစ်ဘက်ကြွ၍ ဘောင်းဘီအိတ်ထဲမှ စက္ကူတစ်စကို ထုတ်သည်။ စားပွဲပေါ်သို့တင်လိုက်သည်။

'လေယာဉ်ရောက်တာကိုတော့ ကျွန်တော်သိသာမှာသေချာတယ်၊ ဒါပေမယ့် မရောက်ခင် နှစ်နာရီကြိုပြီး သိချင်တယ်၊ ဒါမှ အဆင်သင့်ဖြစ်နိုင်မှာ ရှင်းပါတယ်နော်'

မှုရေးက မည်သို့မျှ ပြန်မဖြေ။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကို မစ္စတာရှန့်ဒါက ပြောခဲ့ပြီးပြီ မဟုတ်လား'

ဘို့(စ)က မေးရင်းဖန်ခွက်ကို မြှောက်သည်။

'အင်း....ကျွန်တော့်လက်ထဲ လေယာဉ် ရောက်လာရင်... ခိုးရာပါလို့ ပစ္စည်းတစ်မျိုးမျိုးကို ကျွန်တော်က သယ်ထုတ်ပေးဖို့ မစ္စတာချန်ဒါ အလိုရှိတာပဲ'

'ခင်ဗျား လေယာဉ် ဘယ်တော့ရောက်မှာလဲ'

'ခင်ဗျားတို့ ပစ္စည်းကကော ဘာလဲ'

'အင်း...ခင်ဗျားက ခုမေးနေပြီကိုး'

ဘို့(စ)က အရက်တော်တော်များများကို သောက်နေသည်။

'ကိုယ့်အသက်ကို ရင်းထားရတော့ ကျွန်တော်က ဒီထက် ပိုသိနေရဦးမှ ဖြစ်မှာဗျ'

'ဒါက ပစ္စည်းအပေါ်မှာမူတည်တာပဲ မူရေး.... တန်ဖိုးရှိတဲ့ ပစ္စည်းလို့ပဲ ပြောလို့ရမယ်'

'ကောင်းပြီ....ဘယ်လိုတန်ဖိုးရှိတဲ့ ပစ္စည်းလဲ'

'ခင်ဗျားကိုပြောဖို့ စိတ်မကူးမိဘူးဗျာ၊ နည်းနည်းလေးမှကို စိတ်မကူးဘူး'

မူရေးက စီးကရက်ကိုဖွာနေသည်။

'ခင်ဗျားတို့ ဘာအရှုံးရှိစရာရှိသလဲဘို့(စ) ကျွန်တော် လုပ်ရမှာကို သိရယင် ခင်ဗျားတို့အတွက် ပိုလို့တောင် အန္တရာယ်ကင်းသေးတယ်'

'ကဲ....တော်ပါတော့ဗျာ'



'ပစ္စည်းရဲ့ အမှန်အထားက ဘယ်လောက်ကြီးသလဲ ဘို့(စ)'

'သေတ္တာတစ်လုံးပဲ...နောက် ကျွန်တော်တို့ လူနှစ်ယောက်လဲ ပါဦးမယ်'

'ဘာသဘောလဲဗျ'

'ပစ္စည်းဆို သယ်ထုတ်ဖို့ပေါ့'

'ဆောရီးပဲ .... ကျွန်တော်နဲ့အတူ ဘယ်သူ့ကိုမှ မခေါ်နိုင်ဘူး'

ဘို့(စ)က ဖန်ခွက်ပေါ်မှ ကျော်၍၊ မူရေးအား မျက်ခုံးမျိုကာ တခဏမျှ ကြည့်လိုက်သည်။ ဖန်ခွက်အား ဆတ်ကနဲ အဖယ်ဝယ်၊ အရက်တိုက မေးစေ့သို့စီးကျကုန်သည်။ လက်ကိုင်ပဝါကိုရှာသော်လည်း မတွေ့သဖြင့် လက်နှင့်သုတ်သည်။

'ခင်ဗျားကတော့ တကယ့်လူပဲ ခင်ဗျားကို ကျွန်တော်တို့လုံးဝစိတ်ချမယ်လို့ ထင်နေသလား၊ ခင်ဗျားအကြောင်း ကျွန်တော်တို့ သိတာတာပဲ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်ယောက် ပါကိုပါရမယ်'

'ဘယ်နေရာကို ဆင်းရမှာလဲ'

'အိန္ဒိယနိုင်ငံမြောက်ပိုင်းမှာပဲ လေယာဉ်ထွက်ပြီးတာနဲ့.... ခင်ဗျားကို သူတို့ညွှန်ကြားချက်တွေ ပေးလိမ့်မယ်'

'ဒါကနိုင်ငံရေး ကိစ္စလား'

'နိုင်ငံရေး ဟုတ်လား ဒီလိုပေါက်ကရအတွေးမျိုး ဘယ်လိုလုပ်ရတာလဲဗျာ'

'နိုင်ငံရေးကိစ္စဆိုယင်တော့ ကျွန်တော် မလုပ်နိုင်ဘူး.... ဒါဟာကျွန်တော့်လိုင်း မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာစီးပွားရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်လေ'

ဘို (စ) က ဖန်ခွက်ကိုချ၍၊ ပုလင်းကိုလှမ်းကြည့်သည်၊ နဖူးစပ်ကိုလက်ဖြင့်သပ်လိုက်သည်၊ အရက်လို၍ဟု မှူးရေးထင်သည်။

'ထပ်ယူဦး မလား'

'တော်ပြီ ကျေးဇူးပဲ'

ဘို (စ)က ထရပ်ပြီး စားပွဲအနီးမှ ခွာသွားသည်။ ပွယောင်းယောင်း လိပ်ထားသည့် သူ၏ထီးကိုယူသည်။ သူက စဉ်းစားရင်း ငြိမ်နေသေးသည်။

'ခင်ဗျားလေယာဉ်နဲ့ ပတ်သက်ပြီး မနက်ဖန်သတင်းလိုချင်တယ်'

သူက မှူးရေးအား ခေါင်းအစခြေအဆုံးကြည့်ပြီး၊ ပတ်ဝန်းကျင်ပရိဘောဂများကို ဝေ့ကြည့်သည်။ လက်ကာရှတ်တချက်လှစ်ကနဲ ယမ်းသွားသည်။ ထီးကဝီစကီ ပုလင်းကိုလင်ပန်းပေါ်မှ ရိုက်ခဲ့ကာ၊ ဘေးစားပွဲဆီသို့ လွင့်ပျံသွားသည်။ ကွဲသွားသည့်ပုလင်းမှ အရက်နှင့်ဖန်စများက နောက်ဆုတ်လိုက်သော မှူးရေးတို့သို့လာစင်သည်။

ဘို (စ) က လေတစ်ချက်တက်ပြီး၊ တံတွေးထွေးလိုက်သည်။ မှူးရေးက ကိုယ့်ကိုယ်ကိုနှင့် ဖန်ကွဲများကို ငုံ့ကြည့်ပြီး ဘို(စ)အား မော့ကြည့်ပြန်သည်။

'ခင်ဗျားဟာ အတော်ဆိုးတဲ့ လူပဲ ဘို (စ)'

မှူးရေးက လက်ကိုင်ပဝါကိုထုတ်သည်။ ခြေရင်းရှိ ပုလင်းလည်ပင်းပြတ်ကို ကန်လိုက်ကာ၊ ဘို(စ)အားကြည့်ပြန်သည်။



အမှားတစ်ခုမှ မလုပ်မိပါစေနဲ့ မှူးရေး ခုအချိန်ကစပြီး သတိထားပါ ဘာအမှားတစ်ခုမှ မဖြစ်ပါစေနဲ့'

ဘို(စ)ကလှည့်၍၊ ထွက်သွားတော့သည်။ ဝင်ပေါက်ဝမှနေ၍၊ ဘို(စ) ဆင်းသွားသည်ကို မှူးရေးကကြည့်နေလိုက်သည်။ အံကိုတင်းတင်းကြိတ်ထားမိသည်။ စီးကရက်တစ်လိပ်ကို မီးညှိ၍၊ ခပ်ပြင်းပြင်းရှိုက်ကာ အပေါ်ထပ်သို့ တက်ခဲ့တော့သည်။

× × ×

## ဇာတ်လမ်းစဉ် (၉)

မနက် ဆယ့်တစ်နာရီခွဲချိန်တွင်၊ မည်သည့်သတင်းမှမရသော မှူးရေးက ဟိုတယ်မှနေ၍၊ ဂျစ်ကားတစ်စီးကိုခေါ်သည်။ ဟွန်းသံပေး၍ ရောက်လာသော ကားနောက်ခုံသို့ ထိုင်ကာ၊ မြို့ပါတ်လမ်းအတိုင်း မြို့ထဲသို့ မောင်းစေသည်။

သူက ဟင်းသီးဟင်းရွက်ဈေးတွင် ကားကိုရပ်ခိုင်းသည်။ ကားခပေးပြီးနောက်၊ ခါလီ၏အိမ်ဘက်သို့ လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခါလီကိုယ်တိုင် တံခါးလာဖွင့်ပေးသည်။

'ကဲ...ဝင်ဗျာ'

အလုပ်ခန်းထဲရှိ လူတစ်ယောက်က ခုံရှည်ပေါ်မှနေ၍ မော့ကြည့်သည်။ မူရေးတို့က ဘေးချင်းယှဉ်လျက် အခန်းထဲသို့ဝင်ကြသည်။ ခါလီကတံခါးကို ပြန်ပိတ်သည်။

'ခင်ဗျားလာတာအတော်ပဲ ကျွန်တော့်ဆီသတင်းရောက်လာပြီ'

'ဟုတ်လား...အချိန်မီပဲ'

'လေယာဉ်က ဒက္ကာမှ ဆင်းလိုက်ရတယ် မထွက်နိုင်ခဲ့ဘူး'

'ဘုရားရေ ဒက္ကာမှာ ဟုတ်လား ဘာဖြစ်လို့လဲဗျ'

'ဒါတော့မပြောဘူး ထိုးဆင်းလိုက်ရပြီး ပြန်တက်လို့မရတော့ဘူး'

'ဒီသတင်း ဘယ်အချိန်ကရသလဲ ခါလီ'

'မနက်စောစောကပဲ ခုမနက်စောစောကပဲ'

'ဘာဗျ သတင်းရရခြင်း ကျွန်တော့်ကို ချက်ချင်းပြောဖို့မှာထားသားပဲ ခုမှန်းတည့်နေပြီ'

'ဆောရီးပဲဗျာ ကျွန်တော့် မိန်းမနေမကောင်း ဖြစ်နေလို့ပါ'

'ဆိုးလိုက်တာဗျာ ခင်ဗျားမိန်းမနေမကောင်းတာနဲ့ အလုပ်တစ်ခုလုံး ဖုတ်ပူမီးတိုက် ဖြစ်ကုန်ရပြီ'

'ခုပဲခင်ဗျားဆီ အကြောင်းကြားမလို့ပါ'

'အင်း ခင်ဗျားမိန်းမက သွားစေဆိုတော့မှ သွားရတာပေါ့လေ ခုဘယ်လောက် အချိန်နောက်ကျကုန်ပြီလဲ သေတ္တာတွေကရော ဟိုလေယာဉ်ထဲမှာပဲလား'



'ဟုတ်ကဲ့ မစ္စတာမူရေး'

'ဒက္ကာလေယာဉ်ကွင်းမှာပေါ့ ဟုတ်လား'

'ဟုတ်တယ် လောလောဆယ်တော့ ခဏဝှက်ထားကြတယ်'

'သေတ္တာခြောက်လုံးစလုံး ပါတယ်မဟုတ်လား'

'ဟုတ်ကဲ့ မစ္စတာမူရေး အဆင်ပြေပါတယ် ခင်ဗျားသွားပြီး သယ်ရမယ်လို့ပြောတယ်'

ခါလီက သူရေးမှတ်ထားသည့် စက္ကူလေးကို ခဲတံ ထိပ်ဖျားတွင် ပတ်ချည်ထားရာမှဖြေယူသည်။

'ကျွန်တော်က သေတ္တာတွေကို ဒီမှာပဲယူရမယ်သိထားတာ၊ အခုရေ့ ပါကစ္စတန်မှာ ယူရမယ်လို့ မသိဘူးလေ၊ ဆိုရင်စကီက ဘယ်လိုလုပ်အဲဒီမှာရှိနေသလဲ၊ နောက်လေယာဉ်တစ်စီးနဲ့ ဘာဖြစ်လို့ သူက သယ်မသွားတာလဲ'

'သူတို့က ဘာမှမပြောဘူး၊ လေယာဉ်မှူး တစ်ခုခု ဖြစ်သွားပုံပဲ၊ ခုလိုသယ်ရမှာကိုမလိုအပ်ရင်တော့ သူတို့အမိန့်ပေးမှာ မဟုတ်ဘူး'

'ဘုရား...ဘုရား'

မူရေးမှာ စိတ်မသက်သာစွာဖြင့် ဂနာမငြိမ်ဖြစ်မိသည်။ ကုလားထိုင်ပေါ် ခြေထောက်ကို တင်လိုက်သည်။ ခေါင်းကို တစ်ဖက်သို့ လှည့်ထားသည်။

'လေယာဉ် တစ်စီး ကျွန်တော် စီစဉ်ပေးပါမယ် မစ္စတာမူရေး'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်ဟုတ်တာပေါ့ဗျာ၊ အမြန်ဆုံး ကျွန်တော် လိုချင်တယ်'

ခါလီမှာ စာရွက်ကလေးကို လက်ထဲဝယ် ဖြေလိုက် လိပ်လိုက်လုပ်နေသည်။

'ဒါဟာ နယူးယော့လဲမဟုတ်ဘူး၊ ဆန်ဖရန်စစ္စကိုလဲ မဟုတ်ဘူး မစ္စတာမူရေး၊ လေယာဉ်မောင်းတစ်ယောက်ကိုလဲ ကျွန်တော် ရှာရဦးမယ်၊ အချိန်နည်းနည်းတော့ ယူရလိမ့်မယ်'

'ခင်ဗျား မိန်းမ နေမကောင်းရင် ပိုအချိန်ကြာဦးမယ်လို့ ထင်တယ်'

မူရေးက ရိလိုက်သည်။

ခါလီက ပုခုံးတွန့်လိုက်သည်။ လက်ထဲမှ စာရွက်လေးအား စိတ်မချမ်းမြည့်စွာ ကြည့်နေသည်။

'ခုည ခြောက်နာရီမှာ လေယာဉ်ကို လိုချင်တယ်'

'ဒီလောက် မမြန်နိုင်ဘူး မစ္စတာမူရေး'

'ဒါဆိုရင် ဘယ်တော့လဲ၊ ကိစ္စက အချိန်တွေ အတော်ကုန်ခဲ့ပြီဗျ၊ ဒီခနရာက ကျွန်တော် ထွက်မှ ဖြစ်မယ်၊ ခင်ဗျား သဘောပေါက်ခဲ့လား၊ လေယာဉ်ကို ဘယ်အချိန် ရမလဲ ခါလီ'

'စီစဉ်ပြီးပြီးချင်း ကျွန်တော် ပြောပါမယ်'

'နာရီ အတော်ကြာဦးမယ် ဆိုတဲ့သဘောလား'

'သိပ်မကြာရပါဘူး မစ္စတာမူရေး၊ မနက်ဖန် ရဖို့အတွက် အပြင်းထန်ဆုံး ကြိုးစားပါမယ်'



'မနက်ဖန် ညနေ ငါးနာရီကို ကျွန်တော်အတိအကျ လိုချင်တယ်'

'ဒါဖြစ်နိုင်ပါတယ် မစ္စတာ မူရေး'

'ပိုကောင်းတာပေါ့ဗျာ'

မူရေးက ကုလားထိုင်ပေါ်မှ ခြေထောက်ကို ရုတ်လိုက်သည်။ ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ တံခါးဆီသို့ လှမ်းကြည့်သည်။ စီးကရက်တစ်လိပ်ကို တုတ်၍ ခဲလိုက်သည်။ မီးမညှိသေး။

'စိတ်မကောင်းစရာဘဲ ခါလီ၊ တောင်းပန်ပါတယ်၊ ဒီကိစ္စဟာ ကျွန်တော့်ကို ခေါင်းခဲနေစေတာဗျ'

'ကျွန်တော့် မိန်းမ နေမကောင်းတာ အမှန်ပါပဲဗျာ'

'ကိစ္စမရှိပါဘူးဗျာ၊ အမြန်ဆုံးဖုန်ကောင်းဖို့ မျှော်လင့်ပါတယ်'

'တစ်ခုတော့ရှိတယ် မစ္စတာမူရေး၊ ခင်ဗျားဆီကိုတခြားနည်းနဲ့ ကျွန်တော်သတင်းပို့မယ်၊ ဒီကို ခင်ဗျားနေ့ဒက်ထပ်လာဖို့က သိပ်မကောင်းတော့ဘူး'

'တခြားနည်းဆိုတာက ဘယ်လိုလဲ'

'ဒါ ကျွန်တော့် အလုပ်ပါ၊ ခင်ဗျာ တွေ့ပါလိမ့်မယ်၊ ခဏနေဦး စကားဝှက်တစ်ခု ပြောထားမယ်၊ စကားဝှက်ကို ခင်ဗျား ဘယ်လိုသုံးမလဲ'

'ဘာဟာအာရက်လို့ သုံးမယ်'

'ဟင်'

ခါလီက စိတ်မချမ်းမြည့်စွာဖြင့် ကွက်ခနဲကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ မစ္စတာမှုရေး'

မှုရေးက စီးကရက်ကို မီးညှိသည်။ ညာဘက်မျက်လုံးကို မှေး၍ ခါလီ၏ သောကမျက်နှာကို ကြည့်သည်။

'ခင်ဗျား ဘာတွေ တွေးနေသလဲ ခါလီ'

ခါလီက ပုခုံးသာ တွန့်ပြသည်။

'မကြာခင် ဒီက ကျွန်တော် သွားတော့မှာပါ ခါလီရယ်'

'ကောင်းပါပြီ မစ္စတာမှုရေး၊ ကျွန်တော့်ကို စိတ်ချပါ၊ ပြောတဲ့အတိုင်း လုပ်ပါ့မယ်'

မှုရေးက တံခါးဆီသို့ လှည့်ထွက်သွားသည်။ ခါလီက တံခါးကို ဖွင့်ပေးသည်။ လမ်းပေါ်တွင် နှင်းတွေလျက်ရှိသည်။ ဖုန်ထူသောလမ်းဝယ် နေရောင်ခြည် ဝင်းပနေသည်။ မှုရေးက ကုတ်အင်္ကျီကို ချွတ်၍ လက်မောင်းပေါ်တွင် တင်လိုက်သည်။

လူအုပ်တစ်အုပ်က တလဲရိန်ကဲ့သို့ တူရိယာပစ္စည်းတစ်မျိုးကို ချိုင်းကြားညှပ်ကာ သွားနေသည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနောက်မှ လိုက်သွားလျက်ရှိသည်။ ဂျက်ဒါဆဲဒက် လမ်းအရောက်ဝယ် တစ်ယောက်ယောက်က မှုရေးအား လှမ်းနှုတ်ဆက်သည်။

မှုရေးက လှည့်ကြည့်လိုက်သည်။ အော်ဒမ်ပင်ဖြစ်သည်။ ဟိုတယ်တွင် တွေ့ခဲ့ဖူးသော အမေရိကန်သံရုံးမှ ပုဂ္ဂိုလ်က ဆိုင်တစ်ဆိုင်ထဲမှ ထွက်လာနေသည်။

'ဘယ်သို့လဲဗျ'

'ကောင်းပါတယ်၊ ခင်ဗျားကော'



အော်ဒမ်မှာ အပူပိုင်းဝတ် ခပ်မှိုင်းမှိုင်းဝတ်စုံနှင့် အပြာရောင်လည်စည်းကို တပ်ထားသည်၊ အားကစားသမား တစ်ယောက်နှယ် ကြည့်ကောင်းလှသည်။

'ကျွန်တော်တို့ ကုန်သွယ်ရေးဌာနကို လာဖို့စိတ်မကူးသေးဘူးလား'

'မရောက်မိသေးပါဘူးဗျာ'

'အင်း...ကျွန်တော်တို့လူတွေကို ခင်ဗျားအကြောင်းပြောလိုက်တော့ သူတို့က သိပ်တွေ့ချင်နေကြတာဗျ၊ ကျွန်တော်တို့ စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ ပုဂ္ဂိုလ် ဝက်(စ)လင်းကွန်းဆိုက ဝါရှင်တန်က ပြန်လာတာ မကြာသေးဘူး'

'ကျွန်တော်တို့ အစိုးရက လုပ်ငန်း ကြီးကြီး သေးသေး ပေါနဲ့ စီးပွားရေးတွဲလုပ်ဖို့ လုပ်နေတယ်လို့ သူကပြောပြတယ်၊ အကယ်လုပ်တော့မယ့် ပုံပဲ။

'ဒီကိစ္စမှာ ခင်ဗျား ဘယ်လိုပါနေသလဲလို့ သူက မေးတယ်၊ ကျွန်တော်က မသိဘူးလို့ ပြောရတာပေါ့၊ အဲဒါပဲ ဖြစ်ဖြစ် သူကတော့ ခင်ဗျားနဲ့ သိပ်တွေ့ချင်နေတာ၊ နန်းတော် ဟိုတယ်မှာ ခင်ဗျား ရှိတယ်လို့ ကျွန်တော်ပြောထားရတယ် အဲဒီမှာပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

'အင်း...သူက ဝင်တွေ့ဦးမယ်လို့ ပြောတယ်၊ ကျွန်တော် တွေ့ရင်လဲ အချိန်မရွေးလာတွေ့ဖို့ မှာလိုက်သေးတယ်၊ ဘာပဲဖြစ်ဖြစ် သူက လာတွေ့မှာပါ'

'ကျေးဇူးပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် လိုက်ပို့ပေးရဦးမလား'

'နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဝင်[...]လေး ရှိသေးလို့'

'ကဲ...နောက်မှတွေ့ကြသေးတာပေါ့'

မူရေးက လမ်းအတိုင်း ဆက်လျှောက်သွားသည်။ သူ[...]နောက်မှ ကားစက်နှိုးသံကို နားစွင့်ကြည့်သည်။ သူ့အ[...]စုံစမ်းထောက်လှမ်းနေပြီဟူသော အသိက လွှမ်းမိုးလာ[...]သည်။

× × ×

ခေါင်မိုးပေါ်မှ လျှောက်လာစဉ် အက်(စ)တယ်လီအာ[...]မှန်ရှေ့တွင် တွေ့ရသည်။ နက်ပြာရောင် မိုးသားနောက်ခံ[...]ဝယ် သူမ၏ အခန်းက မီးထွန်းထားသည့် ကျွန်းလေးတစ်[...]နှယ်ဖြစ်သည်။

သူမမှာ တစ်နေ့လုံးအိပ်နေခဲ့သည်။ ယခုတော့တရုတ်ထ[...]များ ပတ်လည်ဖွင့်ထားပြီး မှန်တင်ခုံမှသာ မီးအလင်းရော[...]ရှိသည်။ မီးလုံးအောက်ဝယ် ပိုးခေါင်ကလေးများ ပျံ[...]



သည်ကို တွေ့ရသည်။ မှန်က အလွန်ပင်ထောက်ပလျက် ရှိသည်။

သူမက မျက်လုံးကို အလှချယ်နေသည်။ အခန်းထဲဝယ် အမွှေးတိုင် အနံ့နှင့် သူမကိုယ်မှ ရေမွှေးနံ့တို့က လွှမ်းမိုးထားသည်။ မူရေးက သူမ၏ပုခုံးကို နမ်းလိုက်သည်။ သူမက မလှုပ်။ မှန်ကိုသာ အာရုံစိုက်နေသည်။

မှောင်လာပြီဖြစ်သည်၊ ကင်း(စ)ဝေးလမ်းမှ မီးရောင်ဖြင့် တောင်ကြားမှာ ပြာနှမ်းနှမ်းဖြစ်နေသည်။ တောင်ကုန်းများမှာ မှုန်မှိုင်းမှိုင်းနှင့်။ ၎င်း၏အထက်ဝယ် နေရောင်ထဲမှာပင် နှင်းများဖြင့် ဖြူဖွေးနေသော တောင်တန်းများက ရှိသည်။ ဂါနက်(ရှ်)ဟီမား(လ်)၏ နောက်ဝယ် ဒူယာဂီရီနှင့် အင်နာပူနာတောင်များကို တွေ့ရသည်။

သူကရပ်ပြီး အရက်ပုလင်းများကို ကြည့်သည်။ မိမိ ဘာလို့လာသည်ကို သူမသိ။

'သောက်ဦးမလားဟင်'

သူမက လက်ကျန်အရက်ကို မော့ချပြီး ဖန်ခွက်ကိုလှမ်းပေးသည်။ သူက ဖန်ခွက်ကိုယူရင်း သူမအား ကြည့်သည်။ သူမက မှန်ဘက်သို့ ပြန်လှည့်သွားသည်။

'ဝီစကီပဲပေးပါရှင်'

သူက ထည့်ပေးပြီး သူမဘေးတွင် ချထားလိုက်သည်။

'ကိုယ်သိပ်မကြာခင်သွားတော့မယ်'

'ဘယ်တော့လဲ'

'မသိဘူး...သိပ်တော့ မကြာတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘ရှင်တစ်ဆက်လုံး ဒီမှာနေမယ်လို့တော့ ကျွန်မ မ... ခဲ့ပါဘူး’

‘ဘာ...’

‘ဒီမှာက ငှက်တွေရဲ့ သွားရာလမ်းကြောင်းပဲ’

ကိုယ်ပြောနေတာက ဒီကကိုယ်သွား’

‘ကျွန်မသဘောပေါက်ပါတယ်’

‘ဒါပေမယ့်...’

‘ရှင်သွားမယ့်ဆိပ်ကမ်းက ဘယ်ကိုလဲ မာလိန်မှူးကြီး ဘာဖြစ်လို့လဲ’

သူက သူမဆီသို့သွားကာ ပုခုံးကိုဖက်လိုက်သည်။ သူမ... ဒေါသတကြီး ရုန်းဖယ်သည်။

‘မထိနဲ့...မထိနဲ့...မထိနဲ့...သွားစမ်း’

မှူရေးက ယုယစွာဖြင့် ထပ်ဖက်ထားလိုက်သည်။ သူမ... ငိုနေတော့သည်။

‘ဆိုးတယ်၊ ရှင်သိပ်ဆိုးတယ်.... သွားစမ်းပါရှင်၊ သွား... စမ်းပါ၊ ရှင့်ကိုငြီးငွေ့နေပြီ၊ ကျွန်မအနားမှာ မနေနဲ့... လွှတ်စမ်းပါ’

သူမက ရုန်းဖယ်၍ ဖန်ခွက်ကိုဆွဲကာ လှမ်းပစ်လိုက်... သည်။ ဘေးကိုလျှောက်ကြည့်ပြီး ခွေးခြေကိုကန်ပစ်သည်။ သူမက မှူရေးအား ဒေါသသံကြီးဖြင့် စောင်ဆဲရေးလာသည်။

မှူရေးက ရှေ့တိုးကာ သူမ၏ လက်ကောက်ဝတ်များကို ဖမ်းကိုင်လိုက်သည်။

‘တော်တော့ကွာ’



‘ကျွန်မအနားက ဖယ်စမ်းပါ၊ လွှတ်.... လွှတ်— ရှင့်ကို ...းတယ်၊ ကျွန်မကိုရှင်ရက်စက်တယ်၊ လွှတ်စမ်းပါ၊ ရှင် ...န်မကိုရက်စက်တယ်’

သူမက မှူရေး၏လက်မှ ရုန်းကန်ရင်းငိုနေသည်။

‘ထွက်သွားစမ်းပါ၊ မြန်မြန်လာနဲ့တော့၊ ကျွန်မကိုလွှတ်... တ်’

‘မင်း မတိတ်ဘူးလား’

မှူရေးက သူမ၏ လက်မောင်းကို ဆုပ်ကိုင်၍၊ ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

‘မုန်းတယ်...ရှင့်ကိုမုန်းတယ်’

သူမက မမောတန်းပြောကာ၊ မှူရေးထံမှ ရုန်းထွက်နေ... သည်။ မျက်နှာကိုမူ လွှဲထားသည်။ အတန်ကြာမှ အေး... စက်လေသံဖြင့် ပြောလာသည်။

‘ကျွန်မကိုလွှတ်ပါ’

မှူရေးက လွှတ်လိုက်သည်။ သူမက လှည့်ထွက်သွားသည်။ ...ကျက်နှာကို လက်ခုံဖြင့် သုတ်သည်။ ဆံပင်ကို နောက်သို့လှန်ချ... သည်။ ခေါင်းကလေး တစ်ချက်ခါကာ၊ မျက်လုံးထောင့်... ကို လက်ညှိုးဖြင့်တို့သည်။ သူမက သူ့အား ကျောခိုင်းကာ... ပ်နေသည်။

‘အက် (စ)တယ်လီ’

‘သွားသေစမ်း’

သူမက အခန်းတာဝန်ကျကို လှမ်းခေါ်သည်။ ထိုသူက... ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အကွဲအစတွေကို ရှင်းလိုက်'

သူမက မှန်တင်ခုံသို့ဝင်ထိုင်ကာ မျက်လုံးများကို ခြယ်သနေသည်။

မူရေးက အရက်တစ်ခွက်ငှဲ့လိုက်သည်။ အခန်းတာဝန်ကျကား၊ အကွဲအစများကို သိမ်း၍၊ သူတို့အား တစ်ချက်နှစ်ချက် အကဲခတ်ကာ ထွက်သွားသည်။ မကြာမီ သူမက ထခုပ်ပြီး၊ ခေတ်စက်သံပါတ်ကို လှည့်သည်။ မူရေးအား ခြေဆုံးခေါင်းဆုံး ကြည့်သည်။

'မင်း စိတ်ငြိမ်သွားအောင် တစ်ခုခုလုပ်ပေးမယ်လေ'

'သွားသေလိုက်'

သူမက လှည့်ထွက်သွားသည်။

'လာစမ်းပါကလေးရယ်....သောက်လိုက်ပါဦး'

သူမကဂရုမစိုက်၊ တံခါးတစ်ချပ်ကို ထပ်ဖွင့်သည်။ မူရေးက တွန့်ဆုတ်ဆုတ် ဖြစ်နေပြီးမှ၊ သူမထံသွားကာ ဖက်ထားသည်။ သီချင်းသံက လွင့်ပျံလာသည်။ သူက သူမအား ရင်ခွင်ထဲသို့ဆွဲသွင်းသည်။

'မလုပ်နဲ့'

သူမက မူရေး၏လက်ကို ရုန်းဖယ်လိုက်သည်။

'ကောင်းပါပြီကွာ'

မူရေးက ဘောင်းဘီအိတ်ထဲသို့ လက်တစ်ဘက် နှိုက်ကာ ရပ်နေသည်။

'ဒီညမြို့ထဲသွားကြယင် ဘယ်လိုလဲ ညဘက်ပျော်စရာတွေကြရအောင်လေ'



သူမက ပုခုံးတွန့်သည်။

'သွားကြရအောင်နော်'

'စိတ်မကောင်းစရာတွေ ဖြစ်ကုန်လိမ့်မယ်'

'ရယ်စရာလဲ တွေ့ရင် တွေ့နိုင်ပါတယ်ကွာ'

'ဟုတ်တယ် ကူးမြို့ရဲ့အကြမ်းရမ်းဆုံး အိပ်မက်တွေလေ....

ပ်မက်တွေကို ရင်ဆိုင်ကြတာပေါ့'

သူက ဆတ်ကနဲ သူမကိုဆွဲယူကာ နမ်းလိုက်သည်။ သူမ၏

င်းကလေးကိုပင်၊ လန့်သွားစေသည်။ အက် (စ)တယ်လီ

သူ၏ရင်ဘတ်အား လက်နှစ်ဘက်နှင့် တွန်းရှာသည်။

'ကျွန်မအနားက ဖယ်စမ်းပါ'

မူရေးကလွှတ်လိုက်သည်။ သူမက ခေါင်းကိုမော့တာ

'ဩော် ဘုရား ဘုရား ယောကျ်ားတွေ ယောကျ်ားတွေ'

သူမကလှည့်ထွက်သွားကာ၊ ခြုံထည်ကိုဆွဲယူ၍၊ သူအား

ခိုင်းရင်းခြုံသည်။ လက်တစ်ဘက်မြှောက်၍၊ လက်

က်ထဲသို့ထိုးသည်။ နောက်လက်တစ်ဘက်ကို ထိုးစွပ်သော်

ကြိုးကိုမချည်သေး။ မျက်လုံးထောင့်ကို လက်နှင့်ပိတ်လိုက်

အား မူရေးတွေ့လိုက်ရပြန်သည်။

နှိုတင်ခုံတွင်ဝင်ထိုင်ကာ၊ ခေါင်းကိုဖြီးသည်။ မူရေး

ကျောခိုင်းလျက်မှ လှမ်းပြောသည်။

'ကောင်းပြီ ကျွန်မတို့သွားကြမယ် ရှင်ပြောတဲ့ အိမ်မက်

ကိုသွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမကကိုယ့်ကိုကုန်း၍၊ မှန်ထဲသို့သူမ၏မျက်နှာအား ကြည့်သည်။ ထို့နောက် မူရေးဘက်သို့လှည့်ကာ ပြောလိုက်သည်။

'စီးကရက်နဲ့ အရက်တစ်ခွက်ပေးစမ်းပါ'

× × +

အုပ်ဆောင်းပါသော မီးအိမ်လေးတစ်လုံးကို ကြမ်း[illegible] ပေါ်မှာတွန်းထားသည်။ သူတို့က ကုတင်ပေါ်ဝယ်လှဲရင်း မူရေး၏ အမေးကြောင့် သူမက အတိတ်ကိုပြန်လည် ပြော[illegible] သည်။

ကမ္ဘောဒီးယားတွင် သူမအား ရေကန်ထဲတွင် ကျွန်[illegible] သဖွယ်ပြုလုပ်၍ ဆောက်ထားသော (၁၈) ရာစုနှစ်အိမ်ကြ[illegible] တစ်လုံးတွင်နေခဲ့သည်။ မနက်ဖက် လင်းအရှက်ကျင်းပြီး[illegible] လျှင်၊ ဗုဒ္ဓဘာသာဘုန်းကြီးများ၏ ဆုတောင်းရွတ်ဖတ်[illegible] များကို၊ ကန်ပြင်ကိုဖြတ်ကာ သူမကြားနေရတတ်သည်။

(၁၈)လမျှ ဤဒေသတွင် နေပြီးနောက်၊ သူမအား ထိုင်းသို့ထွက်ခွာခဲ့သည်။

ဤအကြောင်းကို စသည်နှင့် သူမက ထုံးစံအတိုင်းပင် မတည်ငြိမ်သည့် မိန်းကလေးတစ်ယောက်အား အပေါ်[illegible]



နေသည့် ထိုင်းလူကြီးပိုင်းဇင် ဇစ်ယောက် အကြောင်းကို ပြောပြသည်။

ထိုပုဂ္ဂိုလ်မှာ ကြင်နာတတ်၍၊ သူမကလည်း ပျော်ရွှင်ခဲ့သည်။ နိုင်ငံမှ ထွက်ခွာချိန်ဝယ်၊ နေဒ်တပင် ရခဲ့သည်။ ထို့နောက်တစ်ပါတ်မျှအကြာ၊ ၎င်းပုဂ္ဂိုလ်မှာ ကိုယ့်ကိုယ်ကို သတ်သေသွားကြောင်း၊ ဖနွမ်းပင်၌ သူမသိရသည်။

'ဘာဖြစ်လို့လဲ'

သူမက အတန်ကြာငြိမ်နေသည်။ ဤအကြောင်းကို ဆက်မပြောပဲနေတော့မလား၊ သို့မဟုတ် စကားလမ်းကြောင်း ပြောင်းတော့မည်လားဟု မူရေးတောင်မိသည်။ ယခင်ကဆိုလျှင် ထိုသို့ လုပ်တတ်သည်။ ဤအခါတွင်တော့ သူမက ပြောလာသည်။

'အစိုးရစည်တစ်ခု လုပ်ကြံမှုတစ်ခုကြောင့်ပဲ'

'ဟုတ်လား၊ သူ့ကို လုပ်ကြံတာလား'

'မဟုတ်ဘူး၊ ဘုရင်ကိုသတ်ဖို့ကြံကြတာ'

မူရေးက သူမအား ကြည့်လိုက်သည်။

'နိုင်ငံရေး အရ လုပ်ကြံမှုလား'

'ဟုတ်တယ်'

'ဒီလုပ်ကြံဖို့အရေးမှာ ဟိုပုဂ္ဂိုလ်က ပါနေတာလားဟင်'

'သူက လူကောင်းပါ၊ ဘုရင်အသတ်ခံရဖို့ သူ မလိုလားပါဘူး၊ ဒါပေမယ့် သူဟာ ဒီလျှို့ရှားမှုကြီးမှာ ညှပ်နေခဲ့တယ်'

'ဒါကို ဖော်ထုတ်မိသွားကြရောလား'

'ဟင့်အင်း...တစ်ခုခုပဲ မှားသလား၊ အကြံအစည်ထဲမှာ

www.burmeseclassic.com



ပါတဲ့လူတွေကပဲ အမွှားအယွင်း ရှိတယ်လို့ ထင်ကြသလား မသိဘူး၊ ကျွန်မလဲ မသိဘူး၊ သူတို့က သူ့ကို ယုံကြည်တော့ ဘူး’

‘…သူက သူတို့ကို တားဆီးဖို့ကြိုးစားတယ်လို့ ထင်တာဖြစ်နိုင် ပြီး သူ့တို့ မယုံတော့ဘူး၊ ဘယ်ဟာ အမှန်လဲတော့ကျွန်မလဲ မသိဘူး၊ တရားရုံး ဒါမှမဟုတ် အစိုးရကလဲ ဘာမှမသိကြ ဘူး၊ ဒါပေမယ့် သူ ကိုယ့်ကိုယ်ကို သတ်သေသွားတော့ သံသယ ရှိလာတယ်၊ သတိပေးလိုက်သလို ဖြစ်သွားတယ်…

‘…အစိုးရကစပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်တော့တာပဲ၊ အလွန် ဂရုတစိုက်နဲ့ လျှို့ဝှက်ပြီး လုပ်ခဲ့ကြတယ်၊ တစ်ခုခုကို တော့ သူတို့ သိလာမှာ သေချာတယ်၊ ဒါပေမယ့် သိပ်သိ သွားကြမယ်လို့တော့ ကျွန်မ မထင်ဘူး’

‘ဒီလုပ်ကြံရေးကို မင်းသိသလားဟင်’

‘သိတာပေါ့၊ သူတို့က ကျွန်မအိမ်မှာ လာတွေ့ကြလေ့ ရှိတယ်၊ အိမ်မှာ သူတို့ နှစ်ကြိမ် သုံးကြိမ် တွေ့ကြတယ်၊ နောက်ပြီး သူက ကျွန်မကို ပြောပြခဲ့တယ်’

‘သူက ကျွန်မကို ယုံတယ်၊ ဘုရင် အသတ်ခံရတဲ့အချိန်မှာ အဲဒီမှာ ကျွန်မကို မရှိစေချင်ဘူး၊ ဒါကြောင့် ကျွန်မ ထွက် ခဲ့ရတာ၊ နောက်မှ ပြန်သွားဖို့ပဲ’

‘ဟိုမှုဂိုလ်က သူ့ကိုယ်သူ ဘာကြောင့် သတ်သေလိုက်ရ တာလဲ’

‘ကျွန်မ ပြောခဲ့သားပဲ၊ အတိအကျ မသိပါဘူးဆိုတာ၊ သူ့အဖို့ နောက်ဆုတ်လို့ မဖြစ်အောင်ကို ခြေလှမ်းကျခဲ့ပြီး



ပြီ၊ သူဟာ သိပ်မရက်စက်နိုင်ဘူးလို့ တခြားသူတွေက ထင်ပုံ ရတယ်၊ သူတို့က သူ့ကို သတ်သေဖို့ တွန်းအားပေးတာ ဖြစ်နိုင်တယ်’

‘သူ့ကိုသတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေပုံ လုပ်လိုက်တာ လား’

‘ဒီလိုပဲ ကျွန်မ တွေးမိတာပဲ’

‘သတင်းပေါက်ကြားသွားမှာကို သူတို့ စိုးရိမ်လို့လား’

‘ဟုတ်တယ်’

‘လုပ်ကြံမှု ဖြစ်မလာတော့ အဲဒီလူတွေကိုကော ဖမ်းကြသေး လား၊ အစိုးရကော ကျွန်လူတွေကို အစိုးရက ဖမ်းသလား’

‘သူတို့က ဘာမှသိပ်မသိလို့ နည်းနည်းပါးပါးသာ ပြော နိုင်တဲ့ အကောင်သေးသေးနှစ်ယောက်ကိုပဲ ဖမ်းကြတယ်လေ’

‘တခြားလူတွေ လွတ်ကုန်ရောလား’

သူမက မပြော။

‘သူတို့ဟိုမှာပဲ ရှိနေတုန်းပဲလို့ မင်း ဆိုလိုတာလား’

‘အဓိက လူတွေ အဲဒီမှာ ရှိနေကြသေးတယ်’

မူရေးက စီးကရက်တစ်လိပ်ကိုယူ၍ ခပ်လေးလေးဖြင့် ပါး စပ်တွင်တပ်လိုက်သည်။

‘မင်း ဘယ်လိုလုပ် သိတာလဲ’

‘လူတိုင်း သိနိုင်ပါတယ်လေ၊ သူတို့ နာမည်တွေကို သတင်း စာတွေထဲမှာ ရှာတွေ့နိုင်သားပဲ၊ ဒါကိုစွကို မသိဘဲ တခြား မိတ်ဆွေတစ်ယောက်ဆီက ကျွန်မ သိရတာ’

သူက စီးကရက်ကို မီးညှိပြီး သူမအား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူတွေအကြောင်း မင်းက ဘိုမသိခဲ့ပဘူးလား'

'တခြားဟာတွေကိုပါ အများကြီး သိတာပေါ့ရှင်'

'ဒီအကြောင်း မင်းကို ဘယ်သူတွေက မေးကြသေးသလဲ'

'အဲဒီ နိုင်ငံထဲမှာမှ ကျွန်မ မရှိတော့တာဘဲ'

စကားကို ရှောင်၍ဖြေမှန်း သိသော်လည်း၊ မူရေးအတင်း အကျပ် မမေးတော့။

'ဒီအဖြစ်က ဘယ်လောက်ကြာခဲ့ပြီလဲ'

'လွန်ခဲ့တဲ့ ရှစ်လက၊ ရှစ်လ မပြည့်မီလောက်ကတည်းပဲ'

'ဘုရားရေ...အဲ့ဒီကတည်းက တချို့က လွတ်သွားကြတာပဲ ဟုတ်လား'

'သူတို့က နိုင်ငံအပြင်ဘက်မှာ အဖွဲ့တစ်ခုရှိတယ်၊ သူတို့ထဲက အခက်ကြီး နှစ်ယောက်ဟာ ထိပ်တန်းရာထူးတွေကို ထားတယ်၊ ရထားဖော်တော့ ကြာလှပြီ၊ တစ်ခုခုကို ကောင်းကောင်း ကြိုတင် မပြင်ဆင်နိုင်ခင်တော့ ဒီရာထူးကို သူတို့ လက်လွှတ်ကြမှာ မဟုတ်ပေဘူး'

'မင်းသိတယ်ဆိုတာကော သူသို့ သိထားကြတယ်နော်'

'ဟုတ်တယ်၊ အမှန်ပဲ'

'မင်းနဲ့ ဟိုပုဂ္ဂိုလ်ကြီးရဲ့အခြေအနေ ဆက်ဆံရေးတွေကို သိထားကြသလား'

သူမက ပြုံးလိုက်သည်။

'ရှင်ဘယ်လို ထင်လို့လဲ'

'သူတို့ အစီအစဉ်ကို မင်းပုဂ္ဂိုလ်ဆီက မင်းသိထားတယ်လို့ သူတို့ သိကြသလား'



'အင်း'

'ဒါကို အစိုးရကကော သိမယ်လို့ မင်းမထင်ဘူးလား'

'သိနိုင်ပါတယ်'

'ဒါက အတော်သေချာတာပဲ မဟုတ်လား၊ မင်းနဲ့မင်းပုဂ္ဂိုလ်က သိပ်နီးစပ်တယ်ဆိုရင်လေ နှစ်ဖက်စလုံးက သိကြမှာပဲ မဟုတ်လား'

'သေချာတာပေါ့'

မူရေးက ကုလာင်ပေါ်မှဆင်း၍ ဘောင်းဘီကို ဝတ်လိုက်သည်။ တရုတ်တပ်မှန်ကို သွားဖွင့်သည်။ ညက အေးလှသည်။ မီးကရက်ကို သောက်ရင်း အမှောင်ထဲသို့ ငေးကြည့်နေမိသည်။ သူမဘက်သို့ ပြန်လှည့်လိုက်သည်။

'မင်းဆီကို တစ်ယောက်ယောက် ချဉ်းကပ်ခဲ့သေးသလား'

'ဒီကို ရောက်မလာခင် ကာလူကတ္တားမှာ လူတစ်ယောက်ကို တွေ့ခဲ့တယ်'

'မင်း ဘာဆိုလိုတာလဲ၊ သူ့ကို မင်းမြင်လိုက်တာလား၊ သူက မင်းနောက်ကို လိုက်နေတာလား'

'ဟိုတယ်မှာ သူရှိတယ်၊ ကျွန်မကို သူရှာနေတာပဲ'

'ဒါကြောင့်မို့ ဒီကို မင်းလာခဲ့တာလား'

'ဟုတ်တယ်'

'ဒီမှာ....'

'ဒီအကြောင်းကို ဆက်မပြောပါနဲ့တော့ရှင်၊ အလင်းရောင် လာနေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို မင်းလာတာ သူတို့ မသိကြဘူးလား'

'ဒီအကြောင်းကို ထပ်မပြောပါနဲ့တော့ ရှင်ရယ်....'

\+ × +

## ဇာတ်လမ်းစဉ်(၁၀)

နောက်တစ်နေ့ မွန်းတည့်ချိန်ဝယ် မစ္စကွန်တန်၏ အိတ်များကို ရှေ့ခန်းတွင် အုံးကြွစွာ တွေ့လိုက်ရသည်။ သူမက အားပွဲကို ပတ်ထွက်နေသည်။ ယခုမှုဟို၍ ကလေးထိန်းနှင့်တူနေသည်။

'ကျွန်မ သိတာပေါ့၊ မြန်ရောက်ခဲ့ရပြီဆိုတာလေ၊ ရယ်ရာမကောင်းဘူးလား။ ကျွန်မ ဟိုကိုရောက်တော့ ကျွန်မ သူငယ်ချင်း မာဂရက်ဟာ ကိုယ်ပူရှိန် သိမ်ဘက်နေတယ်၊ ဂျာမန်ဝက်သက်ရောဂါပါပဲ ဆိုတာ ကျွန်မ ချက်ချင်း သိလိုက်တယ်လေ...'

'...ကျွန်မပြောမှ အဲဒီက ဆရာဝန်က ရောဂါကို သိတာရှင်၊ နေ့ချက်ကလေးက သိပ်သာယာတာ၊ မစ္စက်အားတ်ရဲ့ အခဆောင်ကိုတောင် ပြောင်းနေဦးမလို့ပဲ၊ ဒါပေမယ့် မဖြစ်ဘူးလို့ တွေးမိပြီး ဒီကိုပြန်လာတာပဲ'



'အတော်ဆိုးတာပဲ'

'ကျွန်မ ရိုက်လာတဲ့ ဓာတ်ပုံတွေကို ပြဦးမယ် မစ္စတာမူခရး၊ နောက်မှပေါ့နော်'

မူရေးက ဆက်လျှောက်သွားသည်။ အက်(စ)တယ်လီ ပြောခဲ့သည့်အဖြစ်နှင့် မိမိမည်သို့ အကူအညီပေးနိုင်မည်ကိုသာ တွေးနေမိသည်။ သူမထံသို့ သွားခဲ့သေးသော်လည်း တံခါးပိတ်ထား၍ မတွေ့ခဲ့ရ။

သူမအား ရှာတွေ့ပါက လုပ်ကြံသူတို့က သတ်ပစ်ပေလိမ့်မည်။ သူမ၏ ပုဂ္ဂိုလ်အား သတ်ပစ်ခဲ့ပြီးနောက် ဇာတ်လမ်းရှင်းရေးအတွက် သူမကို ရှာနေမည့်မှာ သေချာလှသည်။ သူမအား ရှင်းပစ်နိုင်သည့်အထိ သူတို့လှုပ်ရှားမှုကို ရှေ့ဆက်တိုးဦးမည်မဟုတ်။ ဤအကြောင်းကို ညက သူမ တည်ငြိမ်စွာပင် ပြောပြခဲ့သည်။

သူမတွင် အမြင်မှားနေခြင်းမျိုး ရှိသည်ဟု သူ မထင်ပါ။ ငနဲမမှာ မတုန်မြန်နိုင်အောင် မလှုပ်ရှားနိုင်လောက်အောင် ကြောက်ရွံ့နေရှာသည်။ မူရေးမှာ တွေးရင်း ထိတ်လန့်လာ၏။ သေဘေး ပင်လာသည်။ သို့သော် အဖြေကိုတော့ ရှာမတွေ့။

သူက ပိုသိရန် ကြိုးစားသော်လည်း သူမက ရှောင်ဖယ်နေခဲ့ပြန်သည်။

ကားက ဟိုတယ်ဝန်းထဲသို့ ဝင်လာပြီး အပေါက်ဝတွင် ရပ်လိုက်သည်။ လှနေသည့်အပြုံးရောင်စော်စုံနှင့် သူမအား တွေ့ရသည်။ သူမ နောက်သို့ မူရေးက လှေခါးထိပ် အထိ လိုက်လာသည်။

www.burmeseclassic.com



'အက်(စ)တယ်လီ ကိုယ်က မင်းကို အိပ်နေတယ်ထင်တာ'

သူမက ဖျတ်ခနဲ ကြည့်လိုက်သည်။

'ဘာကိစ္စလဲ'

'အခေါ်ကိုသာ တက်စမ်းပါကွာ'

သူမ၏ အခန်းသို့ ရောက်သည့်အခါ အက်(စ)တယ်လီက စီးကရက်ကို မီးညှိသည်။ အိတ်ကို ဖွင့်ကာ အမှတ်တမဲ့ လေသံမျိုးဖြင့် ပြောလိုက်သည်။

'ကျွန်မကို နှင်ထုတ်တဲ့ အမိန့်ရနေပြီ၊ ကျွန်မကို ခုပဲ ပေးလိုက်ကြတယ်'

'ဘာကွ'

သူမက ကြိုးစား၍ ရယ်လိုက်သည်။

'ဒါပထမအကြိမ် မဟုတ်တော့ပါဘူးလေ'

'ဘာကြောင့်လဲ'

'ထုံးစံအတိုင်းပေါ့၊ လက်ရှိနေထိုင်ပုံအပေါ် မလိုလားအပ်လို့ပေါ့'

'မင်းက ခြောက်လနေလာက်နေပြီးမှ ခုဘာဖြစ်လို့ ပြုံးစားကြီး လုပ်ရတာလဲ'

'ပြန်မေးဖို့ကတော့ အချိန်ကုန်မှာပဲ၊ သူတို့က ပြောမှာလဲ မဟုတ်ဘူး၊ အလင်္ကာသတွေ ထုတ်ဖို့ သူတို့ အခွင့်အရေး တောင် ရသွားဦးမယ်'

'ဘယ်က ပေးတာလဲ'

'အစောင်းဝန်မျှားရုံးကို ခေါ်ပေးတာပဲ'

'အချိန်ဘယ်လောက်ပေးသလဲ'



'သုံးရက်'

မူရေးက သူမဘက်ကပ်သွား၏။ ပုခုံးလေးကို ဖက်လိုက်သည်။ သူမက ခေါင်းကို ဖယ်ထားလိုက်သည်။ နှစ်ယောက်သားကြားဝယ် ပြောမထွက်သည့် စကားတို့ ရှိနေကြသည်။

'ကိုယ် ကိုယ်တိုင် မကြာခင် ထွက်သွားတော့ဖို့ မျှော်လင့်သားတယ်လို့ ကိုယ်ပြောခဲ့တယ်နော်၊ မင်းကိုပါ ခေါ်သွားနိုင်တယ်၊ ဒါပေမယ့် ....'

'ကျွန်မ သိပါတယ်'

'ဒါကို မဟုတ်ဘူး'

သူမအား ရန်စလိုက်မိသလို မူရေး ခံစားမိသည်။

'ဒီမှာ ကလေးရယ်၊ မင်းကို ခေါ်သွားချင်တယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကိုယ့်ကို ကြည့်စမ်းပါဦး၊ မခေါ်သွားနိုင်တာက မင်းနဲ့ မဆိုင်ဘူး'

သူမက သူ့အားဖက်လိုက်သည်။ သူကလည်း ပြန်ဖက်ထားလိုက်သည်။

'ဒီမှာ ကိုယ့်မိတ်ဆွေ တစ်ယောက်ရှိတယ်၊ သူတစ်ခုခု တော့ တတ်နိုင်လိမ့်မယ်'

သူမက ရှုန်းထွက်လိုက်သည်။

'ဒုက္ခ မခံပါနဲ့ရှင်၊ ရှင်သက်သက် အချိန်ဖြုန်းနေတာပဲ'

'သူ့ကို ကိုယ် ခုပဲ သွားတွေ့မယ်၊ ဘယ်သူသိမှာမို့လဲ'

'ဘယ်လိုကောင်းလာမှာမို့လဲ'

သူမ၏ နှုတ်ခမ်းကြားမှ စီးကရက်မှာ စကားပြောလိုက်တိုင်း အပေါ်တက် အောက်ဆင်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ရက်ပိုနေခွင့်ပဲ တတ်နိုင်စရာ ရှိပါတယ်လေ'

'ဒီအမိန့်ကို ပယ်ဖျက်ပေးဖို့ လုပ်ချင် လုပ်နိုင်စရာရှိတ…'

'အဲဒီတော့ ကျွန်မ ဘာတတ်နိုင်တာ ရှိမှာလဲဟင်၊ ဘာ… ရမှာလဲ'

'ဒီစာကို မရခင် မင်း ဘာလုပ်ဖို့ မျှော်လင့်နေသလဲ'

'မျှော်လင့်တယ်၊ ဟုတ်လား…. ရှင် ရယ်စရာ ပြောတာ…'

'စိတ်မပျက်စမ်းပါနဲ့ကွာ'

'အရက် တစ်ခွက်လောက်သာ ပေးစမ်းပါရှင်'

'ကိုယ်သိတဲ့ လူနဲ့ ကြိုးစားကြည့်ဦးမယ်'

'ကျွန်မသိတဲ့ လူတွေ အများကြီး ရှိပါတယ်၊ ဒါပေမယ့် သူတို့က ပယ်ဖျက်ပေးတဲ့အထိတော့ တတ်နိုင်ကြမယ် မထင်ဘူး'

'ဒီစာကို ဘယ်သူ အမိန့်ထုတ်တာလဲ'

'အဲဒါက ဘာဖြစ်မှာမို့လဲ၊ အမိန့်က ပြောင်းလဲမှာ မဟုတ်ဘူး…. ကျွန်မ သွားဖို့ပဲ ရှိတော့တယ်'

'မင်းက ပြန်ပြီးတော့ ဆင်ခြေလွှား ဘာလေး မပေးတော့ဘူးလား'

မူရေ၏ စကားကို သူမ ကြားပုံ မရတော့ပါ။ အခန်းအနှံ့ကိုသာ လျှောက်ကြည့်နေသည်။ ပြီးတော့မှ—

'ကျွန်မ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ၊ အပြင်ဘက် တစ်နေရာရာမှာတော့ အားလုံး ငြိမ်နေပုံရတယ်၊ ညမှာ ကြယ်တွေလည်း မရှိဘူး လေလည်းမတိုက်၊ ဆီးနှင်းတွေလည်း မကျဘူး၊ လက်ရန်းကို လာထိတဲ့ လှိုင်းသံတွေကိုတော… မကြားရဘူး….'



'….ကျွန်မတို့အပေါ် ဆင်းလာမယ့် ဇင်ယော်ငှက်ကလေးတွေလည်း မရှိဘူး၊ ဘယ်အချိန်ရှိပြီလဲ မာလိန်မှူးကြီး၊ မနက် ခြောက်နာရီလား…. သန်းခေါင်ကျော် နှစ်နာရီလား….'

'….နေကြာ ခန်းစည်းက ချုလိုလည်း မရ၊ တင်လို့လည်း မရဆိုတော့ ဒီသင်္ဘော ဘယ်လို ဖြစ်နေ…လဲ …လိန်မှူးကြီး၊ သင်္ဘော အားလုံးကတော့ နိဗ္ဗာန်ကို သွား…ကြတာပဲ၊ ဒီ သင်္ဘောကတော့ ကျွန်မတို့ မပါပဲ သွားတော့မှာလား'

'မင်း အခြေချနိုင်တဲ့ တစ်နေရာတော့ ရှာတွေ့နိုင်တာပေါ့ကွာ'

'အခြေချနိုင်တဲ့ တစ်နေရာ၊ ဒီနေ့ရာကလေးတဲ့ သေဖို့ တစ်နေရာ နောက်ဆုံး တွေ့နိုင်တဲ့ တစ်နေရာ… ရှင်ဘယ်တော့ သွားပြီး၊ ဒီကို ပြန်လာနိုင်ဦးမှာလည်း၊ ဒီက သွားရင် ဘာတွေ ဖြစ်မှာလဲ၊ ဒါကိုသိရဲ့လား၊ ရယ်စရာတော့ ကောင်းမှာ မဟုတ်ဘူး…. ဒီအကြောင်းကိုကော စဉ်းစားရဲ့လား'

'ကိုယ်သိပါတယ်ကွာ၊ မင်း လုပ်တတ်ပါတယ်၊ လုပ်နိုင်မှာပါ'

'အခြားနေရာမှာ တခြား လူတွေနဲ့လား'

'ကိုယ့်ရုပ်ကိုယ့်ရွာကို မင်း ဘာ့ကြောင့် မပြန်တာလဲ'

'ကိုယ့်ရုပ်ကိုယ့်ရွာ၊ ဟုတ်လား။

'အက်(စ)တယ်လီ၊ နားထောင်စမ်းပါဦး။ နေဘ်…ဟုတ်လား။ မင်း မနေ့ညက ပြောပြခဲ့တာတွေလေ၊ …ိုင်းနဲ့ ဟိုဗုဂ္ဂိုလ်ကြီး ဆိုတာလေ။ အဲ့ဒါ သိပ်မကောင်းဘူး၊ မင်းသံတိ

www.burmeseclassic.com



ထားဖို့လိုတယ်၊ အဲဒါတွေကို မင်းဘာဖြစ်လို့ မရှင်းတာလဲ'

သူမက ရယ်လိုက်သည်။ ခေါင်းကိုရမ်းသည်။

'သိပ်နှောင်းသွားပြီ၊ အရာ အတော်များများ အတွက် အချိန် အတော်များများ နောက်ကျသွားပြီ'

'မင်းရူးနေတာပဲ'

သူမက လျှောက်လာပြီး မူရေး၏ ပုခုံးပေါ်သို့ လက်ကို တင်လိုက်သည်။

'ရှင်ဟာ ယောကျ်ားတွေထဲက ယောကျ်ားပါပဲ မာလိန်မှူးကြီး၊ ဘာမဆို ကောင်းမယ်ဆိုယင် ကျွန်မကောင်းချင်ပါတယ်'

'မင်းကလေးက ကောင်းပါတယ်ကွာ'

သူမက ခေါင်းကို ဖယ်လိုက်၍၊ သူ၏ အနမ်းက ပါးပြင်ပေါ်သို့ တင်လိုက်သည်။ ထို့နောက် သူမက မျက်နှာကို ပြန်လှည့်၍ မူရေး၏ နှုတ်ခမ်းကို နမ်းသည်။ ထို့နောက် မူရေး အပေါ်မှ ခွာကာ ထွက်သွားပြီး ကျောခိုင်းကာ ထိုင်နေသည်။

'ကိုယ်ပြန်လာခဲ့မယ်'

မူရေးက ပြော၍ ထွက်သွားသည်။

ညနေပိုင်း နေလုံးကြီး၏ မီးတောက်ပမှုကြောင့် တောင်ကြားတစ်ခုလုံး၊ အပြန့်ကျယ်လှသည်။ ရုပ်ရှင်ရုံကို ဖြတ်၍ ပက်ဘန်သွားရာလမ်းမှ မြစ်ဆီသို့ လျှောက်သွားသည်။

သူ ဘာလုပ်ရမည်ကို သူမသိ။ လမ်းကိုလည်း မမြင်။ အသွားအလာများကိုလည်း သတိမမူမိ။ အက်(စ)တယ်လီ



ကိုသာ မြင်ယောင်နေမိသည်။ သူက သူမအား နှလုံးသားရှိသလို ပြောဆိုခဲ့သည်။ မိုးရွာသည့် ညက အပေါ်ထပ်ဝယ် လမ်းလျှောက်နေပုံနှင့် ယနေ့ ရယ်မောခဲ့ပုံကို တွေးမိသည်။

အတွင်းဝန်ရုံးရှိ ထစ်ယောက်ယောက်ကို သူရှင်းပြနိုင်ခဲ့ပါလျှင်မူ....။ အသုံးဝင်မည် မဟုတ်ကြောင်း သူသိပါသည်။ ကောင်းလာနိုင်စရာ မရှိ။ သူဝင်ရောက် စွက်ဖက်မှုက သူမအား အန္တရာယ် ပေးရာ ရောက်နိုင်သည်။ သူတို့ကကော၊ သူမအတွက် ဘာများ ပိုလုပ်ပေးနိုင်ပါမည်နည်း။

ဤအမိန့်စာ ပယ်ဖျက်ရေးအတွက်၊ မည်သူအား၊ လာဘ်ထိုးရမည်ကို ခါလီ သိနိုင်သည်။ သို့သော် ယခု အချိန်ဝယ်၊ ခါလီအား သွားတွေ့ရေးမှာ အလွန် အန္တရာယ် ရှိလှသည်။ ဤစိတ်ကူးအတိုင်း အကောင်အထည် ဖော်ကြည့်ရန် ထွက်လာခဲ့သော်လည်း ဖြစ်နိုင်ချေ မရှိ၍ လှည့်ပြန်ခဲ့သည်။

ရုပ်ရှင်ရုံ ရှေ့ရှိ မာလကာသီးသည်၏ နောက်၊ လမ်းဘေးလူတစ်ယောက်အား ဆောင့်ကြောင့် ထိုင်နေသည်။ ထိုသူက နတ်များနှင့် ဘီလူးများ၏ စက္ကူ မျက်နှာဖုံးများကို ရောင်းလျက်ရှိသည်။

မူရေး အနီးသို့ ရောက်သွားချိန်ဝယ်၊ ထိုသူ၏ အကြည့်ကို တွေ့လိုက်သည်။ ထိုသူကစီတိုးတိုး ပြောလိုက်သည်။

'မစ္စတာမူရေး.... ရပ်ပြီး ကြည့်နေပါ'

ဖြတ်သွားဖြတ်လာက တစ်ယောက် နှစ်ယောက်မျှသာ ရှိသည်။ အများစုမှာ လမ်း၏ဟိုဘက်ခြမ်းတွင်ဖြစ်သည်။ ထိုသူ

www.burmeseclassic.com

www.burmeseclassic.com



မှာ သေနတ် သို့မဟုတ် ဓားကို ရှာမနေသလား ဟူသကဲ့သို့ သူကကြည့်သည်။

ထိုသူက ပုသည်။ မျက်နှာက ကြမ်းသည်။ အနက်ရောင် အပေါ်အင်္ကျီ၊ ဦးထုပ်နှင့် အပြာရောင် ဘောင်းဘီကို ဝတ်ထားသည်။ ပြုံးနေသော သူ၏ သွားတို့မှာ ကျိုးပဲ့လျက် ရှိသည်။

'ဒီမှာရပ်ပါ၊ မျက်နှာဖုံးတွေကိုကြည့်နေ၊ သတင်းပါလာတယ်၊ဒီမျက်နှာဖုံးကိုကြည့်၊ မစ္စတာခါလီ ဆီက သတင်းပါတယ်၊ ဘယ်ဟာအဓိရက်'

'ဘာ'

'မစ္စတာခါလီကပြောတယ်၊ ဘယ်ဟာအဓိရက်တဲ့'

သူက မျက်နှာဖုံးတစ်ခုကို ထောင်ပြသည်။ မှုရေးက ယူကြည့်သည်။

'ဒီဟာကို ဝယ်လိုက်ပါ'

မှုရေးက ထိုသူကိုသာ ကြည့်နေသည်။

'ဘာမှာလိုက်သလဲ'

'ဒီမျက်နှာဖုံးကို ဝယ်လိုက်ပါ၊ စာကိုပေးပါ့မယ်'

'ကောင်းပြီလေ'

မှုရေးက အခြားမျက်နှာဖုံးတစ်ခုကို လက်ညှိုးထိုးပြီး ယူလိုက်သည်၊ မျက်နှာဖုံးနှစ်ခုကို နှိုင်းယှဉ်ကြည့်နေသည်။ နောက်ဆုံးတော့ တစ်ခုကို ယူလိုက်ပြီး သဘောကျသ ခေါင်းညိတ်သည်။



ပိုက်ဆံပေးလိုက်သည်။ ဈေးသည်က ပိုင်ငွေပြန်အမ်းသည်။ ပ်တန်ဘတ်ရှက်တွင် စာရွက်ကလေးတစ်ခု ညှပ်ပါလာသည်။

မှုရေးက ပိုက်ဆံကို အိတ်ထဲထည့်ပြီး မျက်နှာဖုံးအား င်းကြားညှပ်ကာ ထွက်ခဲ့သည်။ ဟိုတယ်ရောက်သည်နှင့် အ းသို့ဝင်ကာ တံခါးကို ပြန်ပိတ်သည်။ ပိုက်ဆံကို ထုတ်သည်။ ာရွက်ကို ယူသည်။ ကလေးဆန်သော လက်ရေးဖြင့် ရေး ားသည်။

'အားလုံးပြင်ဆင်ပြီး၍ မနက်ဖန် ငါးနာရီခွဲတွင် ဆိုရက် ီးရောက်မည်။ ဟိုတယ်နောက်ဘက် နံရံပျက်တွင် ကား မားနှင့် တွေ့ပါ။ ငါးနာရီ။ ယာဉ် ကားသမားပင်ဖြစ် ည်။ ကံကောင်းပါစေ'

စာတွင် လက်မှတ်မပါ။ နောက်ဆုံးတော့ ဆိုရက်စကီး ာက်လာပြီပဲ ဖြစ်သည်။ လေယာဉ်ကို ဖြင်ပြီးခဲ့ပြီ၊ စာရွက်ကို ားလိမ်ခွက်တွင် ထည့်ကာ မီးရှို့သည်။ ပြာများကို မီးခြစ် ဖိကာချေလိုက်သည်။

သူက လအာဆောင်သို့ ထွက်ရပ်ကာ တွေးနေမိသည်။ ဆင်မြေပြီဟု မျှော်လင့်မိသည်။ ဘို(စ)၏ အစီအစဉ်တစ် မဟုတ်ရန် မျှော်လင့်ရသည်။ သူဘာတတ်နိုင်မည်နည်း။ သ၏ စာပါအတိုင်းသာ လုပ်ရပေတော့မည်။

သူက်ခေါင်းမိုးပေါ်တက်၍ အက်(စ)တယ်လ၏ ခန်းမ ဆောင်သို့ သွားသည်။ ဓာတ်စက်အသံကို ကြားရသည်။ တံ ကို ခေါက်လိုက်သည်။

'ဝင်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမက လှည့်လာသည်။ သူမမြင်ဖူးခဲ့သည့် ထိုင်းပိုး... ညဝတ်အင်္ကျီကို သူမက ဝတ်ထားသည်။ သူမ အတော်လှ... သည်ဟု ထင်မိသည်။ မူရေးက သူမထံသို့ လျှောက်သွားသ...

'ကိုယ်မနက်ဖန် သွားတော့မယ်၊ ဒါပေမယ့် မင်းအတွက်... ကိုယ်ပြန်လာခဲ့မယ်'

သူမက မူရေးအား အတန်ကြာ စိုက်ကြည့်နေရှာသည်။

'ကိုယ် ပြန်မလာခင် မင်းမသွားပါနဲ့ဦး အက်(ဓ)တယ်လ...

× × ×

ဇာတ်လမ်းစဉ် (၁၁)

ညက မိုးရွာခဲ့၍ ဟိုဘယ်ပန်းခြံအစပ်ရှိ ပေါင်းမြက်အ... များ ချုံပုတ်များမှာစွတ်စိုလျက် ရှိသည်။ နံ့ရုံတွင် တွေ့ရေ... အပေါက်မှဖြတ်ကာ မှောင်မိုက်သော လမ်းထဲသို့ ဝင်လို... သည်။

မည်သည့် ကျစ်ကားမှမရှိ။ ချိန်းဆိုသည်မှာကျနေရာ... နံရံကိုမှီ၍ စောင့်နေလိုက်သည်။ မည်သူမျှ ရောက်မလာပ... သို့ဖြင့် ကင်း(စ)ဈေးလမ်းဆီသို့ လျှောက်၍ ဟိုဟိုဒီ...



လျှောက်ကြည့်ကာ မူလနေရာသို့ ပြန်လာခဲ့သည်။ (၅း၁၅) ရှိပြီဖြစ်သည်။

ငါးမိနစ်အကြာ ဝယ် လမ်းထိပ်၌ ရုစ်ကားကို မြင်ရပြီး သူ့ဆီသို့ ရောက်လာသည်။

'ဘယ်လို ဖြစ်တာလဲကွ မိနစ်နှစ်ဆယ် နောက်ကျနေပြီ'

'ကားစက်နိုးလို့ မရလို့ပါ'

ကားသမားက ပုခုံးတွန့်ကာ ဖြေသည်၊ အမားပင် ဖြစ်သည်။

'မင်း ခုမှ အိပ်ရာက ထလာတာပဲ၊ ကဲ....အမြန်ဆုံးသာ မောင်းပေတော့'

မူရေးက လက်ဆွဲအိတ်ကို ကားထဲပစ်တင်သည်။ ထို့နောက် ခရီးစကြသည်။

'ဘယ်လိုဖြစ်တာလဲ'

အမားက မဖြေ။

'ကား ဘာဖြစ်တာလဲလို့ မေးနေတယ်လေ'

'ခါတ်ဆီမလာဘဲ ချေးပိတ်နေလို့ပါ'

'ဒီလိုပဲ ဖြေတော့မှာပေါ့လေ'

အမားက ကားကို ဟိုတယ်ဝင်ပေါက်ရှေ့မှ မဖြတ်၊ ဘေးလမ်းတစ်ခုမှသာ ဖြတ်ထွက်သည်။ မိုးတိတ်သွားပြီဖြစ်သော်လည်း ချမ်းအေးလှသည်။ မြူနှင်းများပင်လျှင်မရှိ။

အလင်းရောင်ရစပြုလာပြီဖြစ်သည်။ လမ်းတွင် မြို့ဘက်သို့ သွားနေသည့် ကုန်တင်ကား နှစ်စီး သုံးစီးမျှကို တွေ့ရသည်။ မူရေးမှာ နောက်ကျမှုအတွက် သောက်ရောက်နေသည်။ မိမိ

www.burmeseclassic.com



တို့အား မခတ်ပါက ဆိုရက်စကီး မည်သို့လုပ်မည်နည်း။ ချိန်းဆိုချက် လွဲပြီဟု ထင်ပြီလော။

'ဒီထက် မြန်မြန် မိုးမောင်းလို့ မရတော့ဘူးလား'

အားကာ ပုခုံးတွန့်သည်။

'ခတ်ဆီက ကောင်းကောင်းမလာဘူး'

'လမ်းမှာများထိုးရပ်နေဦးမလားကွာ'

အနေ့ဆီဝယ် အသင်းရောင်ဒေါ်ပါလာချိန်၌ လေဆိပ်ဟူသော ဆိုင်းဘုတ်ကို ဖြတ်ကျော်မိသည်။ လမ်းသွယ်လေးထဲသို့ ချိုးဝင်လိုက်သည်။ ကွင်းစပ်ရှိ အဆောက်အအုံနှင့် မလှမ်းမကမ်းဝယ် ကားကိုရပ်သည်။ လေယာဉ်ကို မှုရေးမြင်လိုက်သည်။

'သူရောက်နေပြီ၊ သူပဲမဟုတ်လား၊' 'ဟုတ်တယ် သူပဲ'

စီ-စီသုံး အမျိုးအစား မီးခိုးရောင် လေယာဉ်ဟောင်းကြီး တစ်စီးဖြစ်သည်။ အဆောက်အအုံရှိရာ ကျဘက်အခြမ်း၏ လေယာဉ်ကွင်းစပ်တွင် စက်သတ်ကာ ရပ်နေသည်။ မှုရေးက ကားလမ်းကို ရှေ့ကောနောက်ပါ အကဲခတ်ကြည့်သည်။ လူသူ ကင်းရှင်းနေသည်။

'ဒီမှာစောင့်နေ'

မှုရေး ကားပေါ်မှဆင်း၍လေယာဉ်ရှိရာဘက်သို့လျှောက်သွားသည်။ လမ်းတစ်ဝက်မျှအရောက်ဝယ် လေယာဉ်မောင်းခန်းမှ လူတစ်ယောက် ထွက်လာပြီး ခုန်ဆင်းလိုက်သည်။

'ဟိုင်း...ဆိုရက်စကီး'

'ဟိုင်း'



'ခင်ဗျား ဒီရောက်လာတာ ဘုရားတရား ကျေးဇူးပဲ... ဒက္ကားကို လိုက်လာပြီး ပစ္စည်းတွေယူရတော့ အောက်မေ့နေတာ'

'ဟုတ်တာပေါ့'

'စောင့်နေရသေးလား'

'ခုပဲ ရောက်စပဲ ရှိသေးတယ်'

'အဆင်ပြေရဲ့လား'

'ကျွန်တော့်ဘက်ကတော့ ပြေပါတယ်၊ ခင်ဗျားဘက်ကကော'

'ကောင်းပါတယ်...ပစ္စည်းတွေပါတယ်နော်'

'ဟာ...ဒြော်...ပါတာပေါ့'

ဆိုရက်စကီးမှာ သွယ်သောကိုယ်လုံးရှိသည်၊ အသက် သုံးဆယ်မျှ ဖြစ်သည်။ နဖူးပေါ်သို့ ဆံပင်များက ဝဲကျနေသည်။ အားရပါးရ ပြုံးတတ်သည်။ အပြုံးမှာ စိတ်ရှင်၍မြူးခြင်းမျိုးထက် အကျင့်တစ်ခုနှယ် ဖြစ်နေခြင်းက ပိုသည်။

သူက သားရေဂျာကင် ဆွယ်တာပွပွသာမန်ဘောင်းဘီရှည်နှင့် လေယာဉ်မောင်းဦးထုပ်ကို ဆောင်းထားသည်။ ကိုယ်ကိုညွတ်ကာ လက်ခြင်းပွတ်သပ်လျက်ရှိသည်။

လေရူးတစ်ချက်က သူတို့အပေါ်သို့ မိုးစက်ကလေးများကို ကြဲချလိုက်သည်။

မှုရေးက အဆောက်အဦရှိရာသို့ ခေါင်းဆတ်ပြသည်။ နှစ်ယောက်သား အမိုးအောက်သို့ ရောက်သွားကြသည်။

'ဒီရာသီဥတုက အဆင်ပြေပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'ပြေပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ စီးကရက်တစ်လိပ်လောက် ပေးစမ်းပါဦး'

'ဆိုရက်စကီး ခင်ဗျားလေယာဉ် ဟိုကိုသွားပြီး ဒီကိုပြန်လာဖို့ ခါတ်ဆီလောက်ပါ့မလား'

'ဘယ်ကိုပြန်လာဖို့...ပြန်ရမှာက'

'ဒီကိုပြန်မယ်...ဒီကိုကျွန်တော် ပြန်လာဖို့ရှိနေတယ်'

ဆိုရက်စကီ က မူရေးအား ကြည့်လိုက်သည်။ စီးကရက်အား လက်ခုပ်ကြားထားကာ မီးညှိသည်။

'ဘာသဘောလဲဗျ...ဒီကိုကျွန်တော်တို့ ပြန်လာဖို့မှမဟုတ်တာ'

'အင်....ကျွန်တော်တို့လာရမယ် ကျွန်တော့်မှာ မပြတ်သေးတဲ့ကိစ္စတစ်ခုကြောင့် ဒီကိုပြန်လာရမယ်'

'မဖြစ်ဘူးအက်...အစီအစဉ်က ဒီလိုမဟုတ်ဘူး ဘာအတွက် ခင်ဗျားက ပြန်လာချင်ရတာလဲ'

'ခင်ဗျားကို ကျွန်တော်ပြောခဲ့ပြီးပြီပဲ ကဲ ခုကျွန်တော် ပြောတဲ့အတိုင်း လုပ်မှာလား'

'ကျွန်တော့်ခေါင်းထဲမှာ အမိန့်တွေ အကုန်လုံးရှိနေတယ် ဒါပေမယ့် ဒီကိုပြန်လာဖို့ဆိုတာမပါဘူး ကျွန်တော်တို့သွားရမှာက'

'ဒီမှာဆိုရက်စကီး အမိန့်ကို ကျွန်တော် ပြောင်းတယ်ဗျာ ဒီကိုပြန်လာဖို့ ကျွန်တော့်မှာ အရေးပေါ် အကြောင်းရှိတယ် ခင်ဗျားမှာ ခါတ်ဆီလောက် မလောက်ကိုသာ ပြောစမ်းပါ'

ဆိုရက်စကီးမှာ ဤအစီအစဉ်ကို သဘောကျခြင်းမရှိသည်



ဟာ ထင်ရှားလှသည်။ သူ၏အမြုံးမှာ ပျောက်ကွယ်သွားသည်။ ကိုယ်ကိုကုန်း၍၊ စီးကရက်ကိုသာ ဖွာနေသေးသည်

'ကျွန်တော်တို့ ဒက္ကားကိုပြန်ရမှာပါ တခြားနေရာကို ပြန်ရမှာပါ'

'ခင်ဗျားပြန်ချင်တဲ့ နေရာသွားပြန် ကျွန်တော့်ကိုတော့ ဒီမှာပဲချထားခဲ့ရမယ်'

'ဒါပေမယ့်'

'တော်တော့ဗျ ခါတ်ဆီလိုသလား မေးခွန်းကိုတိုက်ရိုက်သာဖြေ'

'အသွားအပြန်ခရီး ကို ခါတ်ဆီမပြည့်ဘဲ ကျွန်တော်တို့ သွားလို့မရဘူး'

'ဒါအဖြေပဲပေါ့ လေယာဉ်ကို ဆီဖြည့်ဖို့ ကျွန်တော့် လူတစ်ယောက် ဒီမှာရှိနေမယ်'

မူရေးက အမားထံသို့ အပြေးတစ်ပိုင်း မျှားသွားတော့သည်။ အမားမှာ ကိုယ်ကိုကြုံ့၍ ကုတ်အကျီကော်လာ ထောင်ကာထိုင်နေသည်၊ မိုးကမရွာပါ၊ အမားသည် တစ်နေ့ ရာသုင် ရပ်ခနေခဲ့၍၊ ဤပုံစံသို့ ရောက်နေခြင်းဟု မူရေးတွေး လိုက်မိသည်။

'အေးတယ်ဗျ'

လေလိုရာသို့ ရောက်ခဲ့ပြီးမှ၊ လေဟာပြင်ဆီသို့ ပြန်ရောက်သည့်နယ်၊ အမားကပြောလာသည်။

'ဟုတ်တယ်'

မူရေးက အမားအား စိုက်ကြည့်သည်။ အမားသည် မကျေ

www.burmeseclassic.com



မနုပ်ပြောခြင်းမျိုး၊ ယခင်က မရှိခဲ့။ မိမိ ဘာလုပ်ရမည်နည်း။ ဤကိစ္စကို ခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။

'ဒီမှာ... ကျွန်တော်တို့ ခာတ်ဆီကား လိုတယ်... ခာတ်ဆီ လိုတယ်... သူ့ကို အမြန်ဆုံး သွားခေါ်လို့ ရမလား'

'ခာတ်ဆီတင် ကားလား... ရပါတယ်'

'အမြန်ဆုံးသာ သွားပေတော့... အချိန် မရှိတော့ဘူး'

'ကောင်းပြီ'

မူရေးက ဆိုရက်စကီးထံသို့ ပြန်သွားသည်။

'ခာတ်ဆီတင်ကားကို သွားခေါ်နေပြီ'

ဆိုရက်စကီးက ဘာမျှ မပြော။ ပြုံးလည်း ပြုံးမနေ။ ကားစက်နှိုးသံ ကြားရပြီး၊ မောင်းထွက် သွားသံကိုပါ ကြား ကြရသည်။ မူရေးက စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။

သူတို့က အမှုအကာရှိရာဝယ်၊ ဝင်ခိုနေကြသည်။ မူရေးမှာ ဂဏာမငြိမ် ဖြစ်နေသည်။ ရွာလာသည့် မိုးရေကြားမှ ဘာ ကိုမှ မမြင်ရ။ အခြား လေယာဉ်များ၏ အသံကိုလည်း မကြားရ၊ မတွေ့ရပါ။

'ဒီနေရာက သွားယင် နီးပါမလား'

'ဝေးတယ်... ခုနေ့ရာက ကွင်းစပ်မှာပဲ ရှိသေးတာ'

'လေယာဉ်ကို ပျံ ...ကိဖို့ဆိုတာ ဖြစ်ပါ့မလား ဆိုရက်စကီး'

'ဖြစ်တာပေါ့... ဒီလေယာဉ်က အားလုံးကို ဖြစ်နိုင်တယ်'

'မြေပုံတွေ့တော့ပါသလား'

'ယူလာပါတယ်'

'ပထမ တစ်ခေါက် မလာနိုင်တာ ဘာ့ယ်လို ဖြစ်တာလဲ'



'ဆီပိုက်တဲ့ စနစ်ကြောင့်ပါ... စက်ပြင်ဆရာ ရှာမရတာနဲ့ ကိုယ်တိုင် ပြင်ခဲ့ရတယ်'

'ခု ကောင်းသွားပြီလား'

'အင်း... ကောင်းသွားပြီ'

'ဘယ်သူ လာအေးသလဲ... လေဆိပ်က ဘယ်သူတွေလာ သေးသလဲ'

'ဟင့်အင်း... အဆင်ပြေပါတယ်... ဒီမှာရှိတဲ့ မူယာက တောင်းပါတယ်'

စောင့်နေရသည်နှင့်အမျှ မူရေးမှာ စိတ်မရှည်နိုင်တော့။ မိုးက တိတ်သွားသည်။ ကားလမ်းလေးပေါ်သို့ မည်သူမျှ ရောက်မလာသလို၊ အမေား၏ ဂျစ်ကားကိုလည်း မတွေ့ရသေး။

'တောက်... ဒီလူ ဘာတွေများ လုပ်နေသလဲ မသိဘူး'

မူရေးက လမ်းဘက်သို့ လျှောက်သွားသည်။ ဂျစ်ကားကို မျှော်ကြည့်သည်။ စိတ်မရှည်သည့်အပြင်၊ တိုလည်း တိုလာသည်။ နောက်ဆုံးအချိန်ပိုင်း ကျကာမှ တစ်ခုခု ဖြစ်သည့် နည်းနှင့် ရောက်အောင် သွားဖို့ဆုံးဖြတ်သည်။

လမ်းပေါ်တွင်မူ သူမြင်နိုင်သမျှ အထိတော့ ဘာကားမှ မတွေ့ရ။ ဆယ်မိနစ်မျှ ရပ်ကာ စောင့်နေသေးသည်။ ထို့ နောက် ဆိုရက်စကီး ရှိရာသို့ ပြန်လာသည်။ ၄နာရီ ထိုးရန် ၁၆ မိနစ်သာလိုတော့သည်။

'ကျွန်တော်တို့ ပစ္စည်းတွေကို ဘယ်မှာ ချရမယ်ဆိုတာ သိပြီးပြီလား'

'အင်း... ဒီပစ္စည်းမျိုးတွေနဲ့၊ အဲ့ဒီနေရာကို ခြောက်ကြိမ်

www.burmeseclassic.com



လောက် ရောက်ဖူးပြီးပြီ၊ မိုးလေဝသဌာနက စကားအ
ဆိုယင်တော့ အောက်မြင်ကွင်းက ကောင်းနေလိမ့်မယ်’

‘အဲဒီအထိ ရောက်ဖူးသလား’

‘အင်း၊ ပစ္စည်းတောင်တစ်ခု မျှပေးဖူးသေးတယ်၊ ဒီမှာ
အက်..... ခုခရီးစဉ် အစမှာ မမှားစေချင်ဘူး၊ ဒီကို ပြန်လာ
လို့အပ်နေတယ် ဆိုတာလဲ ကျွန်တော် တွေးမရဘူး’

ခင်ဗျား တွေးမရပေမယ့်၊ ကျွန်တော်ကတော့ သိနေတ
ဒါပဲ ကောင်းပါတယ်’

‘အင်း၊ ကျွန်တော့် အတွက်တော့ မကောင်းပြန်ဘူး
လေယာဉ်ကို ကျွန်တော် မောင်းနေရတာမို့ ကျွန်တော်
အတွက် အလုပ်ပြီးယင်တောင် လျှောက်ပြန်လာဖို့ တင်းကျ
တဲ့ အမိန့်တွေ ရှိနေတယ်’

‘ခင်ဗျား ပြောတာ မှန်ပါတယ် ဆိုရက်စကီး၊ အမိန့်
ကျွန်တော် ပြောင်းလိုက်တာ တစ်ခုပဲ ရှိတယ်၊ ခင်ဗျားယာ
လေယာဉ်ကို ကျွန်တော် အမိန့်အတိုင်း မောင်းနေရတာ

‘ဘာသဘောလဲဗျ’

‘ကျွန်တော့်မှာ လုပ်စရာရှိလို့၊ ကျွန်တော် ရှင်းမပြနိုင်တာ
ကတော့ အမိန့်ရဲ့ တစ်စိတ်တစ်ဒေသပါပဲလေ’

‘မျက်စေ့မှိတ် လိုက်နာရမယ့် သဘောပေါ့၊ ဟုတ်သား’

‘သိပ်မှန်ပေါ့ဗျာ၊ ဒါကို ခင်ဗျား လုံးဝသဘောပေါက်ပါ
လုပ်ငန်းမှာ ကျွန်တော် ကျသွားယင် ခင်ဗျား လုပ်ချင်ရာသာ
လုပ်၊ ကျွန်တော် ဘာမှ မဖြစ်ဘဲ ဆက်လုပ်နေနိုင်ယင် ဒီကိစ္စ
ဘာမှ ဆင်ခြေ မတက်နဲ့တော့’



ဆိုရက်စကီးက ရှောင်ထွက်သွားသည်၊

‘ဒီခွေးမသား ဘယ်ရောက်နေသလဲ မသိဘူး’

မှုရေးက အမားအပေါ် မကျေနပ်စွာ ပြော၍၊ လမ်းဘက်
သို့ ထွက်လာသည်။ အဝေးမှ ဂျစ်ကားကို မြင်လိုက်သည်။
ကားရောက်လာသည်အထိ မှုရေးက စောင့်သည်။

‘ဘယ်တွေမျာ်း ရောက်နေရတာလဲကွာ’

‘ခါတ်ဆီတင်ကား အဆင်မပြေတယ်၊ လာနေပြီ’

‘ဘယ်လောက်ကြာဦးမှာလဲ’

‘ခုပဲလာနေပြီ’

အမားက ကားစက်ကိုသတ်၍၊ ခြေထောက်ကို ရှေ့သို့
ဆန့်ကာတင်လိုက်၏။

လေဆိပ်ဘွင်းသို့အက်(စ)အား သတင်းပေးသူရှိမည့်လော။
ရှိလျှင်တော့ အချိန်မရွေး ရောက်လာနိုင်ကြောင်း မှုရေး၊
တွေးလိုက်မိသည်။ သူကဆိုရက်စကီးထံသို့ ပြန်သွားသည်။

‘သွားကြစို့.....ကျွန်တော်တို့ ဒီနားမှာရှိနေယင် တွေ့သွား
နိုင်တယ် လေယာဉ်ကိုလှည့်တွက်ပြီးမှ ခါတ်ဆီဖြည့်ကြမယ်’

အမားက ၎င်းတို့အား ဂျစ်ကားပေါ်မှ ကြည့်နေသည်။
မှုရေးက ဆိုရက်စကီးနှင့်အတူ၊ လေယာဉ်ဆီသို့ ခြေဦးလှည့်
ကြသည်။

‘ဆိုရက်စကီး လေယာဉ်ထွက်လို့ရှိရင် အိန္ဒိယနိုင်ငံမြောက်
ပိုင်းကိုသွားတဲ့ ပုံမျိုး ဖြစ်အောင် အနောက်မြောက်ဘက်ကို
ဦးတည်ပြီး ထွက်ပါ အတော်ဝေးဝေးရမှ မြောက်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းပြောင်း ထိုငနဲက ကျွန်တော်တို့သွားတာကို စောင့်ကြည့်နေလိမ့်မယ်'

'ဘယ်ငနဲလဲ'

'ကားသမားလေ သူ့အတွက်ပြဿနာမရှိဘူးလို့ ထင်ခဲ့ပေမယ့် ခုမသေချာတော့ဘူး ခုမနက်သူလုပ်တော့လုပ်လိုက်ပြီကျွန်တော်တို့ အချိန်လင့်အောင် လုပ်နေတယ်လို့ ကျွန်တော်ထင်တယ်'

လေယာဉ်ဆီသို့ မှူဒရေးတို့ရောက်ချိန်ဝယ်၊ အမား၏ အော်ပြောသံကို ကြားလိုက်ရသည်။

'မာတ်ဆီတင်ကား လာနေပြီဗျို့'

ရင်းကားကို သူတို့မမြင်ပါ။

'စက်ကိုမြန်မြန်သာ နှိုး ဆိုရက်စကီး တစ်ခုခုဖြစ်တော့မယ်လို့ထင်နေတယ်'

သူတို့က လေယာဉ်ပေါ်သို့ တက်ကြပြီး ဆိုရက်စကီး၏ ဘေးခုံတွင် မှူဒရေးက ဝင်ထိုင်လိုက်သည်။ လှည့်ကြည့်သော်လည်းနေရာမှ ဂျစ်ကားကို မမြင်ရ။ ဆိုရက်စကီးက ဘယ်ဘက်စက်ကိုနှိုးလိုက်သည်။

'မြေပုံဘယ်မှာလဲ'

ဆိုရက်စကီးက မြေပုံအိတ်ကိုပေးသည်။ မြေပုံတစ်ခုပ်ကို ဆွဲထုတ်သည်။ တီဘက်နယ်စပ်နှင့် ကပ်လျက်၊ နီပေါနိုင်ငံ မြောက်ပိုင်းဒေသ မြေပုံဖြစ်သည်။ လက်ချောင်း နှစ်ချောင်းကို မြန်ကားစွာ တန်းထားသည့်နှယ်၊ နီပေါပိုင်နက်ကတီဘက် နယ်မြေထဲသို့ တိုးဝင်လျက်ရှိသည်။



အရှေ့သို့ တိုးထွက်နေသည့် လက်ချောင်းပုံ အခြေတစ်နေရာအား အပြာရောင်မင်ဖြင့် ဝိုင်းပြထားသည်။ အမည်က မ်ဟူ၍ဖြစ်သည်။ တီဘက်ပိုင်နက်နှင့်ဆိုလျှင်၊ မိုင်နှစ်ဆယ်မျှ ားသည်။

'ကျွန်တော်တို့ ဒမ်ကိုဆင်းတာမဟုတ်လား'

'ဟုတ်တယ် အဲဒီက တောင်ကြားထဲကိုပဲ'

'လေထုနဲ့ ချခဲ့တဲ့ နေရာကကော'

'အဲဒီနေရာပဲ အမှတ်တစ်ခုကို တွေ့လိမ့်မယ်'

'ဒါပဲလေ'

ဆိုရက်စကီးက ဒမ်၏အပြင်ဘက်တောင်ကြားမှ အမှတ်တစ်ခုကိုပြသည်။

'ဘာချက်လေယာဉ်တွေတော့ မရောက်ဘူးထင်တယ်'

'ဒီလိုပဲ မျှော်လင့်ရတာပဲ အက်မှူဒရေး'

'မျှော်လင့်နေမိတယ် ဆိုရက်စကီးရေ'

ဆိုရက်စကီးက ညာဘက်စက်ကိုနှိုးပြီး တွင်းကိုဖြတ်၍ မောင်းသည်။ တွေ့ပြီး ပျံသန်းရန် အဆင်သင့်နေရာယူသည်။ ပြေးလမ်းမှာ မြက်ပင်များဖြင့် အဆင်ပြေလှသည်။ လေယာဉ်က လေထဲသို့တက်သွားသည်။

ဆိုရက်စကီးက လေယာဉ်ကို တောင်စူးစူးအတိုင်း မောင်းသည်။ ထို့နောက် ကွေ့ကား အနောက်သို့ ဦးတည်ပြီး အပေါ်သို့တက်သည်။ ခေတ္တမန်ဒူကိုကျော်မှ၊ မြောက်ဘက်သို့ ဦးတည်လိုက်သည်။

တောင်ကြားထဲဝယ် တိမ်များကင်းစင်နေသည်။ အရှေ့

www.burmeseclassic.com



ဘက်မှ တောစပ်တန်းထိမ်ဖျာ့များကို မြင်နေရသည်။ ...
တွင် တောင်ကုန်းများ၊ တောင်ကြားများက ဖြတ်သိပ်...
ရှိသည်။ မြေပြင်က စိမ်းမှိုင်းမှိုင်းဖြစ်လိုက်၊ နီလိုက်နှင့်...

လေယာဉ်စက်သံက ဆူလှသည်။ ခဏအကြာဝယ် မှုရေး...
ထရပ်ပြီး လေယာဉ်ကိုယ်ပိုင်းသို့ ဝင်သွားသည်။ အဖုံး...
ထားသည့်ဘတ် (၈) ဆားကွဲသို့ ထိုင်ခုံလွှဲးလုံးမှဆွဲပြီး ...
ထိုင်ခုံများကို ဖြုတ်ထားသည်။

အမြီးပိုင်းတွင် သံရိုက်ထားသည့် သစ်သားသေတ္တာအ...
ရှိသည်။ လေယာဉ်၏ သတ္တုကြမ်းပြင်မှာ ရှင်းလှသည်။ ...
တိုင်ကီအား ဆေးသုတ်အမှတ်အသား ပြထားသည်။ ...
ဘတ်ရပ်ရင်း စီးကရက်သောက်ပြီးနောက် ခေါင်းပိုင်းသို့...
လာခဲ့သည်။

'သေတ္တာထဲမှာ ဘာတွေလဲဗျ'

မှုရေးက အော်မေးသည်။

'ရွှေချောင်းတွေလေ ဘာတွေထင်သေးလို့လဲ'

ဆိုရက်စကီးက ရယ်လိုက်သည်။

'ဒါတော့သိတာပေါ့ ဘာတွေသယ်လာသလဲ'

'ကျောက်စရစ်တုံးလေးတွေပဲ ကျောက်စရစ်တုံးလေး...
ဟုတ်လား'

'တစ်ယောက်ယောက် လာကြည့်ရင် ပြသာအော...
သေတ္တာနဲ့ တစ်ထပ်ထည့်ယူဖို့ ပြောလိုက်တာပဲ'

'ဟုတ်တာပေါ့ သေတ္တာလှပ်ရင်တော့ တချင့်ချင့်မြည်...
တော့မှာပဲ'



'ဟန်ဆောင်ရွှေချောင်း မှောင်ခိုလုပ်တဲ့အခါ ဘာပြဿ...
...များ ကြုံခဲ့ဖူးသေးသလဲ'

'အဆင်ပြေပါတယ်'

'သူတို့ယုံကြည်တယ်ပေါ့'

'ယုံကြပါတယ်'

ဆိုရက်စကီးက ရယ်လိုက်သည်။

'ခင်ဗျားမှာသံထည်လေးများပါသေးသလား ဆိုရက်စကီး'

ဆိုရက်စကီးက ခုံအောက်သို့ လက်နှိုက်ပြီး ရပ်ဂါလင်း...
...နက် (၄၄) မဂ္ဂနမ်ပစ္စတိုကို ထုတ်ယူလိုက်သည်။

'အတော်ကောင်းတာပဲ'

မှုရေးက သေနတ်ကိုကြည့်ပြီး ပြန်ပေးလိုက်သည်။

တောင်တန်းများကို ကျော်လွန်လာပြီဖြစ်သည်။ လေယာဉ်...
... လေဟာမဲ့နယ်မြေ၏ သိမ့်ခနဲ နိမ့်ကျသွားခြင်းမျိုး မကြုံ...
...ဖြစ်သည်မှလွဲ၍ အနှောင့်အယှက်မရှိချေ။ အင်နာပူရာ...
...ထောင်မှာ သူတို့၏ ညာဘက်ခြမ်းအဝေးတွင် ကျန်ရစ်ခဲ့ပြီ...
...သည်။ တောင်တန်း နိမ့်နိမ့်များတစ်လျှောက် သီးနှံပင်အ...
...င်းများနှင့်သစ်ပင်များ ရှိနေကြသည်။

'ခင်ဗျား ကိုရီးယား စစ်ပွဲကို ရောက်ခဲ့သေးတယ်နော်'

'ရောက်တယ်ဆိုရက်စကီး'

'ခြေလျင်တပ်မှာ ကျွန်တော့်အစ်ကို ပါသွားတယ်၊ ချု...
...န်မှာလား မသိဘူး ကျသွားတယ်'

'ခင်ဗျားကော အမှတ်တောင် မရတော့ဘူးကိုး'

'မရတော့ပါဘူးဗျာ....ခင်ဗျားတာဝန်က ဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အင်္ဂျင်နီယာတပ်မှာလေ၊ ဖောက်ခဲ့ရေးတွေပေါ့နေ ဦး ခင်ဗျားက ခုမှ ဘာဖြစ်လို့ မြုံးစားကြီး စိတ်ဝင်စား လာရတာလဲ'

'ဒီခရီးစဉ်ရဲ့ ယေဘုယျ ရည်ရွယ်ချက်ကို ကျွန်တော်သိတာ ပေါ့ ဒီမိပါ လူမျိုးတွေကို ကူညီဖို့ မဟုတ်လား၊ ခင်ဗျား ကျွန်တော်က ဒမ်မှာ ချပေးရမယ်၊ ခင်ဗျားက သူတို့ ဘက်ကိုသွားကြမယ်၊ ဆိုပါဦး၊ ခင်ဗျားက သူတို့နဲ့ ဘာသွား လုပ်မှာလဲ'

'လျှာဆာလို့ တစ်ကိုယ်တော် ခရီးမျိုးပေါ့ဗျာ၊ ခင်ဗျာ ကို ပြောမပြလိုက်ကြဘူးလား'

'ပြောစမ်းပါဗျာ'

မှူးရေးက စီးကရက်အသစ်တစ်လိပ်ကို မီးညှိ၍ ရှိုက်က သောက်လိုက်သည်။

'တရုတ်တွေဟာ ခိုဒါရီအဝေးပြေး လမ်းမကြီး တစ်ခု ဆောက်ခဲ့တယ်၊ ကျွန်တော်တို့ ဦးတည်နေတဲ့အရပ်က နယ် နဲ့ အတော်နီးတဲ့အသိပဲ၊ လမ်းက နီပေါပိုင်နက်ကို ကွေ့သွား တယ်၊ မြေပုံကို ပေးပါဦး'

'မှူးရေးက တိဘက်ပိုင်နက်မှ နီပေါ၏အရှေ့ လက်ညှိ သဖွယ် ပိုင်နက်ပတ်လည်ကို မြေပုံတွင်ပြသည်။ လမ်းက တိမ္ပဝန္တာ တောင်ကြောအရှေ့ဘက်ဆုံး အပိုင်းကို ဖြတ်သွား သည်။ တစ်ခုတည်းသော ကားကြီးသွားသာနိုင်သည့် လမ်းဖြ သည်။ နီပေါနှင့် တိဘက်၊ အိန္ဒိယနှင့် တိဘက်ကို ဆက်သွ ထားသည်။



'တရုတ်တွေ လမ်းဖောက်ခဲ့တာ ငါးနှစ်ရှိပြီ၊ အလုပ်လုပ် နိုင်တဲ့ကာလက သူတို့အတွက်တောင် သိပ်မရှိဘူး၊ နီပေါပိုင် နက်အတွယ်ရဲ့ အရှေ့မြောက်အစွန်မှာ ဆောက်လုပ်ရေးမြို့လေ နှစ်မြို့ တည်ထားတယ်၊ ဟောဒီ ခိုင်ရှွန်နဲ့ မောဟိုက ဒန်ခါ မှာပဲ'

'...အဲဒီ နှစ်နေရာကြားမှာ တံတားနှစ်ခုရှိတယ်၊ တိဘက် ကားအရ တောင်ကြားလမ်းလို့ အဓိပ္ပာယ်ရတဲ့ တန်လာယာ လို့ ခေါ်တယ်၊ အရှုပ်တွေဟာ မူလ အစီအစဉ်မှာ မပါတဲ့ တင့်ကားတွေ အမြောက်တွေနဲ့ အားဖြည့်လာတယ်၊ ကျွန်တော် တို့ တာဝန်ကတော့ တံတားတွေကို လက်စတုံး ဖောက်ခွဲပစ်ဖို့ပဲ'

ဆိုရက်စကီးက မှူးခုးအား ကြည့်လိုက်သည်။

'ဟုတ်လား'

'ဟုတ်တယ်'

'ပျော်စရာခရီးပဲ'

ဆိုရက်စကီးက ကပ်စေးနဲ တစ်ခုကို ပါးစပ်ထဲ ထည့်၍ ါးနေသည်။ မိနစ် အနည်းငယ်မျှအထိ ၎င်းတို့ စကား မပြော ဖြစ်ကြတော့။

'လေယာဉ် စီးရတာ ဒီတစ်ပတ်တော့ တယ်နိုပ်သားမဲ'

မှူးရေးက စကားစလိုက်သည်။

'တစ်ခုခုဆိုးတာက ကော်ဖီ မသောက်ရတာပဲ၊ ရောက်ဖို့ ယ်လောက် လိုသေးသလဲ ဆိုရက်စကီး'

'နယ်မြေထဲကို ဝင်နေပြီ၊ ခေတ္တမန်ဒူကနေ ၂၅ မိနစ်လောက်ပဲ ခပ်ပတ်လောက် သမ်းလျှောက်ရမယ့် ခရီးပဲ'

www.burmeseclassic.com



ဆိုရက်စကီးက ရှေ့သို့ ခေါင်းဆတ်ပြသည်။

'ရှေ့ညာဘက် ယွန်းယွန်းကပဲ'

'တံဘက်လား'

'ဟုတ်တယ်၊ ခင်ဗျား သွားရမယ့် ခရီးလေ'

'အင်း.... ခင်ဗျားကိုတော့ နောင်တစ်နည်းနည်းနဲ့ ခေါ်ဦးမှာပဲ'

မိနစ် အနည်းငယ် အကြာ၀ယ်၊ ဆိုရက်စကီးက လေယာဉ်ကို နိမ့်ဆင်းလိုက်သည်။ ဝေ့ဝိုက်သော တောင်ကုန်း တောင်ကြားများမှ နေရာကို ရှာသည်။ ထို့နောက် ဘယ်ဘက်သို့ ခပ်စောင်းစောင်း ချိုးကွေ့သည်။

'တွေ့ပြီ.... ဟောဟိုမှာပဲ'

လေယာဉ်ကို ထပ်နိမ့်လိုက်သည်။ တောင်ကြား တစ်လျှောက် ပျံသန်းယင်း အရှိန်ကို လျှော့သည်။

'တွေ့လား'

'ဘာကို တွေ့ရမှာလဲ'

'ဟောဟိုကဟာ ဒမ်ပဲ'

စိမ်းမှိုင်းမှိုင်း တောင်ကြား ကျောမြင် နောက်ခံ၀ယ် ကျောက်ထုံး အိမ်ကလေးတစ်ခုက ရှိနေသည်။ လေယာဉ်ကို ဆိုရက်စကီးက နိမ့်ဆင်းကာ၊ လှည့်ပျံနေသည်။ ထို့နောက် နိမ့်ဆင်းသွားပြီး မြေပြင်သို့ ဆင်းရန်ပြင်သည်။

တောင်ကြား၏ ဘေးတစ်ဘက်တစ်ချက်တို့မှာ၊ မတ်စောက်လှသည်။ နေရာတိုင်း၀ယ် ကျောက်တုံးများ ပြန့်ကြဲနေ



ရသည်။ ရှေ့တွင် ကွင်းပြင်နှင့် သုံးမြောင့်ပုံ မြေပြင် စိမ်းစိမ်းလေးကို မူရေး တွေ့လိုက်ရပြန်သည်။

အရှိန်လုံး၀သပ်ကာ နိမ့်ဆင်းသွားသည်။ လေယာဉ်ဘီး တို့က ဒုံးကနဲ မြေပြင်သို့ လာဆောင့်သည်။ ခုန်သွားသည်။ မြေပြင်သို့ပြန်ကျသည်။ ညာဘက်အခြမ်းသို့ စောင်းသွားသည်။ မူရေးက ထိုင်ခုံလက်တန်းကို အပ်ကိုင်ထားလိုက်သည်။

ထို့နောက် မြေပြင်၀ယ် ခုန်ဆွခုန်ဆွနှင့် ပြေးလွှားရင်း ရပ်သွားတော့သည်။ ဆိုရက်စကီးက စက်သတ်သည်။ ခလုတ်များကိုပိတ်သည်။ ထို့နောက် ကျော်မှီသို့မှီကာ ထိုင်နေလိုက်သည်။

'ကဲ....ခင်ဗျားအလှည့်ရောက်ပြီ'

'ဒီနေရာမှာ တီ(မ်)တန် တိုတယ်ကြီး မတွေ့ရပါလားဗျ'

'လူစင်မှုကြီးကြပ်ရေးကို ဖြတ်ထွက်ပြီးရင် လေယာဉ် ကြိုဆိုရေးမယ်တွေက အားလုံးကို ကြည့်စီစဉ်ပေးပါလိမ့်မယ် အရာကြီးခင်ဗျား'

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ထမ်းစဉ် (၁၂)

လေယာဉ်ပေါ်မှ ဆင်းလိုက်ကြသည်။ မူရေးက သူ၏ လက်ဆွဲအိတ်ကိုယူလာသည်။ ကျောက်တုံးများကို ပုံနေရာမှ ရပ်၍ သူတို့အားကြည့်နေသူ တစ်ဦးကိုလည်းကောင်း၊ မြင်ညီ ကုန်းမြင့်လေးတစ်ခုပေါ်မှ လူတစ်စုကိုလည်းကောင်း၊ မူရေးတို့ မြင်ကြရသည်။

ရွာကိုမူ တောင်ကုန်းလေးတစ်ခု ကွယ်၍မမြင်ရ။ တောင်ကြား၏ ဘေးအမြင့်မှ အိမ်းသုံးလေးလုံးကို မြင်ရသည်။ ၎င်းအိမ်များကြားဝယ်၊ တဲများလော၊ ကျောက်တုံးကြီးများ မသိနိုင်သည့် ခပ်မည်းမည်းအရာများက ရှိနေသည်။

'လျှောက်ကြည့်ရမယ် ပုံပဲ'

မူရေး၏စကားအဆုံးကြောင့်၊ ဆိုရက်စကီးက လေယာဉ်ပေါ် ပြန်တက်သည်။ ပတ္တူသားအိတ်တစ်လုံးကို ယူလာပြီးနောက် နှစ်ယောက်သား ရွာဆီသို့ လျှောက်သွားကြတော့သည်။

(၁၅) မိနစ်မျှ လမ်းလျှောက်ပြီး နောက်ဝယ် သူတို့ထံသို့



သုံးလေးယောက် လာနေသည်ကိုတွေ့ရသည်။ လေယာဉ် ဆင်းရာမှလွဲ၍ ကျန်နေရာများဝယ် ကျောက်တုံးများကို ကျော်လွှားသွားကြရသည်။ သူတို့ကလာနေသူများ ရောက်ချိန် အထိ ရပ်စောင့်နေလိုက်သည်။

ရပ်ရည်ပြေပြစ်ပသော လူရွယ်သုံးဦး အဘိုးကြီးတစ်ဦးနှင့် အသက် ၁၂ နှစ်အရွယ်ရှိ၊ ကောင်လေး တစ်ဦးတို့ ဖြစ်ကြသည်။ ၎င်းတို့အားလုံး၏ အသားအရေမှာ ညိုမှောင်သည်။ အဘိုးကြီးတွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ပါသည်။ သူတို့အားလုံး၊ မိတ်ဆွေဆန်စွာ ပြုံးနေကြသည်။

'ရွာလူကြီးဘယ်မှာလဲ'

၎င်းတို့ကပြုံး၍ ရွာဆီသို့ပြကာ လှည့်သွားကြသည်။ မူရေးတို့အားလုံး ရွာဆီသို့ လျှောက်ကြသည်။ ကောင်လေးကရှေ့မှ ကြိုပြေးသွားကြသည်။ ရွာထိပ်သို့အရောက်ဝယ်၊ ရှေးဦးစွာ ရှိနေသော အိမ်များရှေ့တွင် ယောကျ်ားမိန်းမတစ်စု ရပ်နေကြသည်။

ယောကျ်ားများမှာ ပွရောင်းယောင်း အင်္ကျီထူထဲသော လည်ရှည် ဖိနပ်ထဲသို့ ထိုးသွင်းထားသည့် ဘောင်းဘီရှည်နှင့် သားမွေးသိုးမဟုတ် သိုးမွေး ဦးထုပ်များကို ဆောင်းထားကြသည်။ တစ်ယောက် နှစ်ယောက်မှာ ခေါင်ကိုပတ်၍ ခါးလည်ကြိုး ချည်ထားကြသည်။

ယောကျ်ားမိန်းမ အားလုံး တောက်ပသော အနီနှင့် အင်္ကျီ ပုတီးစေ့များ၊ အဆောင်လက်ဖွဲ့များနှင့် နားဆွဲများ ဝတ်ဆင်ထားကြသည်။ ရွာ၏ ကျောက်တုံး ကြမ်းကြမ်း ဖြစ်၍

www.burmeseclassic.com



ဆောက် လုပ် ထား သော အိမ် တို့ မှာ နောက် အ
အ မြင့် မြင့် ညီ ပေါ် တွင် ရှိ သည်။ အိမ် ခေါင်
တို့မှာ ကျောက်သင်ပုန်းကဲ့သို့ငွေရောင်ကျောက်တုံးပြားများ
ဖြစ်သည်။ အမိုးကို ကျောက်တုံးများဖြင့် ဖိထားသည်။

ရွာလူကြီးမှာ နှုတ်ခမ်းမွေးပါးပါးနှင့် ဦးထုပ်ပျော့ပြာ
ပြာကို မေးတွင် ကြိုးသိုးဆောင်းထားသည်။

'ပါဆန်ကီနူးကို လိုချင်ပါတယ်'

မူရေးက လူကြီးနားလည်သည်အထိ ထိုအမည်ကို ကြိ
ဖန်များစွာ ရွတ်ပြသည်။ ရွာလူကြီးက ခေါင်းညိတ်၍ တေ
မှ လူတစ်ယောက်အား ပြောသည်။ ထိုသူနောက်သို့ ကလေး
တစ်အုပ်က ပြေးလိုက်သွားကြသည်။

'ဒါပဲ ပြောလို့ရတယ်ထင်တယ်'

ဆိုရက်စကီးက မူရေးအား ပြောလာသည်။

'ပါဆန်ကီနူးဟာ အင်္ဂလိပ် စကားတတ်ပုံရတယ်။ မတ
ရင်တော့ ဘုရားမှူးပဲ ဖြစ်တော့မယ်'

'သူတို့က ခန့်ပါ လူမျိုးတွေလား'

ရွာသူရွာသားတို့မှာ ၎င်းတို့အား စူးစမ်းသိတ်ဖြင့် မ
တတ်ရစ်ကာ ကြည့်နေကြသည်။

'ခန့်ပါတွေလို့ မထင်ဘူး။ များသောအားဖြင့် ရွာ
ဒါမှမဟုတ် နီပေါလီတွေလို့ ကျွန်တော် ကို ပြောလိုက်ကြတယ်
သူတို့ဟာ နီပေါမျိုးနွယ်စုတွေပဲ၊ ခန့်ပါတွေလို တိဘက်အနွ
တွေ မဟုတ်ဘူး။ ပါဆန်ကီနူးကတော့ ခန့်ပါပဲ။ ခန့်ပါတွေ
ဆီ သူပဲ ခေါ်သွားနိုင်စရာ ရှိတယ်'



မကြာမီ လှတ်လိုက်သူနှင့် ကလေးတစ်အုပ်မှာ ကိုယ်လုံး
ကိုယ်ထည် ဟောင့်၍ အသားအရေ ညိုမှောင်သောလူတစ်ဦး
နှင့်ပါလာသည်။ ထိုသူက ပြုံးပြလိုက်သည်။

'ပါဆန်ကီနူးပါ၊ ယူအက် (စ) အေမူလီယား'

'ဟုတ်တယ်....ကျွန်တော်ပဲ ယူအက် (စ) အေမူရေးပါ'

'အဒေတာ်ဟုတ်တဲ့ အခေါ်၊ အခေါ်ပဲ'

ဆိုရက်စကီးက မှတ်ချက်ချလိုက်သည်။

မူရေးက ပါဆန်ကီနူးနှင့် လက်ဆွဲနှုတ်ဆက်သည်။ ကီနူး
က အစွမ်းကုန်ပြုံးထားသည်။ သူက ရွာလူကြီးနှင့် အခြားလူ
နှစ်ယောက်ကိုပါ ပြောလိုက်ပြီးနောက် မူရေးနှင့်သူ့အဖွဲ့
သား လက်ဆွဲနှုတ်ဆက်ကြစေသည်။

အခြေအနေကမူ အစကောင်းလိုက်ပုံရှိသည်။ ကီနူးနှင့် ရွာ
သားများ စကားအတန်ကြာ ပြောပြီးနောက် ကီနူးက
ကောင်းကင်သို့ ဇဝေဇဝါ မော့ကြည့်ကာ လေပန်းတူသော
စကားလုံးမျိုးကို ရေရွတ်သည်။

'လေယာဉ်ပျံလို့ သူပြောတာလား'

'လေယာဉ်က ဘာဖြစ်လို့လဲ'

ဆိုရက်စကီးက ဝင်ပြောသည်။

'ကောင်းကြားထဲမှာ ရှိတယ်လေ၊ ဒီကနေ့ မိနစ်နှစ်ဆယ်
လောက် လျှောက်ရင်ရောက်တယ်'

ကီနူးက ကောင်းကင်သို့မော့ကြည့်ပြီး လက်ချောက်ဖြင့်
စုပုံသည့်ဟန်မျိုးပြသည်။ ကိုယ်ကိုသတ်၍ လျှောက်တုံးလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်တုံးပေါ်သို့ ကျောက်တုံးများ ဖိပုံကာ မူရေးတို့အား ကြည့်လိုက်သည်။

'အိုး....ဟုတ်တယ်၊ ဖုံဖျက်ဖို့ပဲ၊ သဘောပေါက်ပြီ၊ စိတ် ကူးကောင်းတယ်'

မူရေးက ဓောင်းတင်သို့ မော့ကြည့်သည်။

'တရုတ်လေယာဉ်တွေလား'

ကီနူးက ရယ်ပြသည်။ ပါးစပ်ကမဖြေ၊ ထို့နောက် လူ နှစ်ယောက် သုံးယောက်ဘက်သို့ ခိုင်းနေသည်။ ဆိုရှာ်ကော် က မူရေးအား ပြောလိုက်သည်။

'ကျွန်တော် သူတို့နဲ့ လိုက်သွားပြီး လေယာဉ်မယ် ခိုက် အောင် လုပ်လိုက်ဦးမယ်'

ကီနူးက မူရေးအား လိုက်ခဲ့ရန် အချက်ပြ၍ စခန်းဆီသို့ ခေါ်သွားသည်။ ရွာသားတို့မှာ နောက်တွင် ကျန်ရစ်ခဲ့ကြ သည်။

သူတို့က ရွာနောက်ဘက်ရှိ လမ်းကျဉ်းကလေးအတိုင်း တောင်ကြားထိပ်သို့ တက်ကြသည်။ မကြာမီ တောင်ကြော နောက်ဘက်သို့ ရောက်လာသည်။ ထိုနေရာဝယ် အမည်း ရောင် တောင်ပေါ် နွားရိုင်းသားရေဖြင့် ပြုလုပ်ထားသော ဇာအလုံးနှစ်ဆယ်ခန့်နှင့် လေထီးသား အပြာရောင်ဖြင့် ချုပ်ထားသည့် သိုလှောင်ရုံ နှစ်လုံး သုံးလုံးက ရှိနေပါသည်။

တဲများကြားဝယ် လူ အယောက် နှစ်ဆယ်ခန့်က သွား လာနေကြသည်။ ကျောက်တုံးအိမ် သုံးလုံးက တစ်ဘက်တွင် ရှိသည်။ ပထမဦးဆုံးအိမ်သို့ ကီနူးက ခေါ်သွားစဉ် သာ



မွေးရှုံ့ကျင်နှင့် ဘောင်းဘီရှည်ကို ဘတ်မိနပ်အဖွင့်း ထိုး စီးထားသူ တစ်ယောက်ထွက်လာသည်။

ထိုသူမှာ ကျန်လူများထက် အရပ်ရှည်သည်။ အမွေး အမျှင်ကစီးစင်သော မွန်ဂိုလီယံမျက်နှာပေါက် ခပ်ပြည့်ပြည့် ရှိ သည်။ ပါးရိုးက မြင့်လှသည်။

'ပါဆန်က နူးပါ၊ ခင်ဗျားလာတာ အတော်ပဲ'

ထိုသူက ပြောလာသည်။

'ဗျာ....ကျွန်တော်တော့ ရှုပ်သွားပြီ၊ ခုခေါ်လာတဲ့လူကို ခင်ဗျားလို့ ကျွန်တော် အောက်မေ့နေတာ'

'သူက လက်ပါဆိုနာပဲ၊ ကျွန်တော်တို့ရဲ့ စကားပြန်လေ၊ ရှာပါနီဝါရီ နီပေါစကားတွေ ပြောတတ်တယ်'

ကီနူးအစစ်က အိမ်ဘက်သို့ ပြန်လှည့်သည်။ ထို့နောက် မူရေးအား ပြန်လှည့်ကြည့်ပြီး....

'လေယာဉ်မောင်းလဲ ပါလာတယ်မဟုတ်လား'

'လေယာဉ်ကို သွားပုံဖျက်နေတယ်၊ မြက်တွေ ဘာတွေ ဖုံးတာမျိုးပေါ့၊ တရုတ်လေယာဉ်တွေ ဒီကိုလာတတ်သလား'

'တစ်ခါပဲလာတယ်၊ နယ်စပ်မှာပဲများတာ'

၎င်းတို့က အိမ်ထဲသို့ ဝင်ကြသည်။ အခန်းမှာ ရှင်းလှသည်။ မီးဖိုကြောင့် နံရံတစ်ဘက်မှာ မည်းနေသည်။ စားပွဲတစ်လုံး နွေးချေအကြမ်းထည် အချို့နှင့် အိုးခွက်အချို့သာ ရှိသည်။

လှေခါးတစ်ခုက အပေါ်ထပ်တက်ရန် ထောင်ထားသည်။ အခန်းဒေါင့်ရှိ လေထီးစများကြားဝယ်၊ အရှင်းသေနတ်

www.burmeseclassic.com



နှစ်လက် အမေရိကန် ကာဘိုင်လေးလက် ကျန်ဆံ တစ်ပုံးနှင့် လေထီးနှင့် ချပေးရသော သေတ္တာ နှစ်လုံးက ရှိနေသည်။

မူရေးက ထိုနေရာသို့ လျှောက်သွားသည်။ သေတ္တာတစ်လုံးကို ခြေထောက်နှင့် ထိုးကောက်ကြည့်သည်။ အောက်ခြေမှာ ပွင့်လျက်ရှိသည်။ သူက ကီနူးဘက်သို့ လှည့်လိုက်သည်။

'ဒါတွေက ဘယ်လို ဖြစ်တာလဲ'

'အထောက်ဆိုးတဲ့ အဖြစ်ပဲ၊ လေထီးက အဖွင့်ကြမ်းတယ်လေ'

ကီနူးက လက်တစ်ဘက်ကို အပေါ်သို့ ဘတ်ကနဲ ပင့်တင်ပြသည်။

'သေတ္တာပျက်တယ်.... သေနတ်တွေ ဆုံးရတယ်.... လေထီးချတဲ့နေရာအနီး ကျွန်တော် လူတွေ တစ်ညလုံး ရှာတာပဲ၊ ဘာ သေနတ်မှ ရှာမတွေ့ခဲ့ဘူး'

'အင်း....'

ဤ အဖြစ်မျိုးကို မလတ်စတစ်ပုံနှင့် ချခဲ့စဉ်ကလည်း သူ ကြားဖူးပြီး ဖြစ်သည်။

'ဖောက်ခွဲရေး ယမ်းတွေကိုတော့ ရတယ် မဟုတ်လား'

'ရတယ်၊ အားလုံး ဘာမှ မဖြစ်ဘူး၊ ယမ်းတွေကို အမြဲတန်း အစောင့်ချထားတယ်၊ ဘယ်သူမှ မကိုင်စေရဘူး'

'ဗျာ.... ခင်ဗျား ဆိုလိုတာက လေထီးနဲ့ ကျတဲ့ နေရာမှာပဲ အစောင့်ချထားတယ်လား၊ သွားယူခိုင်းလိုက် တခေါက်ကွဲနိုင်ပါဘူး'

ကီနူးမှာ သံသယရှိဟန်ဖြင့် မူရေးအား ကြည့်သည်။



'ဒီကို ယူလာခိုင်းလိုက်စမ်းပါ'

ကီနူးက လူတစ်ယောက်ကို အော်ခေါ်၍ လွှတ်လိုက်သည်။

မူရေးက စားပွဲစွန်းတွင် ဝင်ထိုင်ကာ၊ ကီနူးအား စီးကရက် တည့်သည်။ ကီနူးက ခေါင်းခါသည်။ မူရေးက စီးကရက်ကို မီးညှိလိုက်သည်။

'ခင်ဗျားကို လွန်ခဲ့တဲ့ သုံးလေးရက်ကတည်းက မျှော်နေတာ'

'ကျွန်တော် ထွက်လို့မရဘူး.... ခေတ္တမန်ဒူကို လေယာဉ် ရောက်တာ နောက်ကျတယ်'

'ခုလဆန်းပဲ ရှိတယ်၊ လကွယ်ရက်မှာ နယ်စပ်ကို ဖြတ်တာက ပိုကောင်းတယ်'

'မတတ်နိုင်တော့ဘူးလေ.... ကျွန်တော်တို့ ဘယ်တော့ ထွက်မလဲ'

'မြန်လေလေ ကောင်းလေလေပဲ၊ လဆန်းပြီးတာနဲ့ တပ်ဖွဲ့မှူးက ထွက်လာနေပြီ'

'ကောင်းပြီလေ.... ကျွန်တော်တို့ ဘယ်တော့ ဆွေးနွေးနိုင်မလဲ'

ကီနူးက မျက်မှောင်ကြုံနေစဉ်၊ မူရေးက ခေါင်းဆတ်လိုက်သည်။

'စစ်ဆင်ရေးအတွက် လူတွေကို ခေါ်ခဲ့ရမယ် မဟုတ်လား'

'ဟုတ်တယ်၊ ခုမနက်ပဲ.... တပ်ဖွဲ့မှူး ရောက်နေပြီ'

မူရေးက နာရီကို ကြည့်လိုက်သည်။ (၈း၀၆) နာရီ။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော် ခြေလက် ဆေးချင်သေးတယ်.... ဖြစ်နိုင်တယ် မဟုတ်လား’

‘ရပါတယ်’

တဲအိုင်ဝယ်၊ ရေတစ်ပုံးနှင့်မှူရေးက မျက်နှာသစ်၊ ခြေလက်ဆေးသည်။ ရေက အေးမြလှသည်။ မတ်တတ်ရပ်ယင်း အဝတ်နှင့် သုတ်ကာ တောင်ကြားဆီသို့ ကြည့်နေလိုက်သည်။ စိတ်ထဲတွင် အေးနေမိသည်။

မှန်မကြည့်ဘဲ၊ ရေအေးအေးနှင့်ပင် မုတ်ဆိတ်ကျင်စွယ် ရိမ်သည်။ လက်ဆွဲအိတ်ထဲမှ ဘောပင်များကို အင်္ကျီရင်ဘတ် အိတ်တွင် ပြောင်းချိတ်သည်။ ဘောပင် အတော်များများ လက်ဆွဲ အိတ်ထဲတွင် ကျန်သေးသည်။ ဆိုရက်စကီးလည်း ရောက်လာသည်။

‘စခန်းက သွားရေယိုစရာ ဝက်ပေါင်ခြောက်တို့၊ ကြက်ဥတို့ ကြော်နေတဲ့အနံ့ မရပါလား.... ယိုစုံမုန့်လေး ဘာလေးပါသေးသလား’

‘သိမ်ရှိပေါ့ဗျာ’

‘အင်း.... ခုဆိုယင် နွားတစ်ကောင်လုံးတောင် စားပစ်နိုင်လိမ့်မယ်’

ဆိုရက်စကီးက အိတ်ကိုချ၍၊ စီးကရက် တစ်လိပ်ကို မီးညှိသည်။

‘သူတို့မှာ ဘာ နွားမှမရှိဘူး၊ ရွာမှာ လူငယ်လေးယောက် လယ်ထွန်နေတာ မတွေ့ခဲ့ဘူးလား၊ လူလေးယောက်က ထွန်တုံးကို ဆွဲနေရတာလဲ’



‘တွေ့ပါတယ်.... သနားစရာလေးတွေပဲ’

‘သနားတယ်ဆိုတာ ဘာလဲဗျ.... ဒီလူတွေဟာ လူချမ်းသာတွေပဲ၊ သူတို့ ထွန်ယက်စရာ တာမှုကို မရှိကြဘူး’

မှူခန်းက စီးကရက်ကို ဖွာနေသည်။

‘သူတို့အတွက် စိတ်ငြိမ်ဆေးတွေ ဘာတွေလည်း မလိုဘူးဗျ’

‘ဟုတ်ပါပြီ.... ဟုတ်ပါပြီ.... စိတ်ပညာ ဆရာကြီးရယ်’

မှူရေးက ဆိုရက်စကီးအား ကြည့်လိုက်သည်။

‘ကျွန်တော်တို့နဲ့ လိုက်ခဲ့မလား ဆိုရက်စကီး’

ဆိုရက်စကီး ပါးစပ် ပိတ်သွားတော့သည်။

သူတို့က စောင့်နေကြရသည်။ ရာထူး အဆင့်ရှိသော ကိန်းမှာ ဝင်လိုက် ထွက်လိုက်ရှိနေသည်။ လူများကို စုရန်အချိန် အနည်းငယ် လိုကြောင်း ၎င်းက ပြောပြသည်။ ၎င်းတွင် အခြား လုပ်စရာများ ရှိသေးသည်။

ခန့်ပါတပ်ဖွဲ့၏ အကြီးအကဲမှာ၊ ယခု လေယာဉ်ရောက်ရာ တောင်ကြား ဝင်ပေါက်များသို့၊ အစောင့်များ ချထားခဲ့သည်။ ခိုင်ရှန်နှင့် ဒွန်ခါရီတပ်ဖွဲ့များသို့လည်း သတင်းပို့စေသည်။ တရုပ်တပ်ဖွဲ့တို့၏ လက်ရှိ အခြေအနေ သတင်းကိုပါ ယူလာစေသည်။

စစ်ဆင်ရေးစချိန်ဝယ် နယ်ခြားရှိ တရုတ်တပ်များ၏ လှုပ်ရှားမှုသတင်းကို ရရန် ရွာမှလူများကိုလည်း စေလွှတ်မည်ဖြစ်သည်။

တမ်ဖွဲ့မှူးနှင့် လက်ထောက် နှစ်ဦးက ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကီနူးက မှုရေးတို့နှင့် မိတ်ဆက်ပေးသည်။ တပ်ဖွဲ့မှူး နီမာတင်ရှိမှ အသက်လေးဆယ် အရွယ် ပိန်ပိန်ပါးပါး ဖြစ်သည်။ သူက အသက်မပါသည့် အပြုံးဖြင့် ပြုံးပြကာ မှုရေးအား လက်ဆွဲနှုတ်ဆက်သည်။

သူက သားမွေးဂျာကင်အပေါင်း၊ သားမွေးဦးထုပ်နှင့် လည်ရှည် ဖိနပ်အား ကျွန်လူများကဲ့သို့ပင် ဝတ်ဆင်ထားသည်။ လက်ထောက်နှစ်ယောက်မှာအနည်းငယ် ငယ်ရွယ်သည်။ သူတို့ လှုပ်ရှားပုံက အလျင်စလို မရှိ၊ တိဘက်၏ ခန့်ဒေသမှ လူမျိုးစုမျက်နှာများအတိုင်း ပြည့်ဖြိုး၍ နေလောင်ထားကြသည်။

ကီနူးကို စောင့်ရင်း လက်ထောက်များက စားပွဲပေါ်တွင် မြေပုံအချို့ကို ဖြန့်တင်သည်။ ဆိုရက်စကီးက မြေပုံများကို ကြည့်သည်၊ အပေါ်ဆုံးမှ မြေပုံမှာ လေယာဉ်ပေါ်တွင် မှုရေးအား သူပြခဲ့သည့် မြေပုံမျိုးဖြစ်သည်။

ယခုမြေပုံက ပုံကြီးချဲ့ထားသည်။ ခိုဒါရီလမ်းမကြီးကို အနီရောင်မင်ဖြင့် အမှတ်အသားပြုထားသည်။

'ခင်ဗျားနဲ့အတူ လူဘယ်နှစ်ယောက်ပါမှာလဲ'

ဆိုရက်စကီးက မှုရေးအား မေးကြည့်သည်။

'မသိဘူး၊ ခုဒါကို သူတို့ပြောကြရမှာ'

ငါးမိနစ်မျှ ကြာမှ ကီနူးရောက်လာသည်။ ခန့်ပါသားလေးယောက်က စု၍ စကားပြောနေကြသေးသည်။ ထို့နောက်မှာ မြေပုံစားပွဲသို့ လာကြသည်။

'တပ်ဖွဲ့မှူးက ရှင်းပြလိမ့်မယ်'



ကီနူးက ပြောလိုက်သည်။

'ကောင်းပြီ ကြားကြရတာပေါ့'

နီမာတင်ရှိက စကားကို တိုတိုနှင့် မြန်မြန်ပြောသည်။ ကီနူးက ရှင်းပြသည်။

ကင်လာတံတားပတ်ဝန်းကျင် မြေပုံကြမ်းကိုယူ၍ အပေါ်တွင်တင်လိုက်သည်။ လမ်းမကြီးက အင်္ဂလိပ်အက္ခရာ အက်(စ်) ပုံနှယ် ရှိသည်။ ပထမထိပ်မှ အလယ်သို့ တံတားတစ်ခု ထိုးထားသည်။ အောက်ဆုံးအကွေ့မှ တောင်စောင်းသို့ ဒုတိယတံတားက ရှိသည်။

လမ်း၏ တည်ရှိပုံမှာ ကျောက်နံရံကို ဖြတ်ကာ ဖောက်ထားခြင်း ဖြစ်သည်။ အက်(စ)ပုံ အောက်ဘက် အကွေ့ကြားဝယ် တောင်တစ်လုံးက ခံနေသည်။ တံတားတစ်ခုလုံး၏ နယ်မြေမှာ တိဘက် ပိုင်နက်ထဲတွင်ရှိသည်။

ကီနူးက ဆက်၍ ဘာသာပြန်ပြသည်။ မှုရေးက မကြာခဏပင် နားမရှင်းသည်များကို ပြန်မေးသည်။ ကီနူးမှာ စကားလုံးကို နား၍ရှာရန်မှာ မကြာခဏ ဖြစ်သည်။ မှုရေးက စကားထောက်ပေးရသည်။

တပ်ဖွဲ့မှူးမှာ မြေပုံပေါ်ရှိ နေရာများကို တစ်ချိန်ပြီးတစ်ချိန် ထောက်ပြနေတတ်သည်။ ပထမမြေပုံကို ကိုးကားကြည့်ကာ ခေတ္တရပ်နားလိုက်သည်။ ကီနူးတို့က မှုရေးအား ကြည့်နေသည်။

'ကောင်းပြီ ကျွန်တော်မြင်တာ မှန်မမှန်ကို ပြောပြမယ်၊ ဒါကို ခင်များက ဘာသာပြန်ပေးပါ ကီနူး၊ ဒီမှ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ခြင်းသဘောပေါက်တာ မလွဲမှာ၊ နယ်ခြားကိုဖြတ်တဲ့ ကိစ္စတော့ ကျော်လိုက်တော့မယ်'

'ဟုတ်ကဲ့'

'ကဲ....ကျွန်တော်တို့က လူအင်အား လေးဆယ့်နှစ်ယောက်နဲ့ သွားကြမယ်၊ နောက်ဆုံးအခေါက် လေထီးနဲ့ လက်နက်ချပေးတာ မရတဲ့အတွက် ကျွန်တော်တို့မှာ လက်ရှိ ဘရင်းသေနတ် သုံးလက်၊ ဆပ်မရှင်းဂန်းနှစ်လက်၊ ကာဘိုင် သုံးဆယ့်ခြောက်လက်နဲ့ လက်ပစ်ဗုံးတွေရှိထားကြတယ်'

'တံတားရှိတဲ့ နယ်မြေဟာ နယ်စပ်ထဲကို ရှစ်မိုင်ဝင်နေတယ်၊ တံတားအမှတ်တစ်ရှေ့၊ ကိုက်နှစ်ရာအကွာက တောဒီနေရာ (မှူးရေးက လက်ထောက်ပြသည်။) မှာ ရပ်ကြမယ်....

....တံတားနှစ်ခုစလုံးဘက်က ကျွန်တော်တို့နေရာကို မမြင်ရဘူး၊ ချောက်နဲ့ အဝေးဆုံးအပိုင်းက နေရာဟာကျွန်တော်တို့ ဖောက်ခွဲရမယ့် နေရာပဲ၊ တပ်ဘစ်တပ်လုံး ရပ်လိုက်ပြီး ငါးယောက်ကို ရှေ့ကင်းလွှတ်မယ်။

'....သူတို့ဟာ အရပ်သားတွေလိုပဲ ဝတ်ထားမယ်၊ တစ်ယောက်က ဆပ်မရှင်းဂန်းကို ဝှက်ယူသွားမယ်၊ နှစ်ယောက်က လက်ပစ်ဗုံးတွေ ပါသွားမယ်၊ တိုင်းရင်းသားတွေကို နယ်စပ်ဖြတ်ခွင့် ပေးထားသေးတယ်လို့ ကျွန်တော် သိထားတာ မှန်သလား'

ကိနူးက အဖြေပေးသည်။

'မှန်ပါတယ်၊ ကျွန်တော်တို့ လူတစ်ယောက်ကို တရုတ်တွေ သိတယ်၊ သူက အရင်ဆုံး လေးခေါက် ဖြတ်ဖူးပြီးပြီ'

မှူးရေးက ခေါင်းဆတ်လိုက်သည်။

'ကောင်းပြီ ဒီငါးယောက်မှာ နယ်စပ်ကျရင် ရမယ့် နွားနောက် တစ်ကောင် ပါသွားမယ်၊ တံတားနား ကပ်လာတဲ့အခါ အစောင့်တစ်ယောက်က သူတို့ကို တားလိမ့်မယ်၊ ကျွန်တော်တို့ အချိန်ကိုက်ဖို့တော့ လိုတယ်၊ တံတားဆိပ်တွေမှာ အစောင့် တစ်ယောက်စီ ရောက်လာတဲ့ အချိန်ကို စောင့်ရမယ်

'....နယ်ခြားစောင့်တပ်ကို ကျော်ဖြတ်လာပြီးနောက် တံတားက အစောင့်တွေက စစ်ဆေးလေ့တော့ မရှိဘူး၊ ဒါပေမယ့် စစ်ဆေးခဲ့ရင် လက်နက်တွေရှာမတွေ့သွားဖို့အတွက် ပတ်ဝန်းကျင်ရေးကို ကြိုးစားရမယ်....

'....အစောင့်က သူတို့ကို တွေ့သွားပြီဆိုရင် အစောင့်ကို သတ်ပစ်ရမယ်၊ ပင်မ တပ်ဖွဲ့က ဘရင်းနဲ့ပစ်ရင်း တံတားဆီ ပြေးတက်ရမယ်....

'....ပထမ အစောင့်က ဖြတ်ခွင့်ပေးလိုက်ရင် တံတား တစ်ဘက်ထိပ်က အစောင့်ကလဲ ရှာတော့မှာ မဟုတ်ဘူး၊ နောက် ပါတ်နှစ် တံတားက အစောင့်တွေကလဲ ရှာတော့မှာ မဟုတ်ဘူး....မှန်တယ်နော်'

'မှန်ပါတယ် နောက်လုပ်ရမှာက'

'နံပါတ်နှစ် တံတားပေါ် ရောက်တဲ့အခါ၊ နှစ်ယောက် နွားနောက်ကို တစ်ခုခု ဖြစ်ပုံမျိုးနဲ့ ကြည့်ရမယ်၊ အခြား နှစ်ယောက်က တံတား တစ်ဘက်ထိပ်က အစောင့်ကို သွားရှင်းရမယ်....

'....တံတားပေါ်မှာ နွားနောက်နဲ့ ကျန်ခဲ့တဲ့ နှစ်ယောက်က

www.burmeseclassic.com



နွားနောက်ရဲ့ နောက်ဘက်ကို ပတ်ထွက်ပြီး အဲဒီက အကောင်ကို ရှင်းရမယ်၊ အဲဒီအချိန်မှာ ပင်မတပ်ဖွဲ့က နံပါတ်သုံးတံတားက အစောင့်တွေကို ရှင်းမယ်၊ မှန်တယ်နော်....'

ဘာသာပြန်ပြနေသည့် ကီနူးက 'မှန်ကြောင်း' ပြောလိုက်သည်။

'ပင်မတပ်ဖွဲ့ကော နံပါတ်နှစ် တံတားရဲ့ ဟိုဘက်ထိပ်သွားပြီး ဒုန်ခါက လာမယ့် လမ်းကြောင်းကို ပိတ်ရမယ်၊ နောက်ချန် တပ်ဖွဲ့ကလည်း ပြန်ဆုတ်တဲ့အခါ လုံခြုံအောင် နံပါတ်တစ် တံတားထိပ်မှာ နေရာယူထားရမယ်....

'...အဲဒီနောက်၊ တံတားကို ဖောက်ခွဲရေး ယမ်းတွေ ဆင်မယ်၊ ခုပြောတာတွေ မှန်တယ်ဆိုယင် ကျွန်တော် မေးစရာတချို့ ရှိနေတယ်'

တပ်ဖွဲ့မှူးက ကီနူးအား တစ်ခုခု ပြောလိုက်သည်။ ကီနူးက မူရေးအား ဘာသာပြန်ပြသည်။ မူရေးက....

'ဟုတ်တယ်၊ မေးစရာ ရှိတယ်။ ရှေ့ပြေး ငါးယောက်ပင်မတပ်ဖွဲ့ မပြတ်နိုင်ခင်အထိ ဆောက်လုပ်ရေးအဖွဲ့ကို ထိန်းထားရမယ်၊ ဆောက်လုပ်ရေး သမားတွေဟာ နံပါတ်နှစ် တံတားထိပ် အစွယ်မှာ မျှားသေအားဖြင့် အလုပ်လုပ်နေကြတယ်...

'...ကျွန်တော်တို့ ရှေ့မဆက်ခင် ကျွန်တော့် ပစ္စည်းတွေ ပေးမယ် ဒါကိုကော သဘောကျရဲ့လား'

သဘောကျကြောင်း ကီနူးက အဖြေပေးသည်။

မူရေးက ထိုကြောင့် စကားကို ဆက်သည်။



'လမ်းကို အယင်နေရာယူပါ၊ အကောင်းဆုံးကတော့ နံပါတ်နှစ် တံတားရဲ့ အနောက်ဘက်ကို လူ (၆)ယောက်လွှတ်ဖို့ပဲ၊ ကမ်းပါးစွန်းအပေါ်ကို ပြောတာနော်၊

'...လမ်းမပေါ်မှာ လမ်းပိတ်စောင့်တာ မကောင်းဘူး၊ ပြိုကျလာမယ့် ကျောက်နံရံတွေဟာ လမ်းပေါ်ကို ကျလိမ့်မယ်၊ ကမ်းပါးစွန်း တံတားထိပ်ကိုလည်း ကျွန်တော်တို့ ဖောက်ခွဲပစ်ရစရာရှိတယ်'

'...ပုခက်တွေကို လုပ်စေချင်တယ်၊ အပေါ်မှာ သံချောင်းတွေ ရိုက်သွင်းပြီး လှေခါးတိုလေးဟာမျိုး ဆင်ရမယ်၊ ကမ်းပါး တစ်ဘက်တစ်ချက် စီကနေ အဲဒီ ပုခက်တွေကို ချမယ်'

'....သစ်တော်ဘေးမှာ လှေခါးချပြီး ဆေးသုတ်တာမျိုးလေ၊ ဟုတ်ပြီနော်၊ လူနှစ်ယောက်ကို အဲဒီ ပုခက်ထဲ ဆင်းပြီး သံတူရွင်းတွေနဲ့ ကျောက်သားကို ထွင်းပြီး ယမ်းဘီလူးတွေ သွင်းရမယ်'

'...နောက်ဖောက်ခွဲမယ်၊ မူလလမ်း ကိုယ်တိုင် ပျက်စီးသွားမယ်၊ တံတားကော လမ်းကော သုံးနေရာပါ ပျက်သွားတာမို့ သူတို့ ပြန်လုပ်ဖို့ လွယ်မှာ မဟုတ်တော့ဘူး'

စိတ်ကူးကတော့ ကောင်းလှသည်။ ၎င်းတို့ လက်ခံမည် မဟုတ်လော၊ မှတ်ယူမိသည်။ သို့သော် ကိုယ်ကတော့ ပထမ ကြိုးစားကြည့်ရမည်။ ကီနူးက ဘာသာပြန်ပြ ပြီးနောက်၊ မူရေးအား နောက်တစ်ကြိမ် ရှင်းပြစေသည်။

'ဘယ်လိုလဲဆိုတာ ခုဒါတွေ ပြောပြီးယင် ပြမယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့အတွက် ဆောက်လုပ်ရေး ဂိုဒေါင်ထဲမှာ တွေ့နိုင်တဲ့ သံချောင်းတွေလိုမယ်ဆိုတဲ့ သဘောပဲ’

၎င်းတို့ လက်ခံကြသည်။ အချိန်တော့ သိပ်ကြာတော့မည် မဟုတ်။

‘အဲဒီနောက် ကမ်းပါးအစွယ်ကိုပါ ဖောက်ခွဲတဲ့ အခါ ပါသွားဖို့ တွင်းနက်နက်တော့ တူးရလိမ့်မယ်’

ကီနူးက ဘာသာပြန်ပြသည်။ နီမာတို့ သုံးဦးက ခေါင်း ညိတ်ကြသည်။

‘ကောင်းပြီ၊ ကျွန်တော်က တံတားကို ဖောက်ခွဲပစ်မယ်’

မူးရေးက ဆက်၍ ရှင်းပြသည်။

‘တံတားက ချောက်ထဲကို ပြိုကျလိမ့်မယ်၊ နေရာနှစ်နေရာကို ချက်ဆီးလိုက်တဲ့ သဘောပဲ၊ ယမ်းတွေ မြုပ်ပြီးတဲ့အခါ ခရာ တစ်ချက်မှုတ်တာနဲ့ ပြန်ထွက်ရမယ်’

မူးရေးက အိတ်ထဲမှ ခရာလေး တစ်ခုကို ထုတ်၍၊ ရှိကန် အသံတိုတစ်ချက် မှုတ်ပြသည်။

‘နံပါတ်နှစ် တံတားပေါ်မှာ ကျွန်တော်က ယမ်းတွေ ဆင်ပြီးယင် ခရာသံ အရှည်တစ်ချက် မှုတ်မယ်၊ အသံတိုတစ် ချက်ပြီး တစ်ချက် ဆက်မှုတ်ယင်တော့ ကျွန်တော်ရှိရာ လာကြ ပါ၊ အမြန်ဆုံး ပြေးလာကြပါ’

နီမာ၏ လက်ထောက် တစ်ယောက်က ထိုအချက်ကို ပြန် ရှင်းပြစေလိုသည်၊ မူးရေးက ရှင်းပြရသည်။ နီမာက မေးခွန်း တစ်ခု ဖြတ်မေးသည်။ တံတားများကို ဖောက်ခွဲရေးအတွက် အချိန်မည်မျှ ကြာပြီနည်း။



‘မိနစ်လေးဆယ်လောက် ကြာမယ်၊ ကျွန်တော် ယမ်းဘီလူး တွေကို မြေလိမ်မြွေကောက် ဆင်မှာမို့ တံတားကို သူတို့ လာနိုင်တဲ့အခါ ပြန်ဖြုတ်ဖို့ မလွယ်ဘူး။

‘…လမ်းကို ဖောက်ဖို့ကိစ္စကတော့ ကျောက်သားကို ခင် ဗျား လူတွေ ဘယ်လောက်ကြာကြာ ဖောက်မယ် ဆိုတာ အပေါ်မှုတည်တယ်၊ အကြမ်းဖျင်းတော့ ကျွန်တော်တွက် ထားတဲ့ အချိန်အတွင်း သူတို့ ပြီးမှာပါ၊ နေရာသုံးနေရာကို ဖြတ်ဖို့ အချိန်ပါဆိုယင် တစ်နာရီလောက်ပဲ ကြာမယ်’

နီမာက သူ့လက်ထောက် နှစ်ယောက်အား ကြည့်ပြီး တစ်စုံတစ်ခု ပြောလိုက်သည်။

‘ဘာတဲ့လဲဗျ’ဟု မူးရေးက မေးမိသည်။

‘အချိန် သိပ်ကြာနေတယ်လို့ တပ်ဖွဲ့မှူးက ထင်နေတယ်၊ ရန်သူတွေက ထပ်ကူး ရောက်လာနိုင်တယ်’

‘နောက်ရန်သူ ရောက်လာရင် မလွယ်ကြောပဲ’

၎င်းတို့မှာ ဤအချက်ကို သဘောမကျကြ။ နီမာ တခါး ဆီသို့ လျှောက်သွားပြီး ပြန်လာသည်။ ၎င်းတို့အားလုံး သော က ဖြစ်နေကြသည်

မူးရေးက ပြောပြရပြန်သည်။

‘တစ်မျိုးမဟုတ် တစ်မျိုး အနှောင့်အယှက်ရှိလာရင်အမြန် ကွဲတဲ့ စနက်တံတွေကို ကျွန်တော်သုံးမယ်၊ အကောင်းဆုံးတော့ ဖြစ်မှာမဟုတ်ဘူး’

တပ်ဖွဲ့မှူးနီမာက လက်ဟန်ခြေဟန်ဖြင့် ပြောသောသည်။

‘ဗိုင်ယာကြိုးသွယ်ဖို့ အချိန်သိပ်ကြာမှာလား

www.burmeseclassic.com

www.burmeseclassic.com



ကီနူးက ဘာသာပြန်ကာမေးသည်။

'ဟင့်အင်း ဒိုင်ယာကြီး မသုံးဘူး'

မူရေးက ဘောပင်တစ်ချောင်းကို ထုတ်လိုက်သည်။

'ဒီအချိန်ကို ခဲတံကို သုံးမှာ၊ ဒါမျိုးကို သိသလား။ ထဲမှာ ရေမီးနှစ်မျိုးပါတယ်၊ ဟောဒီမှာတွေ့လား၊ အရောင် သလို အချိန်မှတ္တာ....

'...မြို့ (စ)းကြီး သဘောမျိုးပဲ၊ ငါးမိနစ်ရှိတယ်၊ ဆယ် နှစ်ရှိတယ်၊ ကြိုက်တဲ့ အချိန်သုံးလို့ ရတယ်၊ အသုံးပြုတဲ့အ ထိပ်ဖျားကို ကိုက်ဖြတ်ပြီး ယမ်းဘီလူးထဲ ထိုးသွင်းလိုက်ရ ဝရဲမီးနှစ်ခုပေါင်းသွားပြီး သတ်မှတ်တဲ့ အချိန်အတွင်း ပေါက်ကွဲမယ်....

'...သို့ချင်း ပေါက်ကွဲရာကနေ ယမ်းဘီလူးကို ကူး ပေါက်ကွဲမယ်၊ သဘောပေါက်တယ်နော်'

၎င်းတို့က ဘောပင်ကို ယူကြည့်ကြသည်။ သာမန်ဘော ပင်မျိုးပင်ဖြစ်သည်၊ မင်ရှိရာအခန်းနှင့် အဖုံးတို့က တကယ် ဘောပင်သဖွယ် ဖြစ်စေသည်။

မူရေးက နောက်ထပ်တစ်ကြိမ်ရှင်းပြသည်။ ၎င်းတို့မှာ ဖော တိန်မဟုတ်ခြင်းကို သဘောမပေါက်။

'ဒါက ဖောင်တိန်မဟုတ်ဘူး၊ ဘောပင်လို့ ခေါ်တယ် သယ်ရပြုရ သုံးတာ လွယ်အောင် လုပ်ထားတာ၊ ဒီမှာ တားတွေပေါ်မှာ ဆောက်လုပ်ရေးသမားတွေ အများကြီး နေရင် ဘယ်လို လုပ်ကြမလဲ၊ နံပါတ်နှစ် တံတားပေါ်မှာ ဆောက်လုပ်ရေးသမားတွေ အလုပ်လုပ်နေရင် နှားနောက်နဲ့ အဖွဲ့က ဘယ်လိုလုပ်မလဲ'



မူရေးက နီမာတို့ပါ မေးခွန်းများထုတ်ရင်း ဆွေးနွေး ကြသည်။ အမှတ်နှစ်တံတား ဆောက်လုပ်ရေး နေရာမှ လမ်း ကလေးတစ်လမ်း ရှိပုံရသည်။ ပင်ဆောက်လုပ်ရေးအဖွဲ့ကမူ ထိုနေရာအား ချွတ်ထွင်နေသည်ဟု မှတ်ယူရဖွယ်ရှိသည်။

တံတားများပေါ်တွင် မည်သည့် ဆောက်လုပ်ရေးအဖွဲ့မှ အလုပ်လုပ်နေစရာ မရှိ။ တံတားအားပြည့်မှ လုပ်ငန်းအား လုံးမှာ ပြီးစီးခဲ့ပြီ ဖြစ်သည်။ ကားလမ်းသာ အဓိကပြဿနာ ဖြစ်သည်။ နယ်စပ်သို့ လူများ ပို့ရန် ထရပ်ကားများအသုံး ပြုလေ့ရှိသည်။

သူတို့က ဆက်ဆွေးနွေးကြသည်။ ဖြစ်နိုင်ဖွယ်ရှိသောင့်မျိုးစုံ ကို စစ်ဆေးကြည့်ကြသည်၊ နီမာတို့မှာ နယ်စပ်ရှိ ရန်သူလှည့် ကင်းများကို စောင့်ကြည့်နေသည့် အဖွဲ့ထံသို့ ဆက်သွယ် ရေး စက်ဖြင့် ဆက်သွယ်တိုက်ရမည်ဖွယ်ရှိသည်။

နောက်ဆုံးတော့ မူရေးက ပြောလိုက်သည်၊

'ကဲ...ဒါဆိုရင် အားလုံးသဘောပေါက်ပြီ မဟုတ်လား'

'ဟုတ်ကဲ့'

'ကျွန်တော်တို့ ဘယ်တော့ စထွက်မလဲ'

တောင်ကြားလမ်းက ပြန်လာမယ့် ကျွန်တော်တို့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ရဦးမယ်၊ ခုညဦးပိုင်းထွက်ပြီ မနက်သုံးနာရီမှ နယ်စပ်ကို ဖြတ်မယ်လို့ တပ်ဖွဲ့မှူးက ပြောတယ်'

'ကောင်းတယ်'

× × ×

## ဇာတ်လမ်းစဉ် (၁၄)

နေဝင်ပြီး တစ်နာရီအကြာဝယ် စတင် ထွက်ကြသည်။ မှောင်နေပြီ၊ လေက အသင့်အတင့် တိုက်လျက်ရှိသည်။ သူတို့ ဖြတ်ကြရမည့် တောင်ကြားလမ်းမှာ ပေ (၁၆၀၀၀) အမြင့်တွင် ရှိသည်။

ရာသီဥတုက မျက်နှာသာပေးနေပုံရသည်။ တဖြည်းဖြည်း ခြင်း မတ်စောက်လာသည့် လမ်းအတိုင်း တက်ကာ နယ်စပ်သို့ မနက် တစ်နာရီတွင် ရောက်ကြသည်။ နယ်စပ်ကို ဖြတ်၍ တိဘက်ထဲသို့ ဝင်ကြရမည်။ နှစ်နာရီ နားနေစဉ် အတွင်း လူနှစ်ယောက်က နွားနောက် နှစ်ကောင် သွားမောင်းမည်။ ထို့နောက် စစ်ဆင်ရေး ပိုင်နက်အတွင်းသို့ နေ့အလင်းရောင် မရောက်မီ ရောက်ကြရမည် ဖြစ်သည်။



နွားနောက် နှစ်ကောင်နှင့် လူနှစ်ဦးအဖွဲ့မှ ပင်မတပ်ဖွဲ့နှင့် ခွဲ၍ တံတားရှိရာသို့ သီးခြား သွားကြရမည်။ နယ်စပ်တွင် တရုတ် တပ်ဖွဲ့များ လှုပ်ရှားနေကြောင်း သတင်းကြောင့် အချိန်ဖြုန်း၍ မဖြစ်။

ဒွန်ခါနှင့် ခိုင်ရှန်မှ လူများကလည်း အရုဏ်မတက်မီ နာရီဝက် အလိုဝယ် ထွက်ခွါကြရန် ပြောထားကြသည်။

မွန်းလွဲပိုင်းတွင် အိပ်လိုက်ရ၍ မူရေးမှာ လန်းဆန်းနေသည်။ ဖောက်ခွဲရေး သရုပ်ပြမှုကို နောက်တစ်ကြိမ် လုပ်ခဲ့ကြသည်။ မူရေးအား ကီနူးက သားမွေး အတွင်းခံဂျာကင်အင်္ကျီ၊ နားရွက်ဖုံးပါသော သိုးမွေးဦးထုပ်နှင့်၊ ခမ်ပါလည်ရှည် ဖိနပ်တို့ကို ပေးထားသည်။

မူရေးအတွက် လက်နက်ကမူ၊ စမစ်အင်ဒဗက်ဆင်၊ တပ်မတော်သုံး၊ ပွိုင့် (၄၅) ခြောက်လုံးပြူး တစ်လက်နှင့် လက်ပစ်ဗုံး သုံးလုံးပင် ဖြစ်သည်။

ခွင်းပုံးကိုင် လေးဦးက ရှေ့ဆုံးမှ ချီတက်ကြသည်။ သူတို့အမြန်ဖြင့်၊ တရုတ်တို့၏ ထရပ်ကားများ သံချပ်ကာကားများဖြင့် မတွေ့နိုင်စရာရှိသည်။ ခမ်ပါတို့မှာ ရိုင်ဖယ် သေနတ်နှင့် ကျည်ဆံများကို သယ်ကာ သက်တောင့်သက်သာပင် တောင်ကို တက်နေကြသည်။

မူရေးက ယမ်းဘီလူးများကို ကိုယ်တိုင်အပြင်၊ အခြား နှစ်ယောက်ကိုပါ ခွဲဝေပေးထားသည်။ မိမိ၏ ခွဲတမ်းဖြစ်သော ယမ်းဘီလူးတို့အား ကျောပိုးအိတ်တွင် ထည့်ကာ၊ သယ်ကြရသည်။

www.burmeseclassic.com



လမ်းမှာ မျှော်သော အားဖြင့်၊ တစ်ယောက်ခြင်းသာ လျှောက်၍ရသည်။ နောက်ပိုင်းတွင်မူ၊ နှစ်ယောက်စီ ရင်ဘောင်တန်းသွားကာ၊ စစ်ကြောင်းကို တိုးစေသည်။ နှစ်နာရီမျှ လမ်းလျှောက် အပြီးဝယ်၊ ခြေကုပ် ကောင်းစွာ မရတော့။ ကျောက်တုံးများကို တွယ်ဖက်၍ သွားကြရသည်။

မူရေးမှာ စစ်ကြောင်း၏ တတိယ နေရာမှ လိုက်လာသည်။ သူ့ ရှေ့မှ လူမှာ၊ နီမာ၏ နံပါတ်နှစ် လက်ထောက်ဖြစ်သည်။ အမည်က ပမ်ဟာနာဘူ။

ခမ်ပါတို့မှာ စကားကို ခပ်တိုတို ပြောလာခဲ့ကြသည်။ စကားကျယ်ကျယ် မပြောရန်ကိုမူ တားမြစ်ထားသည်။ ကျိုအမြင့်၌ပင်လျှင်၊ သစ်ပင်များက ရှိနေသေးသည်။ မိုး၍မြင့်သော အရပ်ဝယ်၊ ပေးသုံးဆယ်မျှ မြင့်သော အမြစ်မီး၏ ပုတ်ပင်များကြားမှ ဖြတ်သန်းကြရပြန်သည်။

သုံးနာရီမျှ ချီတက်ပြီးနောက်၊ စစ်ကြောင်း ရပ်လိုက်သည်။ ရှေ့မှ ကီနူးက ပြန်လျှောက်လာသည်။

'ခင်ဗျား အဆင်ပြေတယ်နော်၊ အခက်အခဲ မရှိဘူး မဟုတ်လား'

'အဆင်ပြေပါတယ်ဗျာ'

'နားဆိုးမလား'

'မနားဘူး.... ကျွန်တော် ဘာမှ မဖြစ်ဘူး'

မူရေးမှာ ဤမျှနားလိုက်ရသည်ကိုပင် ကျေးဇူးတင်လှသည်။ ကီနူးက ခေါင်းညိတ်၍၊ ရှေ့သို့ ပြန်သွားသည်၊ စစ်ကြောင်းက မြန်လည်း ရွေ့လျားတော့သည်။



နောက်ဘစ်နာရီ ပိုင်းဝယ်၊ မူရေးမှာ အလွန်မောပန်းလာသည်။ လမ်းက မတ်စောက်သည်။ အသက်ရှူရ ခက်ခဲသည်။ နှင့် ရှေ့မှ လူမှာ အလှမ်းကွာသွားသည်။ ထိုသူက နောက်သို့ လှည့်ကြည့်ပြီး၊ ရှေ့မှ လူကို လှမ်းပြောသည်။

ရင်းတို့ အလှမ်းကွာဝေးမှုက ပုံမှန် ပြန်ဖြစ်သွားသည်။ ကြောင့် ချီတက်မှု နှေးကွေးရသည်ကို မူရေးသိလိုက်သည်။ ခြေလှမ်းကို ပိုသွက်ကြည့်သည်။ ရှေ့ လူ ဆ ညာလျှောက်သည်။ အား ယင်းတို့ ကူညီမှုပေးနေခြင်းသာ ဖြစ်သည်။

နောက်နာရီဝက်မျှ ဆက်လျှောက်ပြီး တဖန်နားလိုက်ကြသည်။ ရှိုင်ဖယ်သေနတ်နှင့် ထိခိုက်မိသော အသံကြားရပြီး နှေးအားနားမှ လူနှစ်ယောက်မှာ ကျောက်ရာမှာပင် ထိုင်လိုက်ကြသည်။

မူရေး၏ ခြေထောက်တို့မှာ တောင့်တင်းလျက်ရှိကြသည်။ နေကျမဟုတ်သော ဘွတ်ဖိနပ်ကြောင့်လည်း ဖိနပ်ပေါက် လျက်ရှိသည်။ သယ်မိနစ်မျှ အကြာဝယ် ရှေ့မှလူများက ထရပ်ကြသည်။ မူရေးမှာလည်း တုန်ဆိုင်းဆိုင်းဖြင့် ထရပ်ရသည်။ ခရီးဆက်ကြရပြန်ပြီ ဖြစ်သည်။

နောက်နာရီပိုင်းမှာ အခက်ခဲဆုံး ဖြစ်သည်။ လူတွေမှာ နှေးကွေးသွားသည်။ လမ်းတွင် ကျောက်ခဲလုံးများပြည့်လျက် ရှိသည်။ မူရေးမှာ တက်နင်းမိ၍ ခြေခေါက်ကာ လဲကျသွားသည်။

သူတို့မှာ နှင်းဖုံးသူ အစပ်သို့ ရောက်နေကြပြီ ဖြစ်သည်။ သီးနှင်းက နှစ်လက်မ သုံးလက်မမျှသာ ထူသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လေက အေးမြလှသည်။ မြို့နှင်းထုကြားသို့ ရောက်နေ[illegible] သည်။

မှုရေးမှာ အသက်ကို ပြင်းပြင်းရှူရင်း ကြိုးစား၍ခလ[illegible] နေရသည်၊ ရှေ့မှ လူကိုသာ မျက်ခြေမပြတ်မခံ ကြည့်ရသ[illegible] ကျန်လူများမှာမူ မြို့နှင်းကြားဝယ် ကွယ်ပျောက်လ[illegible] သည်။

မတ်စောက်နေမှုက ပြေပြစ်သွားသည်။ လမ်းလျှော[illegible] လွယ်ကူလာသည်။ တောင်ကြားလမ်းထဲသို့ ရောက်လာ[illegible] ဖြစ်သည်။ မှုရေးမှာ အသက်ရှူပြင်းနေဆဲ ဖြစ်သည်။အား[illegible] ခပ်ဖြည်းဖြည်း သွားနေပြီကို သိလိုက်သည်။

နောက်တစ်ကြိမ် ရပ်နားကြပြန်သည်။ ကာ္ခီနူးရောက်လာ[illegible] ပြီး တရုတ်လှည့်ကင်းများကို အကဲခတ်နေသည်။ သူ[illegible] မလေးယောက်နှင့် တွေ့ပြီဟု ပြောပြသည်။ အင်အားဆယ့်ရှ[illegible] ပါ လှည့်ကင်းက လွန်ခဲ့သောနှစ်နာရီက ဖြတ်သွားခဲ့ပြီး [illegible] သည်။

နှယ်ခြားမှာ ရှေ့တွင် မဝေးတော့။ သူတို့က ခရီးဆ[illegible] ကြသည်။ နှစ်ယောက်ချင်း တွဲကာသွားကြသော်လည်း [illegible] အခါ စကားမပြောကြတော့။ မြို့နှင်းက ဒင်းတို့၏ လှုပ်ရှ[illegible] မှုကို ကာကွယ်ထားသည်။ အကဲခတ် အဖွဲ့သား လေးယော[illegible] ပါ ဒင်းတို့နှင့် လိုက်လာကြသည်။

နာရီဝက်မျှ လျှောက်အပြီးဝယ် မြေပြင်က နိမ့်လ[illegible] ဖြစ်လာသည်ကို မှုရေး သတိထားလိုက်မိသည်။ ခရီးဆုံးရော[illegible]



ပြီဟု ခန့်မှန်းရသည်။ အသက်ရှူရလွန်းသဖြင့် ရင်ဘတ် တစ်ခု လုံး နာကျင်နေမိသည်၊

ဆင်ခြေလျှောက အစတွင်ပြေပြစ်သော်လည်း တဖြည်း ဖြည်း စောက်ကျလာသည်။ တစ်ယောက်ချင်းတန်းစီကာလျှော တိုက် ဆင်းရတော့သည်။ မြို့နှင်းကြားမှ လွတ်မြောက်ခဲ့သော် လည်း အလင်းရောင်ပိတ်၍ အလွန်ချမ်းအေးလှသည်။

မှုရေး၏ နာရီက မနက် တစ်နာရီ ဆယ့်ငါးသို့ပြနေသည်။ တစ်နာရီခွဲတွင် လမ်းမှ ဖယ်ကာ အထက်ရှိ တောင်ကြောကို ဖြတ်ရသည်။ တစ်ဘက်သို့ ရောက်လျှင် ရပ်လိုက်ကြသည်။

ခန်ပါတို့က လွယ်လာသည့် ရိုင်ဖယ်များကို ဖြုတ်ကာ အ[illegible] ချို့မှာ ဂျုံမှုန့်များကို ထုတ်စားကြသည်။ကျွဲနေရာမှာ ဒွန့်ခါ[illegible] နှင့်ခိုင်ရွှန်မှ လူများ လာဆုံမည့်နေရာဖြစ်ကြောင်း ကာ္ခီနူးက မှုရေးအား လာ၍ပြောသည်။ နွားနောက်သွားမောင်းသူ နှစ် ယောက်မှာလဲ ကျွဲနေရာသို့ လာကြမည် ဖြစ်သည်။

သူတို့တတွက် အနားယူရန် တချိန်တစ်နာရီခွဲရကြသည်။ မှုရေးက အနုပါ အကျီကော်လာကို ဆွဲထောင်ပြီးနောက် လှဲလိုက်ရာ အိပ်ပျော်သွားတော့သည်။

မကြာမီပင် ကာ္ခီနူးက လာနှိုးသည်ဟု မှုရေး ထင်မိသည်။ အချိန်က သုံးနာရီ ဆယ်မိနစ်ရှိပြီ ဖြစ်သည်။ အလွန်[illegible] ချမ်းလှသည်။ ခန်ပါတို့မှာ ရိုင်ဖယ်ကို လွယ်ပြီးဆောင့်ကြောင့် ထိုင်နေကြသည်၊ ချီတက်ရန် အဆင်သင့်ပင်။

မှုရေးက ကုန်းရုန်း၍ထသည်။ ကိုယ်ကိုလှုန်း၍လက်မောင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



များ နံဘေးမှ တစ်လျှောက် ပွတ်သတ်နေသည်။ ထုံ နေသည့်ဒူးကို မရသည်။

'အိုဒ က....အဆင်သင့်ပဲ၊ ကျွန်တော်ကြောင့် နောက်ကျနေသလား'

ကဲနီးက မြေပြင်ပေါ် သို့ လက်ညှိုးထိုးပြသည်။

'ကပ်စေးနဲတို့ စီးကရက်တို ပစ်ချခဲ့သို့ မဖြစ်ဘူး'

'မချပါဘူး....ဘာမှလဲ မချခဲ့ပါဘူး....ဘာတွေဖြစ်နေသလဲ၊ ဘာဖြစ်လို့ ခရီး မဆက်သေးတာလဲ'

ကဲနီးက လိုလားချက်ကို ပြောပြသည်။ မိမိတို့ အတိုက်ခံရလျှင်၊ မှုရေးသည် သူ့ ရှေ့မှ ခုတိယအခြောက်လူ ပမ်ဘာနာဘူနှင့် ပူးပေါင်းရမည်ဖြစ် အနေဝးသို့ ရှောင်ရမည်။ ကျန်လူများက ပြန်ဆုံရန် ကြိုးစားမည် တံတားရှိရာသို့ အုပ်စုခွဲ၍ သွားကြမည်။

'စိတ်ချပါ'

မှုရေးက ပြောလိုက်သည်။ ဤအချက်ကို ဒမ်တွင် ဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။ သဘောပေါက်ပါသည်။ ဤသို့မဖြစ်ပါစေနှင့်တု မှုရေးဆုတောင်းမိသည်။

လမ်းတစ်လျှောက်တွင် တရုတ်ထရပ်ကားများ လှုပ်ရှားနေကြောင်း ဗွန်ခါနှင့် ခိုင်ရွန်မှ လူများက သတင်းပို့ကြသည်။ အလွန်ရှည်သော ကားတန်းက နယ်စပ်သို့ မနေ့က ထွက်သွားကြသည်။

'ဒီမှာ ကျွန်တော်တို့နေ နေရအေးတာလဲ'

'နွားနောက်တွေ မရောက်သေးဘူး'



မှုရေး၏ အမေးအား ကဲနီးက ပြန်ဖြေသည်။ နွားနောက်သွားမောင်းသူ နှစ်ဦးမှာ နှစ်နာရီတွင် ရောက်ရမည်ဖြစ်သည်။ တစ်ခုခုကြောင့် ၎င်းတို့မှာ မရောက်ကြသေး။ အချိန်အတော်နောက်ကျနေပြီ ဖြစ်သည်။

ယခု ၎င်းတို့ ရောက်မလာပါမူ စောင့်ရန်အချိန် မရှိတော့။ အာရုဏ်မတက်မီ တိုက်ခိုက်ရန် အစီအစဉ် ဆွဲပြီးဖြစ်သည်။ သို့တိုင် နွားနောက်တို့မှာ အချိန်မီ ရောက်လာနိုင်ဟန် မရှိချေ။

တိုက်ပွဲမဆင်မီ နေ့အလင်းရောင်တဲ၌ဤဒေသတွင်လှုပ်ရှားခြင်းမှာ အလွန်အန္တရာယ်ကြီးလှသည်။ တိုက်ပွဲဆင်ပြီးနောက် အလင်းရောင်ထဲ၌ပင် တပ်ခေါက်ပြန်ရောက ရှိသေးသည်။ ဗွန်ခါနှင့် ခိုင်ရွန်မှ တရုတ်တပ်များရောက်မလာမီ၊ နယ်စပ်သို့ ပြန်ဖြတ်ဝင်ရေ ရမည်။

မှုရေးက ပြန့်လှဲလိုက်သည် ချိမ်းခြောက်ဆဲဖြစ်သည်။ အ... အတိုကြားဝယ် ကျေးရွာ ခြေထောက်များကို လျှောက်နိုင် သ...လောက် အလုပ်ပေးထားရန် လိုအပ်ကြောင်းတွေးမိသည်။

နွားနောက် တို့အား တရုတ် တို့ ဖြတ်မိသွားပါက အဘယ် သို့ဖြစ်မည်နည်း။

ခန့်ပါတို့မှာ ...င်းချထားနိုင်သည်၊ သူက မတွေးလိုတော့ နွားနောက် ကိစ္စက ဆိုးလှသည်။ ရွာဖွေစစ်ဆေးနိုင်မှု ... သော်လည်း နွားနောက်မှာ တိုင်းရင်းသားတို့၏ အဆင်တ... ဆ...အဖြစ် ရှိနေသည်။ နွားနောက်မပါလျှင် ဘာဝ ... လိမ့်မည်မဟုတ်။

www.burmeseclassic.com



နာရီကို ကြည့်လိုက်ပြန်သည်။ (၃း၁၅)နာရီ။ နောက် နှစ်မိနစ် ကုန်သွားပြီးနောက် ဘေးမှလူများ ထရပ်ကြသည်။ မှူးရေးက အကြောအချင် တောင်တင်းစွာထရင်ကာ ခရီးဆက်ကြသည်။ နွားနောက် ကိစ္စအတွက် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ကြရပြီ။

တောင်ဆင်းလမ်းအတိုင်း လျှောက်လာကြပြီး မကြာမီ ယခင်ကထက် ခြေလှမ်း သွက်လာကြသည်။ ၎င်းတို့အား မီရန် မှူးရေးမှာ ခြေလှမ်းကျဲကျဲ လှမ်းနေရသည်။ ရှေ့ဘက်မှာ ကျောက်တုံးလေးများ လိမ့်ကျသွားရပြီးအမိန့်ပေးသံ တိုတို နှစ်ခွန်းကိုပါ ကြားလိုက်ရသည်။

မှူးရေး ပမ်ဘာနာဘူနှင့် သူ့ရှေ့မှ လူများက လွယ်ထား သော သေနတ်များကို ပုခုံးမှ ဖြုတ်လိုက်ကြသည်။ ရုပ်ရှင် ဘာဖြစ်သနည်းဟု ရှေ့သို့သာ ကြည့်နေကြသည်။

ပမ်ဘာနာဘူက လူတန်းမှထွက်၍ သူတို့ဘက်အခြမ်းရှိ တောင်နံဘေးသို့ ရှာဖွေစစ်ဆေးကြည့်သည်။ ကျန်လူများ မှာ ဒူးထောက်၍ သေနတ်များ အဆင်သင့် ကိုင်ထားကြ သည်။

ဆယ်မိနစ်မျှကြာလျှင် ကာ်နူးအား တွေ့ရသည်။ သူက နောက်ပိုင်းသို့သွားပြီး ပြန်လာသည်။ မှူးရေးက မေးကြည့်လိုက် သည်။

'ဘာဖြစ်တာလဲ'

'ထရှက်ကင်းလှည့်တွေ အနားမှာ ရှိတယ်'

လွန်ခဲ့သော ဆယ်မိနစ်က ကျိနေရာမှ ဖြတ်သွားသည်



ချုတ်ကင်းလှည့်အဖွဲ့အတွက် အထုတ်အပိုး ထမ်းနေရသော တံ ကာ်လေးဦးနှင့် အမှောင်ထဲ၀ယ် ဝင်ကိုးမိကြပုံ ဖြစ်သည်။

တိဘက်တို့တွင် အထုတ်ကြီးထစ်ထုတ်ပါလာသည်။ တပ်ဖွဲ့ း နီမာက စဏ္ဍ။အချို့သာယူပြီး ကင်းလှည့်အဖွဲ့၏လှုပ်ရှား ကို စုံစမ်းသည်။

အထမ်းသမားများကို လွှတ်လိုက်သည်။ ၎င်းတို့မှာ ခန်ပါ းမဟုတ်။ သို့သော် ၎င်းတို့သည် တရုတ်များကို သတင်း ပေးဟု ခန့်ပါများ ယုံကြည်ကြသည်။ ၎င်းတို့သည် ၎င်းတို့ တော့ တိဘက်များအပေါ် အားထားကြသည်။

'တိဘက်တွေဟာ အကြမ်းဖက်သမားတွေ မဟုတ်ဘူး၊ ဒါ မယ့် တရုတ်တွေကို တိုက်ထုတ်ဖို့သာ စိတ်ဝင်စားကြတာ' ကာ်နူးက ရှင်းပြသည်။

'နွားနောက်တွေ သတင်းကကော'

'ဘာမှ မကြားရသေးဘူး'

'ခုနက လှည့်ကင်းက မိသွားလေရော့သလား မသိဘူး'

ကာ်နူးက မဖြေနိုင်ပါ။ စစ်ကြောင်းထိပ်သို့ ပြန်သွားသည်။

စ်အနည်းငယ် အတွင်းမှာပင် ရှေ့သို့ဆက်လက် ချီတက် သည်။ တောင်ဆင်းလမ်းဖြစ်ပြီး လမ်းကောင်းသော်လည်း နာရီအတွင်း ငါးမိနစ်တစ်ကြိမ်သာ နားကြရသည်။ မှူးရေး ပင်ပန်းလွန်းလှသည်။

ကောင်းကင်က မိုးခိုးရောင်သန်းလာသည်။ တဖြည်းဖြည်း တောင်နံရံများကို အသေးစိပ် တွေ့မြင်လာရသည်။ း၏ ခြေထောက်များနှင့် တင်ပါးဆုံခွက်မှာ ကိုက်ခဲလာ

www.burmeseclassic.com



သည်။ ဆယ်ပေါင်လေးသည့် ယမ်းဘီလူးအိတ်ကလည်း ...
ပင်းကျိုးလုမတတ် ခံစားနေရသည်။

တောက်ပလာသည့် အလင်းရောင်နှင့်အတူ ရှင်းတို့မှာ သိမကြားအောင် သွားရန်ဖြစ်ပါသည်။ ဒုက္ခဖြစ်ပြီကို တိုင်း သိနေပုံရသည်။ အချိန်မီ သူတို့ခရီးမပေါက်ခဲ့ကျ... တို့ အပေါ်တောင်စွယ်တွင် သစ်ပင်ပုပုလေးများနှင့် အ... မျိုးက ထိုးထွက်နေသည်။

ပမ်ဘာနာဘူက မူရေးအား အနီးသို့ ခေါင်းဆတ်... လိုက်သည်။ မိမိတို့ မည်မျှ သွားရဦးမည်နည်းဟု မူရေး... မိသည်။ တောင်ကမ်းပါးယံတွင် ကျောက်တုံးအစွယ်တစ်ခု... ပုန်းကွယ်စရာရှိသည်၊ ခမ်ပါတို့က သေနတ်များကို ... ဖြုတ်လိုက်ကြသည်။

(၁၅) မိနစ်မျှ ဆက်၍ သွားကြသည်။ အလင်းရော... ပိုအားကောင်းလာသည်။ သူတို့အထက် ၁၅ပေမျှ မြင့်သေ... တောင်ကမ်းပါးယံ အောက်သို့ ရောက်နေကြသည်။ ... ဘက်တွင် စိမ်းမှိုင်းမှိုင်း တောင်စောင်းရှိသည်။ မြဲပြာကျေ... တုံးခဲလေးများမှ လွဲ၍ လွင်တီးခေါင်ပြင်သာ ဖြစ်သည်။

မိမိတို့ကို ကောင်းစွာ မြင်သာနေကြောင်း၊ မူရေးခံ... မိသည်။ သူတို့ ရပ်လိုက်ကြသည်။ လူချင်း နီးနီးကပ်ကပ်နေ... အမိန့်က ထွက်လာသည်။ ရှေ့ရှိ တောင်ကမ်းပါးယံ... အနည်းငယ် ကွေးသွားသည်။ ဘာဖြစ်သည်ကို မူရေးမမြ...

လူတန်းကို ကျော်၍၊ ကီနူးဆီသို့ မူရေးက သွားသည်။

'တံတားနဲ့ ဘယ်လောက်ဝေးသေးသလဲ'



ကီနူးအား ကြည့်ရသည်မှာ၊ ရှင်ပျပုံ မပေါ်ချေ။

'နီးနေပြီ'

'ဟုတ်လား.... ဘယ်လောက်တောင် နီးနေပြီလဲ'

ကီနူးက မဖြေ။

'နွားနောက်တွေ မပါဘဲ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ၊ ဘာဖြစ်လို့ နွားနောက်တွေ ရောက်မလာတာလဲ'

'ကျွန်တော်တို့ စောင့်နေတာပဲ'

မူရေးက ကီနူးအား စိုက်ကြည့်လိုက်သည်။ ဘာတွေ ဖြစ်နေပြီနည်း။ အဆင်ပြေပုံတော့မရ။

'တပ်ဖွဲ့မှူးနဲ့ သွားတွေ့ရအောင်'

ကီနူးမှာ သူတွေးနေသည့် အင်္ဂလိပ် စကားကို ရှာဖွေတွေ့ဟန်ဖြင့် ပြောတော့သည်။

'ကိုက်တစ်ထောင်'

'ဘာ ကိုက်တစ်ထောင်လဲ၊ တံတားနဲ့ ကိုက်တစ်ထောင် အကွာကို ကျွန်တော်တို့ ရောက်နေပြီလို့ ဆိုလိုတာ လား'

ကီနူးက ရှေ့သို့ ခေါင်းဆတ်ပြသည်။ ခွင့်တောင်း၍ ထွက်သွားသည်။ မူရေးမှာ နောက်သို့ ပြန်မသွားဘဲ၊ ရောက်ရာမှာပင် ရပ်နေလိုက်သည်။ ခမ်ပါတို့မှာ ဆောင့်ကြောင့် ထိုင်ယင်း တစ်ဘက်တောင်စောင်းသို့ ကြည့်နေကြသည်။

ရှင်းတို့က စောင့်ဆိုင်းနေကြသည်။ တစ်နေရာရာမှ၊ တခေါင်းအသံကို ခပ်အုပ်အုပ်ကြားရသည်။ ဘုရားကျောင်းတစ်ခုမှ ခေါက်နေသည့် ဆည်းလည်းသံဟု မူရေးတင်မိသည်။

အတော်ဆိုးသသည့် အခြေအနေ ဖြစ်ကြောင်း တွေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့အား မြင်ကွင်းက ကောင်းလျက်ရှိသည်။ ဆန့်ကျင်ဘက် တောင်ပေါ်ဝယ်၊ လမ်းတစ်လမ်းကို တွေ့မိသည်မှာ ထင်လိုက်မိမြန်သည်။ ယခု နေ့အလင်းရောင်က ရောက်နေပြီဖြစ်သည်။

ကောင်းကင်ယံတွင် တိမ်တိုက်မရှိ။ အပြာရောင်ဖျော့ဖျော့ဖြစ်နေသည်။ တစ်ဖက်လမ်းပေါ်သို့ တရုတ်ကင်းလှည့် အဖွဲ့သာ ရောက်လာရန် လိုတော့သည်။ အလွန်အလုပ်ရှုပ်သည့် မနက်ခင်းဖြစ်ပေတော့မည်။

လေယာဉ်တစ်စီးသံကို ကြားလိုက်ရသည်။ လူတိုင်းမော့ကြည့်မိကြသည်၊ တိုတောင်းသော အမိန့်သံတစ်ခု ရောက်လာသည်။ တောင်နံရံကို ကျောနှင့် ကပ်နိုင်သမျှ ကပ်နေလိုက်ကြရသည်။ တစ်မိနစ်မျှတော့ ဘာမှမဖြစ်။ ထို့နောက် မီးခိုးရောင် စက်နှစ်လုံးတပ် ကင်းထောက် လေယာဉ်လေးတစ်စီး ပေါ်လာသည်။

ကောင်းကင်ယံတွင် အလွန်စူညံလှသည်။ လေကြောင်းခေတ်ဦးမှ လေယာဉ်တစ်စီးနှယ် အသံမြည်လှသည်။ လေယာဉ်ကို ဝေ့ဝိုက်ကာ ပျံရင်း တစ်ဖက်အောင်ဆောင်းသို့ သွားကာ မူရေးတို့ဘက်သို့ ရောက်လာသည်။

အမည်းရောင် တရုတ်အမှတ်အသားများကို တွေ့ကြရသည်၊ ခန့်ပါအချို့မှာ တောင်နံရံ အား ကျောကပ်ရင်းမှာ လေယာဉ်ကိုပင် မော့မကြည့်ရဲကြ၊ သူတို့ကို ကျော်ဖြတ်သွားသည်။ အသံကိုမူကြားနေရဆဲ ဖြစ်သည်။

ထို့နောက် တစ်ဖက်လမ်းပေါ်ဝယ် နွားနောက်ဘစ်



ကောင်နှင့် လူနှစ်ယောက်ပေါ်လာသည်။ ကိုက်ငါးရာမျှ အလှမ်းဝေးလှသည်။

လေယာဉ်က ပြန်ရောက်လာပြီး နွားနောက်နှင့် လူများရှိရာသို့ ဖြတ်ပျံသွားသည်။ ထို့နောက် ပြန်ကွေ့ကာရောက်လာပြန်သည်၊ အဝေးတွင် လေယာဉ် စက်သံ တိုးညှင်းပျောက်ကွယ်သွားသံကို ကြားကြရသည်။

နွားနောက်နှင့် အဖွဲ့အား ဟင်းလင်းပြင်ဝယ် လေယာဉ်က မတွေ့ခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ပါ။ မူရေးတို့ လူတန်းကိုလည်း တွေ့သွားနိုင်ဖွယ်ရှိသည်၊ နေရောင်ခြည်ဝယ် ပစ္စည်းတစ်ခုခု လက်ခနဲ အရောင်ထွက်သွားစရာရှိသည်။

နွားနောက်နှင့်အဖွဲ့က ကျွန်ခရီးကို ခပ်မှန်မှန်လာနေကြသည်။ မူရေးတို့ လူတန်း၏ ရှေ့မနီးမဝေးဝယ် သူတို့လာရာလမ်းက ဆုံသည်။ ခန့်ပါတို့ မလှုပ်ကြ။ မကြာမီ ကီနူးရောက်လာသည်။

'ကျွန်တော်တို့ကို လေယာဉ်မြင်သွားပြီလား ဗျ'

မူရေး၏အမေးအား ကီနူးက မဖြေနိုင်သလို ပြန်ကြည့်သည်။

'နွားနောက်တွေက ဘယ်လိုဖြစ်တာလဲ'

လူနှစ်ဦးမှာ စီစဉ်ထားသည့်အတိုင်း နွားနောက်များကို သွားမောင်းသည်။ ထို့နောက် မူရေးတို့နှင့်ရင်းတို့ကြားငယ် တရုတ်ကင်းလှည့်အဖွဲ့သံကို ကြားမိလိုက်သည်။ စစ်ကြောင်းနှင့် တရုတ်တို့ လှဲသွားခြင်းဖြစ်နိုင်၍ တံတားရှိရာသို့ တိုက်ရိုက်လာရန် သူတို့ဆုံးဖြတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှင့် ပူးတွဲရမည့် သုံးယောက်ပါ အဖွဲ့သည်ကော....။ ၎င်းတို့သည် စစ်ကြောင်းနှင့် ယခုအခါတွင် ဆုံရမည်ဖြစ်သည်။ လေယာဉ်သည် သူတို့အားမမြင်ပါက လူအင်အား နှစ်ယောက်မှ ငါးယောက်အထိ တိုးမည်လော။ အစောင့်များကို နွားနောက်နှင့် လူနှစ်ယောက် ယှဉ်နိုင်စရာမရှိချေ။

ကိန္နူးက ပြောလိုက်သည်။

'သွားကြမယ် နေရာယူကြမယ့်နေရာကို သွားကြမယ်'

အဖွဲ့ကို အလျှင်အမြန်ခွဲကြရပေမည်။ ထို့ဖြင့် မူရေးက ယမ်းလွယ်အိတ်ပါ လူနှစ်ဦးဆီသို့ ခပ်သုတ်သုတ်သွားသည်။ ကိန္နူးပါ လိုက်လာသည်။ မူရေးက သေနတ်ကိုဆွဲထုတ်လိုက်၏။

နှစ်မိနစ်အကြာဝယ် တိုက်ခိုက်ရေးပုံစံဖြင့် နောက်ဆုံးကိုက်တစ်ထောင်ခရီးကို ချီတက်ကြသည်။ တောင်နှုတ်ခမ်းမှ ဆင်းကြ၍ ရှေ့သို့ လှမ်းမမြင်နိုင်၊ အကာယူထားသည့် တောင်ကမ်းပါးက သူတို့ခေါင်းအထက် သုံးပေမျှသာ မြင့်သည်။ မကြာမီ ရှေ့မြင်ကွင်းက ဘွားခနဲပေါ်လာသည်။

ညာဘက်ခြမ်းဝယ် ဖြိုဖျက်ထားသည့်ကျောက်တုံးကျောက်ခဲကြီးများရှိသည်။ အောက်ဘက်တောင်ခြေတွင် ဘယ်ညာတန်းနေသည့် လမ်းတစ်လမ်းရှိသည်။ လမ်း၏တစ်ဘက်တွင် တောင်စောင်းလမ်းက လျှိုထဲသို့ နိမ့်ဆင်းသွားသည်။

လျှိုမှာ နေရောင်ခြည်ကြောင့် ရွှေရောင်ငွေရောင် ပြေးနေသည်။ မြူနှင်းများဆိုင်းလျက်ရှိသည်။ ၎င်း၏ ဟိုမှာဘက်ဆီဝယ် တောင်များကို ကွေ့ပတ်နေသော မြင်လိုက်ပျောက်လိုက်ဖြစ်နေသည့် ခိုဒါရီလမ်းမကြီးပင်။



ထိုမှာ၏ တောင်ဘက်ဝယ် တန့်လာ တံတားဒေသ။ တံတားများကိုမူ ကျောက်ဆောင် ကျောက်တုံးကြီးများက ဖုံးကွယ်နေဆဲရှိသည်။

ဝင်စီးမည့်အဖွဲ့ကို မူရေး မြင်လိုက်ရသည်။ ဖြိုဖျက်ထားသည့် ကျောက်တုံးများ၏အကွယ်သို့ ခေါင်းဆောင်များ ရောက်သွားကြသည်။ ကျန်လူများက လူဖြန့်၍ ရှေ့သို့တက်နေသည်။

နွား နောက်နှင့် လူငါးယောက်အဖွဲ့က ခေါင်းဆောင်များ၏ ရှေ့ဘက် ကိုက်(၂၀)မျှအကွာမှ သွားလျက်ရှိသည်။ ထိုအဖွဲ့နှင့်အခြားသုံးယောက်က သွားခေါင်းလိုက်ကြသည်။

နံပတ်တစ် တံတားသို့ရောက်ရန် ညာဘက်သို့ကွေ့ရမည်ဖြစ်သည်။ ကျောက်တုံးများကို ကျော်၍ မြေပြင်လှမ်းအတိုင်း ကိုက်နှစ်ရာမျှ သွားရပေဦးမည်။

နွားနောက်နှင့်အဖွဲ့က လမ်းပေါ်သို့ ရောက်ပြီး ရပ်သွားကြသည်၊ ကင်းထောက်လေယာဉ်၏ ဆူညံလှသော စက်သံကို ကြားလိုက်ကြရသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ် (၁၄)

ကီနူးက ခပ်သွက်သွက် အမိန့်ပေးလိုက်သည်။ ခန့်ပါတို့က ကျောက်တုံးကြီးများရှိရာသို့ ပြေးကြသည်။ ကျောက်တုံးကြီး များမှာ၊ ပုံသဏ္ဌာန် အမျိုးမျိုး အရိပ်ထွက်နေရာ၊ လေယာဉ် ပြန်အလာဝယ်၊ ထိုအရိပ်အောက်၌ ခိုနေကြသည်။ နွားနောက် နှင့်အဖွဲ့မှာ လမ်းပေါ်တွင် ရှိမနေတော့။

လေယာဉ်က ပေါ် လာပြန်သည်။ ၎င်းတို့အပေါ် ဝဲပျံကာ ထွက်သွားသည်။ ပြန်ရောက်လာသည်။ မည်သူမျှ စကား မပြောကြ။ ၎င်းတို့အား မမြင်နိုင်မည့် အခွင့် အလမ်းက အလွန်ပင် နည်းပါးလှသည်။

ကျောက်တုံး နှစ်တုံးအကြား လွတ်နေသည့်နေရာမှ ၁၅ ပေမျှ ဝေးသည်။ မူရေးက လေယာဉ် ကျော်သွားသည်အထိ စောင့်သည်။ ထို့နောက် ၎င်းနေရာသို့ ပြေးခိုသည်။

နံပါတ်တစ်တံတားနှင့် လမ်းအကွေ့ကို လည်းကောင်း၊ နံပါတ်နှစ်တံတား၏ တစ်ပိုင်းတစ်စကို လည်းကောင်း၊ မြင် ရသည်။ တံတားတို့မှာ သူထင်သည်ထက် ကြီးလျက်ရှိသည်။



ဆောက်လုပ်ရေးအဖွဲ့ကို မတွေ့ရ။ တံတားတို့၏ ထိပ်တစ်ဘက် စီဝယ်၊ ကင်းရုံလေးများကို တွေ့ရသည်။

အစောင့်တို့မှာ ဓာရှတ်လုပ် မြောင်းတိုတို တော်မီသေနတ် များကို လည်ပင်းတွင် ချိတ်ဆွဲထားကြသည်။ အစောင့်တစ် ယောက်က လမ်းပေါ်သို့ မျှော်ကြည့်နေသည်။ နွားနောက်နှင့် အဖွဲ့ကို တွေ့နကြောင်း ထင်ရှားလှသည်။

တစ်မိနစ်မျှ ကြာသွားသည်။ နွားနောက်နှင့် အဖွဲ့က၊ မြင်ကွင်းထဲ ရောက်လာသည်။ ၎င်းတို့မှာ ခပ်ခပ်မှန်ပင် သွား နေသည်။ ခရီးရှည် လာခဲ့ရ၍၊ နွမ်းနယ်နေပုံမျိုး ဖြစ်နေသည်။ ၎င်းတို့ အားလုံးမှာ၊ အပေါ်အင်္ကျီ အကြမ်းနှင့် စောင်များ ခြုံထားကြသည်။ အိတ်နှစ်အိတ်ကို ထမ်းထားသလို၊ နွား နောက်ပေါ်တွင် အထုပ်တစ်ထုပ်ကို ချည်နှောင်ထားသည်။ တော်မီသေနတ်မှာ အိတ်တစ်အိတ်ထဲတွင် ရှိသည်။

ပထမ အစောင့်ထံသို့ရောက်ရန်၊ တစ်နာရီမျှ ကြာသည်ဟု မှတ်ယူရသည်။ လေယာဉ်မူ မတွေ့ရတော့။ ပတ်ဝန်းကျင် တစ်ခုလုံး၊ လုံးဝ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ အစောင့် တစ်ယောက်က သေနတ်ပေါ် လက်တင် ၁ ရှေ့သို့ လေး ငါးလှမ်း တိုးလာသည်။

ကျန်တစ်ယောက်က တံတားထိပ်မှနေ၍ အခြေအနေကို စောင့်ကြည့်နေသည်။ အစောင့်များမှာ ပုံကြသည်။ ဦးထုပ်ပွဲ ဆင်း ဝတ်စုံကို ဝတ်ထားကြသည်။ မွှေယောင်းယောင်း အပေါ် အင်္ကျီများ၊ ခြေပတ်များ၊ သားမွေး ဦးထုပ်များနှင့် ဖြစ်သည်။ အစောင့်က သေနတ်ကို ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နွားနောက်နှင့် အဖွဲ့သား ငါးယောက်တို့ အစောင့်ထံသို့ ရောက်သွားကြသည်။ နှစ်ယောက်က အစောင့်နှင့် စကား ပြောနေသည်။ အစောင့်က နောက်ဆုတ်၍ ၎င်းတို့အား ကြည့်သည်။ သံသယဝင်နေပုံရသည်။ သေနတ်ကိုမူ လက်က မလွှတ်သေး။

သူက ချိုကားကား၊ အမွေးများ ဖားလျားကျနေသည့် နွားနောက်ကို ကြည့်သည်။ ထို့နောက် လူများကို ကြည့် သည်။ သူက ကျန် သုံးယောက်ထဲမှ တစ်ယောက်ကို သေနတ် နှင့် အမူအယာပြသည်။ ထိုသူက အိတ်နှင့်အတူ ရှေ့သို့ တက်လာသည်။ အိတ်ကိုဖြေ၍ ပြလိုက်သည်။

ဒုတိယ အစောင့်က ရှေ့သို့ တိုးလာကာ၊ မလှမ်းမကမ်းမှ နေ၍၊ ခရီးသည်များအား အဆင်သင့် အနေအထားဖြင့် စောင့်ကြည့်သည်။ ပထမ အစောင့်က အိတ်ထဲသို့ လက်နှိုက် ရှာသည်။ မျက်စေ့က ခရီးသည်များ ထံမှ မခွာ။ သေနတ်ကိုမူ လက်ဆန့်၍ ကိုင်ထားသည်။ လူတော် တစ်ယောက်ပင်။

သူက ပြန်ရပ်လိုက်သည်။ ခရီးသည်များက နောက်ဆုတ်၍ ရပ်သည်။ သူက သေနတ်နှင့် ဒုတိယ အိတ်ကို ထိုးပြသည်။ တခဏမျှ ငြိမ်သွားကြသည်။ အိတ်ကိုင်ထားသူမှာ ကိုယို့ ကားယား ဖြစ်နေသည်။

မူရေးမှာ အသက်ရှူ မအားဘဲ၊ စိတ်ရောကိုယ်ပါ ကျဉ်း ကြပ်စွာဖြင့် ကြည့်နေမိသည်။

အစောင့်က အိတ်ကို ရပ်ကြည့်နေစဲရှိသည်။ သူနှင့်အိတ်က နှစ်ပေမျှကွာသည်။ အိတ်ထမ်းလာသူက အိတ်ကိုဖြေသည်။



အစောင့်သည် တော်မီသေနတ်ကို တွေ့ရန် စက္ကန့်ပိုင်းမျှသာ လိုတော့သည်။

ထိုအခိုက်၊ နွားနောက်က ပြေးဝှေ့မည့် ပုံမျိုးဖြင့်၊ ဦးချို ကြီးကို မြှောက်လာသည်။ အစောင့်မှာ နွားနောက်တို့၏ သဘော နားကြေပြီး ဟန်ဖြင့်၊ နောက်သို့ ဖျတ်ကနဲ သေ သပ်စွာ ဆုတ်လိုက်သည်။ နွားနောက်မှာ လမ်းဘေးသို့ အနည်းငယ် ဖှိုင်ဆင်းသွားသည်။

ဤအဖြစ်ကို သဘောကျ၍ ရယ်လိုက်သံက၊ ခပ်သဲ့သဲ့ လွင့်ပျံလာသည်။ အစောင့်က သေနတ်ဖြင့် ၎င်းတို့အား ခရီးဆက်ရန် အချက်ပြလိုက်သည်။ ခရီးသည် ငါးယောက်မှာ နွားနောက်ကို ဝန်းရံ၍ ဒုတိယ အစောင့်ရှေ့မှ တည်ငြိမ် စွာ ဖြတ်ယင်း တံတားပေါ်ကို ရောက်သွားသည်။

မူရေးမှာ ယခုမှ ဘုရားတ၍၊ သက်ပြင်းကို ချလိုက်နိုင် သည်။

တံတားကို နွားနောက်နှင့် အုပ်စုဖြတ်နေစဉ်၊ လွှန်တူးသံက စတင်ထွက်ပေါ်လာသည်။ နံပါတ်နှစ်တံတားအနီးမှ ဆောက် လုပ်ရေး အဖွဲ့ဖြစ်ကြောင်း ထင်ရှားလှသည်။ မူရေးက လှမ်း ကြည့်လိုက်သည်။ တံတားကို ဝင်စီးမည့် အဖွဲ့မှာ ကျောက် တုံးများ နောက်ဝယ် တန်စီး၍၊ ရှေ့တက်ရန် အမိန့်ကို စောင့်နေကြသည်။ ရှေ့ဆုံးတွင် ဘရင်း သေနတ်နှစ်လက်က ပါသည်။

တံတားရှိရာသို့ ပြန်ကြည့်လိုက်သည်။ လမ်းအကွေ့ဝယ်၊ နွားနောက်နှင့်အဖွဲ့မှာ ယာယီ ပျောက်ကွယ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့် နှစ်ယောက်မှာ တံတားဆီသို့ မြန်သွားကြပြီ ဖြစ်သည်။ ၎င်းတို့မှာ လောကကြီးထဲတွင် မိနစ်ပိုင်းမျှသာ နေရပေတော့မည်။ ၎င်းတို့ ယခုအချိန်ဝယ် ဘာများ တွေးနေကြသနည်းဟု စဉ်းစားမိသည်။

၎င်းတို့မှာ တစ်ခုခုစားကြရန် သို့မဟုတ် အိပ်ရေးဝဝ အိပ်လိုက်ကြရန် စဉ်းစားနေကောင်း စဉ်းစားနေကြပေလိမ့်မည်။ မူရေးမှာ ပင်ပန်းနွမ်းနယ်မှုကို ရုတ်တရက်ကင်းပသွားသည်။

လမ်းအကွေ့ကိုကျော်၍ဒုတိယ တံတားထိပ်သို့ နွားနောက်နှင့် အဖွဲ့ရောက်သွားသည်ကို တွေ့လိုက်ရသည်။ တံတား၏ ကျောက်ခြမ်းကိုသာ တွေ့ရသည်။ အစောင့်နှစ်ယောက်က ခရီးသည်များကို စောင့်ကြည့်နေကြသည်။

သူတို့က တားဆီးမှုမပြု၊ နွားနောက်နှင့်အဖွဲ့ တံတားပေါ် တက်ကြသည်။ တဖြည်းဖြည်းချင်းလျှောက်ရင်း မူရေး၏ မြင်ကွင်းမှ ကွယ်သွားသည်။ နွားနောက်နှင့်လူနှစ်ယောက်ကို နောက်ဆုံးတွင် မမြင်ရတော့။

ကီနူးက တစ်စုံတစ်ခုပြောလိုက်၍ မူရေးက ၎င်းအနားသို့ကပ်သွားသည်။ တပ်ဖွဲ့မှူးနှင့် ခေါင်းဆောင် နှစ်ယောက် သုံးယောက်တို့က ကျောက်တုံးအကွယ်မှ ကြည့်နေကြသည်။ အဝေးမှ အော်သံကို ကြားလိုက်ရသည်။

မည်သို့မျှ ထူးခြားမှုဖြစ်မလာပါ။ စိုးရိမ်ထိတ်လန့်မှုကြောင့် မူရေးမှာ ရင်ထဲဝယ် လိုက်ခနဲ ဖြစ်သွားမိသည်။

ထို့နောက် တော်မီဂန်းသံတစ်ချက် ကြားလိုက်ရသည်။



သေနတ်သံက ထိတ်လန့်ဖွယ်၊ ပဲ့တင်ထပ်သွားသည်။ ဘာရင်း သေနတ်ကိုင် သမားများမှာ ကျောက်တုံးများနောက်ကွယ်မှ ပြေးထွက်သွားကြပြီဖြစ်သည်။ မူရေးက နောက်မှ အပြေးလိုက်သည်။ တော်မီဂန်းသံအပြင် လက်ပစ်ဗုံးသံ တစ်ချက်ကိုပါ ကြားရမြန်သည်။

ထို့နောက် တရုတ်သေနတ်နှင့် တော်မီဂန်းသံတို့ ရောထွေးစွာ ထွက်ပေါ်လာသည်။

'ဘာတွေဖြစ်နေပြီလဲဗျို့'

မူရေးက မေးလိုက်မိသည်။

နံပါတ်နှစ် တံတားပေါ်မှ ဖြစ်ပျက်နေပုံကို သူမမြင်ရပါ။ နံပါတ်တစ် တံတားပေါ်မှာ အစောင့်တို့မှာ တံတား သံတိုင်များကို အကာအကွယ်ယူ ပစ်နေကြသည်။ မူရေ က ကီနူးနောက်မှ ပြေးလိုက်သည်။ လမ်းဘေးရှိ မြောင်းတိမ်တိမ် တစ်ခုထဲသို့ ဆင်းကြသည်။

နံပါတ်နှစ်တံတားပေါ်ဝယ် ခမ်ပါတစ်ယောက်နှင့် နွားနောက်တို့ လဲနေသည်ကို မူရေးတွေ့လိုက်ရသည်။ ကီနူး၏ရှေ့မှလူမှာ သေနတ်မှန်ထားပြီး ဗိုက်ကိုဖိထားသည်။ စက်သေနတ်သံက မည်သည့်နေရာမှ ထွက်လာမှန်း မူရေးရှာမတွေ့ချေ။

နံပါတ်တစ်တံတားပေါ်မှ အစောင့်တို့က ပစ်ရင်း ရှေ့သို့ တက်နေကြသည်။ ခမ်ပါတစ်ယောက် တံတားကို မတက် တက်လျက်ရှိသည်။ တံတားတစ်ဝက်အရောက်ဝယ် အစောင့် တစ်ယောက်က မြင်သွားသည်။ အစောင့်က ခမ်ပါအား ပစ်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းကောင်းရန် နေရာရွှေ့လိုက်သည်။ ဘရင်းဂန်းအသံနှင့် အတူ အစောင့်မှာ နောက်ပြန်လဲကျသွားသည်။ ဒုတိယ အစောင့်၏ သေနတ်သံကိုလည်းမကြားရတော့။

ဘရင်းဂန်းကိုင် နှစ်ဦးစလုံး တဲတားပေါ်ရောက်သွားကြသည်။ ဒုတိယ အစောင့်က နောက်သို့ လှည့်ကြည့်သည်။ ငြိမ်သွားပြီးမှ အော်ဟစ်ကာ ပစ်တော့သည်။ အစောင့် ခန်ပါတို့ ရှင်းလိုက်နိုင်ကြသည်။ ဘရင်းဂန်းကိုင် တစ်ယောက်မှာ ခြေထောက်ဒဏ်ရာရသွား၍ ကျန်တစ်ယောက်က ၎င်း၏ သေနတ်ကျည်ဆံများကိုပါ သယ်နေရသည်။

မူရေးက တဲတားပေါ်သို့ ပြေးဆင်းသွားပြီး အကဲခတ်သည်။ တဲတားမှာ အခိုင်အခန့်ဖြစ်သည်။ ကျွဲဒေသမျိုး ဝယ်၍တဲတားမျိုးတည်ဆောက် နိုင်ခြင်းအတွက် အံ့သြမိသည်။ ပစ္စည်းများကို မည်သို့များ သယ်ယူကြသနည်းဟု တွေးရသည်။

ရှေ့တွင်ရောက်နေသော ကီနူးက ခေါင်းဆတ်ပြသည်။ ၎င်း၏ဘေးတွင် ယမ်းဘီလူးအိတ်လွယ် ခန်ပါနှစ်ယောက်ရှိသည်။ ကျန်လူများမှာ နံပါတ်နှစ် တဲတားဆီသို့ အပြေးသွားနေကြသည်။ သေနတ်သံ၊ လက်ပစ်ဗုံးသံများကို မူရေးကြားနေရဆဲဖြစ်သည်။ သေးပူလေ့ကျင့်ခန်း လုပ်နေသည်နှယ်ပင်။

မူရေးက ကီနူးနောက် အပြေးလိုက်သည်။ ဘွတ်ဖိနပ်နှင့် ယမ်းအိတ်က လေးလံလှသည်။ ခန်ပါတို့မှာ နံပါတ်နှ



တဲတားပေါ်တွင် မီးကျောင်းတက်တက်နေကြသည်။ ဘရင်း တစ်လက်က နောက်မှ ကာပစ်ပေးထားသည်။

သေဆုံးနေသော အစောင့်နှစ်ယောက်ကို ကျော်ပြီးနောက် နွားနောက်အဖွဲ့ဝင်တစ်ယောက်၏ အလောင်းကို တွေ့ရသည်။ တဲတား၏ ဟိုမှာဘက်ဝယ် ဆောက်လုပ်ရေးတဲများ မြေညှိစက်၊ လွန်တူးစက်၊ ထရပ်ကားများ၊ တွန်းလှည်းများ ရှိနေကြသည်။

စက်သေနတ်သံမှာ ထိုနေရာမှထွက်ပေါ်နေခြင်းဖြစ်သည်။ ၎င်းတို့မှာ နွားနောက်အဖွဲ့ဝင်သုံးဦးနှင့် ရင်ဆိုင်နေရပုံရှိသည်။ ရန်သူတို့မှာ ထရပ်ကားများ၊ မြေညှိစက်များကို အကွယ်ယူ၍ ပစ်နေကြသည်။ ဆောက်လုပ်ရေးအဖွဲ့တွင် လက်နက်ရှိမှန်းကို ခန်ပါတို့ မသိခဲ့ကြပါ။

ကီနူးနှင့် ယမ်းအိတ်ကိုင် နှစ်ဦးမှာ လမ်းဘေးတွင် နေရာယူကာ ပစ်နေကြသည်။ စက်သေနတ် ကျည်ဆံတို့က ရှေ့လမ်းမပေါ်သို့ ရောက်လာသည်။ ကျောက်တုံးစလေးများက မူရေး၏ မျက်နှာသို့ လာစင်သည်။

သေနေသည့် နွားနောက်ကို အကာအကွယ်ယူကာ ခန်ပါနှစ်ယောက်က ပစ်နေကြသည်။ ၎င်းတို့ အထက် တဲတားပေါ်ဝယ် ခန်ပါနှစ်ယောက်၏ အလောင်းကို မူရေးတွေ့ရသည်။

ဆောက်လုပ်ရေးစခန်း၏ နောက်ဘက်ဝယ် ဖုန်လုံးကြီးများ လိပ်တက်လာသည်။ ထရပ်ကားတစ်စီး မောင်းသွားသည်ကို မြင်ရသည်။ ပစ်ခတ်သံတို့ ရပ်သွားသည်။ ထို့နောက် ဘရင်း

www.burmeseclassic.com

www.burmeseclassic.com



ဂန်းသံကို ကြားရသည်။ ရန်သူ့ စက်သေနတ်သံက တိတ်သွားသည်။

တံတားပေါ်သို့ မှုရေး ပြေးတက်နေစဉ် ခန်ပါတို့က ထရပ်ကားများ၊ မြေညီစက်များအကာသို့ လက်ပစ်ဗုံးနှင့် ပစ်ကြသည်။ လမ်းအကွေ့ကို ပိတ်ဆို့ရန် ခန်ပါခြောက်ယောက်က တက်၍ နေရာယူကြသည်။

မှုခရုးအေးသို့ ကီနူးရောက်လာသည်။

'ထရပ်ကားတစ်စီး ထွက်သွားတာ တွေ့လိုက်သလား'

'တွေ့တယ်'

'ကျွန်တော်တို့ မြန်မြန်လုပ်မှ ဖြစ်တော့မယ်'

'ခင်ဗျား လူတွေကို လမ်းပေါ်မှာ လုပ်ခိုင်းလိုက်'

မှုခရုးက ကျောပိုးအိတ်ကို ဖြုတ်သည်။ ကီနူးနှင့်အတူ ခပ်သုတ်သုတ် လျှောက်သည်။ နံပါတ်နှစ်တံတားနှင့် ကိုက်တစ်ရာ အကွာတွင် ရပ်လိုက်သည်။

'ဒီနေရာမှ တွင်းတူး.... သုံးပေအကျယ်ကို သုံးပေနက်ပြီး သုံးတွင်းတူးခိုင်း'

'ဟုတ်ကဲ့'

'လက်ကိုင် လွန်တူးစက်ကို သုံးလို့ရနိုင်တယ်၊ မလုပ်တတ်ယင်တော့ အချိန်ကုန်မခံနဲ့၊ တူရွင်းနဲ့ပဲတူး'

မှုရေးက နံပါတ်နှစ် တံတားဆီသို့ ပြန်ပြေးသွားသည်။ ယမ်းအိတ်နှစ်အိတ်ဘေးဝယ်၊ ခန်ပါတစ်ယောက် ရပ်နေသည်။ မှုရေးက အပေါ်အကျႌကို ချွတ်လိုက်သည်။ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ပြန်သည်။



သူက ယမ်းထုပ်များကို ထုတ်သည်။ နှစ်ထုပ်ကို စုကာ ချ၍ ပေါင်းပြီး အလုံးလုံးသည်။ အခေါင်းပေါက်ပါသော ရှိသီး အရွယ်တစ်လုံး ဖြစ်လာသည်။ တစ်နေရာသို့ လက်ညှိုးနှင့်ထိုး၍ အပေါက်နှစ်ပေါက် ဖောက်သည်။ နောက်တိုင်ပိုင်း တစ်ခုနေရာကို ပထမ နှစ်ပေါက်နှင့် ဒေါင့်မှန် ကျအောင် ဖောက်သည်။

သူက တံတား၏ သံပုံတစ်ပုံ အဝေးသို့ လျှောက်သွားသည်။ တံတားမှ တွယ်ကာ အောက်ဘက်သို့ ဆင်းသည်။ ဒေါက်တိုင်များ အခြေအနေကို ကြည့်ပြီး၊ တစ်နေရာတွင်၊ ယမ်းလုံးကို တင်လိုက်သည်။ တံတားပေါ်သို့ ပြန်တက်သည်။ ယမ်းတစ်လုံး ထပ်လုံးသည်။ တံတား၏ တစ်ဘက်သောင်တွင် သွားထားသည်။ နာရီကို ကြည့်လိုက်သည်။

မစ်ခက်မှုကို အဆုံးသတ်သွားပြီး ဖြစ်သည်။ လူသံများကိုသာ ပီပီသသ ကြားရသည်။ ယခုအကြိမ် ဆိတ်ဆိတ်နေခြင်းမှာ မို့၍ခင် ထိတ်လန့်စရာ ကောင်းလှသည်။

လမ်းတစ်လျှောက်တွင်၊ ကီနူး၏ လူများက ပေါက်ချွန်းများ၊ သံတူရွင်းများဖြင့် တွင်းများ တူးနေကြသည်။ လေယာဉ် ထပ်ရောက် မလာဖို့သာ မှုခရုး ဆုတောင်းမိသည်။ ကောင်းကင်ယံမှာ ပြာနှမ်း၍၊ ချောက်ထဲဝယ် မြူတို့ မရှိတော့။

မှုရေးက ယမ်းထုပ်ကိုယူ၍၊ တံတားထိပ်တွင် တပ်ဆင်နေသည်၊ တံတားအောက်၊ ပင်မဒေါက်တိုင်များ၏ ကြားတွင်

www.burmeseclassic.com



လည်း ယမ်းလုံးကို ချရသည်။ မလှမ်းမကမ်းမှ ပြတ်တောင်းပြတ်တောင်း ပစ်ခတ်သံက ကြားလာရပြန်သည်။

သူက မိနစ်လေးဆယ် ချိန်ကိုက် စနက်တံဖြစ်သော အဝိုင်းရောင် ဘောပင် လေးချောင်းကို ထုတ်လိုက်သည်။ ထိပ်များကို ချိုး၍ ယမ်းလုံးတစ်လုံးစီဝယ် လိုက်ထိုးထည့်သည်။

ပစ်ခတ်သံက ဆောက်လုပ်ရေး စခန်းဆီမှ ဖြစ်သည်။ အခေါ်ဝါး စက်သေနတ်သံ၊ ဘရင်းဂန်း တစ်လက်သံနှင့် တရုတ်တော်မီဂန်းသံ များများကြားနေရသည်။ လှမ်းကြည့်လိုက်သည်။ ထရပ်ကား ထွက်သွားခဲ့သော နေရာတစ်လျှောက်ကို ခန့်ပါများ ပစ်ခတ်နေကြသည်။

သူက တံတားပေါ် ပြန်တက်ပြီး၊ ခရာကို သံရှည်တစ်ချက်မှုတ်လိုက်သည်။ ကီနူးက ကာဘိုင်ကို ပိုက်၍ ပြေးလာသည်။

'မိနစ်လေးဆယ်နော်၊ ခရာသံကို ကြားတယ်မဟုတ်လား'

'ကြားပါတယ်'

'ဘာဖြစ်နေသလဲ'

'တရုတ်လုည့်ကင်းအဖွဲ့၊ လူတော်တော်များတယ်'

ကီနူးက ဘေးတောင်ပံသို့ လှည့်ပြေးထွက်သွားသည်။ ပင်မတပ်ဖွဲ့မှာ နံပါတ်နှစ်တံတား၏ ညာဘက် ဆောက်လုပ်ရေးစခန်းမှ လှည့်ကင်းနှင့် တိုက်ပွဲဝင်နေရသည်။ အခြေအနေမကောင်းလှ။

မူရေးက ယမ်းအိတ်ကိုဆွဲ၍ လှမ်းပေါ်သို့ ပြေးဆင်းသည်။ ခန့်ပါတို့မှာ တွင်း (၆)တွင်း တူးထားသော်လည်း





အနက်က (၆) လက်မမျှသာ ရှိသည်။ မူရေးက နောက်သုံးယောက်ကို ခေါ်၍၊ တွင်းသုံး တွင်း တူးခိုင်းရပြန်သည်။

ဆောက်လုပ်ရေးစခန်းဆီမှ၊ ပစ်အားက ကောင်းလှသည်။ အမှတ်နှင့်တံတားသို့ မူရေးက ပြန်ပြေးသည်။ သူ့ အနီး သံမဏိအားသို့ တော်မီဂန်း ကျည်ဆံများက လာမှန်သည်။ ယမ်းအိတ်ကိုဆွဲ၍ အမှတ်တစ် တံတားဆီသို့ အားကုန်ပြေးရသည်။ မောနေသည်။ ယမ်းအိတ်ကို ဖွင့်ပြီး နာရီကိုကြည့်လိုက်သည်။ နံပါတ်နှစ်တံတား ပေါက်ကွဲရန်၊ (၁၅) မိနစ်သာ လိုတော့သည်။

သူက ယမ်းထုပ်ကိုယူ၍၊ အလုပ်စတော့သည်။ ယမ်းတစ်ထုပ်ကို တပ်ဆင်ပြီးနောက် ချောက်ကမ်းပါး တစ်ဘက်ထိပ်မှ၊ လက်ပစ်ဗုံးကွဲသံနှစ်ချက် ကြားလိုက်ရသည်။ လှမ်းကြည့်မိသည်။ ပင်မလမ်းထိပ်တွင် ထရပ်ကားနှစ်စီး ရောက်နေသည်။

လမ်းမကို ပိတ်ထားသည့် အဖွဲ့ဝင်က သိပ်မရှိ။ တစ်ယောက်လဲနေသည်ကို တွေ့ရသည်။ ဒုတိယ ထရပ်ကားက နောက်သို့ဆုတ်သည်။ ရှေ့ကား နောက်ဆုတ်ဖြင့် နောက်သို့ ပြန်ကွေ့ရန် ကြိုးစားသည်။ မူရေးက ယမ်းကို လုံးယင်း ကြည့်နေသည်။

ယမ်းကို နေရာချပြီးနောက်၊ မူရေး လှမ်းကြည့်လိုက်ပြန်သည်။ ထရပ်ကားမှာ ခေါင်းတည့်မိ၍၊ ထွက်တော့ရန်သာ ရှိတော့သည်။ လမ်းပိတ်အဖွဲ့က ပထမ ထရပ်ကားကို ရှင်းပြီး၍၊ ဒုတိယ ကားနောက်သို့ ကျော်လိုက်ကာ ပစ်သည်။ ထိုအချိန်ဝယ် ပထမ ကားပေါ်မှ တော်မီဂန်း အသံနှင့်အတူ၊ ခန့်ပါအားလုံး လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ'

မှုရေး ချေရှုတ်မိသည်၊ ထရမ်ကားက အဝေးသို့ ရောက်သွားပြီး လမ်းပိတ်ဆို့ရေး အဖွဲ့ လည်း မရှိတော့။ နေ့ခက်ပိုင်းမှ ပင်မဘာပ်ဖွဲ့မှာ ထိုအဖြစ်ကို မမြင်၊ မြင်ကွင်းဝေး ကွယ်နေသည့် အပြင်၊ ဆောက်လုပ်ရေးစခန်းမှ ရန်သူများနှင့် ရင်ဆိုင်နေရသည်။

မှုရေးက ဒုတိယ ယမ်းလုံးအား တံတားအောက် ဆင်းတပ်က၊ မိနစ်နှစ်ဆယ် ချိန်ကိုက် စနက်တံကို တပ်လိုက်သည်။ အပေါ်ပြန်တက်ပြီး၊ နံပါတ်နှစ် တံတားဆီသို့ ပြေးသည်။ နာရီကို ကြည့်လိုက်သည်။ ကိုးမိနစ်သာ လိုတော့သည်။

သူက အားကုန်ပြေးသည်၊ ကိန္နားနှင့်ဖမ်ဆာနာတို့က ရှေ့တွင်ရှိသည်။ လမ်းပေါ်မှ တပ်ဖွဲ့အနီးသို့ ရောက်တော့မည်။ မှုရေးမှာ ငှင်းတို့နား ရောက်လာချိန်ဝယ် အသက်ရှူမဝ။ ပမ်ဘာက လမ်းမကြီး၏အကွေ့ နေရာကို လက်ညှိုးထိုးလိုက်သည်။ သူ့လက်တွင် သေနတ်များရှိနေသည်၊ လက်ချောင်း တစ်ချောင်း မရှိတော့သည်ကို မှုရေးတွေ့လိုက်ရသည်။

'အဲဒီမှာ လမ်းပိတ်ဆို့ရေး မရှိတော့ဘူး'

မှုရေးက ပြောပြလိုက်သည်။ ကိန္နားထံမှ အသံက ထွက်လာသည်။

'ထရမ်ကားတွေ...တရုတ်ယာဉ်တန်းပဲ'

'အင်း...ခုမှတော့ လမ်းပိတ်လို့ မရတော့ဘူး'

မှုရေးကပြောပြီး...နာရီကို ကြည့်လိုက်သည်။ (၇)မိနစ်



သာလိုတော့သည်။ ပမ်ဘာက ကိန္နားအား တစ်ခုခုပြောလိုက်သည်။ ကိန္နားက မှုရေး၏လက်မောင်းကိုဆွဲပြီး....

'ခုပဲ ဖောက်ခွဲလိုက်တော့'

'အားလုံးကို ဆုတ်ခိုင်းလိုက်၊ အားလုံးဆုတ်ကြ'

မှုရေးက အားမှ ခန်ပါများကို လက်ဟန်ဖြင့်ပြကာ ယမ်းထုတ်နှင့် ဒူးထောက် ထိုင်ချလိုက်သည်။ လမ်းပေါ်မှ တွင်းများမှာ ထပ်တူးကြသော်လည်း ဆယ့်ရှစ်လက်မမျှသာ နက်သည်။ တစ်တောင်မျှကျယ်သည်။

မှုရေးက ယမ်းကိုလုံးသည်။ လမ်းပေါ်တွင်သူတစ်ယောက်သာ ရှိတော့သည်။ အချိန်ကလည်း ငါးမိနစ်သာလိုတော့သည်။ ယမ်းထည့်ပြီးသည်နှင့် သုံးမိနစ် အချိန်ကိုက်စနက်တံ အနီရောင် ဘောပင် သုံးချောင်းကို ချိုး၍ ယမ်းထုတ်များဝယ် ထိုးစိုက်လိုက်သည်။

ထရမ်ကား၊ ပြေးလမ်း၊ နာရီကိုကြည့်သည်။ နှစ်မိနစ် အတွင်း တံတားတစ်ခုလုံး ပေါက်ကွဲသွားတော့မည်။ ခရာကို အတင်းထုတ်ရင်းမှုတ်သည်။ ကိန္နားတို့က ဆောက်လုပ်ရေးစခန်းနှင့် ရင်ဆိုင်ခဲ့သောအဖွဲ့ဆုတ်ရန် ကာပစ် ပစ်ပေးနေသည်။ မှုရေးကလည်း ခရာကို အဆက်မပြတ်မှုတ်သည်။

တံတားသို့ ရောက်သွားသည်။ သေနေသည့် ခန်ပါတစ်ယောက်ထံမှ ကာဘိုင်သေနတ်ကို ဆွဲယူလိုက်သည်။ အဘယ့်ကြောင့် ယူလိုက်မိမှန်း မသိ။ ဆောက်လုပ်ရေး ...တဲများမှ ခန်ပါတို့ ပြေးထွက်လာကြသည်။ မှုရေးက ခရာကိုမှုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ခန့်ပါအုပ်စုက လက်ပစ်ဗုံးလေးလုံးပစ်ကာ အားကုန်ပြေးလာကြသည်။

လမ်းဒေါင့်တွင် သံပြားများကဒုံးသည်။ မီးခိုးစိမ်းရောင် တရုတ် ဆယ်ဘီးတပ် ထရပ်ကားကြီးတစ်စီးရောက်လာသည်။ အရှိန်က တစ်နာရီ သုံးဆယ့်ငါးမိုင်နှုန်းမျှ ရှိသည်။ ၎င်းနောက်ဝယ်တစ်စီး

မူရေး မိုင်းချထားရာလမ်းပေါ်မှ ပထမမိုင်းကို ပထမကားဖြတ်သည်။ ဘာမှမဖြစ်သေး။ ဒုတိယကားဖြတ်သည်။

'ဘုရားရေ....ဘယ်လိုဖြစ်တာလဲ'

မူရေးက ဘုရားတလိုက်မိသည်။

ပေါက်ကွဲသံလေး ခပ်အုပ်အုပ်ထွက်လာသည်၊ ထို့နောက် ကျယ်လောင်သော ပေါက်ကွဲမှု၊ နောက်နှစ်ချက်ဆက်တိုက်။

ဒုတိယ ထရပ်ကားနောက် လမ်းပေါ်မှ ကျောက်ခဲများ ဖုန်များ၊ မြေကြီးများက ဖွာခနဲ လွင့်စဉ်ကုန်သည်။ နောက် ပေါက်ကွဲသံနှင့်အတူ မိုးချိမ်းသံကဲ့သို့ အသံကြားရသည်။ တံတား တစ်ခုလုံးခေတ္တမျှ တွဲလောင်းကြီးဖြစ်ပြီး ချောက်ထဲသို့ ထိုးကျသွားတော့သည်။

မြည်ဟီးသံကြီးက ပဲ့တင်ထပ်လာသည်။ ချောက်ထဲမှ တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများကို ကြားနေရသည်။ ရောမ မီးခိုးရောင် ဖုန်လုံးကြီးက တံတားရှိခဲ့သောနေရာသို့ ထိုးတက်လာသည်။

မူရေး၏ အာခေါင်မှာ ခြောက်သွေ့နေသည်။ အဝေးဆီမှ စက်သေနတ်သံကို ကြားရသည်။ သူတို့နောက် ကျောက်တုံးသို့ ကျည်ဆံများ လာမှန်သည်။ မူရေးတို့ ဆက်ပြေးရသည်။ နံပတ်အစ် တံတားကို ဖြတ်ကျော်ရန် အချိန် ငါးမိနစ်ကျော်ရသေးသည်။

နောက်သို့ လှည့်ကာ လူကို ရေတွက်ကြည့်သည်။ မိမိနှင့်အတူ ခန့်ပါတစ်ယောက် ပါလာသည်၊ ကီနူးနှင့် ပုမ်ဘာကို တွေ့သော်လည်း တပ်ဖွဲ့ မှူး နှင့် လက်ထောက်တစ်ယောက်ကို မတွေ့မိ။

တံတားကို ဖြတ်ကျော်မိကြသည်။ နောက်ပိုင်းလုံခြုံရေး အဖွဲ့နှင့်ဆုံသည်။ ၎င်းတို့မှာ တိုက်ပွဲတွင် ကျည်ဆံတစ်ချက်မျှ မဖောက်ရသော်လည်း အဖြစ်အပျက်တစ်ခုလုံးကို တွေ့နေခဲ့ကြရသည်။

သူတို့က လမ်းကိုပိတ်ဆို့၍ ဝပ်ကာ နေရာယူကြသည်။ အမှတ်တစ်တံတား ပေါက်ကွဲမှုကို စောင့်ကြည့်သည်။ ထို့နောက် တံတားက စဘင် ပေါက်ကွဲတော့သည်။မာခင် တံတား ပေါက်ကွဲမှုထက် အသံက ကျယ်လှသည်။ တောင်ကမ်းပါးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်၊ တံတားကလုံးဝမရှိတော့။

× × ×

www.burmeseclassic.com

## ဇာတ်လမ်းစဉ် (၁၅)

သူတို့က တောင်ကြားကို လျင်မြန်စွာ ဖြတ်ရသည်။ ဤတောင်ကို မကျော်နိုင်တော့ဟုပင် မူရေးမှတ်မိသည်။ သူကနစ်နေရာမျှ ဆိုင်းချိမိသည်။ ကီနူးအတင်းလာဆွဲယူ၍ ခရီးဆက်ရသည်။

မူရေးထံမှ ရိုင်ဖယ်ကို သူကယူထားလိုက်သည်။ မောပန်းမှုကြောင့် ရင်ဘတ်ခကာ လည်ချောင်းပါ တင်းကျပ်နေသည်။ လမ်းပေါ်ရှိ ကျောက်တုံးများကို ဒုလှနိုးခဲ့ယဉ်းစွာ ဖြတ်ကျော်ရသည်။

နောက်မှ လိုက်လာသူမှာ နီးကပ်လှ၍ မူရေးအား မကြာခဏ ဝင်တိုက်မိသည်။ မူရေးမှာ အပြစ်မဆိုသာပါ။ ထိုသူ ကျော်တက်သွားပြီးမှ အဆင်ပြေတော့သည်။ ကီနူးက စိတ်မသက်သာ၊ မိမိမတွဲပါက မူရေး လဲကျတော့မည်ကို သိသည်။

ရှေ့ဆုံးမှ ပမ်ဘာက ဦးဆောင်သွားနေသည်။ သူက



လာလမ်းကို မလိုက်ဘဲ တခြားလမ်းမှ သွားသည်။ အလာထက် လျှောက်ရသည်မှာ ပို၍အဆင်ပြေသည်။ ဤလမ်းမှာ အလာက လူညှိကင်းများ ရှိနေ၍ မလိုက်ခဲ့ခြင်း ဖြစ်သည်။

ကင်းထောက်လေယာဉ်သံကို ကြားရသော်လည်း သူတို့ဆီသို့ ရောက်မလာ၊ အဝေးဆီတွင် ဝဲပျံသွားသည့် တစ်ကြိမ်သာ ရှိသည်။ ကောင်းကင်က ကြည်လင်၍ ပြာနေသည်။ ဆီးနှင်းဖုံးရာ အမြင့်သို့ ရောက်လာသည်။ တောင်ထိပ်ရောက်ကာမှ နယ်ခြားသို့ ရောက်မည်။

နေရောင်ထဲဝယ် ဆီးနှင်းတို့မှာ တောက်ပြောင်နေသည်။ ပမ်ဘာက ရှေ့ပြေးတစ်ယောက်ကို လွှတ်လိုက်သည်။ ထိုသူ ပြန်လာသည်။ မိမိတို့ ရောက်နေရာ မြောက်ဘက်၊ မဝေးလှသော တစ်နေရာဝယ် အင်အား(၅၀)ပါ လူညှိကင်းတစ်ခု တွေ့ရကြောင်း သတင်းပို့သည်။ တောင်ကြားဖြတ်၍ ပိတ်ဆို့ရန် ဖြစ်ပုံရသည်။

သူတို့က တောင်ထိပ်ပိုင်းသို့ သေနတ်ကိုင်ကာ တက်ကြသည်။ တောင်ထိပ်အရောက်ဝယ် ပမ်ဘာကခေါင်းဆောင်ပိုင်းကဝတ်စန်းကျင်အား အကဲခတ်သည်။ ထို့နောက် ဆက်၍ ချီတက်ကြသည်။ မကြာမီ နီပေါပိုင်နက်ထဲသို့ ရောက်လာကြသည်။ နှင်းကျနေ၍ အောက်ဘက်သို့ လှမ်းမမြင်ရ။

တောင်မှ အဆင်းဝယ် နှစ်နာရီစီ၊ နှစ်ကြိမ်နားကြသည်။ ဒုတိယအကြိမ်မှာ ရွာတစ်ရွာတွင် နား၍ နွားနို့နှင့် ရှုမှု များကို ရွာသားများက လာပေးကြသည်။ ခရီးဆက်

www.burmeseclassic.com



ချိန် အချိန် ရောက်သည့်အခါ မှုရေးမှာ တွေးကြောက်နေ
ခဲ့သည်။

ဒမ်သို့ ထိုညရှစ်နာရီတွင် မြန်ရောက်ကြသည်။ အိမ်တစ်
လုံးထဲမှ ဆိုရက်စကီးက ထွက်လာကြိုသည်။

'ဟိုင်း....ဘယ်လိုလဲ ကိုယ့်လူ... အဆင်ပြေရဲ့လား'

'ပြေပါတယ်....ပြေပါတယ်'

မှုရေးက ဂုဏ်းအားကျော်ကာ အိမ်ထဲသို့ ဝင်သွားသည်။
မှုရေးမှာ စကားမပြောနိုင်လောက်အောင်ပင် မောပန်းလျက်
ရှိသည်။ ဆောက်လုပ်ရေးစခန်းမှ ယူခဲ့သော မြေပုံနှင့်စာရွက်
စာတန်းများကိုယူကာ ကိုနှုးဝင်လာသည်။

'ကြော်....ကျေးဇူးပဲ'

မှုရေးက လှမ်းယူလိုက်သည်။

'ဆိုရက်စကီး မနက်ဖန်မနက် (၄)နာရီလောက်ထွက်မယ်
ဖြစ်တယ်ခနှ'

'ဖြစ်တာပေါ့ဗျာ၊ ဗီမှာ ဘာစားစရာမှ မရှိဘူးလေ၊
ကြက်ဥလတ်လတ်ဆတ်ဆတ်တစ်လုံးတောင် မရဘူး၊ သိတယ်
ဟုတ်လား'

× × ×

အာရှဘက်ဆီမှ ခတ္တာမန်ဒူသို့ ဝင်ကာ လေယာဉ်က ဆင်း
လာသည်။ လမ်းဘေးမှ သူတို့ တွေ့ဆုံခဲ့ရာကို ဘယ်ဘက်
ဒိုက် ငါးရာမျှ အကွာတွင် မှုရေးတွေ့သည်။



ယခုသူတို့ဆင်းသည်မှာ လေဆိပ်နှင့် ပိုနီးသည်။ ကွင်းစပ်
တွင် သွားနေသည့် ဂျစ်ကားအနီတစ်စီးမှ လွဲ၍ ဘာကိုမျှ
မတွေ့ရ။ မလှမ်းမကမ်း လမ်းဘေးဝယ် ခါတ်ဆီတင်ကား
တစ်စီးက ရပ်ထားသည်။

ဆိုရက်စကီးက နောက်သို့မှီကာ ထိုင်နေသည်။ စက်က
သည်နေ့စဲ။ မှုရေးက ထရပ်လိုက်သည်။ ချိတ်မှ ကုတ်အင်္ကျီ
ကို ဖြုတ်ကာ ပခုံးပေါ်တင်သည်။

'ဒါပဲပေါ့ဗျာ'

သူက ဆိုရက်စကီးကို ကြည့်သည်။

'ခင်ဗျား ဘာဆက်လုပ်မှာလဲ၊ ခင်ဗျားအတွက် ဓါတ်ဆီ
ဖြည့်ဖို့ လုပ်ပေးရဦးမလား'

'ကိုယ့် ဘာသာကိုယ် လုပ်လို့ ရပါတယ်ဗျာ၊ ခုပြန်လာတာ
က အစီအစဉ်ထဲမှ မပါဘူးဆိုတာ ခင်ဗျားသိ'

'ခင်ဗျားပြောခဲ့ပြီးပြီပဲ ဆိုရက်စကီး'

မှုရေးက လှည့်ထွက်၍ လက်ဆွဲအိတ်ကို ယူသည်။ ဤ
အိတ်စွ ကိုဒမ်မှ မပြန်မီကတည်းက သူတို့ ဆွေးနွေးခဲ့ရသည်။
ဂုဏ်းတို့မှာ ထုံးစံအတိုင်း ပုံမှန်လေဆိပ်တစ်ခုသို့ ဆင်းသက်
ရမည်သာ ဖြစ်သည်။

ဆိုရက်စကီးက လေယာဉ်အား လိုအပ်သည် များကို
စစ်ဆေးကြည့်သည်။

'အိုကေ၊ ကျေးဇူးပဲ ဆိုရက်စကီး၊ ကောင်းသောခရီး
ဖြစ်ပါစေ နောက်မှတွေ့ကြမယ်'

'ဒါပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုရက်စကီးက မြန်အောင်မြောသည်။ သူက ထိုင်ခုံနေ သို့ လက်နှိုက်နှင်း အလိုပ်ရှုပ်နေသည်။

မှုရေးက လေယာဉ်ပေါ်မှ ဆင်းလိုက်သည်။ တစ်ကို လုံး ကိုက်ခဲနေသည်။ လေယာဉ်ကွင်းကို ဖြတ်၍ လမ်းဆီ ဦးတည်သည်။ ဆိုရက်စကီး သော၍၊ သူတို့ ပေ ထွက်ခဲ့ကြရာ၊ ယခုမှ (၃း၁၅) နာရီသာ ရှိသေးသည်။

လမ်းပေါ်တွင်၊ ခြင်းတောင်းနှင့်၊ အမျိုးသမီး နှစ်ဦး သာ တွေ့သည်။ ဤနေရာမှ ထုံးစံအတိုင်း လူသူ ပြတ် လျက်ရှိသည်။

သူက အမား သုံးခဲ့သည့် လမ်းဆီသို့ လှည့်လိုက်သည်။ သူ လေယာဉ်ကွင်းနှင့် ဝေးလိုလှသည်။ ဆိုရက်စကီး ရှိနေ အတွင်း၊ ပတ်ဝန်းကျင်၌၊ မိမိရှိခြင်းမှာ အန္တရာယ်ကြီးလှသည်

လမ်းလျှောက်ယင်းမှ၊ အက်(စ)တယ်လီကို သတိရသည် ခွဲခဲ့ရသည်မှာ ကြာ၍၊ အလွန်တွေ့ချင်လှသည်။ သာယာသော မနက်ခင်းပင် ဖြစ်သည်။ သူက ရှင်းနေသည့် လမ်းအတိုင်း လျှောက်လာသည်၊ လမ်းပေါ်တွင် ရေအိုင်ကလေးများ တွေ့ရသည်။ မိုးရွာခဲ့ပုံရှိသည်။ ယခုတော့ နေထွက်၍၊ လည်း မရှိ။

လမ်းပေါ်သို့ နွားလှည်းတစ်စီး ရောက်လာသည်။ လှည် ဖြည်းဖြည်းခြင်း သွားနေသည်။ မျက်နှာချင်းဆိုင် ပြတ်မိ အခါ၊ လှည်းသမားက ပြုံးပြသည်။ မှုရေးကလည်း နှုတ်ဆ လိုက်သည်။



လမ်းမကြီးပေါ်သို့ ရောက်လာသည်။ ကီနူး ပေးလိုက်သည့် ဆေးကုက်လုပ်ရေးစခန်းမှ မြေပုံနှင့် စာရွက်စာတမ်းတို့မှာ တန်ဖိုးရှိလှသည်။ လက်မောင်းပေါ်မှ ကုတ်အင်္ကျီအိတ်ထဲသို့ စမ်းလိုက်သည်။ မတွေ့ရ။ အခြား အိတ်များကိုပါ စမ်းကြည့်သည်။

မြေပုံကို လေယာဉ်ပေါ်တွင် သူ ထုတ်ကြည့်ခဲ့သည်။ နယ်စပ်တွင် တရုတ်တို့၏ လမ်းဖောက်လုပ်ရေး စီမံကိန်း အသေးစိပ်များ ဖြစ်သည်။

မြေလွှမ်းကို နေ့ကာ စမ်းကြည့်ပြန်သည်။ ရပ်လိုက်သည်။ မိမိထံတွင် မရှိတော့။ လေယာဉ်ထိုင်ခုံ နောက်ကျောအိတ်တွင် ချထည့်ထားခဲ့မိခြင်းကို သတိရလိုက်သည်။ ဆဲလိုက်မိသည်။ ပြန်ယူရပေမည်။

သူက နောက်ကြောင်း ပြန်လှည့်ခဲ့သည်။ ကုတ်အင်္ကျီကို စမ်းကာ၊ စမစ်ဘင်ဝပ်ဆင် ခြောက်လုံးပြူးကို ထုတ်သည်။ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်သည်။ အနီးဆုံး ဝါးပင်သို့ သွားကာ၊ ခန့်ပါများပေးခဲ့သော ကုတ်အင်္ကျီကို ချိတ်လိုက်သည်။ တစ်ယောက်ယောက် တွေ့လျှင် ယူစေတော့။

ကွင်းအောက်မှ လမ်းပေါ်သို့ ရောက်လာသည်။ မလှမ်းမကမ်းမှ ရေမြောင်းအောက်ရှိ ချုံပုတ်တို့မှာ ကွင်းကိုကွယ်နေသည်။ ထို့နောက် လေယာဉ်ကို မြင်ရသည်။ အချိန်မီပင် ဖြစ်သည်။

သူက အပြေးတစ်ပိုင်းသွားသည်။ လေယာဉ်စက် နှိုးမထား။ လေယာဉ်ဦးပိုင်းမှာ ခေါက်ဆီတင်ကားကိုပါ တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့သည်။ ဆိုရက်စကီးသည် စိတ်ပြောင်းသွားပြီလော....။ အဘယ်ကြောင့်နည်း။

ရေမြောင်းကိုကျော်လိုက်သည်။ လူသံများကြားရ၍ ချုံပုတ်ကြားသို့ တိုးဝင်ရသည်။ ထိုအချိန်မှာပင် လေယာဉ်ဦးကို ပတ်ထွက်လာသည့် ဆိုရက်စကီး၏ မျက်နှာမှာ တစ်မျိုးထစ်ဖုံ ဖြစ်နေကြောင်း တွေ့ရသည်။ ထိတ်လန့်နေပုံရသည်။ သူ့နောက်မှ သေနတ်ကိုင်ထားသော ဒါဒါါဟို ထွက်လာသည်။ ဒါဒါါဟိုက အဖြူရောင် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည် ဝတ်ထားသည်။

ဒါဒါါဟိုမှာ မိန်းကလေး တစ်ယောက်၊ တုန်လှုပ်နေသည်။ သူ၏ ပြည့်ဖြိုးသော မျက်နှာ၊ မေးစေ့နှစ်ထပ်တို့က လှုပ်လိုက်တိုင်း ချွေးဖြင့် အရောင်လက်လျက်ရှိသည်။ သူက အော်ဟစ်နေသည်။

ဆိုရက်စကီးက လှမ်းထိုးပြီး အတောင်ပံအောက် ဒိုင်ဗင်ထိုးဝပ်ဟန်ကြံသည်။ ဒါဒါါဟိုက လက်ဆန့်၍ နှစ်ချက်ပစ်လိုက်သည်။ သေနတ်သံက ဆူညံသွားသည်။ ဆိုရက်စကီးမှာ ရှေ့သို့ ကပ်ထိုးလဲကျသွားသည်။

ဒါဒါါဟိုက လေယာဉ်တောင်ပံကို လက်နှင့် ဆွဲအားပြုကာ၊ ဆိုရက်စကီးအား လှမ်းကန်ဟန်ပြုသည်။ သည်တွင် မှုရေးအား တွေ့လိုက်သည်။ တုန်ယင်နေသည့် ဒါဒါါဟိုက မှုရေးအား အော်ဟစ်ပြောသည်။ ဘာတွေ ပြောနေမှန်း မသိ။

စူးစူးရှရှ အသံဖြင့် ဒါဒါါဟိုက အော်ယင်း၊ သေနတ်ကို မြှောက်လိုက်သည်။ မှုရေး ရှောင်လိုက်စဉ်မှာပင်၊ သေနတ်သံ



ထွက်လာသည်။ မှုရေးက လေယာဉ် နောက်မြီးပိုင်းသို့ ကွယ်နေသည်။

မှုရေးက သေနတ်ကို ထုတ်သည်။ ဒါဒါါဟိုက တောင်ပံအောက်မှ ငုံ့ကာ၊ သေနတ်ကိုင် လက်ကို ဆန့်သည်။ မှုရေးက ပစ်သည်။ မေးစေ့သို့ထိသည်။ ဒါဒါါဟိုက အံ့အားသင့်ယင်း၊ ကြိုးစား၍ ရပ်သည်။ မှုရေး၏ ဒုတိယ ကျည်ဆံက ရင်ဘတ်သို့ လာမှန်သည်။

မှုရေးက လေယာဉ် နောက်မြီးပိုင်းတွင်စပ်ယင်း၊ ပတ်ဝန်းကို အကဲခတ်သည်။ လမ်းဘေး ချုံပုတ်များကြားရှိ လှုပ်ရှားမှုမှလွဲပြီး၊ မည်သူ့ကိုမျှ မတွေ့ရ။ လူတစ်ယောက် ပြေးထွက်သွားသည်ကို ရိပ်ကနဲတွေ့လိုက်သည်။ ခေါင်းပြောင်ပြောင်နှင့် အို(စ)ပင်။

မှုရေးက လေယာဉ်ကို ကွေ့လျှောက်ပြီး ဓာတ်ဆီတင်ကားကို အကာအကွယ် ယူသည်။ ကားတံခါး ပိတ်သံနှင့်အတူ စက်နှိုးသံကို ကြားရသည်။ ရေမြောင်းအနီးမှပင် ဖြစ်သည်။ ဓာတ်ဆီတင်ကားတွင် ကားသမားမရှိ။

မှုရေးက လေယာဉ်အနီးသို့ ကပ်ကာ အတွင်းသို့ ကြည့်သည်။ လေယာဉ်မောင်း အခန်းတံခါးကို အကဲခတ်သည်။ တံခါးက ပွင့်နေသည်။ မည်သူ့ကိုမျှ မတွေ့ရ။

သူက ဆိုရက်စကီးဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ဆိုရက်စကီးမှာ အသက်မရှိတော့။ မှုရေးက အလောင်းကို ပက်လက် ဆွဲလှန်ပြီး မျက်နှာကို စိုက်ကြည့်နေမိသည်။ ဆိုရက်စကီး၏ အိတ်များကိုနှိုက်ကာ ပစ္စည်းများ ထုတ်ယူသည်။

www.burmeseclassic.com



ဗိုက်ဆံအိတ်၊ အိတ်ဆောင် စာအုပ်သေးနှင့် စာတစ်စောင် ဖြစ်သည်။

အပေါ် အကျႌအိတ်များကို ရှာသော်လည်း ဘာမှ မတွေ့ရ။ အဖြစ်အပျက် အားလုံးကို ဆိုရက်စကီး မသိခဲ့ပါ။ သူတို့ အဘယ်ကြောင့် သတိပေးမိသနည်း။ ဖြစ်နိုင်ချေများကို မတွက်နိုင်သည့်အထိ သူ အလွန် ပင်ပန်းခဲ့ပါသည်။

ဒါဒါ ဟိုတယ်ထံ သွားကာ ရှာသည်။ ချွေးစေးများဖြင့် ဒါဒါ ဟိုတယ်၏ အသားကို မကိုင်လို၊ ၎င်းက သေသည့်တိုင် ချွေးစော် နံနေသေးသည်။ ဘောင်းဘီအိတ်ထဲမှ စာရွက်တစ်ရွက်ကို တွေ့ရသည်၊ သွေးများဖြင့် မင်ပြန့်နေသည့် တရုတ်စာများကို တွေ့ရသည်။

မူရေးက စာကိုသိမ်းထားလိုက်သည်။ မျက်ခင်းပြင်နှင့် လက်ဖဝါးကိုသုတ်ပြီး လေယာဉ်ကွင်းအနှံ့ လှမ်းကြည့်သည်။ မည်သူ့ကိုမျှ မတွေ့ရ။ ဓာတ်ဆီတင်ကားသမား မည်သည့်နေရာရောက်နေသည်ကို နားမလည်နိုင်။

ဘို့(စ)နှင့် အတူ ထွက်ပြေးသွားခြင်း ဖြစ်နိုင်သလော။ ဤနေရာတွင် ကြာရှည်ခြင်းမှာ အန္တရာယ်ရှိသည်ကို သိသော်လည်း လေယာဉ်မောင်းခန်းထဲဝင်သည်။ မြေပုံနှင့် စာရွက်စာတန်းများကို ရှာတွေ့သည်။ ပတ်ဝန်းကျင်သို့ ရှာကြည့်သည်၊ ဆိုရက်စကီး၏ ပတ္တူအိတ်ကို တွေ့ရသည်။ အတွင်းဝယ် သူယူရန်လိုအပ်သော ပစ္စည်းများမရှိ။

လေယာဉ်နောက်ခန်းသို့ ကြည့်လိုက်သည်။ ရှင်းလှသည်။ ဒမ်တွင် ကျောက်စရစ်ခဲသေတ္တာများကို ဆိုရက်စကီး ချခဲ့



ည်။ လမ်းဆီသို့ လှမ်းကြည့်လိုက်သည်။ နွားလှည်းတစ်စီး
င် လမ်းလျှောက်သွားနေသူ နှစ်ဦးကိုသာ တွေ့ရသည်။

လေယာဉ်ပေါ်မှ ခုန်ဆင်းပြီး ဦးပိုင်းသို့ ကွေ့လျှောက် လက်ဆွဲအိတ်ကို ကုန်းကောက်သည်။ အပေါ်ယံတွင် ကျည် ရာ တစ်ခုရှိနေသည်။ သူက လမ်းကို ဖြတ်၍ ဘေးလမ်း ပေါ်သို့ ဦးတည်လိုက်သည်။ ဤလမ်းမှာ လူသူကင်းမဲ့နေ ဖြစ်သည်။

လမ်းတစ်လျှောက်တွင် ဆိုရက်စကီးအကြောင်း စဉ်းစား ာမိသည်။ ဆိုရက်စကီး အဘယ်ကြောင့် အသတ်ခံရ သ ည်း။ မိမိတွင် အပြစ်ရှိသလို၊ နားကြည်းသလို ခံစားလိုက်မိ ည်။

လမ်းမကြီးပေါ် အရောက်ဝယ် ထရပ်ကားတစ်စီးကို တွေ့၍ ားလိုက်သည်။ ဟင်းသီးဟင်းရွက်နှင့် လူများ ပြည့်နေ သော်လည်း လိုက်ခွင့်တော့ရသည်။ မြို့ထဲရောက်ပြီး ဟိုတယ် နီး ကွက်လပ်နားတွင် ဆင်းလိုက်သည်။

ဟိုတယ်ဆီသို့ လျှောက်သွားသည်။ သဲခင်းလမ်းက အလွန် တောက်ပလျက်ရှိသည်။

ဟိုတယ်ဂိတ်ပေါက်စ ရောက်ပြီး ခြံထဲသို့ဝင်သည်။ နွားရုပ် ဆွင်းခဲ့သူက အဝင်လမ်းတွင် ဆောင့်ကြောင့်ထိုင်နေသည်။ ရေးအား တွေ့သည့်အခါ ထရပ်သည်။ စကားတော့မပြော။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ စီးကရက်ထုတ်၍ မီးညှိ ည်။ ရှိုက်လိုက်သည်၊ နောက်ဆုံးလက်ကျန်ပင်ဖြစ်သည်။ ကက်ကိုခံရင်း ခပ်ဖြည်းဖြည်းလျှောက်သွားကာ ပန်းခြံသို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ အကဲခတ်သည်။ ရေကန်အား ကျောက်တုံးခုံရှည်ကို ကြည့်သည်။

ဟိုတယ်ထဲသို့ ဝင်လိုက်သည်၊ အတွင်းဝယ်အေးလှသည်။

'ဂုတ်မောနင်းဆရာ'

မြို့ထဲမှ မှုရေးပြန်လာသကဲ့သို့ ပင်ဒရစ်ဘာက နှုတ်ဆက်သည်။ ကောင်တာအောက်လက်နှိုက်ပြီး 'နီပေါ်တိုင်း' သတင်းစာ သုံးစောင်ကို တင်ပေးသည်၊

'ကျေးဇူးပဲ'

မှုရေးက သတင်းစာများကို ယူလိုက်သည်။ စီကာရက်ထားရှင်းမှ လေသံကို မသိလိုက်ဖွာသာမေးပုံမျိုး ထိန်းကာ မေးလိုက်သည်။

'မစ္စဇပင်ဆာ ရှိသေးလား'

'ဟုတ်ကဲ့...ဆရာ၊ သူ ဒီနေ့ပဲ သွားတော့မှာ'

'ကျေးဇူးပဲ'

လက်(စ)မင်းကို မစောင့်ရ၊ ခေါင်မိုးပေါ် တက်ခဲ့သည်။ သူမ၏ သံသေတ္တာနှစ်လုံးကို ကြိုးချည်လျက်နှင့် အခန်းအပြင်တွင် တွေ့ရသည်။ အခန်းထဲမှ သူမ၏ သွားလာနေသံ ကြားသည်။

မှုရေးအား မြင်လိုက်သည့် သူမ၏မျက်နှာက ပြောင်းသွားသည်။ မျက်လွှာကိုချပြီး ပြန်ကြည့်ကာ လျှောက်သည်။

'ဟာယ်လို'

ဂျင်အရက်သံက ပါနေသည်။

'ဟာယ်လို'

မိမိအား သူမ မျှော်လင့်မထားကြောင်း မှုရေး တွေးမိသည်။ သူမတွင်ပြောင်းလဲမှုအချို့ ရှိနေသော်လည်း ရှာမတွေ့။ ဘဝကို နောက်ဘပ် တစ်မျိုးတစ်ဖုံ ရင်ဆိုင်ရန် မြင်ဆင်ထားပြီး ဖြစ်ပုံရသည်။

'ဘယ်အချိန် သွားမှာလဲ'

'တစ်နာရီအတွင်း...ဆယ်နာရီမှာ'

'ကလကတ္တားကို သွားမှာလား'

'အဲဒီကိုပဲ လေယာဉ်က ရှိတာ'

'ကောင်းပြီ၊ မင်းနဲ့အတူ ကိုယ်လဲ လိုက်မယ်'

သူမက ခေါင်းကလေး နောက်ပစ်၍ ရယ်တော့သည်။ မှုရေးအား ခြေဆုံး ခေါင်းဖျားကြည့်သည်။

'ရှင်နဲ့အတူ ကျွန်မ မလိုက်ဘူး'

'လိုက်ရမယ်'

'ရှင် အမြင်တွေ မှားနေတာပဲ၊ သွားပြီး ကျွန်မတို့ ဘာလုပ်ကြမလဲ၊ ကျွန်မတို့ ဘယ်ကို သွားလို့ ရမယ်ထင်သလဲ'

'မသိဘူး... ကိုယ်တို့ အတူသွားမနဲ့ကိုပဲသိတယ်'

'တော်စမ်းပါ၊ ကဲသွားတော့၊ ကျွန်မဖာသာ ရှိပါစေတော့၊ ကျွန်မကို ထားရစ်ခဲ့စမ်းပါ'

'ကောင်းပြီလေ'

မှုရေးက အောက်နှုတ်ခမ်း ဖိကာ ဆင်း၍ ခမ်းကရက်တိုကို ဖဲ့ချကာ နင်း၍ မီးသတ်လိုက်သည်။

'လေယာဉ်တစ်စီးထဲတော့ ဆုံကြဦးမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်နှာလွှဲလိုက်သည်။ မျက်ရည်များ စီးကျလာ
သည်။ မငိုမိရန် နှုတ်ခမ်းကို ကိုက်ထားရသည်။ လက်ချောင်း
ထိပ်ဖြင့် မျက်ရည်ကို တို့သည်။ မှုရေးအား မကြည့်ဘဲ လည်
ပင်းအား ရုတ်တရက် လှမ်းဖက်လိုက်သည်။

မှုရေးအား အတန်ကြာ ဖက်ထားပြီး လွှတ်လိုက်သည်။

'ကိုယ်တို့ မြန်မြန်သွားမှဖြစ်မယ် ခဏနေ ပြန်လာခဲ့မယ်'

မှုရေးက လက်ဆွဲအိတ်ကိုယူကာ ထွက်သွားသည်၊

ပန်းအိုးထဲမှ အခန်းသော့ကိုယူ၍ သော့အိမ်ထဲထည့်သည်။
တံခါးက သော့ခတ်မထား၊ အတွင်းသို့ ဝင်လိုက်သည်။
ခုတင်ပေါ်မှ ပွင့်လျက်သား ခရီးဆောင်သေတ္တာအား ငုံ့
ကြည့်နေသော အော့ဒမ်က မော့ကြည့်လာသည်။

× × ×

ဇာတ်လမ်းစဉ် (၁၆)

မှုရေးက တံခါးပေါက်၌ရပ်ကာ ကြည့်နေသည်။
အော့ဒမ်က သေတ္တာထဲမှ လက်ကိုရုတ်၍ ခုတင်ဘေးမှ ခွာ
ရပ်သည်။ မှုရေးက နောက်မှ တံခါးကို အသာပိတ်သည်။
လက်ဆွဲအိတ်ကို ကြမ်းပြင် ပေါ်ပစ်ချပြီး အော့ဒမ်အား
ကြည့်နေပြန်သည်။

'ဘာသဘောလဲ'

'မသိဘူးလား၊ ခင်ဗျားသေတ္တာကို ရှာနေတာလေ'

'ဘာများကူရှာပေးရဦးမလဲ'

'ကျေးဇူး ပဲ၊ လူတွေရှိပါတယ်၊ ဟိုဟာ ဒီဟာလေးတွေ
ရှာကြည့်တာပါ'

'ဘယ်လိုဟာမျိုးလဲ'

'ဘယ်ပြောနိုင်ပါမလဲ၊ အသုံးဝင်တဲ့ လိပ်စာတွေမျိုးပေါ့
ဘယ်က ခင်ဗျားဆက်သွယ်နေတာတွေ၊ ရွှေချောင်းတွေ ဘိန်းမြူ
တွေ ရတယ် ဆိုတာမျိုးပေါ့'

'ယာဉ်ကျေးမှုဌာနရဲ့ သုတေသနလုပ်ငန်းလား'

www.burmeseclassic.com



'မှန်တာပေါ့'

တစ်ယောက်ကိုတစ်ယောက် ... ရှုံ့မဲ့စွာ ကြည့်ကြသည်။ အော့ဒမ်တွင် သေနတ်မပါသလားဟု တွေးမိသည်။ အော့ဒမ်သည် ... ရပ်နေပုံမှာ သေနတ် အလျှင်အမြန် ထုတ်နိုင်မည့် ပုံစံ ... ဖြစ်သည်။

'ခင်ဗျားမှားတာပဲ အော့ဒမ်'

'မှန်တာပေါ့၊ ရောမနားလည်မှု လွဲတာကြီးတစ်ခုပဲ'

'ခင်ဗျား မှားခဲ့တာ'

'ခင်ဗျားကို ပြောရဦးမယ်'

'ကျွန်တော် မစောင့်နိုင်တာတော့ ဆိုးတယ်ဗျာ'

'လေဆိပ်က ကျော်ပြီး ခင်ဗျားမသွားနိုင်ပါဘူး'

'သတင်းဘယ်က ရတာလဲ၊ ဂျော်ဖရီဆီကလား'

အော့ဒမ်က မဖြေ။ မှုရေးကြည့်နေသည်။ အော့ဒမ် ... အားကစားသမားတစ်ယောက်နှင့် တူသည်။ ခေါင်းကလ... မာသည်။

'ခင်ဗျားက စီအိုင်အေကလား၊ ဒါမှမဟုတ် အဲဒီလို ... တစ်ခုခုကလား၊ ကျွန်တော် ကိုတော့ သူတို့ မပြောလိုက်...'

'စိတ်အေးအေးထားစမ်းပါဗျာ၊ ကျွန်တော် စီအိုင်... တံဆိပ်ကို ပြပါ့မယ်'

မှုရေးမှာ စိတ်ယက်ကာရော ရသွားသည်။ စားပွဲ... သွားကာ စီး...ရက်ဘူးမှ တစ်လိပ်ကိုယူပြီး မီးညှိ... သည်။ တစ်ဘက်သို့လျှောက်သွားပြီး လည်စည်းများကို...



...သည်၊ အော့ဒမ်မှာ မှုရေးလှုပ်ရှားမှုကိုကြည့်နေသော်လည်း ...ခေါင်းကိုသာငဲ့၍ ကြည့်သည်၊

'ကဲ...ကျွန်တော် ဒီကသွားမှ ဖြစ်တော့မယ်၊ အချိန် ...တော်တော်ကို မရှိတော့ဘူး၊ ကျွန်တော် ဘာလုပ်ရမယ်၊ ...ဘယ်ကိုသွားရမယ် ပြောတာနဲ့ကတော့ အကြောင်း သိပ် ...မဟုတ်ဘူး၊ ခင်ဗျား... တစ်နည်းနည်းနဲ့ သူတို့ ပြောပြပါ ...လိမ့်မယ်၊ ကိုအင် သတင်းကိုတော့ ကျွန်တော်ပေးပါ့မယ်'

'...ဒမ်ရဲ့ မြောက်ဘက် နယ်စပ်မှာ ခင်ဗျားတို့ လူတွေ စစ်ဆင်ရေးလို့ ခေါ်တာမျိုး တစ်ခု ဖြစ်ခဲ့တယ်၊ ခိုဒါရီလမ်း ကို ကျွန်တော်တို့ ဖြတ်မိုက်တာပဲ၊ ဒီလမ်း အကြောင်း ...သိသားရင် ရှာကြည့်ပါ တွေ့လိမ့်မယ်...

'...ဒါတွေကို သိသုံးယရှိရင်တော့ ဝါရှင်တန်ကို ဆက်သွယ် ကြည့်ပါ၊ နှစ်နှာရီအတွင်း ခင်ဗျား အဖြေရပါလိမ့်မယ်၊' ဟုတ်ပြီနော်။

အော့ဒမ်က ကြ...ရိုးသာကြည့်သည်။ စကားတစ်ခွန်းမျှ မ...။

'ခင်ဗျားလူတွေက စိတ်ဝင်စားခဲ့တာ၊ ခင်ဗျားလူတွေလို ကျွန်တော် ပြောလိုက်တာဟာ သူတို့နဲ့ ကျွန်တော့်ကို ကျွန် တော် ခွဲခြားလိုက်တာပဲ၊ ကျွန်တော်က ဒီကိစ္စထဲကို ... သတ်ချက်တွေကြားက ဝင်လှုပ်ရှားရတာ....

'...ကျွန်တော်ဖန်တီးထားတဲ့ အခြေအနေကြောင့် ကျွန် တော်နဲ့ ပတ်သက်တဲ့ သတင်းများတွေကို ရရှိ...

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ရွှေတွေ၊ သေနတ်တွေ၊ မူးယစ်ဆေးတွေ မှောင်ခိုထုတ်ပေးတယ်လို့ သတင်းအားလုံး ကျွန်တော် ရထားတယ်၊ ကျွန်တော့်မှာ မှတ်တမ်းတွေ ရှိပါတယ်'

'ရွှေမှောင်ခိုတယ်ဆို့ ချော်ဖရီက ပြောတာ မဟုတ်လား ဘန်ကောက်၊ ရန်ကုန် အရှေ့ပါကစ္စတန်နဲ့ နီပေါကို ဖြတ်ပြီး အိန္ဒိယကို ခိုးသွင်းတယ်၊ နောက်တစ်ခါတလေ ဟောင်ကောင်ကို ပို့တယ်၊ အဲ့ဒီလို မဟုတ်လား'

'ဟုတ်တယ်'

'ဒါတွေကို လုပ်ခဲ့တာက ပေါ(လို့)ဂိုစ်မား ဆိုတဲ့လူ တစ်ယောက်ပဲ၊' ခင်ဗျားသေသေချာချာ နားထောင်နော်၊ ကျွန်တော် ပြန်မပြောတော့ဘူး၊ သူတို့ကို အကောင်ကြီး တစ်ကောင်က အကာအကွယ်ပေးထားတယ်....

....ခင်ဗျားလဲကြားဖူးနိုင်တယ်၊ ဟူဂိုဘတ်ခမာဆိုတဲ့ ပုဂ္ဂိုလ်ပဲ၊ သူ့ကို အက်(ဖ)-ဘီ-အိုင်က အချိန်မရွေး ဖမ်းလို့ရနေပြီ၊ ဒါပေမယ့် သူ့ကို (၂၇) နာရီထက် ပိုချုပ်ထားနိုင်စရာ သက်သေသာဓကတွေ မရသေးလို့ မဖမ်းသေးတာပဲ'

'....ဂိုစ်မားဟာ ခု လူးဝစ္စဘက်ထောင်မှာ ထောင်ဒဏ် ဆယ်နှစ်ကနေ ကိုးဆယ့်ကိုးနှစ် ခံနေရတယ်၊ ဒါကြောင့်မို့ သူတို့အဖွဲ့မှာ ခုနစ်ယောက်ပဲ ကျန်တော့တယ်၊ သူတို့ဟာ တူရကီနိုင်ငံ အစ်ဇမား အမေရိကန်လေတပ်အခြေစိုက်စခန်းမှာ တာဝန်ဆိုင်နေရတယ်....

'....အပြင်လူတွေမသိတဲ့ သူတို့ရဲ့ နာမည်ရင်းတွေနဲ့ပဲ ခင်ဗျား စိတ်ဝင်စားရင်တော့ ဂိုစ်မားရဲ့ နာမည်ရင်းဟာ



ဆာနိုဘဲ၊ ဆနေဒါ ကြည်းတပ်က ဗိုလ်ကြီးပဲ၊ ဒါတွေကို သတင်းစာတွေ မသိအောင် ဖုံးကွယ်ထားနိုင်ခဲ့တယ်။

'....ဂိုစ်မားရဲ့ လူတွေကိုတော့ ဘာမှမလုပ်ဘဲ စောင့်ကြည့်နေကြတယ်၊ တစ်ခုတော့ရှိတယ်၊ မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့က လူတွေကတော့အကောင်ကြီးကြီးတစ်ကောင် ဖမ်းမိတာကို လိုချင်နေကြတယ်.... စိတ်ဝင်စားပါတယ်နော်'

'ဆက်ပြောပါ'

'သိပ်မကြာခင်က....'

မူရေးက စကားကို မြန်မြန်ပြောလာသည်။ ပစ္စည်းများကို ကောက်သိမ်းပြီး သေတ္တာထဲကို ပစ်ထည့်သည်။

'ဂိုစ်မားဟာ ပစ္စည်းသယ်တဲ့ လမ်းကြောင်းက အရေးကြီးတဲ့ နေရာတွေမှာ သတင်းပေး ထောက်လှမ်းရေးသမားတွေ ရှိတယ်၊ အစွအကြံရင့်ပြီး တကယ့်ကို ပညာရှင်ဆန်တဲ့ လုပ်ရပ်ပဲ။

....'ခင်ဗျားတို့အထဲက ပုဂ္ဂိုလ်တစ်ယောက်ဟာ စိတ်ရှုပ်တစ်ခု ရလိုက်တယ်၊ ဒီနယ်စပ်ကို လူတစ်ယောက် လွှတ်ဖို့ပဲ....

'....ဒါနဲ့ ကျွန်တော်က ပထမ အရှေ့ပါကစ္စတန်ကို ဖြတ်ပြီး ဟန်ဆောင်ရွှေမှောင်ခို လုပ်ငန်းတစ်ခု ပပ်ပြတယ်၊ နောက် ဒီကို ဖြတ်ဝင်တယ်၊ ဂိုစ်မားရဲ့ ဓဒသခံလူဟာ ဒီကနေ ရွှေချောင်းခြောက်သေတ္တာ ဖြတ်သယ်မှာကို သိထားတယ်။

'....လေယာဉ်ဟာ ကျွန်တော့်ကို ဝင်ခေါ်မယ်၊ ရွှေသေတ္တာတွေကို ကျွန်တော်က ဂိုစ်မားရောင်းတဲ့ အိန္ဒိယနိုင်ငံ၊ ပက်တီ

www.burmeseclassic.com

www.burmeseclassic.com



ယာယာမြို့က လူတွေကို သွားရောင်းရမယ်ပေါ့၊ ဒါဟာ ဂိုစ်မားရဲ့ လမ်းကြောင်းပဲ'

'အဲဒီနောက် ဘယ်လိုဖြစ်....'

'နေဦး၊ အောင်ဒမ်၊ ကျွန်တော့်မှာ အချိန်မရှိဘူး ပြောတာ ခင်ဗျားမယုံသေးဘူး၊ ဆက်ပြောမယ်၊ အစီအစဉ်က နည်းနည်းများသွားတယ်၊ ကရာချီကနေ ခေတ္တမန်ဒူကို ကျွန်တော်လာဖို့ပဲ....

'....ဒါပေမယ့် ကလကတ္တားလေဆိပ်မှာ ဆင်းရတော့ တရုတ်တွေကို တွေ့သွားတယ်'

'သူတို့က ဂိုစ်မားရဲ့လုပ်ရပ်ကို စောင့်ကြည့်နေကြတာ၊ လေယာဉ်အစီးနဲ့ လုပ်ရှားသွားနှုန်းသမျှကို စောင့်ကြည့်နေကြတာပဲ၊ ဂိုစ်မားရဲ့ အကြောင်းကို သူတို့ သိသွားကြတယ်၊ ဂိုစ်မားက သူတို့အတွက် တစ်ခုခု လုပ်ပေးခဲ့တာဖြစ်နိုင်တယ်'

'....မမေးနဲ့လေဗျာ၊ သူလုပ်ပေးခဲ့တယ်လို့ပဲ ကျွန်တော်ထင်တယ်။ သူတို့မှာ ဒါဒါဟိုနဲ့ ချန်ဒါဆိုတဲ့ လူနှစ်ယောက်ရှိတယ်၊ သူတို့ဟာ တရုတ်သူလျှိုတွေ ဖြစ်နိုင်ပေမယ့် ကျွန်တော်မသိဘူး။

'....သူတို့နဲ့ကျွန်တော် လိုက်လျှောညီထွေ ကျင့်သုံးရဖို့ ဖြစ်လာတယ်၊ အိန္ဒိယက ဂိုစ်မားရဲ့ ရှေ့ချောင်းမှောင်ခိုအဆက်အသွယ်ကို ဖမ်းပြီး ကျွန်တော် အဖမ်းခံရအောင်လုပ်ဘယ်၊ သူတို့ဟာ ဂိုစ်မားရဲ့ အဆက်အသွယ်နှုန်းသမျှကို ရှင်းနေ်ဘာ ကျွန်တော်သာ အဖမ်းခံရချင် ဘောင်ထဲက ခပ်မြန်မြန် ပြန်ထွက်ဖို့ မလွယ်တော့ဘူး'



မှူဒေးက အခန်းတစ်ဘက်သို့ လျှောက်သွားပြီး ပိနပ်တစ်ရံကို ယူသိမ်းသည်။

'ကျွန်တော်ဟာ ဂိုစ်မားနဲ့ တကယ်ပဲ အလုပ်လုပ်နေတယ်ဆိုတဲ့လူ ဟုတ်မဟုတ်ဆိုတာကို ဒါဒါဟိုက မသေချာဘူး၊ ဂိုစ်မားရဲ့ အပေါင်းအသင်းနာမည်တွေ ဘာတွေနဲ့ ကျွန်တော့်ကို စမ်းတယ်။

'....နောက် သူတို့အတွက် ဖတ္တည်းတစ်ခု ခိုးထုတ်ပေးဖို့ဆိုတဲ့ လျှို့ဝှက်စာတမ်းတစ်ခု ဖန်တီးတယ်၊ နောက် တရုတ်သူလျှိုဖြစ်တဲ့ နန်ဂယ်ဘို(စ)နဲ့ လက်တို့လိုက်ဘယ်။

'....ကျွန်တော်ပြန်လာတော့ ဒီနေ့ သူတို့ လာစောင့်နေကြတယ်'

'ဘယ်သူတွေလဲ'

'ဒါဒါဟိုနဲ့ဘို(စ)လေ'

'ခင်ဗျားပြန်လာမှာကို သူတို့ ဘယ်လိုသိကြသလဲ'

'အမှားဆိုတဲ့ ကားသမားဆီကပဲ'

'ဒါဒါဟိုက ကလကတ္တားကလို့ ခင်ဗျား ပြောခဲ့တယ် ဟုတ်လား'

'ကျွန်တော် ထွက်သွားပြီးမှ ဘို(စ)က ဒါဒါဟိုကို သွင်းမှာလိုက်တာ၊ ကျွန်တော်တို့ ဘာရည်ရွယ်ချက် ရှိတယ်ဆိုတာ တရုပ်တွေမသိဘူး၊ ကီဘက်ကို ကျွန်တော် သွားတယ်လို့ ထင်ချင်ထင်မယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို ညွှန်ကြားချက် သွားပေးတယ်လို့ ထင်ချင်ထင်မယ်'

www.burmeseclassic.com

www.burmeseclassic.com



....'ဒါဒါဟို ဓာတ်ဆီတင်ကားမောင်းတဲ့ လူဆီကသတင်းကို ရတယ်၊ ကျွန်တော်တို့ လေယာဉ်ဝင်လာတာနဲ့ သူက ဒါဒါဟိုကို အကြောင်းကြားတယ်၊ ဒါဒါဟိုက လေဆိပ်ကို အမြန်လာခဲ့ပေမယ့်လဲ ကျွန်တော့်ကိုမမိဘဲ လေယာဉ်မောင်းကို သတ်ပစ်လိုက်တယ်'

'ဘာ....ဗီလေယာဉ်ကွင်းမှာ ဟုတ်လား....ဘယ်တုန်းကလဲ'

'မကြာသေးဘူး၊ ကျွန်တော်က မေ့ကျန်ရစ်တာ တစ်ခုရှိလို့ လေယာဉ်ဆီ ပြန်သွားမိတယ်၊ ဒါဒါဟိုကကျွန်တော့်ကို ရှင်းမလို့ အလုပ် ကျွန်တော်က ကိုယ့်ကိုယ်ကို ကာကွယ်လိုက်ရတယ်။ ဘို(စ)ဘော့ လွတ်သွားတယ်။

'ဘုရား— ဘုရား'

'ကွင်းထဲမှာ လေယာဉ်ရှိနေသေးတယ်၊ ဘို(စ)နဲ့ အမားရယ်.... ဓာတ်ဆီတင်ကားသမားရယ်ကို ခင်ဗျား ရှာဖို့လိုတယ်၊ ရှိုင်မားရဲ့ ဒေသခံ လူကတော့ ခါလီဆိုတဲ့ လူပါ၊ သူက လူကောင်းပါ၊ သူ့ကို ဒုက္ခမပေးနဲ့'

အော့ဒမ်က စီးကရက် တစ်လိပ်ကို မီးညှိသည်။ ပြူတင်းပေါက်ဆီသို့ သွားကာ အဝေးသို့ ကြည့်နေပြီးမှ ပြန်လှည့်လာသည်။

'ကျွန်တော်ဟာ အတော် အသုံးမကျတဲ့လူ ဖြစ်ခဲ့မှန်း မသိဘူး မူရေး'

စီးကရက်ကို ဖွာပြီး စိတ်မရှည်သလိုဖြင့် ဆတ်ကနဲ ဆွဲချသည်။



'ခုလို လုပ်ကြံပုံတွေဟာ အတော့်ကို ကိုယ့်ကားယားနိုင်ပုံရတယ်'

'ခင်ဗျား လူတွေဟာ တကယ် ညက်ကောင်းကြပါတယ်၊ ဒီခွင်ထဲကို ဝင်ဖို့ လူနှစ်ယောက်ကို သူတို့ ဆုံးရှုံးခဲ့ရပြီးပြီလေ၊ အိန္ဒိယ မြောက်ပိုင်း လေဆိပ်လေးတစ်ခုက လူတစ်ယောက်ကို လွှတ်တယ်၊ သူ့ကို တရုတ်တွေ ဖမ်းမိသွားတယ်၊ သူဘယ်ရောက်သွားတယ်ဆိုတာ ခင်ဗျား လူတွေမသိကြရဘူး'

'....ဟိုနယ်မြေထဲကို သူရောက် မသွားတာ သေချာတယ်၊ နောက် အရှေ့ပါကစ္စတန်ကနေ လူတစ်ယောက်ကို ထပ်လွှတ်တယ်၊ ပေါ့ခါရာလေဆိပ်မှာ အသတ်ခံလိုက်ရတဲ့လူတစ်ယောက် အကြောင်း ခင်ဗျား ကြားမိသလား'

'သူ့နာမည်က ဘယ်သူလဲ'

'ဝယ်ဟာမ်း....ဟင်နရီ ဝယ်ဟာမ်း'

အော့ဒမ်က အကြည့်ကို ရှောင်လိုက်သည်။ သူသိပြီး ဖြစ်ကြောင်း ထင်ရှားလှသည်။ ခဏကြာမှ သူက ပြန်ကြည့်သည်။

'ခင်ဗျားက ဘာလုပ်သလဲ မူရေး၊ ခင်ဗျားရဲ့ အလုပ်က ဘာလဲ'

'ဒါခင်ဗျား သိဖို့မလိုပါဘူးလေ၊ ကျွန်တော်က ကင်းရှင်းပါတယ်....နှစ်နာရီအတွင်း ဝါရှင်တန်ကို ခင်ဗျား ဆက်သွယ်စုံစမ်းလို့ ရတယ်လို့ ကျွန်တော် ပြောခဲ့သားပဲ၊ ကဲခု ကျွန်တော် ကကလကတ္တားကို သွားတော့မယ်၊ ကျန်တာတော့ ခင်ဗျား ကြိုက်သလိုသာ ဆက်လုပ်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



မှုဒရေးက အံဆွဲဗီရိုဆီသို့ လျှောက်သွားသည်။ အံဆွဲတစ်ခုကို ဖွင့်၍ ပစ္စည်းများကို ထုတ်သည်။ အော့ဒမ်မှာ မှုဒရေးအား ဝေခွဲမရနိုင်ဟန်ဖြင့် ကြည့်နေသည်။

'ဘာလုပ်ရမှန်း မသိတော့ဘူး'

'ဒီကို ကျွန်တော် ရောက်ကတည်းက ခင်ဗျား သိမှာပါ၊ ကျွန်တော် ခု ပြောတာတွေ မဟုတ်ဘူးဆိုယင် ဒပ်ဒမ်ဆေးဆိပ်မှာကတည်းက ဖမ်းလိုက်လို့ရတာပဲ'

'ဟုတ်တယ်၊ ဒါပေမယ့် ဆက်သွယ်ရေးက မြန်ဦးမှဖြစ်မှာ'

'ဘုရားရေ.... နုတိ မယုံသေးဘူးလား.... တစ်ခုကိုကော ခင်ဗျား သိချင်သေးသလား'

'ဘာကိုလဲ'

'မာသာအက်ကုမ်းကို ခင်ဗျား သိတယ် မဟုတ်လား.... ထိုသူက ကျွန်တော် ဘယ်လို သတင်းပို့တယ် ဆိုတာ သူ သွားမေးကြည့်၊ ကျွန်တော် မသွားခင် ခင်ဗျား ဒီကို ပြန်ရောက်နိုင်တယ်'

အော့ဒမ်က ကြမ်းပြင်ကို စိုက်ကြည့်နေပြီးမှ

'ကောင်းပါပြီဗျာ'

'ဇရော်ဖရီကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုက်ပါဗျာ'

အော့ဒမ်က မှုဒရေးအား အတန်ကြာ စိုက်ကြည့်နေသည်။ ထို့နောက်မှ ထွက်သွားသည်။

မှုဒရေးမှာ ခပ်သုတ်သုတ် အထုပ်အပိုးပြင်သာ ပြီးသွား... အောက်ထပ်တွင် အက်(စ)က သေတ္တာအထပ်လိုက်...



ပေါက်၌ ရောက်နေသည်။ ညှော်ခန်းထဲမှနေ၍ သူမက မှုဒရေးနောက်လိုက်လာသည်။

သူမနှင့်အတူ မစ္စက်ပါပါဂိုတစ်ပါလာသည်။ မစ္စက်ပါပါဂိုတစ်မှာ မျက်ရည်များ စဲနေကြောင်း၊ မှုဒရေး မြင်မိသည်။ သူမကပင် မှုဒရေးတို့အတွက် ဖုန်းဆက်၍ ကားတစ်စီး ခေါ်ပေးသည်။

ကားရောက်လာချိန်ဝယ်၊ ရှင်းလင်းစရာ ရှိသည်တို့ကို ရှင်းပြီးကြပြီ ဖြစ်သည်။ သူတို့က မစ္စက်ပါပါဂိုတစ်အား (၆)ကြိမ် (၇)ကြိမ် နှုတ်ဆက်မိကြသည်။ မစ္စက်ပါပါဂိုတစ်က အက်(စ) တယ်လီ၏ ပါးကို နမ်းလိုက်သည်။

'ပြန်လာပါဦးကွယ်'

သူမက ကားတံခါးကို ပိတ်ပေးလိုက်သည်။

လေဆိပ်တွင် မှုဒရေးအဖို့ လက်မှတ်ဝယ်ရန်မှာ ကြန့်ကြာ... သည်။ လူများက အက်(စ)တယ်လီအား ခြေဆုံးခေါင်းဆုံး... ကြည့်နေကြ၍၊ သူမမှာ ဂဏာမငြိမ်သဲ စီးကရက်ကို ဖွာ... ရသည်။

သူမတွင် အဖြူရောင် လက်ကိုင်အိတ်ကြီး တစ်လုံးပါသ... မှုဒရေးက သူမအား ရှေ့မှနေစေကာ၊ လေယာဉ်မှူးကြီးကြပ်ရေး... အကောက်ခွန် လောင်းဘာကို ဖြတ်စေသည်။ သူ့အား စ... နေစဉ်၊ သူမက အပေါက်ဝနားတွင် စောင့်နေသည်၊ သ... နိုင်ငံသားယောက်က မျက်လုံးအစာ ကျွေးလျက်ရှိသည်။ သူမ... နှုတ်ခမ်းနီကို ထပ်ဆိုးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလကတ္တား ခရီးစဉ် အမှတ်(၂၂၃)က ညာဘက်မှာပါ'

အခေါင့်၏ စကားကြောင့်၊ လေယာဉ်ရှိရာသို့ မှုရေးတို့ သွားနိုင်ကြသည်။ သူမ၏ စကဒ်ကျပ်ကျပ်ကြောင့် ခြေလှမ်းက မသွက်။

'အိုး....ရှင်တို့ပါလား'

သူတို့က လှည့်ကြည့်လိုက်ကြသည်။ မစ္စကွန်တန် ဖြစ်သည်။

'ရှင်တို့ ခရီးသွားမယ်ဆိုတာ မသိပါလား၊ ဘယ်သွားမလို့လဲ...ကလကတ္တားလား'

'ဟုတ်တယ်'

မှုရေးကသာ ဖြေလိုက်သည်။ ကွန်တန်မှာ တာဝန်မကျချိန်တွင် ဝတ်သော ကလေးထိန်း ဝတ်စုံနှင့် ဖြစ်သည်။ ဤဝတ်စုံဝတ်သည်ကို မှုရေးတစ်ခါမျှ မတွေ့ဖူးခဲ့။ သူမတွင် လိပ်ခွံကိုင်းတပ် အိတ်တစ်လုံး၊ အညိုရောင် အထုပ်တစ်ထုပ်နှင့် မဂ္ဂဇင်း အတော်များများ ကိုင်ထားသည်။

'ကျွန်မလဲ ကလကတ္တား သွားမှာပဲ'

သူမပါ မှုရေးတို့နှင့်အတူ လျှောက်လာသည်။

'လောလောဆယ်တော့ ကျွန်မကို ဘာမှမလုပ်ဘဲ ခရီးချည်းပဲ ထွက်နေသလိုမျိုးပဲ မြင်ကြမှာ ဒုဗိုင်းကိုသွားတယ်၊ ပြန်လာတယ်၊ ခုပြန်သွားတယ်....

'...ကျွန်မထိန်းတဲ့ ကလေးမလေး အဖေမစ္စတာ ဗိုဗိုယန်ကို အကြောင်းကြားတယ်လေ၊ သူတို့မိသားစု ခရီးထွက်ရာက ပြန်ရောက်ပြီတဲ့၊ ဒါကြောင့် ကျွန်မ ပြန်ရတော့မှာ'



လေယာဉ်ဆီသို့ ရောက်လာကြသည်။ မှုရေးက [illegible] (၈) တယ်လီနှင့် မစ္စကွန်တန်တို့ ထက်နိုင်ခရန် [illegible] သည်၊ လေယာဉ်ကိုယ်လုံးကွယ်နေ၍ တစ်ဘက်[illegible] လှမ်းမမြင်ရ။ လေယာဉ်ပေါ်ဝယ် အက်(၈) တယ်လီ[illegible] လေယာဉ်ဘယ်ဘက်ခြမ်းတွင် ဝင်ထိုင်သည်။ သူက သူမ[illegible] ဘေးတွင် ဝင်ထိုင်သည်။

မစ္စကွန်တန်မှာ သူတို့၏ ရှေ့ဘက်၊ ညာဘက်ခြမ်းတွင် ထိုင်နေသည်။ မှုရေးက ပြတင်းပေါက်မှနေ ဒီ–စီသုံး လေယာဉ်ကို ရှာကြည့်သည်။ မတွေ့ရချေ။

လေယာဉ်က ပြေးလမ်းဆီသို့ နေရာယူကာ ပျံတက်တော့သည်။ ကောင်းကင်က ကြည်လင်နေသည်။ အပြာရောင်နောက်ခံဝယ် နှင်းဆောင်းတောင်ထိပ်များကို တွေ့ရသည်။ အက်(၈)တယ်လီမှာ တောင်များကို မြင်နိုင်သေးသရွေ့ ကြည့်နေရှာသည်။ နှစ်ယောက်စလုံး စကားများများ မပြောဖြစ်ကြပါ။

သူမက စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်ပြီး၊ အိတ်ထဲမှ အဖြူရောင်ကိုင်းတပ် နေကာမျက်မှန်ကြီး တစ်လက်ကို ထုတ်သည်။

အောက်သို့ ကြည့်လိုက်သည့်အခါ တိမ်ရိုင်းသစ်တောအားညိုတိုတိုနှင့် တွေ့ရသည်။ ထို့နောက် ဘင်္ဂလားလွင်ပြင်သို့ ရောက်လာသည်။ မှုရေးက သူမအတွက် စီးရက်တစ်လိပ်ကို မီးညှိပေးသည်။

'ဘာဖြစ်နေလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဟို အမျိုးသမီး ဘယ်သူဆိုတာ ကျွန်မသိပြီ'

'ဘယ်အမျိုးသမီးလဲ'

သူမက မစ္စကွန့်တန်ဆီသို့ လှမ်းကြည့်သည်။

'မင်း ဘာကိုဆိုလိုတာလဲ'

'သူ့ကိုမှတ်မိတာ ယူနီဖောင်းက မှတ်မိစေလိုက်တာ၊ သူဟာ ထိုင်းကပဲ'

'ဘာ....သူက ဟိုအယ်မှာ တည်းခဲ့တာပဲ၊ သူကမင်းကို'

'သူပဲဆိုတာ ကျွန်မသိတယ်'

'မင်းမှားတာပဲ ဖြစ်မယ်'

'ဟုတ်အင်း....သူ့ကို အရင်က တွေ့ဖူးတယ်၊ ကျွန်မ ဘယ်သူလဲ ဆိုတာ သူသိတယ်'

'ဒီမှာ အချစ်ရယ်၊ သူဟာ ဒေလီက ဗိုဗ်ယန်ဆိုတဲ့ လူတစ်ယောက်အိမ်က ကလေးထိန်းပဲ'

သူမကို ပြောရင်း စကားကို ရပ်လိုက်သည်။ မစ္စ ကွန့်တန်သည် ဒေလီကဟု မစ္စက်ပါပါကိုတစ်က ပြောခဲ့သည်။ မစ္စကွန့်တန်ကမူ လေယာဉ်ဆီသို့ လျှောက်လာရင်း ကာလာ ကတ္တားကဟု ပြောခဲ့သည်။ မစ္စက်ပါပါကိုတစ် မှားခြင်းသာ ဖြစ်ပေလိမ့်မည်။

သူက မစ္စကွန့်တန်ဆီသို့ လှမ်းကြည့်သည်။ သူမကမဂ္ဂဇင်း တစ်အုပ်ကို မျက်နှာကွယ်ကာ ဖတ်လျက်ရှိသည်။ မျက်နှာတွင် ချထားသည့် ပုဝါလေးက မျက်နှာဖုံးနှယ်ပင်။

'ဟိုကိစ္စနဲ့ ပတ်သက်ပြီး မင်းကို သူစကားပြောခဲ့သေး သလား'



'ဟုတ်အင်း'

'မင်းမှားတယ်ဆိုတာ သေချာပါတယ်'

လေယာဉ်က ချီးကွေ့လိုက်သည်။ သူမ၏အပေါ်နှုတ်ခမ်း အထက်နှင့် နားသယ်စပ်ဝယ် ဇောချွေးများသီးလျက်ရှိသည်။

မူရေးက မစ္စကွန့်တန်၏ လှုပ်ရှားမှုကို မြင်လိုက်သည်။ သူမက ထိုင်ခုံပတ်ကို စစ်ဆေးကြည့်သည်။ ထို့နောက်အိတ် အညိုရောင်အထုပ်၊ ထို့နောက် အိတ် သူမက အိတ်ထဲသို့လက် နှိုက်ကာ တစ်စုံတစ်ခုကို ရှာဖွေနေသည်။ နိုင်ငံကူးလက်မှတ် စာအုပ်ပင်ဖြစ်မည်။ သူမက လက်ကိုရုတ်လိုက်သည်။ ဖြတ်သည် နိုင်ငံကူးလက်မှတ် စာအုပ်လေးပါလာသည်။

လေယာဉ်က ဆင်းသွားပြီး ရပ်နားရမည့် နေရာဝယ် ရပ်လိုက်သည်။ လေယာဉ်ဝန်ထမ်း၏ တံခါးကို ဖွင့်သည်။ ပူနွေးသော လေအနံ့အသက်များနှင့် ကျီးကန်း အော်သံတို့ လေယာဉ်တွင်းသို့ ဝင်လာသည်။

အားလုံး ဆင်းသွားပြီ ချိန်အထိ အင်(စ) ဘယ်လီ၏ လက်ကို မူရေးက အသာဆွဲထားသည်။ သူတို့ ရှေ့မှ ဆင်းသူမှာ မစ္စကွန့်တန်ဖြစ်သည်။ လေယာဉ်မင်းလမ်းမှ လျှောက်နေစဉ် သူမက ပြောသည်။

'အင်း... ပျော်စရာခရီးစဉ်ပဲနော်၊ မဟုတ်ဘူးလား၊ လေယာဉ်တွေက အခတော်ဖိမ်ကျတာ၊ ဒိုမီနီ ...မြို့နဲ့ မစ္စတာ အဖွယ် အဝေဆောင်ကို မမေ့နဲ့နော်၊ မစ္စတာမူရေး၊ ဂွတ်ဘိုင်'

သူမက ဆင်းသွားသည်။ သူတို့ကလည်း ဆက်ဆင်း သည်။ နေ့မှောင်စူးရှ၍ ပူပြင်းသော ကွင်းပြင်ကို ဖြတ်ရ

www.burmeseclassic.com



သည်။ လေဆိပ်အဆောက်အအုံမှာ လူများပြည့်နှက်၍ဆူညံလျက်ရှိသည်။

အခြားခရီးစဉ်တစ်ခုမှ ရောက်လာသူများကလည်း အဝင်အဆောက်အအုံ၏ လူဝင်မှုကြီးကြပ်ရေးဌာနရှေ့ဝယ် တန်းစီနေကြသည်။ ရှေ့တွင် မစ္စကွန်တန်ကိုတွေ့သည်။ သူ့ကအလုပ်သမား နှစ်ယောက်အားခန့်ခန့်ငြားငြား ခိုင်းစေနေသည်။ မူရေးက အက်(စ)တယ်လီကို ကြည့်လိုက်သည်။ သူမမှာစိုးရိမ်ထိတ်လန့်နေပုံမရှိ။ သူတို့က အခြားသူများနှင့် ရောနှောကာ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနကို ဖြတ်သည်။ အကောက်ခွန်ဌာနက အက်(စ)တယ်လီ၏ သေတ္တာနှစ်လုံးကို ဖွင့်စေသည်။ အထဲတွင် တစ်သပ်ချင်း ရှာနေ၍ အချိန်က ပိုကုန်သွားသည်။

မူရေးက သူမ၏သေတ္တာကို ခပ်သုတ်သုတ် ပြန်ပိတ်ပေးရသည်။ အချိန်ကုန်ရပြန်သည်။ ၎င်းတို့ပါတ်လည်တွင် အိတ်သည်မည့် အလုပ်သမားများဝိုင်းနေသည်။ စစ်ဆေးပြီးသွားသောသေတ္တာနှစ်လုံးက ရှေ့သို့ ရောက်သွားသည်။ အလုပ်သမားများက သေတ္တာကို ထမ်းထားပြီးဖြစ်သည်။ အလုပ်သမားများနောက်မှဆူညံနေသော ခန်းမကိုဖြတ်ထွက်ကြရသည်။

'တက္ကစီဆရာ....တက္ကစီ'

သူတို့၏ ရှေ့အပေါက်တွင် မစ္စကွန်တန်က အငှားကားကို စောင့်နေသည်။ သူမဘေးဝယ် သေတ္တာများ၊ အိပ်ရာလိပ်တစ်ခုနှင့် အထုတ်အပိုးများရှိသည်။ သူတို့အနီးသို့ ရောက်လာချိန်ဝယ် သူမက လှည့်ကြည့်ပြီး တွေ့သွားသည်။



'အိုး....ရှင်တို့ ဒီမှာပဲရှိသေးသလား၊ မလွယ်ဘူးနော် အတော်ဆိုးတယ်၊ အမြဲတန်း ဒီလိုချည်းပဲ၊ ပူလိုက်တာလဲ လွန်လို့၊ မျော ...ကားလာပြီ'

သူမ၏ကားမှာ မျောက်ကွေဝိုင်းနေသလို ကလေးများ အုပ်လိုက်နှင့် ရောက်လာသည်။

ထိုကားနောက်သို့ ကားတစ်စီး ဝင်ရပ်သည်။ ထိုကားခေါင်မိုးပေါ်သို့ သူတို့၏ သေတ္တာများကို အလုပ်သမားများ တင်နေသည်အား မူရေးတို့ ကြည့်နေသည်။ ၎င်းတို့ကားနောက်ဝယ် မီးခိုးရောင် ကားတစ်စီး ရှိသည်။

'ဂွတ်ဘိုင်....ဂွတ်ဘိုင်'

ထွက်ခွာစ ကားပြူတင်းပေါက်မှ မစ္စကွန်တန်က လက်ဝှေ့ယမ်းကာ နှုတ်ဆက်သည်။

'ဂွတ်ဘိုင်'

မူရေးက ပြန်နှုတ်ဆက်သည်။ ကားက ဂိတ်ဝကိုလွန်၍ ပျောက်ကွယ်သွားသည်။ မူရေးက အက်(စ)တယ်လီအား ကြည့်လိုက်သည်။ သူမကသူ့ကို သိုင်းဖက်၍ ခစ်ခနဲရယ်သည်။

'ကိုယ်နေပြောသားပဲ အချစ်ရယ်'

'ဆောရီး၊ ကျွန်မကိုယ်က ကြောင်ပါတယ်'

'လာ....ကားပေါ်တက်'

အလုပ်သမားများနှင့် ကလေးများက ကားဘေးတွင် ရပ်နေကြသည်။ မူရေးကပိုက်ဆံပေးပြီး ကားပေါ်တက်လိုက်သည်။

'ကိုယ်တို့ ဘယ်သွားကြမလဲ၊ ဂရင်းပဲကောင်းတယ်၊ အချင်း ဟိုဘယ်ကို မောင်းပေ'

www.burmeseclassic.com

‘ဟုတ်ကဲ့ဆရာ’

ကားက တောက်သော မြက်ခင်းပြင်များကြားမှဖြတ်ကာ ချိုင့်ထူးပြားသော လမ်းပေါ်သို့တက်သည်။ သူမက ပြူတင်းပေါက်မှန်ကို ချလိုက်သည်။ လေပူက ဝင်လာသည်။ စိတ်သက်သာရာရဖွယ် ဖြင့်သက်ပြင်းချကာ မူရေးအားလှမ်းကြည့်သည်။

‘ကျွန်မတို့ ဘယ်ကို သွားကြမလဲ မာလိန်မှူးကြီး’

‘ခုတော့ ဂရင်းဟိုတယ်ကိုပဲ၊ နောက်တော့ မပြောတတ်ဘူး’

‘ရှင်နဲ့ အတူ တတွဲတွဲ မနေနိုင်ဘူးဆိုတာ ရှင်သိပါတယ်နော်’

‘သိပါတယ်ကွာ’

‘ကျွန်မ တကယ်ပြောတာ’

‘ကိုယ်တို့ ဘယ်သွားကြမှာလဲ အလေးယားလား၊ ဂျပန်လား၊ ပါရှားကိုကော၊ ရှီရာ (၈) ပတ်ဝန်းကျင်က တောင်တန်းတွေလေ၊ အဲဒီတောင်တွေကို မြင်ဖူးသလား၊ ဘယ့်နှယ်လဲဟင်...အချစ်’

သူမ၏ လေသံက ချိုသာလာသည်။

‘ကောင်းပါပြီ ကိုရယ်’

‘ကိုယ်တကယ်ပြောတာ’

‘ကျွန်မသိပါတယ်၊ ဒီမြို့မှာ ရှင်ထင်ထားတာထက်များတဲ့ ကျွန်မ အဖော်တွေ ရှိပါတယ်’

‘တော်ပါတော့ကွာ’

သူတို့က ဆင်ခြေဖုံးသို့ ရောက်လာကြသည်၊ မူရေးက ကားသမားအား အော်ပြောသည်။

‘ဒါကြီးကို ဒီထက်မြန်မြန်ပို့မောင်းလို့ မရတော့ဘူးလား’



‘ရပါတယ်ဆရာ ကားကောင်းပါတယ်’

ဖြောင့်စင်း၍ ကျယ်ပြန့်သော လမ်းတစ်လမ်းပေါ်ရောက်လာသည်။ တစ်ဘက်တွင် ဆိပ်ကမ်းဖြစ်သည်။ သံဆူးကြိုးနှင့် ပုလင်းကွဲများက အပေါ်တွင်ရှိနေသောအုတ် တံတိုင်းတစ်ခု ကာထားသည်။ ၎င်းအပေါ်မှ သင်္ဘောကုန်တင်တိုင်ကြီးများ တွေ့ရ၏။

တစ်ဘက်တွင် အဆောက်အဦး ခပ်မှိန်မှိန် အချို့ရှိသည်၊ ထရပ်ကား တစ်စီးကို ကျော်တက်လိုက်သည်၊ ကားသမားက နောက်ကားကို လက်ဝှေ့ယမ်းပြသည်။ အလွန်ကြောက်စရာကောင်းသည့် နေရာတစ်ခုဟု မူရေး တွေးလိုက်သည်။

မူရေးက မီးခြစ်ကို ခြစ်သည်။ ပြူတင်းပေါက်မှ လေကို ကိုယ်ညွှတ်၍ မီးတောက်အားကာသည်။ စီးကရက်ကို မီးညှိသည်။ ထိုစဉ် ဘေးမှ မရှင်းပစ္စတိုသေနတ်သံ လေးချက်က အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မူရေးက အက်(စ)တယ်လီအား ကြည့်ပြီး မော့ကြည့်သည်။ ဘေးမှ အရှိန်မြင်းပြင်းနှင့် ဖြတ်ကျော်သွားသည့် မီးခိုးရောင် ကားပြူတင်းပေါက်မှ လက်တစ်ဖက် ပြန်ဝင်သွားသည်ကို တွေ့လိုက်ရသည်။

‘အား....ဘုရား....ဘုရား’

သူမထံမှ အသံနှင့်အတူ မူရေးဆီသို့ ယိုင်ကျသွားသည်။ လက်က ဆွဲထမည်ဟန် ရှေ့သို့ ဆန့်ထားသည်။ မျက်လုံးက အပေါ်သို့သာ ကြည့်လျက်ရှိသည်။ ထို့နောက် နောက်ပြန် ခွေကျသွားသည်။ မူရေးက ဖမ်းဆွဲလိုက်သည်။ ကျော်သွားလေသော မီးခိုးရောင် ကားကို မတွေ့ရတော့။

www.burmeseclassic.com



'အက်(စ)တယ်လီ....'

ကားက တဖြည်းဖြည်း အရှိန်သတ်ကာ၊ လမ်းဘေးသို့ ထိုးရပ်သွားသည်။ မူရေးက မီးခိုးရောင်ကားကို ရှာကြည့်သည်။ အက်(စ)တယ်လီ၏ခေါင်းကို ထူသည်။ သူမအား ပွေ့ဖက်ကာ သွေးရူးသွေးတမ်း အော်ပြောလိုက်မိသည်။

'ဆေးရုံ တစ်ခုခုကို မောင်း.... ဆေးရုံကို ဆေးရုံကို'

မီးခိုးရောင်ကား အခဝေးသို့ ရောက်သွားပါပြီ။ နံပါတ်ပြား အား ရှုဖြင့်သဘ်ကာ ဖျက်ထားပုံရသည်။ မူရေးက သူမ၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ ကားသမားကလည်း နောက်သို့လှည့်ကာ ကြည့်သည်။ နှစ်ယောက်စလုံး၊ ထိတ်လန့် နေကြသည်။ အက်(စ)တယ်လီ အသက်မရှိတော့သည်ကို မူရေး သိလိုက်သည်။

'ဟိုကားက ဘာကားလဲ'

မူရေးက ပြောမိသည်။

၎င်းကားအား လေဆိပ်တွင် တွေ့ခဲ့ရသည်မှာ၊ သောချာ လှသည် မဟုတ်လော။ ကွန်တာနက်က သူတို့အား ညွှန်ပြခဲ့ခြင်း ဖြစ်မည်။ သူမသည် ဒုဝင်နီကား(လ်)သို့ခရီးထွက်ခဲ့ခြင်းမဟုတ်။ အက်(စ)တယ်လီအား တွေ့ပြီဖြစ်ကြောင်း သတင်းသွားပို့ ခြင်းသာ ဖြစ်သည်။

'ကားကို မတွေ့တော့ဘူး ဆရာ.... မတွေ့တော့ဘူး'

'ဆေးရုံကို မြန်မြန်မောင်း....နားလည်လား'

မူရေးက ကားသမားနှင့် အဖော်အား အော်ပြောလိုက် သည်။ ၎င်းတို့မှာတုန်လှုပ်နေကြသည်။ ကားသမားအဖော်က



ကားပေါ်ပြန်တက်သည်။ဟွန်းသံပေး၍ ကားထွက်တော့သည်။

နွားတစ်ကောင်အား ကွေ့ရှောင်လိုက်ချိန်ဝယ်၊ သူမ၏ လက်တစ်ဘက်က အောက်သို့ ကျသွားသည်။ လှုပ်ယမ်းနေ သည်။ မူရေးက လက်ကို ဆွဲကိုင်ထားလိုက်ရသည်။

ဆိပ်ကမ်းသဘော်ကျင်း နံရံတစ်လျှောက်မှ လမ်းမှာ ဖြောင့် တန်းလျက်ရှိသည်။ ပုအိုက်၍ တိမ်တိုက်များက နေလုံးကြီး အား ဖုံးကွယ်ထားသည်။ ဖုထဲဝယ် ဆောင့်ကြောင့်ထိုင် နေသူများရှိကြသည်။ လမ်းတစ်ဖက်ရှိ အိမ်ပုပုလေးတစ်စု မှာ၊ အပြာရောင် ဆေးသုတ်ထားကြသည်။

လမ်းဘေး လူသွားလမ်းမှာ ကွဲအက်၍၊ မြေနီနီကပေါ် နေသည်။ သွေးကဲ့သို့ နီရဲသော ဆေးဖျော့ရောင်နှင့် အစိမ်းရောင် ပါ ရုပ်ရှင်ပိုစတာများက အုတ်ထရံပေါ်ဝယ် ရှိကြသည်။ ကျောက်တုံးများတွင်၊ ကွမ်းတံတွေးများက သွေးနှယ်စွန်း ထင်းလျက် ရှိသည်။

လမ်းမှာ ဗုံးခေဏ်ခံထားရသကဲ့သို့ ဖြစ်သည်။ အုတ်ကျိုး အုတ်ပဲ့များက လမ်းပေါ်တွင် ပြန့်ကြဲလျက် ရှိသည်။ ချိုင့်များ ပေါ်ဝယ်၊ မူရေးတို့မှာ မြောက်မြောက် သွားကြသည်။ ကား၏ ကိုယ်ထည် ဘေးခြမ်းတို့မှာ တဂျောင်းဂျောင်း မြည် နေသည်။ ဟွန်းသံကလည်း ကျိုးကန်းအော်သံနှယ်....

× × ×

လှနာစောင့် အခန်းအမြင်ဘက်ဝယ်၊ မူရေး နောက်မှ ဆရာဝန်က ပြောလိုက်သည်။

'ရဲအရေးပိုင်တဲ့ ကိစ္စပဲ— စောင့်ကြရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



မှူးရေးကို ရဲတွေက လွှတ်လိုက်ကြသည်။ သူထွက်လာသည့်အခါ မည်သူမျှ မတားကြ။

လမ်းပေါ်မှ လူအုပ်ကြားသို့ တိုးဝှေ့ ပျောက်သွားသည်။ အက်(စ)တယ်လ် လက်ကိုင်အိတ်ကို ဆွဲလာမိကြောင်း သတိရမိလိုက်သည်။ အငှားကားတစ်စီးကလမ်းဘေးမှ ဟွန်းတီးပြီး သူ့အားခေါ်သည်။ နောက်ဆုံးတော့သူကလှည့်ကြည့်လိုက်၏။

'ခြေ... မှတ်သားပဲ... ကားခပေးရဦးမယ်'

မှူးရေးက လေဆိပ်မှ ငှားလာသည့် ကားဆီသို့ သွား၏။ ကားခ ပေးလိုက်သည်။

'ကား ယူဦးမလား ဆရာ'

အမေးကို မကြားမိ။

မှုန်ရွာသည့် ညက၊ ဟိုတယ်ခေါင်မိုးပေါ်ရှိ၊ ခန်းမဆောင်ထဲတွင်၊ စီးကရက် ခဲနေသည့် သူမပုံရိပ်ကို ပြန်တွေး ပြန်မြင်မိသည်။ သူမနှင့် ပတ်သက်၍၊ တခြား အကြောင်းတွေရှိသည်ထက်၊ ဒါတွေ တွေးခြင်းက ပိုကောင်းပါလိမ့်မည်။ သူက တွေးနေစဉ် ဒရိုင်ဘာက...

'သွားမလား ဆရာ'

'ကျေးဇူးပဲကွ... လမ်းပဲ လျှောက်သွားတော့မယ်'

မှူးရေး၏ နောက်ဆုံးစကား။ သူ၏ အလိုးကျန် ဘဝမှာ ဆက်လျှောက်ရဦးတော့မှာ သေချာပါသည်။ သူ့ရင်ထဲမှာတော့ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ အတိပါ။

ပြီးပြီ။

ဇင်မောင်မောင်ထက်